# ကျောက်စိမ်း-

global witness

## မြန်မာနိုင်ငံ၏ "ကြီးမားသည့် နိုင်ငံတော် လျှို့ဝှက်ချက်"

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ





## ကျေးဇူးတင်လွှာ

အဖွဲ့အစည်းပေါင်းများစွာနှင့် တစ်ဦးတစ်ယောက်ချင်းတို့၏ အချိန်ပေးမှု၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့ကို ထည့်ဝင်ခြင်းမရှိဘဲ ဤအစီရင်ခံစာ ဖြစ်ပေါ်လာမည်မဟုတ်ပါ။ အထူးသဖြင့် အချက်အလက်များပေးအပ်ပြီး အကူအညီများ ပေးခဲ့သည့် မြန်မာနိုင်ငံ၏ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းကို ကျွန်ုပ်တို့ ကျေးဇူးအထူး တင်ရှိပါသည်။ ထို့အပြင် ကျောက်မျက်လုပ်ငန်းအပေါ် ၎င်းတို့၏ အမြင်များနှင့် အချက်အလက်များ မျှဝေရန် အချိန်ပေးခဲ့ကြသော ကုမ္ပဏီများကိုလည်း ကျေးဇူးတင်ရှိပါသည်။ ထိုကုမ္ပဏီများတွင် ကုမ္ပဏီကြီးများဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ထူးအုပ်စု၊ ကမ္ဘောဇ၊ မက်စ်မြန်မာ၊ မြန်မာတကောင်းနှင့် ပတ္တမြားနဂါးအုပ်စုတို့အပြင် ဖားကန့်တွင် အခြေစိုက်သော သတ္တုတွင်းတူးဖော်ရေး လုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသူများလည်း ပါဝင်ပါသည်။ ကုမ္ပဏီ၏ မှတ်တမ်းမှတ်ရာများကို ဆန်းစစ်လေ့လာရာ၌ Global Witness သည် OpenCorporates နှင့် Open Knowledge Foundation ၏ အထူးအဖိုးတန်လှသော ကူညီပံ့ပိုးမှုများကြောင့် အကျိုးများစွာ ဖြစ်ထွန်းခဲ့ရပါသည်။

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနှင့် လူနေမှုဘဝတို့အပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ရာ၌ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်အဖွဲ့မှ (KDNG) စေတနာ ထက်သန်စွာဖြင့် မျှဝေထားသည့် သုတေသနပြုလုပ်ထားချက်များကိုလည်း ဆွဲထုတ်အသုံးပြုနိုင်ခဲ့သည်။

အလားတူပင် Tom Kramer, Mathieu Pellerin, Bertil Lintner, Yeshua Moser-Puangswan နှင့် Kevin Woods တို့အပါအဝင် ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးကူညီမှုကိုလည်း ကျေးဇူး အထူးတင်ရှိပါသည်။

# မာတိကာ


## အစီရင်ခံစာ အနှစ်ချုပ် ..... 5

ဘယ်သူတွေလဲ။ သူတို့တွေ ဘယ်လောက် ရယူနေကြသလဲ။ ..... 10
ကျောက်စိမ်းနှင့် လက်နက်ကိုင် ပဋိပက္ခ ..... 14
ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ လုပ်ငန်းဖက်များ၏ အခန်းကဏ္ဍ ..... 15
အကြံပြုချက်များ ..... 19

## အသုံးပြုနည်းလမ်းနှင့် အစီရင်ခံစာ ပုံစံ ..... 22

## အခန်း ၁ - ဘယ်လောက်တန်ဖိုးရှိသလဲ။ ဘယ်လိုပုံစံ အလုပ်လုပ်သလဲ။ ..... 24

နိဒါန်း ..... 24
ဒေါ်လာ သန်းထောင်ပေါင်းများစွာ တန်ဖိုးရှိ နိုင်ငံတော် လျှို့ဝှက်ချက် ..... 24
– *မြန်မာနိုင်ငံ၏ သန်းထောင်ပေါင်းများစွာ အဖိုးတန်သည့် ကျောက်စိမ်းအပေါ် နိုင်ငံတော်က ဘာတွေ ရရှိပြီးပြီလဲ။ နောက်ပြီး ပိုက်ဆံတွေ ဘယ်ရောက်ကုန်သလဲ။* ..... 27
– *EITI - အပေါ်ယံ ဟန်ပြလား သို့မဟုတ် အပြောင်းအလဲလုပ်နိုင်သူလား။* ..... 28
အမြတ်ဝေစုများ ခွဲဝေယူနေခြင်း ..... 29
– *ကျောက်စိမ်းလုပ်ငန်းလိုင်စင်များ ချပေးခြင်း - တရားဝင်စာရင်း* ..... 29
– ခေါင်းဆောင်ပိုင်းများနှင့် လာဘ်ပေးလာဘ်ယူမှုများ - သင့်ကိုယ်ပိုင် ကျောက်စိမ်းတွင်းကို *ဘယ်လို ရယူနိုင်သလဲ* ..... 33
ကျောက်စိမ်းလုပ်ငန်း လုပ်ကိုင်နေကြပုံ - အခွန်ရှောင်ခြင်း၊ ငွေကြေးခဝါချခြင်း၊ စျေးကစားခြင်း စျေးလျှော့ရောင်းခြင်းနှင့် မှောင်ခို ရောင်းချခြင်း ..... 34
ကောင်းကင်ဘုံက ကျောက်စိမ်းအတွက် တရုတ်နိုင်ငံရဲ့ အာသာဆန္ဒ ..... 37
စက်ယန္တရားများ ပေါ်ပေါက်လာခြင်း ..... 38

## အခန်း ၂ - ဘယ်သူတွေ အကျိုးအမြတ် ရယူနေကြသလဲ။ ..... 40

စစ်တပ်နှင့် နိုင်ငံရေးပိုင်းမှ ခေါင်းဆောင်များ နှင့် ၎င်းတို့၏ မိသားစုဝင်များ ..... 41
*၁. ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ* ..... 41
*၂. မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဦးအုန်းမြင့်* ..... 44
*၃. ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အထွေထွေအတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်း* ..... 46
*၄. မြုပ်နေတဲ့ ပြဿနာကြီးတစ်ခုရဲ့အစလား။* ..... 49
စစ်တပ်ပိုင် ကုမ္ပဏီများ ..... 50
*– ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်* ..... 50
ခရိုနီ ကုမ္ပဏီများ ..... 53
*၁. အဲဗား ဝင်းနား (Ever Winner)* ..... 53
*၂. ကမ္ဘောဇအုပ်စု (KBZ Group)* ..... 57
*၃. အေးရှားဝေါလ်* ..... 60
*၄. ထူးအုပ်စု - ပွင့်လင်းမြင်သာမှုကို မထင်မှတ်ဘဲ စတင် လုပ်ဆောင်သူလား။* ..... 61
အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များ ..... 62
*၁. ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် / ဝပြည်သွေးစည်းညီညွတ်ရေး ပါတီ* ..... 62
*၂. ပတ္တမြားနဂါး (Ruby Dragon)* ..... 67
နိုင်ငံတကာ ကုမ္ပဏီများ ..... 69
*၁. တကယ့်ဖြစ်ရပ် - MEHL နှင့် ကိုကာကိုလာတို့၏ လုပ်ငန်းဖက်* ..... 69
*၂. ဖော်ဘိုခန့်၏ CAT နှင့် ခရီးစဉ်များ* ..... 71

## အခန်း - ဘယ်သူတွေ လက်လွှတ် ဆုံးရှုံးနေသလဲ။ ..... 73

ကချင်ပြည်နယ်၏ အခိုးခံလိုက်ရသော အမွေအနှစ်များ ..... 75
ဖားကန့်ရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ပျက်စီးယိုယွင်းနေမှုများ ..... 78
ကျောက်စိမ်း အလျှင်စလိုတူးဖော်မှုများအတွင်း နေထိုင်ရခြင်း ..... 80

## အခန်း ၄ - ကျောက်စိမ်းနှင့် လက်နက်ကိုင် ပဋိပက္ခ ..... 86

ကျောက်စိမ်းကို ဘာတွေလုပ်ကြသလဲ။ ..... 86
နောက်ခံဇာတ်လမ်း ..... 87
အားလုံးကို ဆုံးရှုံးရတော့မည် - လိုင်စင်ရယူထားသော ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ ..... 89
မိုင်းတွင်းတွေထဲက မာဖီးယား - တပ်မတော်နှင့် ကျောက်စိမ်း ..... 89
KIA/KIO ၏ အဓိက သွေးကြော ..... 90

## နိဂုံး ..... 95

ဝေါဟာရများနှင့် အတိုကောက်များ ..... 97
နောက်ဆက်တွဲ ၁ - *မြန်မာ့ ကျောက်စိမ်းလုပ်ငန်း၏ တန်ဖိုးကို ခန့်မှန်းခြင်း* ..... 98
နောက်ဆက်တွဲ ၂ - *ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက် အုပ်စု- 'လက်ရှိ ပျက်စီးနေသော သဘာဝရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်နှင့် ဆက်စပ် ပဋိပက္ခများအတွက် ဖြေရှင်းနည်းများ'* ..... 107
နိဂုံး မှတ်ချက် ..... 110




## မြန်မာနိုင်ငံ မြေပုံနှင့် တရုတ်နိုင်ငံရှိ ကျောက်စိမ်းရောင်းဝယ်ရေးစင်တာများ



# အစီရင်ခံစာ အနှစ်ချုပ် [i]

**၂၀၁၁ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံကို တံဆိပ်ပြောင်းလဲကပ်ထားသော အစိုးရသည် ရက်စက်သော စစ်အာဏာရှင်များ အုပ်ချုပ်ခဲ့သည့် အပယ်ခံနိုင်ငံတစ်ခုအား နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည့် အရပ်သားအစိုးရအုပ်ချုပ်သော နိုင်ငံအဖြစ် ပြောင်းလဲနေပြီ ဖြစ်ကြောင်း ကမ္ဘာအား ကြေညာခဲ့သည်။**

အရေးကြီးသည့်ကဏ္ဍအများအပြားတွင် အမှန်တကယ်ပင် ပြောင်းလဲမှုများ ရှိခဲ့ပေသည်။ မကြာခဏ ကိုးကားကြသည့် ဥပမာများတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားနိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးခြင်း နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်းပင် ဖြစ်သည်။ သို့သော် အခြားအရေးကြီးသည့် နေရာများတွင်မူ ပြုပြင်ပြောင်းလဲရေးလုပ်သူများ အနေဖြင့် ဂရုတစိုက် ကြိုးကြပ်လုပ်ဆောင်မှုများ သိပ်မရှိပါ။ အထူးသဖြင့် ကျောက်စိမ်းကဏ္ဍတွင် ဖြစ်သည်။

ဤအစီရင်ခံစာအတွက် စူးစမ်းလေ့လာမှုများ တစ်နှစ်ကျော်ခန့် ပြုလုပ်ပြီးနောက် ကမ္ဘာပေါ်တွင် အဖိုးအတန်ဆုံး ကျောက်မျက်ရတနာများတွင် ပါဝင်သော ကျောက်စိမ်း အရောင်းအဝယ်ပြုလုပ်မှု အတွက် ဒေါ်လာသန်း ထောင်ပေါင်းများစွာကို ယင်းစစ်တပ်အသိုင်းအဝိုင်းများ၊ အမေရိကန်နိုင်ငံမှ ပိတ်ဆို့ထားသော မူးယစ်ရာဇများ နှင့် ယခင်အတိတ်တုန်းက လုပ်ပိုင်ခွင့်ပေးခဲ့သည်ဟု အစိုးရမှဆိုနေသော ခရိုနီကုမ္ပဏီများက မည်သို့ တင်းကျပ်စွာ ထိန်းချုပ်ထားကြောင်းကို ဤအစီရင်ခံစာတွင် ပထမဆုံးအကြိမ်အဖြစ် ဖော်ပြထားသည်။ အာဏာရှင်ဟောင်း ဦးသန်းရွှေနှင့် အခြားနာမည်ဆိုးဖြင့် ကျော်ကြားသော ပုဂ္ဂိုလ်များ၏ မိသားစုဝင်များ ပိုင်ဆိုင်သော ကုမ္ပဏီများသည် နိုင်ငံ၏ အဖိုးအတန်ဆုံး သဘာဝအရင်းအမြစ်များနှင့် ကမ္ဘာပေါ်တွင် အကောင်းဆုံး အရည်အသွေးဖြင့် အတောက်ပဆုံး ဆွဲမက်ဖွယ်ရာ ကျောက်မျက်ရတနာကို စိတ်ကြိုက်ရွေးယူ၍ ၎င်းတို့အတွက် အမြတ်ထုတ်နေကြသည်။ ထို့အပြင် ဖားကန့် ကျောက်စိမ်းတွင်းများရှိရာ ကချင်ပြည်နယ်ရှိ တိုင်းရင်းသားများ သို့မဟုတ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုရလျှင် မြန်မာ ပြည်သူပြည်သားများအတွက်ကိုမူ အလွန်နည်းသည့် အကျိုးအမြတ်ကိုသာ ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံသည် သမိုင်းတွင်မည့် ရွေးကောက်ပွဲတစ်ခုဆီသို့ ချဉ်းကပ်လာသကဲ့သို့ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ဤတွေ့ရှိချက်များ၏ အရေးပါမှုကို ပုံကြီးချဲ့ပြောဖို့ ခက်ပါသည်။ ကျွန်ုပ်တို့၏ စုံစမ်းမေးမြန်းမှုများအရ ပွင့်လင်းပြီး သာတူညီမျှရှိသည့် အနာဂတ်ကာလတစ်ခုတွင် အများဆုံး ဆုံးရှုံးမှုကြုံရမည့် ရေပေါ်ဆီလူတန်းစားများသည် ကျောက်စိမ်းကဏ္ဍတွင် တရားမဝင် ရံပုံငွေ အမြောက်အများကို အလွယ်တကူ ရရှိနေကြသည်။ ဤအချက်ကြောင့် ပြုပြင်ပြောင်းလဲရေး ပြုလုပ်သူများနှင့် ၎င်းတို့၏ နိုင်ငံတကာရှိ လုပ်ငန်းဖက်များအပေါ် အရေးကြီးသည့် မေးခွန်းများ မေးရန် ဖြစ်လာခဲ့သည် ဤကျောက်စိမ်းလုပ်ငန်းမှ ရရှိသော ငွေကြေးများ ဘယ်ရောက် သွားသနည်း။ ထိုငွေကြေးများကို အိမ်၊ခြံ၊မြေ ရောင်းဝယ်မှုများ၊ ပြိုင်ကားများနှင့် ခမ်းနားကြီးကျယ်သည့် ပါတီပွဲများအတွက် အသုံးပြုနေပါသလား။ သို့မဟုတ် ၎င်းကို နိုင်ငံရေး ရည်ရွယ်ချက်များအတွက် အသုံးချနေပါသလား။



ရိုးရာစဉ်ဆက် တရုတ်နန်းတွင်း တော်ဝင်မျိုးနွယ်တို့နှင့် ဆက်စပ်ပြီး သိထားကြသည့် ကျောက်စိမ်းသည် တရုတ်နိုင်ငံတွင် ရွှေ နှင့် ငွေထက်ကိုပင် ပိုတန်ဖိုးထားကြပြီး ပိုမိုများပြားလာသည့် အလွန်ကြွယ်ဝချမ်းသာ သူတို့အတွက် အဆင့်အတန်း တစ်ရပ်ကို ဖော်ပြနိုင်သော သင်္ကေတတစ်ခု ဖြစ်နေသည်။ ၂၀၁၄ ခုနှစ်တွင် လူ ၇ ဦးကြား လေလံအပြိုင်ဆွဲပြီးနောက် ဂျေဒိုက်ကျောက်စိမ်း ၂၇ လုံးဖြင့် သီကုံးထားသည့် လည်ဆွဲကို ဟောင်ကောင်တွင် အမေရိကန်ဒေါ်လာ ၂၇.၄၄ သန်း ဖြင့် စံချိန်တင် အမြင့်ဆုံးဈေးဖြင့် ရောင်းချခဲ့သည်။
ဓါတ်ပုံ - Tyrone Siu/Reuters/Corbis)

i ဤအပိုင်းတွင် ဖော်ပြထားသော အဓိကအချက်များအတွက် ကိုးကားချက်များကို အစီရင်ခံစာ၏ အဓိက စာကိုယ်တွင် တွေ့ရှိနိုင်ပါသည်။ ကိုးကားချက်များအားလုံးကို ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တွင် Global Witness မှ ပြုလုပ်ထားသော တွေ့ဆုံမေးမြန်မှုများအားလုံးထဲမှ ထုတ်နှုတ်ထားခြင်းဖြစ်ပါသည်။

*"ဖားကန့်ဟာ ကမ္ဘာပေါ်မှာ အဖိုးအတန်ဆုံး နေရာတွေထဲက တစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ နေရာငယ်လေး တစ်နေရာကနေ သန်းထောင်နဲ့ချီ ရနေတာပါ။ ... ဒါပေမယ့် လူနည်းစုလေးကပဲ ဒီအကျိုးအမြတ်တွေကို ရယူခံစားနေကြပါတယ်။"*

ဒေသခံအသိုင်းအဝိုင်းခေါင်းဆောင်၊ ကချင်ပြည်နယ်



မြန်မာနိုင်ငံ မြောက်ဘက်ပိုင်း ကချင်ပြည်နယ်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အဖိုးအတန်ဆုံး ကျောက်စိမ်းများ ထွက်ရှိရာဒေသဖြစ်သည်။ အမှန်တကယ်လိုအပ်နေသော ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားပေးဆောင်ရွက်ရမည့်အစား၊ ထို့အပြင် သာမန်လူတန်းစားများ အတွက် အခြေခံအဆောက်အအုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည့်အစား ယင်းကြွယ်ဝချမ်းသာမှုများကို အင်အားကြီးသော လူနည်းစု ငွေရှင်ကြေးရှင်တို့က ၎င်းတို့၏အိတ်ထဲကို ထည့်နေကြသည်။

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး ပြောသည့် "အစိုးရ၏ နိုင်ငံတော်လျှို့ဝှက်ချက်ကြီး" တွင် ပါဝင်နေသော စုစုပေါင်းပမာဏသည် အံ့သြဖွယ်ကောင်းအောင် များပြားလှသည်။ ယခု အချိန်အထိ ကျောက်စိမ်းကဏ္ဍ၏ တန်ဖိုးကို ဆုံးဖြတ်ရန်မှာ မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ သို့သော် သုတေသနနှင့်သုံးသပ်ချက် အသစ်တစ်ခုအရ Global Witness က ခန့်မှန်းသည်မှာ တရုတ်နိုင်ငံ၏ သွင်းကုန်အချက်အလက်များအရ ၂၀၁၄ ခုနှစ်တစ်နှစ်တည်းပင်လျှင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံရှိကြောင်း ညွှန်ပြထားပြီး လုပ်ငန်းတစ်ခုလုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံခန့် ဖြစ်သည်။ ယင်းကိန်းဂဏန်းကို နှိုင်းယှဉ်ပြရလျှင် ယင်းသည် အစိုးရ၏ ကျန်းမာရေး အသုံးစရိတ်၏ ၄၆ ဆရှိပြီး တစ်နိုင်ငံလုံး၏ စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၄၈% ရှိသည်။

ရှင်းနေသည်မှာ ပွင့်လင်း မျှတပြီး ရေရှည်အကျိုးအတွက် စီမံဆောင်ရွက်ပါက ဤလုပ်ငန်းသည် ကချင်ပြည်နယ်ရှိ ပြည်သူများ၏ ကံဇာတာကို ပြောင်းလဲပစ်နိုင်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်စေရန် တွန်းအားပေးနိုင်မည်ဖြစ်သည်။ ထိုသို့ဖြစ်ရမည့်အစား ကချင်ပြည်နယ်ရှိ ပြည်သူလူထုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပျောက်ကွယ်သွားနေရသည်ကို မြင်တွေ့နေရပြီး၊ ၎င်းတို့၏ တန်ဖိုးအရှိဆုံးပစ္စည်းများကိုလည်း အလုအယက် ထုတ်ယူနေကြသဖြင့် မိမိတို့၏ မြေမျက်နှာသွင်ပြင်များလည်း တစတစ ပြောင်းလဲပျက်စီးသွားနေရသည်ကို မြင်တွေ့နေရသည်။ လက်နက်နှင့် စက်ယန္တရားများ အသုံးပြုခြင်းကို တားဆီးရန် ကြိုးစားနေသူများသည် ၎င်းတို့၏မြေယာများ သိမ်းပိုက်ခံရမှု၊ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုတို့ဖြင့် ရင်ဆိုင်နေရစဉ် ကျောက်စိမ်းတွင်းများရှိ အခြေအနေများသည်လည်း အသက်အန္တရာယ် ဖြစ်သည်ထိ ဆိုးဆိုးရွားရွား ဖြစ်လာကြသည်။



*"ကျောက်စိမ်းတောင်တွေဟာ ရက်အနည်းငယ်အတွင်းမှာပဲ ပျောက်ကွယ်သွားကြတယ်။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး

အစိုးရမှ လိုင်စင်ထုတ်ပေးထားသော ကုမ္ပဏီများသည် လွန်ခဲ့သော နှစ်များအတွင်း တူးဖော်ရေး လုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်လာခဲ့ပြီး ဖားကန့်ဒေသရှိ သဘာဝအရင်းအမြစ်များကို အမြောက်အမြား ထုတ်ယူသုံးစွဲရန် စက်ယန္တယားများစွာကို သွင်းယူလာခဲ့သည်။ ဓါတ်ပုံ - မင်းဇေယျာ

ဤသို့သော တရား မမျှတမှုများသည် နိုင်ငံအတွင်းရှိ အဆင်းရဲဆုံးနှင့် တည်ငြိမ်မှု မရှိဆုံး ဒေသများအနက် တစ်ခုဖြစ်သော ဤဒေသထဲတွင် ဆူပူအုံကြွမှုများနှင့် မကျေနပ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ကျောက်စိမ်းလုပ်ငန်းသည် ဗဟိုအစိုးရနှင့် ကချင်လွတ်လပ်ရေးတပ်မတော်/ကချင်လွတ်လပ်ရေး အဖွဲ့ (KIA/KIO) တို့ကြား မြန်မာနိုင်ငံ၏ အတင်းမာဆုံး လက်နက်ကိုင် ပဋိပက္ခကို ဖြစ်ပေါ်စေသည်မှာ ထင်ရှားပေသည် ၂၀၁၁ ခုနှစ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားမှုမှစ၍ အသက်ပေါင်းများစွာ စတေးခဲ့ရပြီး ပြည်သူလူထုပေါင်း ၁၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော စစ်ပွဲအတွင်း နှစ်ဖက်စလုံးအတွက် ရံပုံငွေများကို ကျောက်စိမ်းလုပ်ငန်းမှ ထုတ်လုပ်ပေးနေသည်။

အခြေအနေ ဆိုးရွားနေသကဲ့သို့ ပြောင်းလဲရန် အခွင့်အရေးများလည်း အမှန်တကယ်ရှိနေပါသည်။ အစိုးရတွင်း ပြုပြင်ပြောင်းလဲရေး ပြုလုပ်သူများသည် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရေး အတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝ သယံဇာတ အရင်းအမြစ်များ ထုတ်ယူမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် (EITI) တွင်ပါဝင်ရန် မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ထိုးထားပြီးဖြစ်သည်။

ထို့အပြင် KIA/KIO တို့ဖြင့်လည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဤလုပ်ဆောင်ချက်များသည်အလား အလာရှိသော လှုပ်ရှားမှုများဖြစ်သော်လည်း နိုင်ငံ၏ အရေးအကြီးဆုံး သဘာဝ သယံဇာတများကို စီမံခန့်ခွဲရန် ပို၍ တာဝန်ယူသော၊ တရားမျှတမှု ရှိသော စနစ်တစ်ခု လိုအပ်နေမှုအား တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်မှု မပြုလုပ်ပါက နှစ်ဖက်စလုံးတွင် အန္တရာယ်များ ဖြစ်လာနိုင်သည်။

အစိုးရကို ထောက်ပံ့သည့် အနောက်နိုင်ငံအစိုးရများသည် အထူးသဖြင့် အမေရိကန်နိုင်ငံသည် ဤနေရာတွင် ပါဝင်လုပ်ဆောင်ရန် အဓိက အခန်းကဏ္ဍတွင် ရှိပေသည်။ ဤအစီရင်ခံစာတွင် နာမည်နှင့်တကွ ဖော်ပြထားသည့် ပုဂ္ဂိုလ်များအပေါ် ပိတ်ဆို့မှုများစွာ ပြုလုပ်ထားသကဲ့သို့ EITI လုပ်ငန်းစဉ်တွင်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ရှိသူ အမေရိကန်နိုင်ငံသည် စစ်တပ်အတွင်း သဘောထားတင်းမာသူများနှင့် ခရိုနီကုမ္ပဏီများကို ကျောက်စိမ်းလုပ်ငန်း အတွင်းမှ ဆွဲထုတ်နိုင်သည့် ထူးခြားသည့် အခြေအနေတစ်ခုကို ပိုင်ဆိုင်ထားပါသည်။ အမေရိကန်အနေဖြင့် ၎င်း၏အနေအထားကို အသုံးချပြီး နှောင့်နှေးမနေဘဲ လုပ်ဆောင်သင့်သည့် အကြောင်းပြချက်ကို ဤအစီရင်ခံစာတွင် အတိအကျ ဖော်ပြထားပါသည်။

## ကချင်ပြည်နယ်ထဲမှ ပြောင်းလဲရန် တောင်းဆိုသံ

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဖားကန့်ရှိ ကျောက်စိမ်းတွင်းများတည်ရှိရာမြို့နယ်အတွင်း နေထိုင်သူ ၄၉၂ ဦးသည် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ၏ အလွဲသုံးစားပြုနေမှုကို ရပ်ဆိုင်းပေးရန် တောင်းဆိုထားသည့် စာကို လက်မှတ်ရေးထိုးကာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံ ပေးပို့ခဲ့ပါသည်။ အဆိုပါစာတွင် ကုမ္ပဏီများ၏ လုပ်ဆောင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှုများနှင့် လူနေမှုဘဝတို့အပေါ် ထိခိုက်မှုများကို အသေးစိတ်ဖော်ပြထားပါသည်။



*"ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျောက်စိမ်းတွင်းလုပ်ကွက်များအတွက် အရင်းရှင်တချို့ကိုသာ လုပ်ပိုင်ခွင့် ချထားပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားအဖွဲ့များကိုမူ မည်သည့် ကျောက်စိမ်းလုပ်ကွက်ကိုမှ လုပ်ပိုင်ခွင့် ချထားပေးခဲ့ခြင်း မရှိပေ။ အချို့ကုမ္ပဏီများသည် တိုင်းရင်းသား အဖွဲ့များ နှင့် နီးနွယ် နေကြသော်လည်း ထိုအုပ်စုများသည် အမည်ခံသာဖြစ်ပြီး ထိုကုမ္ပဏီများကို နိုင်ငံခြားသားများမှ လွှမ်းမိုးနေကြခြင်းဖြစ်သည်။"*

*"ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများသည် ၎င်းတို့၏ စာချုပ်သက်တမ်း မကုန်ဆုံးမီ ကျောက်စိမ်းများ ပိုမိုရရှိနိုင်ရန်အတွက် တောင်များနှင့် တောင်ကုန်းများကို မိုင်းခွဲ၍ ရှာဖွေနေကြသည်။ ၎င်းတို့သည် ရေရှည်လုပ်ငန်းစဉ်အဖြစ် လုပ်ကိုင်ရမည်ထက် ရေတိုလုပ်ကိုင်ပြီး အဖိုးထိုက်တန်သော ကျောက်စိမ်းများ တူးဖော်ကာ မိမိတို့ ကိုယ်ကျိုးအတွက်ကိုသာ လုပ်ကိုင်ဆောင်ရွက် နေကြသည်။ ထိုလုပ်ဆောင်ချက်ကြောင့် ဒေသခံများအတွက် ကျန်းမာရေးထိခိုက်စေသည့် ဘေးအန္တရာယ်များ၊ ထို့အပြင် ရောဂါဘယများ သို့မဟုတ် သေဆုံးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေသည်။"*

*"ကုမ္ပဏီများသည် စနစ်တကျဖြင့် ပတ်ဝန်းကျင်နေအထား မပျက်စီးအောင် တူးဖော်ရမည့်အစား နက်ရှိုင်းသော တူးဖော်မှုများပြုလုပ်ပြီး ရေလှောင်ကန်များဖြစ်ပေါ်လာစေသည်။ ရလဒ်အဖြစ် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ ယင်းရေလှောင်တမံများ ပြိုကျကြသည်။ ထို့အပြင် ထိုရေလှောင်တမံများကို တစ်ခါတစ်ရံတွင် တမင်ရည်ရွယ်လျက် ဖျက်စီးကြပြီး ထိုသို့လုပ်ဆောင်မှုကြောင့် ကျွဲနွားများကို သေဆုံးစေကာ အိုးအိမ်စည်းစိမ်များကိုလည်း ဆုံးရှုံးစေသည်။ သို့သော် ထိုသို့သော အဖြစ်အပျက်များအတွက် ကုမ္ပဏီများသည် မည်သည့်အခါကမှ တာဝန်ယူ ဆောင်ရွက်ပေးခြင်း မရှိပေ။"*

*"ကုမ္ပဏီများမှ အသုံးပြုသော ဧရာမ စက်ယန္တယားကြီးများသည် လမ်းများပေါ်တွင် ပိတ်ဆို့နေပြီး မတော်တဆ ထိခိုက်မှုများ မကြာခဏ ဖြစ်ပွားစေသည်။"*

*"အဖိုးထိုက်တန်သော ရင်းမြစ်များ၊ တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ၊ တောတောင်များနှင့် ရွှေများသည် ကုမ္ပဏီများ၏ စက်ယန္တယားများဖြင့် တူးဖော်မှုကြောင့် တဖြည်းဖြည်း ပျောက်ကွယ်လုနီးပါးဖြစ်နေသော်လည်း ပြည်သူလူထုကမူ ထိုသို့ဆောင်ရွက်မှုများမှ အကျိုးအမြတ်များ ရရှိခြင်း မရှိပေ။ ဆန့်ကျင်ဘက်အနေဖြင့်သာ ကုမ္ပဏီများ၏ မိုင်းခွဲသော လုပ်ငန်းများကြောင့် လေထုညစ်ညမ်းမှုဖြစ်ကာ ပြည်သူလူထုသည် ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်မှု ခံစားကြရသည့်အပြင် သေဆုံးမှုပင်လျှင် ဖြစ်ပွားနေသည်။"*

*"ထိုကုမ္ပဏီများအား ကျောက်စိမ်းလုပ်ကွက်များ လုပ်ပိုင်ခွင့် ချပေးခြင်းကြောင့် ဒေသခံပြည်သူများ၏ အိုးအိမ်စည်းစိမ်များ လျှင်မြန်စွာ လျော့နည်းသွားစေရုံသာမက ဒေသတွင်းရှိ တန်ဖိုးရှိသော ကျောက်စိမ်းများကို ပျောက်ကွယ်စေကာ နောက်လာမည့် မျိုးဆက်သစ်များအတွက် ဆိုးရွားသော ဂယက်ရိုက်မှုများ ဖြစ်ပေါ်စေပါသည်။"*

## ဖားကန့်ရှိ အလျှင်အမြန် ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းတွေ ဘေးက ဘဝတစ်ခု

သားသမီးသုံးယောက်ရှိပြီး ဖားကန့်ဒေသရှိ မော်ဆီဇာတွင် ၁၉၉၁ ခုနှစ်ကတည်းက နေထိုင်လုပ်ကိုင်သူ မိခင်တစ်ဦးမှ စစ်အာဏာရှင်ဟောင်း ဦးသန်းရွှေမိသားစုမှ ပိုင်ဆိုင်သည့် ကျောက်စိမ်း သတ္တုတူးဖော်ရေးကုမ္ပဏီဖြစ်သော ကြိုင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီကြောင့် ထိခိုက်ရမှုများကို ဒေသခံ သုတေသနပြုလုပ်သူများထံ ထုတ်ဖော် ပြောပြခဲ့သည်။

*"၂၀၀၅ ခုနှစ်အထိ ကျောက်စိမ်းအရောင်းအဝယ် အနည်းအကျဉ်းလုပ်ပြီးတော့ ကျွန်မမိသားစုအတွက် ဝင်ငွေရှာဖို့ အခွင့်အရေးကောင်းတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီကုမ္ပဏီရောက်လာပြီးတော့ ကျွန်မရဲ့အိမ်ကနေ ထွက်ခွာပေးရမယ်ဆိုတဲ့အကြောင်း လျော်ကြေးအနေနဲ့ ကျပ် ၁၀ သိန်းကို လက်ခံပေးရမယ်ဆိုတဲ့အကြောင်း ကျွန်မကို ပြောပါတယ်။ ကျွန်မအနေနဲ့ လက်မခံချင်ပေမယ့် မြေကော်တဲ့စက်တွေနဲ့ ရောက်လာပြီးတော့ ကျွန်မအိမ်ကို ဖျက်စီးလိုက်ကြပါတယ်။ အဲ့ဒီအချိန်က မိုးတွင်းဆိုတော့ ကျွန်မနဲ့ ကျွန်မမိသားစု နေစရာ မဲ့ခဲ့ပါတယ်။ တခြားသူတွေလည်း ဒီလိုပါပဲ။ ၂၀၁၂ ခုနှစ်မှာတော့ ကုမ္ပဏီအနေနဲ့ လက်ရှိလုပ်ဆောင်နေတာတွေကို ခဏ ရပ်ထားရပါတယ်၊ ကုမ္ပဏီပိုင် နယ်မြေထဲမှာ ရေမဆေးကျောက်သမားတွေတူးတဲ့ ကျောက်စိမ်းအနည်းအကျဉ်းကို အရောင်းအဝယ်လုပ်ဖို့ ကျွန်မအတွက်လမ်း အခွင့်အလမ်းတွေ ထပ်ရခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ်မှာ အဲ့ဒီရပ်တန့်ထားတာကို ပြန်ရုပ်သိမ်းလိုက်ပြီးတော့ ရဲတွေက ကျောက်တူးသမားတွေကို လိုက်ဖမ်းခဲ့ပါတယ်၊ ကုမ္ပဏီကတော့ နောက်တစ်ခါပြန်ပြီး ဒီနေ့ရာကို သူတို့အတွက် အသုံးချဖို့ ပြန်ရောက်လာခဲ့ပါတယ်။"*



ရှေးရိုးစဉ်ဆက်ကတည်းက ကျောက်စိမ်းလုပ်ငန်းဖြင့် အသက်မွေးလာခဲ့သော ဒေသခံပြည်သူများအား အစိုးရက လိုင်စင်ထုတ်ပေးထားသည့် လုပ်ပိုင်ခွင့်ရရှိထားသူများက စနစ်တကျ ဖယ်ထုတ်လိုက်ကြသည်။ အချို့မှာ ကုမ္ပဏီများမှ စွန့်ပစ်ထားသော မြေစာပုံများထဲမှ ကျောက်စိမ်းအစအနများကို ကောက်ယူပြီး အသက်မွေးနေကြရသည်။ ဓါတ်ပုံ- မင်းဇေယျာ

*"[ကျောက်စိမ်းလုပ်ငန်းကနေ] ရရှိတဲ့ ပိုက်ဆံတွေထဲကနေ ၁% လောက်ကိုပဲ ကချင်ပြည်နယ်အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနဲ့ အခြေခံအဆောက်အဦအတွက် အသုံးချမယ်ဆိုရင်တောင် ကချင်ပြည်နယ်ကို အခုလက်ရှိနဲ့ လုံးဝမတူအောင် ပြုလုပ်နိုင်ပါတယ်။ ဒါပေမယ့် ဒီကထွက်တဲ့ အကျိုးအမြတ်တွေအားလုံးက လက်တစ်ဆုပ်စာလောက်ပဲရှိတဲ့ လူနည်းစုဆီကိုဘဲ ရောက်နေတယ်။"*

ဒေသခံအသိုင်းအဝိုင်းခေါင်းဆောင်၊ ကချင်ပြည်နယ်

*"ပြည်နယ်တွင်းရှိ သဘာဝရင်းမြစ်များကို စီမံဆောင်ရွက်ရန် ကချင်ပြည်နယ် အစိုးရတွင် လုပ်ပိုင်ခွင့် ရှိရမည်။ ထို့အပြင် ဒေသအစိုးရနှင့် ဒေသခံ ပြည်သူများသည်လည်း ထိုသို့ စီမံဆောင်ရွက်မှုတွင် ပါဝင်ရမည်။"*

KDNG / ကချင်ပြည်နယ် သဘာဝရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒအကြောင်း ဆွေးနွေးချက် စာတမ်း



ကုမ္ပဏီများသည် ကျောက်စိမ်းတူးဖော်ရေးများကို အရှိန်မြှင့်တင်ဆောင်ရွက်လာသည့်အတွက် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုဖြစ်စေနိုင်သည့် မြေပြိုကျမှုများသည်လည်း တဖြည်းဖြည်း များပြားလာသည်။ ဤနေရာတွင် မိုးသည်းထန်မှုကြောင့် မြေပုံများ ပြိုကျမှုဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် အနည်းဆုံး လူပေါင်း ၂၀ ခန့် သေဆုံးခဲ့ရသည်

ဓါတ်ပုံ - မင်းဇေယျာ



ဧရာမ စက်ယန္တယားများကို ကျောက်စိမ်းကုမ္ပဏီများမှ အသုံးပြုမှုကြောင့် ဖားကန့်ဒေသတွင် နေထိုင် လုပ်ကိုင်သူများ အပေါ် နေ့စဉ် ခြိမ်းခြောက်မှုများ ဖြစ်နေသည်။ ဤပုံတွင် မိခင်တစ်ဦးသည် ကုမ္ပဏီ၏ စွန့်ပစ် မြေစာပုံတွင် ကျောက်စိမ်းရှာရင်း မတော်တဆ သေဆုံးခဲ့ရသော သူမ၏ ဒုတိယသား၏ ဓါတ်ပုံကို ကိုင်ဆောင်ထားသည်။

ဓါတ်ပုံ - မင်းဇေယျာ



ကသုတ်ကရက်ဖြင့် ကျောက်စိမ်းများ ထုတ်ယူနေခြင်းသည် ဖားကန့်ဒေသ၏ ပတ်ဝန်းကျင်ကို ဖျက်စီးနေပြီး တောတောင်များကို ချိုင့်ဝှမ်းကြီးများ ဖြစ်သွားအောင် ပြုလုပ်ကာ၊ ၎င်းဒေသ၏ သဘာဝ ရေကန်များ၊ စမ်းချောင်းများကို ညစ်ငြမ်းမှု ဖြစ်စေသည့်အပြင် တောများ ပြုန်းတီးကာ ၂၀၁၄ ခုနှစ်တွင် ရိုက်ကူးထားသော ဤပုံတွင် ပြထားသည့်အတိုင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေသည်။

ဓါတ်ပုံ- KDNG



ကချင်ပြည်နယ် မြစ်ကြီးနားတွင် မူးယစ်ဆေးသုံးစွဲသူတစ်ဦး - ဘိန်းဖြူနှင့် မီသာဖက်တမင်းတို့ကို အသုံးပြုမှုသည် ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးသူများအတွင်း အလွန်အမင်း များပြားနေသောကြောင့် ဒေသခံပြည်သူများမှ ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်း မူးယစ်ဆေးဝါးများ ဖြန့်ဖြူးနေသည့် အန္တရာယ်ကို သိသိသာသာ တိုက်ဖျက်နေကြပါသည်။

ဓါတ်ပုံ- Adam Dean

# ဘယ်သူတွေလဲ။ သူတို့တွေ ဘယ်လောက် ရယူနေကြသလဲ။

နှစ်ပေါင်းများစွာပင် မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍသည် လျှို့ဝှက်ချက်များဖြင့် ပြည့်နှက်နေခဲ့သည်။ သာမန်လူတန်းစားများသည် မည်သည့်ကုမ္ပဏီများက သတ္တုတွင်း တူးဖော်ရေး လိုင်စင်များ ရယူထားကြသည်၊ ထိုကုမ္ပဏီများ၏ ပိုင်ရှင်များသည် မည်သူမည်ဝါ ဖြစ်သည်၊ လိုင်စင်များကို မည်သို့ ခွဲဝေချထားပေးသည်၊ ၎င်းတို့၏ စာချုပ်ထဲတွင် မည်သို့သော စည်းကမ်းချက်များ ပါရှိသည်၊ ၎င်းတို့က အစိုးရအား မည်သည့်အရာများ ပေးကမ်းနေကြသည်၊ ၎င်းတို့က မည်မျှ ထုတ်လုပ်နေကြသည် ဟူသော အခြေခံ အချက်အလက်များကိုပင် ရယူနိုင်ခွင့် မရှိကြပေ။

ထိုအချက်ကြောင့်ပင် ကျောက်စိမ်းများ အလျင်စလိုတူးဖော်နေခြင်းမှ မည်သူတို့ အမှန်တကယ် အကျိုးအမြတ်ရရှိနေကြသည် ဆိုသည့်အချက်အပေါ် အာရုံစိုက်နိုင်မှု နည်းနေကြပြီး သို့မဟုတ် ၎င်းအချက်သည် ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန် ကြိုးစားရာ၌ မည်သည့်အခန်းကဏ္ဍက ပါဝင်နေသည်ကို အနည်းငယ်မျှသာ စိတ်ဝင်စားနိုင်ကြသည်။ ဤအစီရင်ခံစာသည် အစိုးရက ကျောက်စိမ်းလုပ်ပိုင်ခွင့်များ ချထားပေးသည့် ကုမ္ပဏီများ၏နောက်ကွယ်ရှိ အဓိက ပါဝင် ပတ်သက်နေကြသူများကို ပထမဆုံး အကြိမ်အဖြစ် ရှာဖွေဖော်ထုတ်ပြီး ယင်းအချက်ကို ပြောင်းလဲရန် ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းအတွက် လိုင်စင်ချထားပေးသည့်စနစ်သည် အကျင့်ပျက် ခြစားမှုများ ပြုလုပ်ရန်နှင့် ခရိုနီတို့အတွက် အခွင့်အလမ်းဖွင့်ပေးထားသည့် စနစ်ဖြစ်သည်။ အဓိက လုပ်ပိုင်ခွင့်ချပေးသည့် နေရာများသည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ အစိုးရမှ ထိန်းချုပ်ထားသည့် ဒေသများတွင် ဖြစ်ပြီး အင်အားကြီးမားသည့် ပုဂ္ဂိုလ်များနှင့် ရာထူးကြီးကြီး အရာရှိများနှင့် ချိတ်ဆက်ထားသည့် ကုမ္ပဏီများကို မျက်နှာသာပေးထားသော ဗဟိုမှ ထိန်းချုပ်သည့်စနစ်ဖြင့် လုပ်ကွက်များကို ချထားပေးသည်ဟု ဤလုပ်ငန်းအတွင်းမှ ပုဂ္ဂိုလ်အများအပြားက ပြောကြသည်။ ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက ပြောပြရာတွင် "[လေလံဆွဲတဲ့နေရာမှာ] ထိပ်ပိုင်းက ခပ်ကြီးကြီးတစ်ယောက် ပါဝင်ပတ်သက်နေရင်တော့ သေချာတယ် သူတို့ပဲ လေလံအောင်လိမ့်မယ်"။

ယနေ့ခေတ်ကျောက်စိမ်းအရောင်းအဝယ်များ ပြုလုပ်ရာတွင် ပါဝင်သော ကျွန်ုပ်တို့စာရင်းတွင် ဖော်ပြခြင်းခံရသူတို့သည် မြန်မာနိုင်ငံ၏ စစ်အာဏာရှင်အုပ်ချုပ်သည့် အမှောင်မိုက်ဆုံးကာလများထဲမှ ပုဂ္ဂိုလ်များပင် ဖြစ်ပုံရသည်။
အာဏာရှင်ဟောင်း ဦးသန်းရွှေ၏ မိသားစုတွင် ပါဝင်သူများအပြင် အောက်ပါပုဂ္ဂိုလ်တို့လည်း ပါဝင်ပေသည်-

**– အာဏာရပါတီမှ အဆင့်မြင့် ပုဂ္ဂိုလ်များ၊** အထူးသဖြင့် -

- မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး၊ ကချင်ပြည်နယ် တိုင်းမှူးဟောင်း ဦးအုန်းမြင့်၊
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အထွေထွေအတွင်းရေးမှူးဟောင်း၊ ဗိုလ်ချုပ်ဟောင်း ဦးမောင်မောင်သိမ်း။
- လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗိုလ်မှူးချုပ်ဟောင်း ဦးဘုန်းဆွေ၊
- နှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီး၊ ဗိုလ်ချုပ်ဟောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် ကာကွယ်ရေးပစ္စည်း ဝယ်ယူရေးဌာန၏ ညွှန်ကြားရေးမှူးဟောင်းဖြစ်သူ ဦးဝင်းသန်း။

၎င်းပုဂ္ဂိုလ်များသည် ကျောက်စိမ်းမှငွေပမာဏအမြောက် အမြားရရှိနေကြောင်း Global Witness ၏ သုတေသနက ညွှန်ပြထားပါသည်။ ဦးသန်းရွှေ၊ ဦးမောင်မောင်သိမ်းနှင့် ဦးအုန်းမြင့်တို့၏ မိသားစုများသည် လုပ်ပိုင်ခွင့်များစွာကိုချုပ်ကိုင်ကာ ၎င်းတို့အားလုံးသည် ၂၀၁၄ ကျောက်စိမ်းအရောင်းပြပွဲ (အစိုးရတရားဝင်ကျောက်စိမ်းအရောင်းပြပွဲ) တွင် အခွန်မဆောင်မီ ရောင်းချငွေ ဒေါ်လာသန်း ၂၂၀ နှင့် ၂၀၁၃ အရောင်းပြပွဲတွင် အမေရိကန်ဒေါ်လာ ၆၇ သန်းရရှိခဲ့ကြသည်။ ဦးသန်းရွှေမိသားစုပါဝင်နေသည်ဟု Global Witness မှယုံကြည်ထားသည့် အခြားကုမ္ပဏီ တစ်ခုသည် ၂၀၁၃ နှင့်၂၀၁၄ အရောင်းပြပွဲနှစ်ခုပေါင်းတွင် ဒေါ်လာသန်း ၁၅၀ တန်ဖိုး ထပ်မံရောင်းချနိုင်ခဲ့သည်။ နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာပြီ ဖြစ်သလို သဘောထားတင်းမာသူများသည် ဂိုဏ်းဂဏကွဲအကြမ်းဖက်မှုများ နှင့် ညစ်ပတ်သည့် လှည့်စားမှုများ ဖြစ်စေရန် ရံပုံငွေထုတ်ပေးလာနိုင်သည်ကို စိုးရိမ်သူ တချို့ရှိနေချိန်တွင် မြန်မာနိုင်ငံသားများ အနေဖြင့် ကျောက်စိမ်းမှ ရရှိသောဝင်ငွေများ မည်သည့်နေရာ ရောက်ရှိသွားသည်ကို အမြန်ဆုံးသိရှိရန် လိုပေသည်။


ဗိုလ်ချုပ်မှူးကြီးသန်းရွှေ


ဝန်ကြီး ဦးအုန်းမြင့်


ဝေရှောက်ခန်


ဦးအိုက်ထွေး

အာဏာရှင်ဟောင်း အငြိမ်းစား ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဆက်စပ်နေသော ကျောက်စိမ်းကုမ္ပဏီများ၊ ကချင်ပြည်နယ်၏ တိုင်းမှူးဟောင်းနှင့် ဝန်ကြီးဖြစ်သူ ဦးအုန်းမြင့်၊ ဘိန်းရာဇာ ဝေရှောက်ခန်နှင့် Ever Winner ကုမ္ပဏီကို ဦးစီးနေသူ ဦးအိုက်ထွေးတို့သည် ၂၀၁၄ ခုနှစ် အစိုးရ ကျောက်စိမ်းရောင်းချပွဲတစ်ခုတည်း ကပင်လျှင် အခွန်မဆောင်မီ ရောင်းချရငွေသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၀ ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

## Unapologetic Minister will 'dare slap anyone'

By DVB

5 February 2014 Print Email




Burma's Minister of Livestock Breeding, Fisheries and Rural Development, Ohn Myint, is under fire in Parliament for vile threats to rural residents in Tenasserim and Magwe divisions. An emergency proposal has been submitted for the government to take immediate action.

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဦးအုန်းမြင့်သည် ယခင်က ကချင်ပြည်နယ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လူတွေကို ပါးရိုက်ပစ်မည်ဟု လူသိရှင်ကြား ခြိမ်းခြောက်စကားပြောကြားမှုနှင့် အစိုးရအား ဆန့်ကျင်သူ မည်သူမဆို ထောင်ချခံရနိုင်သည်ဟု စကားတို့ကြောင့် ၂၀၁၄ ခုနှစ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ပါသည်။ ဓါတ်ပုံ- DVB

**-မြန်မာနိုင်ငံစစ်တပ်** - တပ်မတော်သည် ၎င်း၏ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ တစ်ဆင့် ကျောက်စိမ်းကဏ္ဍတွင် တရားဝင် လုပ်ပိုင်ခွင့်များကို ချုပ်ကိုင်ထားပါသည်။ Global Witness ၏ ၂၀၁၄ ကျောက်မျက်ပြပွဲအပေါ် လေ့လာဆန်းစစ်ချက်အရ ၎င်းကုမ္ပဏီများသည် အရည်အသွေးအကောင်းဆုံးကျောက်စိမ်းကိုရောင်းချခဲ့ပြီး ပျမ်းမျှတစ်ကီလိုဂရမ်လျှင် ဒေါ်လာ ၁၃,၀၀၀ ကျော် ဈေးနှုန်းဖြင့် ရောင်းချခဲ့သည်ဟု သိရသည်။ ၎င်းတို့အနက် စစ်တပ်ပိုင်ကုမ္ပဏီများ၏ တရားဝင်ပြပွဲများမှ ရောင်းချမှုပမာဏမှာ ၂၀၁၄ တွင် ဒေါ်လာသန်း ၁၈၀ နှင့် ၂၀၁၃တွင် ဒေါ်လာသန်း ၁၀၀ ရရှိခဲ့သည်။ ထိုကုမ္ပဏီများကို ကာကွယ်ရေးဦးစီးချုပ်အတွက် ဘတ်ဂျက်ပြင်ပ ရန်ပုံငွေအဖြစ် မှတ်ယူထားကြသည်။ ကျောက်စိမ်းမှရသည့်ဘဏ္ဍာငွေများသည် ကချင်လွတ်မြောက်ရေးတပ်မတော်/ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA/KIO) ကိုတိုက်ခိုက်မည့် စစ်တပ်၏တိုက်ပွဲတွင် အထောက်အပံ့ဖြစ်စေလျက်ရှိသည်ဟု ကချင်ပြည်နယ်ရှိလူအများစုက ယုံကြည် ထားကြသည်။

**-'ခရိုနီ' ကုမ္ပဏီများ** - ဦးသန်းရွှေစစ်အစိုးရလက်ထက်တွင် ပေါ်ပေါက်ကြွယ်ဝ လာခဲ့ကြသော ကုမ္ပဏီများဖြစ်ပြီး ကျောက်စိမ်းလုပ်ငန်းတွင် အဓိက အခရာ ကျလှသည်။ အထင်ရှားဆုံးမှာ ကိုးကန့်မူးယစ်ရာဇာ လော်စစ်ဟန် တည်ထောင်သည့် အေးရှားဝေါလ် လုပ်ငန်းစုနှင့် နံပါတ်တစ်ခရိုနီ ဦးတေဇ၏ ထူးလုပ်ငန်းစုတို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးစလုံးသည် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုခံထားရသူများ ဖြစ်ပါသည်။ ပိုမိုထင်ရှား သော်လည်း လူသိနည်းနေသည်ကား ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်း ၁၂ ခု ပါဝင်ပုံရသည့် Ever Winner လုပ်ငန်းစုဖြစ်သည်။ Ever Winner ကုမ္ပဏီများသည် ၂၀၁၄ခုနှစ်တွင် တရားဝင် ကျောက်မျက်ပြပွဲ၌ ရောင်းချမှု ဒေါ်လာသန်း ၁၉၀ ဝန်းကျင်နှင့် ၂၀၁၃ တွင် ဒေါ်လာသန်း ၁၂၀ ကျော် ရရှိခဲ့သည်။ ၎င်းကုမ္ပဏီများ၏ ပိုင်ရှင်များသည် မြန်မာ့အကြီးဆုံးဘဏ်နှင့် KBZ လုပ်ငန်းစုခေါင်းဆောင် ဦးအောင်ကိုဝင်း နှင့် Skynet ဂြိုဟ်တုစလောင်း တီဗီလုပ်ငန်းမှ မီဒီယာလုပ်ငန်းရှင် ဦးကျော်ဝင်းတို့ အပါအဝင် နိုင်ငံရေးအရသြဇာရှိသည့် လုပ်ငန်းရှင်သူဌေးကြီးများနှင့် ပတ်သက်ဆက်နွယ်သူများ ဖြစ်သည်ဟု Global Witness သုတေသနတွင် ဖော်ပြခဲ့သည်။

*"စစ်တပ်မိသားစုတွေမှာ ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတွေသာမရှိရင် ကျန်တဲ့သူတွေက သူတို့ကို ကန်ထုတ်ပစ်ကြလိမ့်မယ်။ အဲဒီလိုကုမ္ပဏီမရှိတဲ့လူကို စုန်းပြူးလို့ မြင်ကြလိမ့်မယ်။ သူတို့က တန်းတူဆက်ဆံမှာမဟုတ်ဘူး"*

အရာရှိဟောင်းတစ်ဦး

## Narcotics Rewards Program: Wei Hsueh-Kang

BUREAU OF INTERNATIONAL NARCOTICS AND LAW ENFORCEMENT AFFAIRS

**WANTED**



(**Alias:** Prasit Chivinnitipanya)
**Date of Birth:** 5/29/52
**Place of Birth:** China
**Height:** 5'6" **Weight:** 125 lbs
**Eyes:** Brown **Hair:** Black
**Race:** Asian **Nationality:** Chinese

**Wei Hsueh-Kang**, the commander of the United WA State Army's (UWSA or WA) Southern Military Command, is wanted on Federal drug violations in the Eastern District of New York. The WA is currently the dominant heroin trafficking group in Southeast Asia, and possibly worldwide. Wei Hsueh-Kang is believed to be in hiding in Burma.

The U.S. Department of State is offering a **REWARD OF UP TO $2 MILLION** for information leading to the arrest or conviction in the United States of Wei Hsueh-Kang.

If you have information, and you are outside the United States, please contact the nearest U.S. Embassy or Consulate. In the United States, please contact the DEA, FBI, or ICE office in your city.

**ALL IDENTITIES ARE KEPT STRICTLY CONFIDENTIAL**

ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် လက်နက်ကိုင်တပ်ဖွဲ့ကို ကာလရှည်ကြာ ငွေကြေးထောက်ပံ့သူ နာမည်ကြီးမူးယစ်ရာဇာ ဝေရှောက်ခန့်သည် ဖားကန့်တွင် အများဆုံးလွှမ်းမိုးထားနိုင်သည်ဟု ယူဆရသော ကျောက်စိမ်းကုမ္ပဏီများအုပ်စု၏ နောက်ကွယ်တွင် ရှိနေသည်ဟု Global Witness ၏ သုတေသနက ဖော်ပြသည်။

**- မူးယစ်ရာဇာများ** - ဝေရှောက်ခန့်သည် အမေရိကန်အစိုးရက ဒေါ်လာ ၂ သန်း ဆုကြေးငွေ ထုတ်ခြင်း ခံထားရသည့် "ဝ" ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် /ပါတီ (USWA/UWSP) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အား ကာလကြာရှည်စွာ ဘဏ္ဍာရေးထောက်ပံ့ပေးနေသူ မူးယစ်ရာဇာတစ်ဦး ဖြစ်ပါသည်။ သူသည် လက်ရှိ မြန်မာ့ကျောက်စိမ်းလုပ်ငန်းတွင် လွှမ်းမိုးထားသည့် ကုမ္ပဏီလုပ်ငန်းစုတစ်ခုကို ထိန်းချုပ်ထားသူ ဖြစ်သည်ကို ခိုင်လုံသည့် အထောက်အထားများ ရှိပေသည် ဝေရှောက်ခန့်ဦးစီးသော ကုမ္ပဏီများနှင့် တခြား UWSA/UWSP အဆက်အနွယ်ပုဂ္ဂိုလ်များသည် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက ကျောက်စိမ်းလုပ်ငန်းတွင် နာမည်ကြီး လုပ်ငန်းရှင်များ ဖြစ်ကြပါသည်။ အမေရိကန်၏ အရေးယူပိတ်ဆို့မှုကြောင့် ၂၀၀၀ ပြည့်နှစ် အလယ်ပိုင်းတွင် အခြေအနေ အပြောင်းအလဲတချို့ ဖြစ်စေခဲ့ သော်လည်း ယခုချိန်တွင် ဝေရှောက်ခန့်၏ကျောက်စိမ်း လုပ်ငန်းအတွက် လျှို့ဝှက် လုပ်ဆောင်ပေးနေသော ကုမ္ပဏီ ၅ ခု ရှိကြောင်း ကျွန်ုပ်တို့ယုံကြည်ထားပြီး Global Witness ၏ စုံစမ်းမှုများအရ အတည်ပြုနိုင်ခဲ့သည်။ ၎င်း ကုမ္ပဏီများက ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် အစိုးရကျောက်မျက်ရတနာ အရောင်းပြပွဲများတွင် အခွန်မဆောင်မီ တန်ဖိုး ဒေါ်လာသန်း ၁၀၀ ရောင်းချခဲ့ကြောင်း မှတ်တမ်းရှိခဲ့ပါသည်။

ကျောက်စိမ်းအရောင်းအဝယ်တွင် ဤကဲ့သို့ တစ်သီးပုဂ္ဂလနှင့် အဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာကြခြင်းသည် မြန်မာနိုင်ငံအတွက် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် အနာဂတ်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်နေသူများအတွက် သတိထားသင့်သည့် အချက် ဖြစ်သည်။ ဤကိစ္စမှာ နိုင်ငံရေးအရ စိုးရိမ်ရသည့် ကိစ္စရပ်တစ်ခုမျှသာ မဟုတ်ပါ။ ကျောက်စိမ်းကဏ္ဍတွင် လျှို့ဝှက်မှုနှင့် အလွဲသုံးစားမှု ရှိနေခြင်းသည် နိုင်ငံအတွင်း လည်ပတ်နေသည့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက်လည်း ပြဿနာကြီးများ ဖြစ်လာစေနိုင်သည်။

ဥပမာ - ကိုကာကိုလာ (Coca-Cola Company) နှင့် Caterpillar Inc. တို့နှစ်ခုစလုံးနှင့် ပတ်သက်သည့် နိုင်ငံတွင်း လုပ်ငန်းဖက်နှင့် တွဲဖက်လုပ်သူများအကြောင်း မကြာသေးမီကမှ အချက်အလက် သစ်များ ထွက်ပေါ်လာခဲ့ပါသည်။ အဆင့် ၇ ခုပါ ကြိုတင်အကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်ခဲ့သော်လည်း Coca-Cola ကုမ္ပဏီအနေဖြင့် ယင်း၏ ပြည်တွင်း လုပ်ငန်းဖက်သည် စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ဦးပိုင်ကုမ္ပဏီ လီမိတက်နှင့် ကာလရှည်ကြာလက်တွဲခဲ့မှုနှင့် ကျောက်စိမ်း လုပ်ငန်းအတွင်းမှ အကျိုးအမြတ် ရယူမှုများအကြောင်း ရှာဖွေ ဖော်ထုတ်နိုင်မှု မရှိခဲ့ပါ။ ဖျော်ရည်များ ထုတ်လုပ်သည့်ကုမ္ပဏီကြီးက "Coca-Cola ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့ရဲ့ဖက်စပ်လုပ်ငန်းနဲ့ မြန်မာနိုင်ငံမှာ လုပ်ကိုင်ဆောင်ရွက်မှုတွေနှင့် ပတ်သက်ပြီး အားလုံးသိအောင် ပွင့်လင်းမြင်သာမှု ရှိပါတယ်။ အဲ့ဒီလိုပဲ မြန်မာနိုင်ငံမှာ တာဝန်သိသည့် ရင်းနှီးမြှုပ်နှံမှုအတွက် အမေရိကန်နိုင်ငံခြားရေးဌာနက သတ်မှတ်ထားတဲ့ အစီရင်ခံဖို့ လိုအပ်ချက်တွေအတိုင်း ပြည့်မီ ကျော်လွန်ဖို့ ဆက်လက် လုပ်ကိုင်သွားမှာပါ" ဟု ဖော်ပြထားသည်။ တစ်ချိန်တည်းတွင်ပဲ Caterpillar ကုမ္ပဏီသည် မူးယစ်ရာဇာ ဝေရှောက်ခန့်မှ ချုပ်ကိုင်ထားသည်ဟု Global Witness မှ ယူဆထားသည့် ကျောက်စိမ်းလုပ်ငန်းစု တစ်ခုအတွက် လျှို့ဝှက်လုပ်ကိုင်ပေး နေသူ တစ်ဦးကို နိုင်ငံ ၅ ခု ထက်မနည်းတွင် ဧည့်ခံပြုစုခဲ့ သည်။ မေးခွန်းများအပေါ် တုံ့ပြန်ရာ၌ ကုမ္ပဏီက ၎င်းတို့၏ ကြိုတင်စုံစမ်း လုပ်ဆောင်မှုများတွင် Global Witness မှ အမည်ဖော်ပြထားသော ကုမ္ပဏီများကို "ပိတ်ဆို့ခံထားရသူ တစ်ဦး တစ်ဖွဲ့"မှ ပိုင်ဆိုင်သည် သို့မဟုတ် ထိန်းချုပ်သည်ဟု ဖော်ပြမထားကြောင်း ပြောပြခဲ့သည်။



Caterpillar Inc.သည် ဖားကန့် မိုင်းတွင်းလုပ်ငန်းအတွက် လိုအပ်သော စက်ယန္တယားများ ပံ့ပိုးနေသည့် နိုင်ငံတကာကုမ္ပဏီများအနက် တစ်ခု အပါအဝင်ဖြစ်ပါသည်။ ၎င်း၏ ပြည်တွင်း အရောင်းကိုယ်စားလှယ်များသည် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုကို ခံထားရသော မူးယစ်ရာဇာ ဝေရှောက်ခန်မှ ထိန်းချုပ်ထားပုံရသည့် ကုမ္ပဏီအုပ်စုနှင့် ပတ်သက်မှုရှိနေကြောင်း Global Witness ၏ သုတေသနပြုလုပ်မှုတွင် ဖော်ထုတ်ခဲ့သည်။




ဖားကန့်သို့သွားသည့် လမ်းမပေါ်ရှိ တံတားပေါ်တစ်ခုပေါ်မှ ကျောက်စာတိုင်တွင် ကျောက်စိမ်းလုပ်ငန်းစုများဖြစ်သော ရှယ်ဖယ်မလီ ကုမ္ပဏီ လီမိတက်နှင့် အမေရိကန်နိုင်ငံမှ အရေးယူ ပိတ်ဆို့ထားသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) တို့မှ တည်ဆောက်ထားကြောင်း ဖော်ပြထားသည်။ Coca Cola ၏ ကြိုတင်အကဲဖြတ် ဆန်းစစ်ချက် ပြုလုပ်မှုတွင် ၎င်းတို့၏ ဒေသတွင်း ဒါရိုက်တာဖြစ်သူ၏ ရှယ်ဖယ်မလီတွင် ပါဝင်နေမှု သို့မဟုတ် ကျောက်စိမ်းကုမ္ပဏီ၏ ရေရှည် ဆောင်ရွက်သောလုပ်ငန်းတို့သည် MEHL နှင့် ဆက်နွယ်နေမှုကို ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပေ။

## ကျောက်စိမ်းနှင့် လက်နက်ကိုင် ပဋိပက္ခ

ကျောက်စိမ်းသည် ကချင်ပြည်နယ်ရှိ ပဋိပက္ခ နှင့် ခွဲခြားမရအောင် ဆက်နွယ်နေသောအရာ ဖြစ်သည်။ ၎င်းတို့၏အဆိုးဆုံးရန်သူများမှ ထိန်းချုပ်ထားသည့် လိုင်စင်ရ ကုမ္ပဏီများက ၎င်းတို့၏ သဘာဝအမွေအနှစ်များကို ဝါးမျိုနေသည်ကို ကြည့်နေရသည်မှာ ကချင် လူမျိုးများ အတွက် တ ငွေ့ငွေ့ဖြစ်တည်လာသော မကျေနပ်မှု၏ အရင်းခံတစ်ခု ဖြစ်ပါသည်။ "ကိုယ့်ခြံထဲကအသီး ကိုယ်စားခွင့်မရှိ" ဆိုသကဲ့သို့ ဖြစ်နေသည်ဟု တချို့က ပြောသည်။ ဤသို့ တွေးမြင်ယူဆချက်မျိုးသည် အမြစ်တွယ်နေပြီဖြစ်သကဲ့သို့ ဗဟိုအစိုးရ၏ အုပ်ချုပ်မှုကို ကချင်လူမျိုးများမှ မယုံမကြည်ဖြစ်လာစေသော၊ တော်လှန်ခုခံလာစေသော အမျိုးသားရေးဝါဒ၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါသည် ကျောက်စိမ်းကဏ္ဍ နှင့် ပဋိပက္ခဖြစ်မှုတို့ အကြား ဆက်နွယ်နေသည့် အခြားအကြောင်းရင်း သုံးခုမှာ-

- ကျောက်စိမ်းတွင်းများစွာ ပိုင်ဆိုင်သော စစ်တပ်မိသားစုများ နှင့် ကုမ္ပဏီများသည် သာတူညီမျှငြိမ်းချမ်းရေး သဘောတူစာချုပ်တစ်ခု ချုပ်ဆိုသည့်အခါ ဆုံးရှုံးနစ်နာနိုင်ပါသည်။ ၎င်းတို့တွင် ဖားကန့်နယ်မြေကို ဗဟိုအစိုးရမှ ထိန်းချုပ်နိုင်သည့်အချိန် မရောက်မချင်းတိုက်ပွဲကို ဆက်လက် ဆွဲဆန့်ထားနိုင်ရန် ငွေကြေးမက်လုံးများ ရှိသကဲ့သို့ နိုင်ငံရေး အကြံအစည်များ ရှိနေနိုင်သည်။
- ကချင်ပြည်နယ်ရှိတပ်မတော်အရာရှိများသည် ကျောက်စိမ်းလုပ်ငန်းတွင် ခြိမ်းခြောက် ငွေညှစ်ခြင်းဖြင့် ကိုယ်ကျိုး စီးပွားရှာနေနိုင်သည့်အတွက် ၎င်းတို့၏တပ်အား နယ်မြေတွင်း တာဝန်ချထားစေရန် အကြောင်းပြချက်လည်း ရရှိနေကြသည်။ ငွေကြေးကိုလည်း ၎င်းတို့ထံ ဆက်လက်စီးဆင်းစေသည်။
- ကျောက်စိမ်းသည် KIA/KIO အတွက် ဝင်ငွေအဓိက ရရှိရာ အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းမှဝင်ငွေများကို ထိန်းချုပ်နိုင်ရန် တိုက်ပွဲဆင်နွှဲခြင်းသည် နှစ်ဖက်စလုံးအတွက် မဟာဗျူဟာကျသည့်ဦးစားပေးမှု ဖြစ်လာစေသည်။

*"ဒါတွေ အားလုံးက ပဋိပက္ခ ဖြစ်စေတဲ့ အကြောင်းရင်း တစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် ဖားကန့်က ကမ္ဘာပေါ်မှာ အကြီးဆုံး ကျောက်စိမ်းတွင်း ဒေသဖြစ်တယ်ဆိုတာ အစိုးရ သိထားတဲ့အတွက် ဒီပဋိပက္ခက နောက်လည်း ဆက်ဖြစ်နေဦးမှာပါ။ ဒေသခံတွေအတွက်တော့ ကျောက်စိမ်းက မြင်သာမြင်ရ မကြင်ရပေ့ါလေ။"*

ကျောက်စိမ်းကုမ္ပဏီပိုင်ရှင်

ကချင်ပြည်နယ်၏ ကျောက်စိမ်းထွက်ရှိမှုများကို မည်သူတို့က စီမံအုပ်ချုပ်နေပြီး မည်သူတို့ အကျိုးအမြတ်များ ရရှိနေကြသည်ဆိုသည့် မေးခွန်းကို အဓိပ္ပာယ်ရှိရှိ ဖြေရှင်းချက် ထုတ်နိုင်ခြင်း မရှိသည့် ငြိမ်းချမ်းရေး သဘောတူညီချက်သည် အလွန်တရာမှ ကြာရှည်ခံနိုင်ဖွယ် မရှိပါ။





ဒေသခံပြည်သူများအား ကျောက်စိမ်းကဏ္ဍမှ စနစ်တကျ ဖယ်ထုတ်ထားသော တရားမျှတခြင်းမရှိသည့် စနစ်သည် ကချင်ပြည်နယ်အတွင်း ပဋိပက္ခများ ဖြစ်ပေါ်စေပြီး KIA/KIO နှင့် တပ်မတော် [အစိုးရစစ်တပ်] နှစ်ဖက်စလုံးအနေဖြင့် ကျောက်စိမ်းကဏ္ဍကို ထိန်းချုပ်ခွင့် ရရှိရေးသည် အဓိကထားသည့် ဗျူဟာဖြစ်နေသည်။

## ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ လုပ်ငန်းဖက်များ၏ အခန်းကဏ္ဍ

နိုင်ငံတကာမှ လုပ်ငန်းဖက် အစိုးရများသည် မြန်မာနိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ပံ့ပိုးပေးရန် အမြောက်အမြား ရင်းနှီးမြှုပ်နှံထားကြပြီး ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် မှန်ကန်သော်လည်း အလှူရှင်များအနေဖြင့် ၎င်းတို့၏ ကြိုးပမ်းမှုများသည် မြန်မာပြည်သူများ အတွက် အကျိုးရလဒ်များ ဖြစ်ပေါ်စေရန် နှင့် ၎င်းတို့၏ ခေါင်းဆောင်များနှင့် နွေးထွေးသော ဆက်ဆံမှုများ ရရှိစေရန် လုပ်ဆောင်ဖို့ လိုအပ်သည်။ ကျောက်စိမ်းလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းသည် အနာဂတ်အကူအညီများကိုဖေးမရန်အတွက် စံသတ်မှတ်ချက်တစ်ခုအဖြစ် အသုံးပြုသင့်သည့် ကိစ္စရပ်များထဲမှ တစ်ခုဖြစ်သည်။ ယနေ့အချိန်အထိ မြန်မာအစိုးရနှင့် ယင်း၏ မိတ်ဆွေသစ်နိုင်ငံများအကြား ဆွေးနွေးပြောဆိုမှုများတွင် ကျောက်စိမ်းကဏ္ဍ ပါဝင်ခြင်း မရှိသေးပေ - ထိုအချက်သည် ထုတ်ဖော်ပြောဆိုရမည့် မျက်ကွယ်ပြုခံထားရသော လစ်ဟာနေသည့် အချက်တစ်ချက်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် သမ္မတအိုဘားမားသည် "မြန်မာနိုင်ငံသာ အောင်မြင်အောင်လုပ်နိုင်ရင် ကျွန်တော်တို့ အထူး လိုက်ရှာစရာမလိုတဲ့ လုပ်ငန်းဖက် အသစ်တစ်ဦး ရသလို ဖြစ်လာမှာပါ" ဟု ဆိုခဲ့သည်။ အမေရိကန်အစိုးရ၏ ချဉ်းကပ်သည့်နည်းလမ်းသည် အဓိကကျမည်မှာ သေချာပေသည်။ လက်တွေ့တွင် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြောင်းလဲမှု အတွက် နိုင်ငံတကာဘက်မှ အဆုံးအဖြတ်ပေးနိုင်သူတစ်ဦးဖြစ်ပြီး ထိုအချက်ကို ဝါရှင်တန်နှင့် နေပြည်တော် အစိုးရတို့လည်း သိကြသည်။ အမေရိကန်သံအမတ်များက တိုင်းရင်းသား လူနည်းစုများ၏ ရပိုင်ခွင့်များကို အခိုင်အမာ ပြောဆိုခဲ့ပြီး ကချင်ပြည်နယ်ရှိ ပဋိပက္ခကို ဖြေရှင်းရန် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် ရှာဖွေလုပ်ဆောင်နေသည်။ ၎င်းတို့ အနေဖြင့် ကျောက်စိမ်းကဏ္ဍတွင် ဖြစ်ပျက်နေမှုများကို အာရုံစိုက်လုပ်ဆောင်ရန် အလွန် အရေးကြီးပေသည်။

အမေရိကန်နှင့် အခြားအလှူရှင်များတွင် ကျောက်စိမ်းကဏ္ဍကို လွှမ်းမိုးနိုင်သည့် အဓိက လမ်းကြောင်းသုံးခု ရှိပေသည်- EITI, ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ နှင့် အရေးယူပိတ်ဆို့မှုများ ဖြစ်သည်။

*"ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် ပွင့်လင်းမြင်သာမှု အနည်းဆုံး လုပ်ငန်းဖြစ်သည်။"*

ဒေသခံ အဖွဲ့အစည်းခေါင်းဆောင်၊ ကချင်ပြည်နယ်

## EITI

သမ္မတဦးသိန်းစိန်လက်ထက်တွင် မြန်မာအစိုးရသည် လောင်စာဆီ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများကို ဖွင့်ပေးရန်အတွက် နိုင်ငံတကာမှ အသိအမှတ်ပြု ထားသည့် သဘာဝ သယံဇာတအရင်းအမြစ်များ ထုတ်ယူမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် (EITI) တွင် ပါဝင်ရန် လက်မှတ်ထိုးခဲ့သည့်အတွက် အရေးကြီးသည့် ခြေလှမ်းကို စတင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်၊ ယူကေ၊ နော်ဝေး၊ ဩစတြေးလျနှင့် အနောက်ဥရောပ နိုင်ငံများသည်လည်း ၎င်းလှုပ်ရှားဆောင်ရွက်မှုကို အခိုင်အမာ ပံ့ပိုးကူညီ ပေးခဲ့ကြသည်။ ကျောက်စိမ်းကဏ္ဍတွင် EITI ကို မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်မည် ဆိုသည်မှာ အစိုးရက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဟု ကတိပေးထားချက်အပေါ် အဓိက စမ်းသပ်ချက်တစ်ခု ဖြစ်ပေလိမ့်မည်။



အစိုးရအနေဖြင့် EITI၏ အခြေခံစံနှုန်းများကို ထိထိရောက်ရောက် အကောင်အထည် ဖော်မည်ဆိုလျှင် EITI အနေဖြင့် တန်ဖိုးအရှိဆုံး သဘာဝရင်းမြစ်များ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းတွင် လိုအပ်နေသည့် ပွင့်လင်းမြင်သာမှု ရှိစေရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ သို့သော် ဒေသခံများကလည်း အစိုးရသည် ကျောက်စိမ်းကဏ္ဍတွင် ၎င်းကတိပေးထားသည်များကို ထိန်းသိမ်းရန် ဆန္ဒရှိမည်လား ဆိုသည်ကို မေးခွန်းထုတ်နေခဲ့သည်။

မည်သည့်ကုမ္ပဏီများကို ကျောက်စိမ်းတွင်း လုပ်ပိုင်ခွင့်များပေးထားပြီး ထိုကုမ္ပဏီများကို မည်သူတို့က ပိုင်ဆိုင်ထိန်းချုပ်သည်ဆိုသည်ကို ပြည်သူတို့ သိရှိခွင့်ရနိုင်ရန် EITI က စီစဉ်ဆောင်ရွက်ပေးနိုင်သည်။ ထို့အပြင် ထုတ်လုပ်လိုက်သည့် ကျောက်စိမ်းပမာဏ၊ အခွန်နှင့် ခိုင်းကြေးတို့မှ ရရှိသည့် ဘဏ္ဍာငွေများ၊ ထို့အပြင် နိုင်ငံပိုင်လုပ်ငန်းများနှင့်ဆက်စပ်ပြီး ရရှိသည့် ဘဏ္ဍာငွေများကို ဖော်ပြနိုင်သည်။ အရပ်ဘက်အဖွဲ့အစည်းများ လုပ်ကိုင်နိုင်စေရန်အတွက် ကာကွယ်ရမည့် အချက်များနှင့်အတူ ပေါင်းစပ်ထားသော ထိုအချက်အလက်တို့ကို ထုတ်ပြန်ခြင်းဖြင့် အကျင့်ပျက်ခြစားမှုများနှင့် ဘဏ္ဍာငွေများကို တလွဲသုံးစားပြုလုပ်နေခြင်း အတွက် ကုမ္ပဏီများနှင့် အရာရှိများကို ဒေသခံလူထုအဖွဲ့အစည်းများက တာဝန်ခံခိုင်း စေနိုင်သည်။

*"ဒါကြောင့် အစိုးရက ဒီဆွေးနွေးပွဲမှာ ပါဝင်ဖို့ ကျောက်စိမ်းလုပ်ငန်း ကိုယ်စားလှယ်တွေကို ဖိတ်မှာမဟုတ်ဘူး။ အကြောင်းကတော့ အကျင့်ပျက်ခြစားမှုနဲ့ စိတ်နာဖို့ကောင်းတဲ့ အဖြစ်အပျက်တွေ ပေါ်ထွက်လာပြီး ကျွန်မက ဒါတွေကို သိသွားမှာစိုးလို့ဖြစ်ပါတယ်။"*

ကျောက်စိမ်းလုပ်ငန်း ကိုယ်စားလှယ်တစ်ဦး



ကျောက်စိမ်းတူးဖော်ရန် မြန်မာအစိုးရမှ လိုင်စင်ချပေးသော ကုမ္ပဏီများသည် အစိုးရမှ ဦးဆောင်ကျင်းပပေးသော ကျောက်မျက်ပြပွဲတွင် တရားဝင် ရောင်းချခြင်းနှင့် တရုတ်နိုင်ငံသို့ တိုက်ရိုက် ခိုးထုတ်ခြင်းတို့ဖြင့် ဒေါ်လာ သန်းထောင်ပေါင်းများစွာ ရရှိနေကြသည်။ သို့သော် ထိုကုမ္ပဏီများသည် မည်သည့်ကုမ္ပဏီများဖြစ်သည်၊ ကျောက်စိမ်းမှရရှိသော ဝင်ငွေသည် မည်သည့်နေရာသို့ အမှန်တကယ် ရောက်ရှိသွားသည် ဟူသည့် အခြေခံအချက်အလက်များကို ဖုန်းကွယ်ထားဆဲ ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့်ဆိုလျှင် ကျောက်စိမ်းလုပ်ငန်းတွင် အရေးပေါ်အခြေအနေ တစ်ရပ်အဖြစ် ထိုစီမံချက်၏ အခြေခံမှုများကို အသုံးမပြုပါက အခွင့်အလမ်းများ ဆုံးရှုံးသွား မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ EITI ၏ ဂုဏ်သိက္ခာလည်း ဆိုးဆိုးရွားရွား ထိခိုက်သွားမည်ဖြစ်သည်။ အပြုသဘောဆောင်သည့် လုပ်ရပ်များ ရှိနေပြီး ယင်းတို့သည် မျှော်လင့်မထားသည့် နေရာများမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အချို့သော အစိုးရအရာရှိများသည် ကျောက်စိမ်းကဏ္ဍ ပိုမို ပွင့်လင်းလာစေရေးအတွက် ချီးကျူးအားပေးထိုက်သည့် စိတ်ဆန္ဒများရှိလာကြောင်း စတင်ပြသလာကြပြီး မူဝါဒများနှင့် ဆောင်ရွက်ပုံများအကြောင်း အချက်အလက်များကို မျှဝေလာကြသည်။ အထူးသဖြင့် ကျောက်စိမ်းတွင်းများကို ထိန်းချုပ်နေသော ကုမ္ပဏီများဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းသည် ကျောက်စိမ်းနှင့် အခြား သဘာဝရင်းမြစ်များ ထုတ်ယူသုံးစွဲသည့် ကုမ္ပဏီများကို ထိန်းချုပ်နေသည့်သူများသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ပြန်ရန် EITI ၏ ပန်းတိုင်သို့ ရောက်ရှိရန် အရေးကြီးသည့် ပထမဆုံး ခြေလှမ်းတစ်ခု ဖြစ်ပေသည်။

အချို့သော ကုမ္ပဏီကြီးများပင်လျှင် EITI အရ ထုတ်ပြန်ရန် လိုအပ်သည့် အချက်အလက်များကို ထုတ်ပေးပြီးဖြစ်သည်။ ကနဦး ကာလအတွင်း အံ့ဩဖို့ကောင်းလောက်အောင် ပွင့်လင်းမြင်သာမှု ရှိသူမှာ ထူးအုပ်စုဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံတွင် အထင်ရှားဆုံး ခရိုနီတစ်ဦးဖြစ်သည့် ဦးတေဇပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သည်။ ၎င်းပိုင်ဆိုင်သည့် ကျောက်စိမ်းတူးဖော်မှု လုပ်ကွက်များ အကြောင်းကို အစောလျှင်ဆုံး အချက်အလက်များ ဖော်ထုတ်ခဲ့သည်။ ၎င်း၏ အရောင်းဝင်ငွေနှင့် EITI အခြေခံစံနှုန်းများနှင့်အညီ ကျောက်စိမ်းကဏ္ဍ လုပ်ကွက်တစ်ခုချင်းစီအတွက် ထမ်းဆောင် ခဲ့သော အခွန်များကိုပါ အသေးစိတ်ဖော်ပြခဲ့သည်။ အဓိက ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများကို လုပ်ကိုင်သူ ပတ္တမြားနဂါးအုပ်စုမှာလည်း ၎င်း၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အချက်အလက်အချို့ကို ဖော်ထုတ်ခဲ့ပြီး အမည်များ၊ ရှယ်ယာရှင်များ၏ မှတ်ပုံတင်နံပါတ်များ အပါအဝင် ထိုပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ နောက်ကြောင်း ရာဇဝင်ကိုပါ စစ်ဆေးနိုင်သည့် အသေးစိတ် အချက်အလက်များကိုပါ ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံရှိ ကျောက်စိမ်းကုမ္ပဏီများအနေဖြင့် လိုအပ်သော အထောက်အပံ့များနှင့် မက်လုံးများ ရရှိနေသ၍ ပို၍ ပွင့်လင်းမြင်သာမှုရှိစေရန် ၎င်းတို့အား ဟန့်တားနေသည့် အရာများ ဤအလင်းရောင်လေးက ပြသနေပေသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် ၎င်း၏ ပထမဆုံး EITI အစီရင်ခံစာကို ထုတ်ပြန်မည်ဖြစ်ပြီး အစိုးရအနေဖြင့် ကျောက်စိမ်းလုပ်ငန်း လိုင်စင်များတွင်ပါရှိသော သတ်မှတ်ချက်များ၊ လိုင်စင်ကိုင်ဆောင်သူများ၊ ထုတ်လုပ်နိုင်မှုအဆင့်များနှင့် ရရှိသည့် ဝင်ငွေများ အစရှိသည့် အဓိကအချက်အလက်များကို အများသိအောင်ပြုလုပ်ခြင်းဖြင့် ၎င်းသည် ပွင့်လင်းမြင်သာမှု ရှိရေးအတွက် ပြင်းပြင်းထန်ထန် ဆောင်ရွက်ကြောင်း ပြသနိုင်သည့် အခွင့်အလမ်း ရှိပေမည်။ ကမ္ဘာ့ဘဏ်နှင့် ယူကေတို့အပါအဝင် အမေရိကန်နှင့် အခြားအလှူရှင်များသည် အဆိုပါ ရလဒ်ကို အထောက်အကူဖြစ်စေရန် ၎င်းတို့၏ ဩဇာကို အသုံးချသင့်သည်။

## ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ

အခြားသော အလားအလာရှိသည့် အဓိကပွင့်လင်းလာမှုအချက်မှာ ဗဟိုအစိုးရနှင့် KIA/KIO တို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပင်ဖြစ်သည်။ EITI နှင့်အတူ အမေရိကန်နှင့် အခြား အနောက်နိုင်ငံ အစိုးရများသည် ဤလုပ်ငန်းစဉ်တွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်သည်။ လက်ရှိ အခြေအနေ၊ ကျောက်စိမ်းလောက နှင့် ကချင်ပြည်နယ်ရှိ လက်နက်ကိုင် ပဋိပက္ခတို့၏ သမိုင်းကြောင်းကို ကြည့်ခြင်းအားဖြင့် အစိုးရနှင့် ၎င်း၏ လုပ်ငန်းဖက်များအနေဖြင့် ဤပြဿနာကို ထပ်မံ ရှောင်လွှဲထားပါက ငြိမ်းချမ်းရေးစာချုပ်သည် ကြာရှည်ခံမည်မဟုတ်ကြောင်း အသိအမှတ်ပြုရန် လိုအပ်ပါသည်။

ချီးကျူးဖွယ်ကောင်းသည်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကြီးကြပ်ကွပ်ကဲနေသော ဝန်ကြီးဦးအောင်မင်းက မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရန်သည် ကြွယ်ဝချမ်းသာမှုများကို မျှဝေသုံးစွဲရန်လိုအပ်ကြောင်း လူသိရှင်ကြား အလေးပေးပြောဆိုခဲ့သည်။ သို့သော် ယနေ့အထိ ကချင်အရေးတွင် ဤအကြောင်းနှင့်စပ်လျဉ်းပြီး အဓိပ္ပါယ်ရှိသော ဆွေးနွေးမှုမျိုး မရှိသေးပေ။

ကနဦးခြေလှမ်းများစတင်ရန်အတွက် အစိုးရနှင့် KIA/KIO တို့တွင် တာဝန်ရှိနေပြီး ဒေသခံပြည်သူများ၏ အသံများသည်လည်း ဤဆွေးနွေးမှုတွင် ပါဝင်ရန် အလွန် အရေးကြီးပေသည်။ အနာဂတ်တွင် သဘာဝသယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲရမည့် မူဝါဒများ မည်သို့ ဖြစ်သင့်သည်ဆိုသည်ကို ကချင်တိုင်းရင်းသားလူမှုအဖွဲ့အစည်းများ မှ အကြံပြုထားပြီး ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်အဖွဲ့မှ လတ်တလော အဆိုပြုထားသော Global Witness ၏ အစီရင်ခံစာ အပြည့်အစုံတွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်းထားပါသည်။ ပဋိပက္ခဖြစ်နေသည့် နှစ်ဘက်စလုံးသည် ဤအခြေခံအုတ်မြစ်များအပေါ် အရေးတကြီး တည်ဆောက်သင့်ပြီး ကချင်ပြည်နယ်အတွင်း အရပ်ဘက် အဖွဲ့အစည်း ပေါင်းများစွာဖြင့် တိုင်ပင်ဆွေးနွေးကာ ကျောက်စိမ်းလုပ်ငန်းအတွက် ပိုင်ဆိုင်မှု ခွဲဝေခြင်း၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေဖြန့်ဝေမှု ပုံစံသစ် တစ်ခုအကြောင်း စတင်ဆွေးနွေး သင့်ပါသည်။

*" 'အောက်ခြေမှ အထက်သို့' ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်သည့် လုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက်များပြုလုပ်ရာ၌ ဒေသခံပြည်သူများကို ပါဝင်စေခြင်းသည် ဒေသခံ ပြည်သူများအတွက်လည်း အကျိုးအမြတ်ဖြစ်ထွန်းစေသည်။ ပြည်သူလူထုအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သော သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်တွင် ပါဝင်ခြင်း မရှိလျှင် နိုင်ငံရေးပြဿနာများ ပိုမိုပေါ်ပေါက်လာပြီး နိုင်ငံ၏ ငြိမ်းချမ်းရေးကိုလည်း ထိခိုက်စေမည်။ "*

KDNG/ကချင်ပြည်နယ် သဘာဝရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ ဆွေးနွေးမှုစာတမ်း




၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဖားကန့် ကျောက်စိမ်းဒေသမှ ဒေသခံ ၂၀၀၀ ခန့်သည် အစိုးရမှ လိုင်စင်ချပေးသော ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ၏ အလွဲသုံးစားပြုမှုအတွက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ အချို့က ကချင်ပြည်နယ်ရှိ ပဋိပက္ခကို ဖြေရှင်းပြီးသည်အထိ ကုမ္ပဏီများ၏ လုပ်ငန်းများကို ရပ်ဆိုင်းထားရန် တောင်းဆိုခဲ့သည်။ ဓါတ်ပုံ - KDNG

## အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှု

ငြိမ်းချမ်းရေးနှင့် EITI လုပ်ငန်းစဉ်နှစ်ခုစလုံးသည် အနောက်နိုင်ငံများ၏ လှူဒါန်းငွေများကို ဆွဲဆောင်နေပေသည်။ ဤအချက်က ထိရောက်သောပြောင်းလဲမှုများကို တွန်းအားပေးရန် အလှူရှင်များအတွက် အထူးအခွင့်အလမ်းများပင် ဖြစ်သော်လည်း ဖြစ်လာနိုင်သည့် အန္တရာယ်မှာ အချို့သော အနောက်နိုင်ငံများသည် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို ထုတ်ဖော်ကြေညာရန် ဆန္ဒရှိနေပြီး ယင်းပြုပြင်ပြောင်းလဲမှုတွင် ကြုံတွေ့နေရသော ခက်ခဲသည့်ပြဿနာများကိုမူ ဖုံးကွယ်ထားနိုင်သည့် အန္တရာယ်ပင် ဖြစ်သည်။ ကချင်ပြည်နယ်ရှိ ပဋိပက္ခနှင့် ကျောက်စိမ်း ကဏ္ဍများသည်လည်း ခက်ခဲသော ပြဿနာများ ဖြစ်သည်။ မည်သည့်ကဏ္ဍကိုမှ တိမ်းရှောင်ခြင်း၊ ရှောင်လွှဲထားခြင်း ပြုလုပ်နိုင်မည် မဟုတ်ပေ။

အမေရိကန်နိုင်ငံသည်လည်း အရေးယူပိတ်ဆို့မှုများလုပ်နိုင်ရန် ထူးခြားသည့် အခြေအနေတစ်ရပ် ပိုင်ဆိုင်ထားပါသည်။ ကျောက်စိမ်းတင်သွင်းခြင်းကို တားမြစ်သော ၎င်း၏ JADE ဥပဒေသည် “မြန်မာနိုင်ငံ၏ [ဦးသန်းရွှေ]အစိုးရနှင့် ၎င်းတို့၏ လူ့အခွင့်အရေး ဆက်လက် ချိုးဖောက်နေခြင်း၊ ဒီမိုကရေစီမကျသော မူဝါဒများနှင့် စစ်တပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် [ဘဏ္ဍာငွေ ပံ့ပိုးပေးသည့်] ၎င်းအား ကူညီပံ့ပိုးပေးနေသူများ”၏ လုပ်ရပ်များကို ရပ်တန့်ရန် မူလက ရေးဆွဲ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုသူများပင်လျှင် လက်ရှိ ကျောက်စိမ်း လုပ်ငန်းတွင် အဓိက အကျိုးခံစားသူများ ဆက်ဖြစ်နေသည်ကို ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးမှုများက ဖော်ပြနေပါသည်။ အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာနမှလည်း “ခရိုနီ” များအား အရေးယူပိတ်ဆို့မှုများ ပြုလုပ်ပြီး မူးယစ်ရာဇာများကိုလည်း ပစ်မှတ်ထားပြီး အရေးယူပိတ်ဆို့မှုများ လုပ်ထားသည်။ သို့သော် ထိုအုပ်စုများသည် ကျောက်စိမ်းလုပ်ငန်း၏ ထိပ်ပိုင်း၌ ရှိနေကြသည်။ အဆိုပါ အရေးယူပိတ်ဆို့မှုများကို ထာဝရ လုပ်ဆောင်နေ၍ မသင့်ကြောင်း Global Witness အနေဖြင့် ယုံကြည်ထားပါသည်။ သို့သော် မည်သူ့ကိုမှလည်း အလျင်စလို ဖြေလျှော့ပေးခြင်း မပြုလုပ်သင့်ပေ။ ထို့အတူ တင်းကျပ်သော အရေးယူဆောင်ရွက်မှုများက ရုတ်တရက် လုံးဝအကာအကွယ် မပေးနိုင်တော့သည့် အခြေအနေကို ရောက်ရှိနိုင်သော ကြီးမားသည့် “ဖွင့်/ပိတ်” ခလုတ်တစ်ခုကဲ့သို့လည်း မပြုမူသင့်ပေ။ လိုက်ဘေးရီးယားနိုင်ငံ အတွေ့အကြုံအရ အမေရိကန်အစိုးရသည် လုပ်ကိုင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို သေချာစွာ သိထားပြီး ဖြစ်သောကြောင့် ပဋိပက္ခဖြစ်ပွားပြီးစ နိုင်ငံများတွင် အရေးယူပိတ်ဆို့မှုများကို အတိုင်းအတာ တစ်ခုအားဖြင့် ဆက်လက်ထားခြင်းသည်လက်နက်ကိုင် အကြမ်းဖက်မှုများနှင့် အကျင့်ပျက်ခြစားမှုများဖြင့် ပိတ်မိနေသော သဘာဝသယံဇာတ အရင်းအမြစ် လုပ်ငန်းများကို အဓိပ္ပါယ်ရှိရှိ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် အကောင်းဆုံး အာမခံ တစ်ခုပေးနိုင်သည်ကို သိရှိထားကြပါသည်။

အမေရိကန်နိုင်ငံ၊ အခြားနိုင်ငံအစိုးရများနှင့် နိုင်ငံတကာ အလှူရှင်များ၊ နှင့် မြန်မာနိုင်ငံရှိ ၎င်းတို့၏ ပြုပြင်ပြောင်းလဲရေးသမားများအတွက် အခွင့်အလမ်းတစ်ရပ်မှာ အရေးယူဆောင်ရွက်မှုများနှင့် သမိုင်းမှတ်တိုင်များကို သဘောတူရန်ပင်ဖြစ်သည်။ ယင်းမှာ ကျောက်စိမ်းလုပ်ငန်းကို ပို၍ ပွင့်လင်းလာစေပြီး အကျိုးအမြတ်များကို ပို၍ ညီညီမျှမျှ မျှဝေလာသည်နှင့်အမျှ အရေးယူ ပိတ်ဆို့မှုများကိုလည်း လျှော့ချရမည် ဟူသော အချက်များကို သဘောတူရန် ဖြစ်သည်။ ဤသို့ တိတိကျကျ လုပ်ကိုင်ဆောင်ရွက်မှုများတွင် ထည့်သွင်းသင့်သည့် အချက်များကို အောက်ပါ အကြံပြုချက်ကဏ္ဍတွင် ဖော်ပြထားပါသည်။



မြန်မာနိုင်ငံသည် သမ္မတအိုဘားမား အစိုးရ၏ နိုင်ငံခြားမူဝါဒ အောင်မြင်မှု တစ်ခု ဟုတ်မဟုတ်ကို ကြည့်ရမည့်အချိန်ဖြစ်သော်လည်း အမေရိကန်အနေဖြင့် ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ကျောက်စိမ်းကဏ္ဍတွင် ပိုမို တရားမျှတသော ချဉ်းကပ်နည်းကို ပံ့ပိုးပေးရန် ၎င်း၏ လွှမ်းမိုးမှုကို အသုံးပြုပါက ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် အရေးကြီးသည့် အပိုင်းကို ဖြစ်ပေါ်စေမည် ဖြစ်သည်။



မြန်မာနိုင်ငံ၏ အဖိုးအတန်ဆုံး သဘာဝသယံဇာတကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ၌ မြန်မာနိုင်ငံ၏ နိုင်ငံတကာမှ လုပ်ငန်းဖက်များတွင်လည်း အခွင့်အလမ်းများ ရှိနေကြသည်။ သို့မှသာ ၎င်းသည် ပြည်သူလူထုအတွက် အကျိုးအမြတ်ဖြစ်စေမည်ဖြစ်ကာ ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်။ ဓါတ်ပုံ - မင်းဇေယျာ

# အကြံပြုချက်များ

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အတွက်-

- နှစ်ဦးနှစ်ဘက်နားလည်မှုဖြင့် ပြုလုပ်မည့် ငြိမ်းချမ်းရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျောက်စိမ်းနှင့် အခြား သဘာဝသယံဇာတများနှင့်ပတ်သက်ပြီး ပိုင်ဆိုင်မှု၊ စီမံအုပ်ချုပ်မှုနှင့် ဝင်ငွေခွဲဝေမှု အစီအမံသစ်များကို KIA/ KIO နှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကချင်ပြည်နယ်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပါ။ ဤစီစဉ်ဆောင်ရွက်မှုများသည် ဒေသခံများနှင့် နိုင်ငံသားအားလုံး၏ လူမှုရေးနှင့် စီးပွားရေးအကျိုးအမြတ်များကို ပိုမိုဖြစ်ထွန်းစေကြောင်း သေချာစေသင့်ပြီး လက်ရှိနှင့် အနာဂတ် မျိုးဆက်သစ်များအတွက် လိုအပ်ချက်များကိုလည်း ထည့်သွင်း စဉ်းစားရမည်။
- ကျောက်စိမ်းကဏ္ဍတွင် EITI ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဦးစားပေးလုပ်ဆောင်ပေးပါ။ အလားတူပင် အချက်အလက်များကို အများသိစေရန် ထုတ်ပြန်ခြင်း၊ ကျောက်စိမ်းလုပ်ငန်းလိုင်စင်အတွက် လေလံဆွဲသည့် လုပ်ငန်းစဉ်များ၊ လက်ရှိ လိုင်စင်ရရှိထားသူများ၏ စာရင်း၊ ၎င်းတို့ကိုင်ဆောင်ထားသည့် လိုင်စင်များ၊ ကျောက်စိမ်း ထွက်ရှိမှု ပမာဏ၊ ကျောက်စိမ်းလုပ်ငန်းများမှ ရရှိသည့် အစိုးရ၏ ဝင်ငွေများ (စီမံကိန်းအလိုက် အသေးစိတ်ဖော်ပြရန်)၊ နိုင်ငံပိုင် လုပ်ငန်း၏ အစိုးရ ရှယ်ယာများမှ ရရှိသည့် ဝင်ငွေများ အပါအဝင် ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော အခြားဝင်ငွေများ၊ (သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကာအကွယ်များအပါအဝင်) စာချုပ်အပြည့်အစုံနှင့် လိုင်စင်တွင် ပါရှိသော သတ်မှတ်ချက်များ နှင့် နိုင်ငံပိုင်လုပ်ငန်းများနှင့် စီမံဆောင်ရွက်မှုများကို ထုတ်ပြန်ပါ။
- EITI ၏ အကြံပြုချက်များအရ ကျောက်စိမ်းတွင်းလုပ်ပိုင်ခွင့် ရရှိထားသူများနှင့် လုပ်ကိုင်ခွင့်ရရှိရန် လေလံဆွဲသည့် ကုမ္ပဏီများသည် ၎င်းတို့ကို ပိုင်ဆိုင်သူများ နှင့်/သို့မဟုတ် ထိန်းချုပ်သူများ (နောက်ဆုံး အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များ) သည် မည်သူမည်ဝါ ဖြစ်ကြောင်း အများသိစေရန် ထုတ်ပြန်ဖို့ လိုအပ်သည်။ ထို့အပြင် အစိုးရအရာရှိများ (ယခင် သို့မဟုတ် ယခု)တို့နှင့် ဆက်နွယ်နေသူများ ကို ဖော်ထုတ်ခြင်း၊ ယခင်က အကျင့်ပျက်ခြစား ခဲ့မှုများ၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများ နှင့် ယင်းတို့ကို မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ဖော်ထုတ်ရန် လိုအပ်သည်။
- အထက်ပါ ဖော်ပြထားသည့် EITI ၏ ပြဌာန်းချက်များကို သတ္တုတွင်း တူးဖော်ရေး၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းကဏ္ဍကို လွှမ်းမိုးသည့် အခြားဥပဒေသစ်များတွင် ပါဝင်ရန် လိုအပ်ချက်တစ်ခုအဖြစ် ထည့်သွင်းပါ။

- ကျောက်စိမ်းလုပ်ငန်းများအတွက် လေလံဆွဲသည့်လုပ်ငန်းစဉ်များ ပွင့်လင်းပြီး တရားမျှတမှု ရှိစေရန် ကချင်နှင့် မြန်မာ အရပ်ဖက် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ ချက်ချင်း ပြန်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းကို လုပ်ဆောင်ပေးပါ။ ဤလုပ်ဆောင်ချက်တွင် လေလံဆွဲသူများသည် မည်သူမည်ဝါဖြစ်ကြောင်းကို ၎င်းတို့၏ မှတ်တမ်းများနှင့်တကွ ထည့်သွင်းရမည့် အကျိုးစီးပွားချင်း ရောယှက်မှုများနှင့် အကျင့်ပျက်ခြစားမှုများမှ အကာအကွယ်ပေးမှုများ ထင်ထင်ရှားရှား ပါဝင်သင့်သည်။[ii]
- မြန်မာနိုင်ငံ၏ ကုမ္ပဏီမှတ်ပုံတင်များရှိ ကုမ္ပဏီ ရှယ်ယာရှင်များ၏ အသေးစိတ် အချက်အလက်များကို ပြန်လည်ထည့်သွင်းပြီး ကုမ္ပဏီများ၏ နောက်ဆုံး ပိုင်ဆိုင်သူဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်းကို ဆောင်ရွက်ပေးပါ။
- နိုင်ငံပိုင်လုပ်ငန်းများ၏ စာရင်းများ (စစ်တပ်မှ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ ပိုင်ဆိုင်သောလုပ်ငန်းများ အပါအဝင်) နှင့် ကျောက်စိမ်းလုပ်ငန်းမှ ရရှိသည့် ဝင်ငွေ အသေးစိတ်များကို လွတ်လပ်စွာဖြင့် စာရင်းစစ်ရန် လိုအပ်ပြီး နိုင်ငံတော်အစိုးရထံ လွှဲပြောင်းပေးပို့မှုများကိုလည်း ထုတ်ပြန်ရန် လိုအပ်ပါသည်။
- ဒေသခံပြည်သူများအနေဖြင့် ကျောက်စိမ်းကဏ္ဍမှ ရရှိသော ငွေကြေးများ မည်သည့်နေရာတွင် အဆုံးသတ်ရောက်ရှိသွားသည်ကို သိရှိနိုင်ရန် အစိုးရ၏ အသုံးစရိတ်များကို အသေးစိတ် တစ်ခုချင်းစီ ထုတ်ပြန်ကြေညာပါ။
- EITI ၏ အရပ်ဖက် အဖွဲ့အစည်း ကျင့်ဝတ်စံနှုန်းများ နှင့် ကိုက်ညီစေရန်၊ နှင့် အရပ်ဖက် အဖွဲ့အစည်းများနှင့် မီဒီယာတို့သည် ရုပ်ပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာ သို့မဟုတ် အခြား ပုံစံဖြင့် တန်ပြန်ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့ရန်မလိုပဲ ကျောက်စိမ်းကဏ္ဍရှိ စီမံခန့်ခွဲမှုအပိုင်းနှင့် လုပ်ဆောင်မှုအပိုင်းများအား အစိုးရနှင့် ကုမ္ပဏီများက တာဝန်ယူခိုင်းနိုင်စေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း နှင့် ပြင်ဆင်ခြင်းကို ဆောင်ရွက်ပါ။
- ပုဂ္ဂလိက ကဏ္ဍ၊ ဒေသခံအစိုးရ၊ အရပ်ဖက် အဖွဲ့အစည်းတို့မှ ကူညီမှုဖြင့် ကျောက်စိမ်းကဏ္ဍရှိ အခွန်များကို ရှင်းလင်းဖော်ထုတ်ခြင်း နှင့် အထူးသဖြင့် မိုင်းတွင်းများတွင် အခွန်ရှောင်လွှဲနေမှုများအား လျှော့ချရန် ဝင်ငွေများ တစ်စုတစ်စည်းထဲ ကောက်ခံသည့်စနစ်ကို အားဖြည့်ပေးပါ။
- စစ်တပ်၊ ရဲ၊ အစိုးရအရာရှိများနှင့် ကုမ္ပဏီများပါဝင်သော ကျောက်စိမ်းကဏ္ဍနှင့် ဆက်နွယ်သည့် အကျင့်ပျက်ခြစားမှုများကို စုံစမ်းခြင်း၊ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုခြင်း နှင့် ထိုသို့ဆောင်ရွက်ရန် အမိန့်ပေးစေခိုင်းသူများကိုပါ ထည့်သွင်းတရားစွဲဆိုပါ။
- အကျင့်ပျက်ခြစားမှုဖြင့် ရယူထားသော၊ သို့မဟုတ် ဥပဒေကို ချိုးဖောက်သော၊ သို့မဟုတ် လူ့အခွင့်အရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို အလွဲသုံးစားပြုသူတို့၏ ကျောက်စိမ်းတွင်း တူးဖော်ရေးလိုင်စင်များကို ပယ်ဖျက်ပါ။
- ကျောက်စိမ်းကဏ္ဍကို လွှမ်းမိုးထားသော ဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများ၊ ကျောက်စိမ်းတွင်း လုပ်ပိုင်ခွင့်ရရှိသူများအတွက် လိုင်စင်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် စာချုပ်များကို ပြန်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း။ ထိုစာချုပ်များတွင် နိုင်ငံတကာ၏ အခြေခံစံနှုန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအတွက် အကာအကွယ်များကို ထည့်သွင်းကြောင်း သေချာစေရမည်။ စံနှုန်းများတွင် ပါဝင်သည်များမှာ - စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးတို့အတွက် ကုသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လမ်းညွှန် အခြေခံမှုများ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်သော မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ရမည့် အခြေခံမှုများ၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဘောင်၊ နှင့် သတ္တုတွင်းနှင့် သတ္တုများ တူးဖော်ရေးအတွက် နိုင်ငံတကာကောင်စီ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အခြေခံမှုများ ပါဝင်ရမည်။ အခြားအရေးယူ ဆောင်ရွက်မှုများတွင် နစ်နာမှုအတွက် လျော်ကြေးပေးသည့် အစီအစဉ်များကို ထည့်သွင်းသင့်သည်။ ကချင်ပြည်နယ်အတွင်း လူထုနှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီး သဘောတူညီထားသည့်အတိုင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ကာကွယ်ရေးလိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ကုမ္ပဏီများအတွက် ထိရောက်သော အပြစ်ပေးအရေးယူမှုများဖြင့်အတူ ထည့်သွင်းသင့်သည်။
- သဘာပတ်ဝန်းကျင် နှင့် လူမှုဘဝကာကွယ်မှုများကို အမြန်ဆုံးနှင့် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပါ။ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ခု တည်ထောင်ပြီး စည်းကမ်းချိုးဖောက်မှုများနှင့် ၎င်းတို့ကို မည်သို့ဖြေရှင်းခဲ့ကြောင်း ပုံမှန်ထုတ်ပြန်ပေးပါ။
- စစ်တပ်၊ ရဲနှင့် အခြားလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးသည့် အဖွဲ့အစည်းများ၊ ၎င်းတို့၏ သက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော အရာရှိများအား ကုမ္ပဏီများ တည်ထောင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုအပေါ် မိမိအကျိုးအမြတ် ရယူခြင်းတို့ကို တားမြစ်ထားသည့် ဥပဒေများကို ပြဋ္ဌာန်းပါ။

## အလှူရှင် အစိုးရများ၊ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများ နှင့် မြန်မာအစိုးရ၏ အခြားလုပ်ငန်းဖက်များအတွက် -

- မြန်မာအစိုးရအပေါ် ငွေကြေးထောက်ပံ့ခြင်းနှင့် အခြားကူညီမှုများ လုပ်ဆောင်ပေးပါ။ (အမေရိကန်အတွက်ဆိုလျှင်) အထက်ပါပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်းနှင့် ချိတ်ဆက်ပြီး အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးပါ။
- ကျောက်စိမ်းလုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ EITI ကို အကောင် အထည်ဖော်ရန် အစိုးရ၏ ကြိုးပမ်းချက်များ နှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေးတွင် EITI ၏ စည်းမျဉ်းများကို ဥပဒေအတွင်း ထည့်သွင်းနိုင်ရေး ကြိုးပမ်းမှုများအတွက် အစိုးရကို နည်းပညာ အကူအညီပေးပါ။

ii ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းတူးဖော်ရေးအတွက် လိုင်စင်ချပေးရာတွင် အကျင့်ပျက်ခြစားမှုများကို ကာကွယ်ရန်အတွက် အသေးစိတ် အကြံပြုချက်များကို သိရှိရန် Global Witness 'Rigged' ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဖော်ပြထားသော 'Citizens' Checklist' ကို ကြည့်ပါ https://www.globalwitness.org/reports/rigged/ တွင် ရရှိနိုင်ပါသည်။

- ငြိမ်းချမ်းရေးသဘောတူညီချက် တစ်စိတ်တစ်ပိုင်းအဖြစ် ကျောက်စိမ်းနှင့် အခြားသယံဇာတ ပစ္စည်းများ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲရေး၊ နှင့် ဝင်ငွေခွဲဝေခြင်း အစီအမံသစ်များအတွက် အစိုးရ၊ KIA/KIO နှင့် ကချင်အရပ်ဖက်အဖွဲ့အစည်းများအား နည်းပညာ အကူအညီပေးပါ။
- သဘာဝသယံဇာတများ စီမံခန့်ခွဲရေးတွင် ဖြေရှင်းလုပ်ဆောင်နိုင်စွမ်း တိုးတက်စေရန် ကြိုးပမ်းနေသော ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအနှံ့အပြားမှ အရပ်ဖက်အဖွဲ့အစည်းများအား ငွေရေးကြေးရေးပိုင်း နှင့် နိုင်ငံရေးဆိုင်ရာ အားပေးကူညီမှုများ ပြုလုပ်ပါ။

## KIA/KIO အတွက် -

- KIA/KIO ၏ အခွန်စနစ်၊ အသုံးစရိတ် နှင့် ကြီးကြပ်မှု အသေးစိတ်အကြောင်းအရာများ အပါအဝင် EITI ၏ လုပ်ငန်းစဉ်နှင့်အညီ KIA/KIO အာဏာပိုင်များ၏ ကျောက်စိမ်းကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပေးပါ။
- ကချင်ပြည်နယ်ရှိ အမျိုးမျိုးသော အရပ်ဖက်အဖွဲ့အစည်းများထံမှ အကြံဉာဏ်များနှင့်အတူ ပြည်ထောင်စုစနစ်တစ်ခုအောက်တွင် ကချင်ပြည်နယ်အနေဖြင့် ကျောက်စိမ်းကဏ္ဍကို မည်သို့ စီမံခန့်ခွဲမည်ဆိုသည့် မူဝါဒ အဆိုပြုချက်များကို ရေးဆွဲပါ။
- KIA/KIO အရာရှိများ ပါဝင်ပတ်သက်နေသည့် ကျောက်စိမ်းနှင့် ပတ်သက်သော အကျင့်ပျက်ခြစားမှုကို စစ်ဆေး၍ တရားခံများကို တရားစွဲပါ။ စေခိုင်းသည့် တာဝန်ရှိ သူများကိုလည်း တာဝန်ခံခိုင်းပါ။

## ကျောက်စိမ်းတူးဖော်ရေး နှင့် ရောင်းဝယ်ရေး ကုမ္ပဏီများအတွက် -

- EITI သတ်မှတ်များနှင့်အညီ အချက်အလက်များ ထုတ်ပြန်ပါ။ ယင်းအချက်အလက်များတွင် (စီမံကိန်းအလိုက် အသေးစိတ် ခွဲပြထားသော) ကျောက်စိမ်း လုပ်ပိုင်ခွင့်ရရှိသူများက အစိုးရဆီသို့ ပေးဆောင်သည့် အခွန်ငွေ နှင့် အခြားပေးသွင်းမှုများ၊ ပိုင်ဆိုင်သူများ သို့မဟုတ် ထိန်းချုပ်ထားသူများ၏ (အမျိုးသား မှတ်ပုံတင်အမှတ်များအပါအဝင်) အမည်နှင့် အထောက်အထား အချက်အလက်များ၊ နှင့် ကျောက်စိမ်းတူးဖော်ခွင့်စာချုပ် နှင့် လိုင်စင်သက်တမ်း (ပတ်ဝန်းကျင် သို့မဟုတ် လူမှုဘဝဆိုင်ရာ အချက်အလက်များ) ပါဝင်ပါသည်။ စစ်တပ်ကုမ္ပဏီများ အပါအဝင် နိုင်ငံပိုင်လုပ်ငန်းများသည် EITI နှင့်အညီ ကျောက်စိမ်း တူးဖော်ရေးတွင် ရောင်းဝယ်ရေးတွင် ၎င်းတို့၏ပါဝင်ပိုင်ဆိုင်မှုများ နှင့် အစိုးရ၏ အခြားဌာနခွဲများထံသို့ ငွေလွှဲပြောင်းမှုများကို ထုတ်ဖော် ပြသသင့်ပါသည်။
- ရှိနှင့်ပြီးဖြစ်သော တူးဖော်ရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးတို့နှင့် ပတ်သက်ပြီး နိုင်ငံတွင်း နှင့် နိုင်ငံတကာ ဥပဒေများနှင့် စံနှုန်းများကို ချိုးဖောက်ပါက ချက်ချင်း စစ်ဆေးပြီး လုပ်ငန်းများကို ရပ်တန့်ရမည်။
- ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် စည်းမျဉ်းများ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်သော မိမိသဘောဆန္ဒ အလျောက် ဆောင်ရွက်ရမည့် အခြေခံမူများ၊ ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဘောင် နှင့် သတ္တုတွင်းနှင့် သတ္တုဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူများ အပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ ပတ်ဝန်းကျင်၊ လူမှုဘဝနှင့် လူ့အခွင့်အရေး ထိခိုက်နစ်နာစေမှုတို့ကို လျော့နည်းစေရန် မူဝါဒနှင့် လုပ်ငန်းစဉ်များ ရေးဆွဲ အကောင်အထည်ဖော်ပါ။

## မြန်မာနိုင်ငံအတွင်း လက်ရှိ သို့မဟုတ် နောင်ဖြစ်လာနိုင်သည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် -

- ကျောက်မျက်ရတနာကဏ္ဍတွင် ရှိနှင့်ပြီးသား သို့မဟုတ် ဤကဏ္ဍနှင့် ဆက်နွှယ်လုပ်ကိုင်ရန် အလားအလာရှိသည့် ပြ ည်တွင်းလုပ်ငန်းဖက်များနှင်ပတ်သက်ပြီး ကြိုတင်စုံစမ်းလေ့လာမှုများကို အထူးအာရုံစိုက်၍ လုပ်ဆောင်ပါ။
- ပြည်တွင်းလုပ်ငန်းများတွင် ရှယ်ယာများ ပိုင်ဆိုင်သူ နှင့်/ သို့မဟုတ် ချုပ်ကိုင်ထားသူ လူပုဂ္ဂိုလ် အားလုံး၏ အမည်များနှင့် အမျိုးသားမှတ်ပုံတင်အမှတ်များကို ၎င်းတို့၏ နောက်ခံ ကိုယ်ရေး အချက်အလက်များနှင့်အတူ ထုတ်ပြန်ပါ။

# အသုံးပြုနည်းလမ်းနှင့် အစီရင်ခံစာ ပုံစံ

Global Witness သည် ဤအစီရင်ခံစာကို ပြင်ဆင်သည့် ကာလဖြစ်သော ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း သုတေသနများပြုလုပ်ပြီး လေ့လာဆန်းစစ်ချက် ပြုလုပ်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် အစိုးရ အရာရှိပေါင်း ၄၀၀ ကျော်၊ လုပ်ငန်းကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရှိ ကချင်ပြည်နယ်၊ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး တို့အပြင် တရုတ်နိုင်ငံရှိ နေရာတော်တော်များများမှ ဒေသခံအသိုင်း အဝိုင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့ဖြင့် အချက်အလက်များကို စုစည်း ရယူခဲ့ပါသည်။

အထူးသဖြင့် Global Witness သည် အောက်ပါအဖွဲ့များနှင့် တွေ့ဆုံခြင်း နှင့်/သို့မဟုတ် အပြန်အလှန် ဆက်သွယ်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်-

- သမ္မတရုံးဝန်ကြီး
- မြန်မာနိုင်ငံရှိ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းအတွက် တာဝန်ယူဆောင်ရွက်ရသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA)
- မြန်မာနိုင်ငံရှိ ကျောက်စိမ်းကုမ္ပဏီများကို ကိုယ်စားပြုသော လုပ်ငန်း၏ အဓိက အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း
- စစ်တပ်ကုမ္ပဏီများဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း
- ကျောက်စိမ်းလုပ်ငန်းလောကတွင် ဦးဆောင်နေသည့် ပုဂ္ဂလိက ကုမ္ပဏီများဖြစ်သော ထူးအုပ်စု၊ ကမ္ဘောဇ (KBZ)၊ မက်စ်မြန်မာ၊ ပတ္တမြားနဂါး အုပ်စု၊ အဲဗားဝင်းနားအုပ်စု (Ever Winner)၊ မြန်မာတကောင်း၊ ရှယ်ဖယ်မလီ နှင့် ဂိုးလ်ယူနီ(Gold Uni).
- နိုင်ငံတကာမှ ကုမ္ပဏီများဖြစ်သော Coca-Cola ကုမ္ပဏီနှင့် caterpillar Inc., နှင့် အခြား စက်ယန္တယား ကုမ္ပဏီကြီးတစ်ခုမှ ကိုယ်စားလှယ်တစ်ဦး
- ကချင်လွတ်လပ်ရေးတပ်မတော်/ကချင်လွတ်လပ်ရေး အဖွဲ့
- မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
- ကျောက်စိမ်းကုမ္ပဏီ ဝန်ထမ်းများ၊ တစ်သီးပုဂ္ဂလလုပ်ကိုင်သော ကျောက်စိမ်း "ရောင်းဝယ်ရေးသမားများ၊ သယ်ယူပို့ဆောင်သူများနှင့် ကျောက်တူးသမားများ"

ထို့အပြင် ကျွန်ုပ်တို့သည် တရုတ်နိုင်ငံရှိ ကျောက်စိမ်း ရောင်းဝယ်ရေးပြုလုပ်သူများနှင့် လုပ်ငန်း ကိုယ်စားလှယ်ပေါင်း များစွာတို့နှင့်လည်း တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ဤအကြောင်းအရာ၏ အထိအခိုက်မခံသည့် အခြေအနေကြောင့် ယခုအစီရင်ခံစာတွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခံရသည့် ပုဂ္ဂိုလ်အများစု၏ အမည်များကို ဖော်ပြထားခြင်းမရှိပါ၊ သို့သော် ၎င်းတို့နှင့်အတူ တွေ့ဆုံခဲ့ရသော ကိုးကားချက်များကိုမူ အဆုံးသတ် မှတ်ချက်များထဲတွင် ဖော်ပြထားပေးပါသည်။

*ဒေတာများကို လေ့လာဆန်းစစ်မှု-*

Global Witness သည် အောက်ပါ အချက်များအပါအဝင် ဤအစီရင်ခံစာအတွက် ဒေတာ အချက်အလက်ပေါင်းများစွာကို ပြန်လည်သုံးသပ်ခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ အသုံးပြုခြင်း တို့လုပ်ဆောင်ခဲ့ပါသည်-

- သတ္တုတွင်း ဝန်ကြီးဌာနမှ ရရှိသော ဖားကန့်ဒေသရှိ ကျောက်စိမ်းလုပ်ငန်း လုပ်ပိုင်ခွင့် ရရှိမှု မြေပုံအသေးစိတ် အပါအဝင် ကျောက်စိမ်းလုပ်ငန်း လိုင်စင်ကိုင်ဆောင်သူများနှင့် ပတ်သက်သော ဒေတာများ။ ဤမြေပုံများကို ဤအစီရင်ခံစာ၏ အခန်း ၁ တွင် ပြန်လည် ဖော်ပြထားပါသည်။
- ကုမ္ပဏီမှတ်တမ်းများကို DICA ၏ ဝက်ဘ်ဆိုက် http://dica.gov.mm.x-ass.net/ တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာကုမ္ပဏီများ အားလုံးအတွက် အမည်များ၊ မှတ်ပုံတင် နံပါတ်များ၊ ဒါရိုက်တာများ၏ လိပ်စာများနှင့် ရှယ်ယာရှင်များ၏ အမည်များအားလုံးကို ဤဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ဤအချက်အလက်များကို ၂၀၁၄ ခုနှစ်အကုန်တွင် ရယူထားခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်လယ်တွင်တချို့တစ်ဝက်ကို ပြန်လည်ပြုပြင်ထားသည်။ သို့သော် ကမ္ဘာ့အကြီးဆုံး အခမဲ့သုံး ဒေတာဘေ့စ်ကုမ္ပဏီများဖြစ်သော OpenCorporates သည် ၂၀၁၄ ခုနှစ်တွင် မှတ်တမ်းများကို စုစည်း ထုတ်ပြန်ထားပြီးဖြစ်သည်။ The Open Knowledge Foundation နှင့် OpenCorporates တို့သည် ဤမှတ်တမ်းများကို လေ့လာဆန်းစစ်ရာ၌ Global Witness ကို အကူအညီပေးခဲ့ပါသည်။
- ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်အသီးသီးတွင် ကျင်းပခဲ့သော (နိုင်ငံခြားမှ ဝယ်ယူသူများကို ဦးတည်သည့်) ၅၀ ကြိမ်မြောက်၊ ၅၁ ကြိမ်မြောက်နှင့် ၅၂ ကြိမ်မြောက် ကျောက်မျက်ပြပွဲများတွင် ရောင်းချရသော စာရင်းကို အသေးစိတ် ခွဲခြား ဖော်ပြခဲ့သည်။ ထို့အတူပင် ၂၀၀၂ နှင့် ၂၀၁၂ အကြား ကျင်းပခဲ့သော ကျောက်မျက်ပြပွဲများနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလနှင့် အောက်တိုဘာလတို့တွင် မြန်မာနိုင်ငံမှ ရောင်းဝယ်သူများအတွက်သာ ဖွင့်လှစ်ပေးခဲ့သော ကျောက်မျက်ပြပွဲနှစ်ခုရှိ ကျောက်စိမ်းရောင်းချရမှုအနှစ်ချုပ် အချက်အလက်များကိုလည်း ကျွန်ုပ်တို့ ပြန်လည်သုံးသပ်ခဲ့ပါသည်။ တရားဝင်ထုတ်ပြန်ထားသော အချက်အလက်များ၊ တရုတ်နိုင်ငံမှ တင်သွင်းမှု မှတ်တမ်းများနှင့် လုပ်ငန်းမှ ခန့်မှန်းချက်များအပါအဝင် ဤအချက်အလက်များကို လေ့လာဆန်းစစ်ပြီးနောက် Global Witness သည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်း၏ တန်ဖိုးနှင့် လုပ်ငန်းအတွင်းရှိ အဓိက ကြိုးကိုင်ခြယ်လှယ်သူများအတွက် စုစုပေါင်း ရောင်းချရသည့် ပမာဏ ခန့်မှန်းခြေတစ်ခုကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ တွက်ချက်မှု အသေးစိတ်အချက်အလက်များကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။
- ထူးအုပ်စုအနေဖြင့်လည်း ၎င်း လုပ်ပိုင်ခွင့်ရထားသည့် ကျောက်စိမ်းတွင်း အသီးသီး၏ အသေးစိတ်အချက်အလက်များ၊ ထုတ်လုပ်မှု ပမာဏ၊ ဆက်စပ် ရောင်းချရမှု ပမာဏနှင့် မိုင်းတွင်း

တစ်ခုချင်းစီအတွက် အခွန်ထမ်းဆောင်မှု ပမာဏတို့နှင့်အတူ ဖော်ပြပေးခဲ့ပါသည်။ ဤစီမံကိန်းအဆင့်ရှိ ဒေတာများသည် ကျောက်စိမ်းလုပ်ငန်းအပေါ် Global Witness ၏ စီးပွားရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်ပြုလုပ်ရာ၌ ဖြည့်စွက် ကူညီပေးပါသည်။

- ကချင်ပြည်နယ်ရှိ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများကြောင့် လူမှုဘဝနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများအကြောင်း ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်အဖွဲ့မှ စုစည်းရယူပေးထားသော အချက်အလက်များ။ ကချင်ပြည်နယ်ရှိ အခြေချနေထိုင်သူများအပေါ် ဤလုပ်ငန်း၏ သက်ရောက်မှုများကို ဖော်ထုတ်ရန် မြစ်ကြီးနား၊ ဖားကန့်နှင့် ပတ်ဝန်းကျင်ဒေသများသို့ Global Witness မှ သွားရောက်ပြီး တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီး ရရှိသော ဤအချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုခဲ့ပါသည်။

*အစီရင်ခံစာပုံစံ-*

ဤအစီရင်ခံစာတွင် ကျောက်စိမ်းကဏ္ဍရှိ Global Witness ၏ လေ့လာတွေ့ရှိချက်များကို အခန်း ၄ ခန်းခွဲ၍ ဖော်ပြထားပါသည်-

- အခန်း ၁ - 'ဘယ်လောက် တန်ဖိုးရှိသလဲ။ ဘယ်လိုပုံစံ အလုပ်လုပ်သလဲ။' - ဤအခန်းတွင် မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍအပေါ် Global Witness မှ ခန့်မှန်းထားသည့် တန်ဖိုးကို ဖော်ပြထားပြီး ကျောက်စိမ်းလိုင်စင်များကို မည်သို့ ချထားပေးသည်၊ ကျောက်စိမ်းများကို မည်သို့ ရောင်းဝယ်သည်ဟူသည့် အချက်များကို အကျဉ်းချုပ် ရှင်းပြထားပြီး ထိုသို့လုပ်ဆောင်ရာ၌ အကျင့်ပျက် ခြစားမှုများနှင့် လွဲမှားသည့် စီမံအုပ်ချုပ်မှု ပုံစံများကို ဖော်ပြထားပါသည်။
- အခန်း ၂ - 'ဘယ်သူတွေ အကျိုးအမြတ် ရယူနေကြသလဲ။' - ဤအခန်းတွင် ကျောက်စိမ်းလုပ်ငန်းရှိ အစိုးရမှ လိုင်စင်ချထားပေးသော အကြီးဆုံးကုမ္ပဏီများ၏ နောက်ကွယ်မှ အင်အားကြီးမားသူများကို ဖော်ထုတ်ထားသည်။ ဤကဏ္ဍတွင် အကျိုးအမြတ်အများဆုံး ထုတ်ယူနေသည့် ကုမ္ပဏီများကို Global Witness မှ အမျိုးအစား လေးမျိုးဖြင့် ခွဲခြားသတ်မှတ် ဖော်ပြထားပါသည် - စစ်တပ်မိသားစုများမှ ပိုင်ဆိုင်သည့် ကုမ္ပဏီများ၊ စစ်တပ်ကုမ္ပဏီများ၊ 'ခရိုနီ' ကုမ္ပဏီများ၊ နှင့် အပစ်အခတ်ရပ်စဲရေး အုပ်စုဝင် ကုမ္ပဏီများ။
- အခန်း ၃ - 'ဘယ်သူတွေ လက်လွှတ် ဆုံးရှုံးနေသလဲ။' - ဤကဏ္ဍတွင် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများအပေါ် အစိုးရ၏ လက်ရှိ လုပ်ကိုင်ဆောင်ရွက်သည့်စနစ်ကြောင့် ကချင်ပြည်နယ်တွင် အခြေချနေထိုင်နေကြသော ကချင်တိုင်းရင်းသားများနှင့် ရှမ်း၊ ဗမာ၊ ရခိုင်တို့အပါအဝင် အခြား တိုင်းရင်းသား မျိုးနွယ်စုများအပေါ် မည်သို့ ထိခိုက်နေသည်ကို ရေးသားထားပြီး ၎င်းတို့သည် ပျက်စီးယိုယွင်းနေသော လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ခံစားနေရပုံကို ဖော်ပြထားပါသည်။
- အခန်း ၄ - 'ကျောက်စိမ်းနှင့် လက်နက်ကိုင် ပဋိပက္ခ' - ဤအခန်းတွင် ကျောက်စိမ်းလုပ်ငန်း၊ နှင့် မြန်မာအစိုးရနှင့် ကချင်လွတ်လပ်ရေးတပ်မတော်/ ကချင် လွတ်လပ်ရေးအဖွဲ့တို့ကြား ကာကရှည်ကြာဖြစ်နေသည့် လက်နက်ကိုင် ပဋိပက္ခတို့ကြား ဆက်နွယ်မှုများကို ပြန်လည် သုံးသပ်ထားပါသည်။

# အခန်း ၁ - ဘယ်လောက် တန်ဖိုးရှိသလဲ။ ဘယ်လိုပုံစံ အလုပ်လုပ်သလဲ။

*"ကျွန်တော်တို့တွေ ဘာကြောင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး နိုင်ငံ [LDC] ဖြစ်နေရတာလဲ။ နိုင်ငံမှာ ရေနံတွေ၊ သဘာဝဓါတ်ငွေ့တွေ၊ ကျောက်မျက်ရတနာတွေ အများကြီး ရှိပါတယ်၊ ဒီလို [LDC] နိုင်ငံ မဖြစ်သင့်ပါဘူး။ အဲဒီအဖြေအတွက် စစ်တပ်ကိုသာ ကြည့်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံရှိ သဘာဝအရင်းအမြစ်အားလုံးကို ထုတ်ယူခံနေရပါတယ်။ ကျွန်ုပ်တို့ ဒီလောက် မဆင်းရဲသင့်ပါဘူး။ လုံးဝ မဖြစ်သင့်ဘူး။ အဓိက ပြဿနာက ပွင့်လင်းမြင်သာမှုပါ။"*

အရာရှိဟောင်းတစ်ဦး[၁]

## နိဒါန်း[iii]

မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်း ကချင်ပြည်နယ်ရှိ ဖားကန့်ဒေသတွင် ကမ္ဘာတွင် အဖိုးအထိုက်တန်ဆုံး ကျောက်စိမ်းများဖြင့် ပြည့်နှက်နေသည်။ သို့သော် ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးမှုများအရ ကျောက်စိမ်းတွင်းများ တူးဖော်ရေးအတွက် ခွဲဝေချထားပေးမှုနှင့် စီမံအုပ်ချုပ်မှု စနစ်တွင် အကျင့်ပျက် ခြစားမှုများ ရှိနေပြီး အင်အားကြီးမားသော ရေပေါ်ဆီလူတန်းစားများအတွက် အကျိုးအမြတ်များ သိမ်းကျုံးရယူခွင့်ပြုနေကြောင်း ဖော်ပြထားပါသည်။ ထိုမျှ များပြားလှသော ပမာဏများအနက်မှ အနည်းငယ်ကိုသာ ကချင်ပြည်နယ်ရှိ ပြည်သူလူထုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများအတွက် အခြေခံ အဆောက်အဦ၊ ကျန်းမာရေးနှင့် ပညာရေးအတွက် အသုံးပြုသည်။



နစ်ပေါင်း ၂၅၀ ကျော်အတွင်း ကချင်ပြည်နယ်ရှိ တောင်တန်းများသည် အဖိုးအတန်ဆုံး ကျောက်စိမ်းများထွက်ရှိရာ၊ အကြီးဆုံး ကျောက်စိမ်းများထွက်ရှိရာ ဒေသအဖြစ် ကမ္ဘာတွင် ထင်ရှားပါသည်။ တူးဖော်ရာ၌ အရောင်အသွေး အမျိုးအစားစုံလင်လှသော ကျောက်စိမ်းများအနက် ဈေးအမြင့်ဆုံး ရရှိသည့် ကျောက်စိမ်းမှာ မြန်မာနိုင်ငံရှိ အရည်ကျောက်အဆင့် ဂျေဒိုက် (jadeite) ကျောက်စိမ်းဖြစ်သည်၊ အပြစ်အနာအဆာလုံးဝကင်းသည့် ကျောက်စိမ်း၏ တန်ဖိုးသည် စိန်တန်ဖိုးနီးပါးပင်ဖြစ်သည်။ ဓါတ်ပုံ - Adam Dean

အစိုးရသစ် ဖြစ်ပေါ်လာမည်ဖြစ်ပြီး KIA/KIO တို့ဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ချုပ်ဆိုနိုင်တော့မည်ဖြစ်သောကြောင့် လိုင်စင်ချထားပေးသည့်ကုမ္ပဏီများသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို အလျင်အမြန်ဖြင့် အမြောက်အမြား ထုတ်ယူလုပ်ကိုင်နေကြသည်၊ နိုင်ငံရေးအပြောင်းအလဲကြောင့် ၎င်းတို့အတွက် လုပ်ပိုင်ခွင့်များ ဆုံးရှုံးသွားမည်ကို စိုးရိမ်သောကြောင့် ကျောက်စိမ်းများကို အတတ်နိုင်ဆုံး အများဆုံး ထုတ်ယူရန် စက်ယန္တယားကြီးများကို အသုံးပြုနေကြသည်။

## ဒေါ်လာ သန်းထောင်ပေါင်းများစွာ တန်ဖိုးရှိ နိုင်ငံတော် လျှို့ဝှက်ချက်

မြန်မာနိုင်ငံ၏ "ကြီးမားသည့် နိုင်ငံတော် လျှို့ဝှက်ချက်" အဖြစ် ဖော်ပြထားသကဲ့သို့ ကျောက်စိမ်းနှင့် ပတ်သက်ပြီး အခြေခံကျသည့် အချက်အလက်များကိုပင် ထုတ်ဖော်ခြင်းမရှိဘဲ လျှို့ဝှက်ထားကြသည်။[၂]

၂၀၁၄ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ သွင်းကုန်အချက်အလက်များအရ မြန်မာနိုင်ငံမှ တင်သွင်းသည့် ကျောက်မျက်ရတနာအမျိုးအစားများတွင် ကျောက်စိမ်းအဓိက ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံရှိပေသည်။[၃] ၎င်းသည် အံ့ဩစရာကောင်းသည့် ပမာဏတစ်ခု ဖြစ်သည်။ သို့သော် အောက်တွင်ရှင်းပြထားသည့်အတိုင်း လုပ်ငန်းခွင်ထဲတွင် လုပ်ကိုင်နေသူများက ကျောက်စိမ်း ၅၀% မှ ၈၀% ခန့်ကို မြန်မာ-တရုတ် နယ်စပ်မှတဆင့် ခိုးထုတ်နေကြောင်း Global Witness အား ပြောကြားခဲ့သည် (ခိုးထုတ်ရာတွင် အသုံးပြုသည့် မြေပုံကို နောက်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်)။ မြန်မာနိုင်ငံ၏ တရားဝင် ကျောက်စိမ်းထုတ်လုပ်မှုများ၏ သုံးပုံတစ်ပုံခန့်သာ တရုတ်နိုင်ငံသို့ တရားဝင် ဝင်ရောက်ခဲ့ကြောင်းကို တရုတ်နိုင်ငံ၏ အကောက်ခွန် အချက်အလက်များက သက်သေပြနေပေသည်။ သို့သော် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းများ အားလုံးနီးပါး ပို့ဆောင်သည့်နိုင်ငံဖြစ်သည်။[၄] ထိုအချက်များကြောင့် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံဟူသော ပမာဏသည် အံ့မခန်းများပြားနေသော်လည်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းထုတ်လုပ်မှု၏ တန်ဖိုးအမှန် မဟုတ်သေးပေ။

iii 'ကျောက်စိမ်း' ဟူသော ဝေါဟာရသည် ထင်ရှားသည့် စကားလုံးနှစ်လုံးဖြစ်သော ဂျေဒိုက် (jadeite) နှင့် နက်ဖရိုက် (nephrite) တို့အတွက် ယေဘုယျကျသော အသုံးအနှုန်းတစ်ခုဖြစ်သည်။ Jadeite သည် nephrite ထက် ပိုရှားပါးပြီး တန်ဖိုးပိုရှိသည်။ မြန်မာနိုင်ငံသည် jadeite ကို ထုတ်လုပ်ရာ၌ ကမ္ဘာပေါ်တွင် ထင်ရှားသည့်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းများကို ထုတ်လုပ်သည်။ ဤအစီရင်ခံစာတွင် ညွှန်းဆိုထားသော ကျောက်စိမ်းတုန်းမှာ jadeite ဖြစ်သော်လည်း ဤစာတမ်းတစ်လျှောက်လုံးတွင် ကျောက်စိမ်းဟုသာ ကျွန်ုပ်တို့ သုံးနှုန်းထားပါသည်။

# ကျောက်စိမ်း သယ်ထုတ်နေသော လမ်းကြောင်းများ - အထက်မြန်မာပြည်



ထို့ကြောင့် Global Witness သည် ထုတ်ပြန်ထားခြင်းမရှိသော အချက်အလက်ပေါင်းများစွာအပေါ် အခြေခံလျက် ကျောက်စိမ်းလုပ်ငန်း၏ တန်ဖိုးကို ထဲထဲဝင်ဝင် လေ့လာဆန်းစစ်ချက်အသစ်တစ်ခု ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ခန့်မှန်းချက်တွင် ၂၀၁၄ ခုနှစ် တစ်နှစ်ထဲတွင်ပင် မြန်မာနိုင်ငံ၏ တရားဝင် ကျောက်စိမ်းထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံခန့် ရှိပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း (၂၀၀၅ မှ ၂၀၁၄ အထိ) အမေရိကန်ဒေါ်လာ ၁၂၂.၈ ဘီလီယံခန့်ရှိကြောင်း ခန့်မှန်းခဲ့သည်။ ဤအချက်ကို လက်တွေ့ကျကျ ကြည့်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံသည် မြန်မာနိုင်ငံ၏ တရားဝင် GDP တစ်ခုလုံး၏ ၄၈% နှင့်ညီမျှသည်။[၅] အသေးစိတ် တွက်ကြည့်မည်ဆိုပါက ကျောက်စိမ်းတူးဖော်သည့်ဒေသဖြစ်သော ကချင်ပြည်နယ်တွင် လူတစ်ဦးလျှင် အနည်းဆုံး အမေရိကန် ဒေါ်လာ ၂၁၀၀၀ ရရှိမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ အတွက် တစ်နိုင်ငံလုံး၏ ကျန်းမာရေး အသုံးစရိတ်ထက် ၄၆ ဆ ရှိပေသည်။[၆]

ဤကိန်းဂဏန်းများသည် မည်ကဲ့သို့ မြင့်မားနေရသလဲ၊ ကျွန်ုပ်တို့ မည်ကဲ့သို့တွက်ချက်မှုပြုလုပ်ပါသလဲ။

အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းသည် မခန့်မှန်းနိုင်လောက်အောင် တန်ဖိုးရှိပြီး ထိုကျောက်စိမ်းများ အဓိက ထွက်ရှိရာနေရာသည် မြန်မာနိုင်ငံဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်ကျင်းပသော မြန်မာနိုင်ငံကျောက်မျက်ပြပွဲသည် နိုင်ငံတကာမှ ဝယ်ယူသူများကို ဆွဲဆောင်သည့် အစိုးရ၏ တရားဝင် ကျောက်စိမ်းအရောင်းပြပွဲဖြစ်ပြီး တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၂.၈၉ သန်းဖြင့် ရောင်းချခဲ့သည်။ အရည်အသွေးအကောင်းဆုံး ကျောက်စိမ်း တန်ဖိုးသည် စိန်၏ တန်ဖိုးနီးပါး ရှိသည်။[၇]

တွက်ချက်မှုများကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် အသေးစိတ် ဖော်ပြထားပါသည်။ အကျဉ်းအားဖြင့်ဆိုရသော် ထိုအချက်များသည် မြန်မာနိုင်ငံအစိုးရ၏ ကျောက်စိမ်းထုတ်လုပ်မှု အချက်အလက်များကို ရယူပြီး ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ ရရှိသော အသေးစိတ်ခွဲပြထားသည့် ရောင်းချမှုများမှ ရရှိသော ဈေးနှုန်းအချက်အလက်နှင့် ပေါင်းစပ်တွက်ချက်ထားခြင်း ဖြစ်သည်။ ၎င်းတွက်ချက်မှုတွင် ပြည်တွင်းဈေးကွက်အတွက် အရည်အသွေးနိမ့် ကျောက်စိမ်းတုံးများကို ရောင်းချရန် ပြုလုပ်ပေးခဲ့သော ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ကျောက်စိမ်းပွဲတော်မှ ရရှိသော ရောင်းချမှု ကိန်းဂဏန်းအချက်အလက်များ၊ ၂၀၁၃ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ယခင်နှစ်များက ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများမှ ရရှိသော အချက်အလက်များကို ပေါင်းစပ် အခြေခံထားပါသည်။

အမြောက်အမြား ခိုးထုတ်နေခြင်းဆိုသည်မှာ မြန်မာနိုင်ငံ၏ ကျောက်မျက်ပြပွဲများ၏ ရောင်းချရမှု ပမာဏသည် အရည်အသွေးမြင့် 'အရည်ကျောက်' နှင့် အရည်အသွေးအလယ်အလတ်ရှိ 'အသားကျောက်' အဆင့် ကျောက်စိမ်းများကို စုစုပေါင်း ကျောက်စိမ်းထုတ်လုပ်မှုပမာဏ၏ အလွန်နည်းသော ရာခိုင်နှုန်းကိုသာ ပြသနေခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျောက်စိမ်းလုပ်ငန်းအပေါ် ၂၀၁၃ ခုနှစ်တွင် အကဲဖြတ် ဆန်းစစ်ရာ၌ Harvard Ash Center and Proximity Designs တို့ အသုံးပြုခဲ့သော အရည်ကျောက်၊ အသားကျောက်၊ အထည်ကျောက် (အဆင့်နိမ့်) ကျောက်စိမ်းဟူ၍ ရာခိုင်နှုန်း အလိုက် ခန့်မှန်း တွက်ချက်ခဲ့ခြင်း ဖြစ်သည်။[၈] ဤခန့်မှန်းချက်မှာ လုပ်ငန်းအတွင်းမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းတွင် ဖုံးကွယ်ထားမှု ဆိုသည်မှာ ထုတ်ပြန်ထားသော အချက်အလက်များ မပြည့်စုံမှုနှင့် တန်ဖိုးဖြတ်မှုများတွင် မတူညီသည့် နည်းလမ်းများနှင့် ယူဆချက်များအား ရွေးချယ်နိုင်ခွင့် ရှိနေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှုအပေါ် လုံးဝမတူညီသည့် နည်းလမ်းကို အသုံးပြု၍ အကဲဖြတ်ရာတွင် တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်ရှိကြောင်း ခန့်မှန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် တရုတ်အစိုးရမှ ကြေငြာခဲ့သော ကျောက်စိမ်းတင်သွင်းမှု တစ်ကီလိုဂရမ်အတွက် ပေးချေရသည့် ပျမ်းမျှတန်ဖိုးကို ထိုနှစ်အတွက် မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်ထားသည့် ကျောက်စိမ်းထုတ်လုပ်မှု အရေအတွက်နှင့် ပေါင်းလိုက်ပါက ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံ ရှိပေသည်။

နောက်ဆုံးတွင် ကျွန်ုပ်တို့၏ ခန့်မှန်းတွက်ချက်မှုများအားလုံးသည် တရားဝင်ကြေညာထားသည့် ထုတ်လုပ်မှု အချက်အလက်အပေါ် အခြေခံထားပြီး သတ္တုတွင်းများတွင် မြန်မာအာဏာပိုင်များအနေဖြင့် မည်သည့်အခါမှ မှတ်တမ်းတင်ခြင်းမရှိဘဲ လျှို့ဝှက်ထားသည့် ကျောက်စိမ်းထွက်ရှိမှု အရေအတွက်ကိုမူ ထည့်သွင်းစဉ်းစားထားခြင်း မရှိပါ။ အကျိုးဆက်အဖြစ် ကျွန်ုပ်တို့၏ တွက်ချက်မှုများသည် မြန်မာနိုင်ငံ၏ စုစုပေါင်း ကျောက်စိမ်းထွက်ရှိမှု တန်ဖိုးအစစ်အမှန်ထက် သိသိသာသာ လျော့နည်းကောင်း လျော့နည်းနေမည်ဖြစ်သည်။

ဤခန့်မှန်းချက်များအားလုံးသည် - ခန့်မှန်းတွက်ချက်မှုများသာ ဖြစ်သည်။ တိကျသော အချို့အချက်အလက်များကို ထုတ်ပြန်ရာ၌ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ပြီးပြည့်စုံမှုမရှိသည့် အချက်အလက်များကို အခြေခံပြီး ရယူထားရသောကြောင့် မြန်မာနိုင်ငံ ကျောက်စိမ်း လုပ်ငန်း၏ တန်ဖိုးကို အလုံးစုံသတ်မှတ်ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ လက်ရှိ ဖြစ်ပွားနေသည်များကို ပြည်သူလူထုအနေဖြင့် ပို၍ တိတိကျကျ သိရှိရန် လိုအပ်သဖြင့် ထိုအချက်အလက်များကို ဖော်ထုတ်လာစေရန် ကျွန်ုပ်တို့က အားပေးတိုက်တွန်းခြင်းသာ ဖြစ်ပါသည်။

ယခုအချိန်အထိ နိုင်ငံတကာမှ ကူညီပံ့ပိုးပေးနေသော ပြုပြင်ပြောင်းလဲရေး ကြိုးစားအားထုတ်မှုများသည် မြန်မာနိုင်ငံ၏



ဖားကန့်၏ မော်ဆီဇာတွင် ရှိသော ကျောက်စိမ်းတွင်းများသည် အရည်အသွေးမြင့် ကျောက်စိမ်းများကို ထုတ်ပေးသည့်အတွက် ထင်ရှားသည်။ ကျောက်စိမ်းတွင်းများကို ရှာဖွေရန်အတွက် လေလံဆွဲသူများသည် တရားဝင်လိုင်စင်များ ရရှိရေးအတွက် အရာရှိ ကြီးကြီးများနှင့် ချိတ်ဆက်မှု ရှိနေရပြီး လာဘ်ပေးလာဘ်ယူ လုပ်ကြရသည်။
ဓါတ်ပုံ - မင်းဇေယျာ

## မြန်မာနိုင်ငံရဲ့ သန်းထောင်ပေါင်းများစွာ အဖိုးတန်သည့် ကျောက်စိမ်းအပေါ် နိုင်ငံတော်က ဘာတွေ ရရှိပြီးပြီလဲ။ နောက်ပြီး ပိုက်ဆံတွေ ဘယ်ရောက်ကုန်သလဲ။

*"အစိုးရက [ကျောက်စိမ်းဒေတာ] လျှို့ဝှက်တယ်ဆိုတာ အများသိအောင် ထုတ်ပြန်လိုက်ရင် ပြည်သူတွေ ဘာအကျိုးအမြတ်မှမရဘူးဆိုတာကို ကျွန်မ်ာက သိသွားလိမ့်မယ်...ဒါ့အပြင် အစိုးရအနေနဲ့ ဒီသတ္တုတူးဖော်ရေးလုပ်ငန်းတွေကနေ အခွန်ဘယ်လောက် ရသင့်တယ်ဆိုတာကိုလည်း သိသွားလိမ့်မယ်။ ဒါကို သူတို့က ကျွန်မ်ာကို မသိစေချင်ဘူးလေ။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၉]

ကျောက်စိမ်းလုပ်ငန်းမှ မြန်မာအစိုးရထံ အခွန်ပေါင်းများစွာ၊ ခိုင်းကြေးပေါင်းများစွာနှင့် အခကြေးငွေပေါင်းများစွာ ပေးသွင်းနေရသည်။ ထိုအဖိုးအခများတွင် လိုင်စင်နှင့် စီမံခန့်ခွဲမှု စရိတ်များ၊ မိုင်းတွင်းမှ ထွက်ရှိသော ကျောက်စိမ်းတန်ဖိုးအပေါ် ၂၀% အခွန်၊ ကျောက်မျက်ပြပွဲတွင် ရောင်းချရမှုအပေါ် ၁၀% အခွန်၊ ကုန်သွယ်ခွန်အပါအဝင် ပုံမှန်လုပ်ငန်းခွန်များပါဝင်သည်။[၁၀] ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံတော်ပိုင် အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (MGE) နှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ကဲ့သို့ စစ်တပ်ပိုင်ကုမ္ပဏီများသည် ကျောက်စိမ်းတွင်းပေါင်းများစွာတွင် ရင်းနှီးမြှုပ်နှံမှု ရှယ်ယာများ ထည့်ဝင်ထားကြကာ အခွန်ဆောင်ပြီး ကျန်ရှိသည့်ငွေပေါ်မှ ၄၀% ကို ရရှိကြသည်။[၁၁] ထို့ကြောင့် သီအိုရီအားဖြင့်ဆိုလျှင် ကျောက်စိမ်းဝင်ငွေမှ ပမာဏများများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ရသင့်ပါသည်။

သို့သော် အစိုးရမှ ထုတ်ပြန်ထားသော ပြီးပြည့်စုံခြင်းမရှိသည့် ဒေတာများတွင် အခြေခံလျက် ၂၀၁၄ ခုနှစ်တွင် ကျောက်စိမ်းမှ တရားဝင် ရရှိငွေသည် အမေရိကန်ဒေါ်လာ ၃၇၄ သန်းအောက် ရရှိသည်ဟု Global Witness က ခန့်မှန်းသည်။ ကျွန်ုပ်တို့ ခန့်မှန်းထားသော အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၂% အောက် ဖြစ်နေသည်။[၁၂] မြန်မာနိုင်ငံ၏ ဘတ်ဂျက်နှင့် အသုံးစရိတ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များမရှိဘဲ ကျောက်စိမ်းမှ ရရှိသည့် ငွေများကို အစိုးရမှ မည်သို့အသုံးချနေသည်၊ မည်ရွေ့မည်မျှကို အမှန်တကယ်လိုအပ်နေသည့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်နိုင်ငံလုံးအတွက် အသုံးချပြီးဖြစ်သည်ကို ခြေရာခံရန် မဖြစ်နိုင်ပေ။ သို့သော် သိသာထင်ရှားနေသည်မှာ ကျောက်စိမ်းမှ ရရှိငွေများကို ထူးထူးခြားခြား အကျိုးခံစားနေသူတစ်ဦးမှာ မြန်မာနိုင်ငံ၏ စစ်တပ်ပင် ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော် ဘတ်ဂျက်၏ ရှယ်ယာ ၁၂% မှတဆင့် နိုင်ငံတော်၏ ဝင်ငွေများကို တိုက်ရိုက် ဖြတ်ယူနေပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကဲ့သို့ စစ်တပ်ပိုင် ကုမ္ပဏီများသည် ကျောက်စိမ်းတွင်း လုပ်ငန်းပေါင်းများစွာတွင် ရှယ်ယာများ ထည့်ဝင်ထားကြသည်။[၁၃] ပို၍ ထင်ရှားသည်မှာ အခန်း ၂ တွင် ရေးသားထားသည့်အတိုင်း စစ်တပ်အငြိမ်းစား ဗိုလ်ချုပ်ကြီးများ၏ မိသားစုဝင်များသည် ကျောက်စိမ်းလုပ်ငန်းတွင် အဓိက ခြယ်လှယ်နေသူများ၏ နောက်ကွယ်တွင် ရှိနေကြခြင်းဖြစ်ပြီး အမှောင်ထုထဲတွင် ယနေ့အချိန်အထိ ဖုံးကွယ်ထားဆဲဖြစ်သော အဓိက ရရှိငွေများကို ရယူသုံးစွဲနေကြသည်။

*"သဘာဝအရင်းအမြစ်တွေ အသုံးပြုရင် ကောက်တဲ့ အခွန်အခတွေ၊ ဝင်ငွေတွေကို ဒီမိုကရေစီကျကျ ရွေးချယ်ဖွဲ့စည်းထားတဲ့ ကချင်ပြည်နယ်အစိုးရက ကောက်ခံသင့်တယ်၊ ပြီးတော့ အဲ့ဒီလို လုပ်ဆောင်တဲ့အခါမှာလည်း ပြည်သူတွေကို ရှင်းရှင်းလင်းလင်း ပွင့်လင်းမြင်သာမှု ရှိရှိ ရှင်းပြထားတဲ့အတိုင်း လုပ်သင့်တယ်။"*

KDNG / ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒအကြောင်း ဆွေးနွေးချက် စာတမ်း

ရေနံ လုပ်ငန်းအပေါ်တွင်သာ အာရုံစိုက် လုပ်ဆောင်နေကြသည်။ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံခန့် ဝင်ငွေရရှိစေခဲ့သော သဘာဝဓါတ်ငွေ့သည် မြန်မာနိုင်ငံအတွက် အဓိက စီးပွားရေးရင်းမြစ်တစ်ခုအဖြစ် ထင်မြင်ယူဆထားကြသည်။[၁၄] သို့သော် ကျောက်စိမ်းမှ ရရှိငွေနှင့် နှိုင်းယှဉ်ကြည့်လျှင် သဘာဝဓါတ်ငွေ့သည် မပြောပလောက်တော့ပေ။ နောက်ကျမှရသည့် အကြံတစ်ခုကို ထုတ်ဖော်ပြောနေခြင်းထက် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရန် နှင့် သဘာဝရင်းမြစ်များ ထုတ်ယူနေသည့် လုပ်ငန်းမှ ရရှိငွေများကို အမှန်တကယ်လိုအပ်နေသည့် ပြည်သူလူထုထံ ရောက်ရှိရန် ကြိုးစားလုပ်ဆောင်သင့်ပေသည်။

စစ်မှန်သော ပြုပြင်ပြောင်းလဲမှုတွင် အလွန်တရာလိုအပ်နေသည့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လမ်းကြောင်းပြောင်း ဦးတည်စေနိုင်သော ကျောက်စိမ်း၏ အကျိုးအမြတ်များကို မြင်တွေ့သင့်ပေသည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများတွင် နိုင်ငံသားများ၏ သက်တမ်းအားဖြင့် အတိုဆုံး နိုင်ငံစာရင်းထဲတွင် အပါအဝင်ဖြစ်ပြီး ကချင်ပြည်နယ်ရှိ ပြည်သူများသည်လည်း ဆယ်စုနှစ်မျှ ကြာရှည်နေသည့် ပဋိပက္ခဒဏ်ကို အလူးအလဲ ခံနေကြရသည်။[၁၅] ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် အမြင့်ဆုံး ဈေးနှုန်းဖြင့်ရောင်းချခဲ့သော ကျောက်စိမ်း တစ်ကီလိုဂရမ်သည်ပင် ကချင်ပြည်နယ်ရှိ ကျန်းမာရေး ဆေးပေးခန်းပေါင်း ၁၄၇ ခုခန့်ကို တစ်နှစ်စာ ငွေကြေးထောက်ပံ့ပေးနိုင်သည့် ပမာဏရှိသည်။[၁၆]

## EITI - အပေါ်ယံ ဟန်ပြလား သို့မဟုတ် အပြောင်းအလဲလုပ်နိုင်သူလား။

*"ကျောက်စိမ်းကုမ္ပဏီတွေက သူတို့လုပ်ငန်းနဲ့ပတ်သက်ပြီး ရှင်းလင်းတဲ့အချက်အလက်တွေ ထုတ်ပြန်မှာမဟုတ်ဘူး၊ နိုင်ငံတကာကသိအောင်လည်း သေချာ ကြေညာမှာ မဟုတ်ဘူး။ ဒါကြောင့် အစိုးရက ဒီဆွေးနွေးပွဲ [EITI အကြောင်း] မှာ ပါဝင်ဖို့ ကျောက်စိမ်းလုပ်ငန်းက ကိုယ်စားလှယ်တွေကိုလည်း ဖိတ်မှာမဟုတ်ဘူး။ အကြောင်းကတော့ အကျင့်ပျက်ခြစားမှုနဲ့ စိတ်ပျက်စရာ အဖြစ်အပျက်တွေ ပေါ်ထွက်လာပြီး ကမ္ဘာက ဒါတွေကို သိသွားမှာစိုးလို့ဖြစ်ပါတယ်။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၁၇]

သမ္မတဦးသိန်းစိန်လက်ထက်တွင် မြန်မာနိုင်ငံက နှစ်ပေါင်းများစွာတိုင်အောင် သဘာဝအရင်းအမြစ်များနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် လျှို့ဝှက်ထားမှုအား ကိုင်တွယ်မည်ဟု ကတိပေးခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာနိုင်ငံသည် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းတူးဖော်ရေး ကဏ္ဍများအပေါ် လွှမ်းမိုးနေသော တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံစံနှုန်းတစ်ခုဖြစ်သည့် သဘာဝ သယံဇာတ အရင်းအမြစ်များ ထုတ်ယူမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် (EITI) ၏ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။[၁၈]

EITI က သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသည့်လုပ်ငန်းနှင့် သက်ဆိုင်သော အချက်အလက်များ ထုတ်ပြန်ရေးအတွက် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ချပြခဲ့သည်။ ဤအချက်များတွင်- ထုတ်လုပ်မှု ပမာဏ၊ လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်သော အချက်အလက်၊ လုပ်ပိုင်ခွင့် သဘောတူညီချက်လိုင်စင်နှင့် စာချုပ်ပါ စည်းကမ်းချက်များ၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်း တူးဖော်ရေး စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသည့်၊ လုပ်ငန်းလုပ်ကိုင်သည့် သို့မဟုတ် လေလံဆွဲသည့် ကုမ္ပဏီများ၏ နောက်ကွယ်ရှိ ပုဂ္ဂိုလ်များ မည်သူမည်ဝါဖြစ်သည်ဟူသော အထောက်အထားများ၊ ထိုကုမ္ပဏီများမှ အစိုးရထံ ပေးသွင်းသော ငွေပမာဏ (နိုင်ငံပိုင် လုပ်ငန်းများအပါအဝင်)၊ ထိုကုမ္ပဏီများထံမှ အစိုးရက လက်ခံရရှိမှု ပမာဏ တို့ ပါဝင်သည်။[၁၉] သဘာဝသယံဇာတများကို ချုပ်ကိုင်နေမှုနှင့် ဆက်စပ်သော ပြဿနာများနှင့် ပတ်သက်၍ အရပ်ဖက်အဖွဲ့အစည်းများအား ၎င်းတို့သဘောထားအမြင်များအား လွတ်လပ်စွာထုတ်ဖော်ခွင့်ရရန် လိုအပ်ကြောင်းကိုလည်း EITI က ထောက်ပြခဲ့သည်။[၂၀]

*"EITI လို အကန့်အသတ်နဲ့သာ ရှိတဲ့ အကာအကွယ်ပေးရေး နည်းလမ်းတွေ မှန်မှန်ကန်ကန်ဖြစ်လာဖို့အတွက် လူပ်ရှားဆောင်ရွက်မှုတွေနဲ့ သတင်းအချက်အလက်တွေ ထုတ်ပြန်တဲ့အခါ လွတ်လပ်မှု ရှိရပါမယ်။ စစ်တပ်၊ ရဲနဲ့ အစိုးရအရာရှိတွေလိုမျိုး ဗဟိုအာဏာပိုင်အဖွဲ့တွေက မီဒီယာ၊ CSO နဲ့ ဒေသခံပြည်သူတွေကို နှောင့်ယှက်တာ၊ ခြိမ်းခြောက်တာတွေ ရှိတဲ့အတွက် ဒီလို လွတ်လပ်မှုဆိုတာကို လက်ရှိမှာတော့ အာမခံလို့ မရပါဘူး။"*

KDNG / ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒအကြောင်း ဆွေးနွေးချက် စာတမ်း

သက်ဆိုင်ရာ အစိုးရ၏ ကတိပြုလုပ်ဆောင်သည့် အဆင့်အပေါ် မူတည်၍ EITI ၏ သက်ရောက်မှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီဘဲ ကွဲပြားသည်။ ဥပမာ- လိုက်ဘေးရီးယားအစိုးရသည် နိုင်ငံတော် ဥပဒေများတွင် EITI ၏ ပြဋ္ဌာန်းချက်များကို ပေါင်းစပ်ထည့်သွင်းရုံသာမက အကျင့်ပျက် ခြစားမှုကို တိုက်ဖျက်သော ထပ်ဆောင်းလုပ်ဆောင်မှုများကိုလည်း ဆောင်ရွက်သည်။[၂၁] ဆန့်ကျင်ဘက်အားဖြင့် အဇာဘိုင်ဂျန်တွင် EITI ၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မအောင်မြင်ခဲ့ဘဲ နိုင်ငံ၏ ရေနံလုပ်ငန်းတွင် အကျင့်ပျက် ခြစားမှုများကို ကိုင်တွယ် ဖြေရှင်းနိုင်ခြင်းမရှိခဲ့ပေ၊ အစိုးရအရာရှိများနှင့် သယံဇာတများ ထုတ်ယူသုံးစွဲသည့် ကုမ္ပဏီများအား တာဝန်ခံစေရန် လုပ်ဆောင်သည့် အရပ်ဖက်အဖွဲ့ကအစည်းများ၏ စွမ်းဆောင်ရည်အပေါ် အရပ်ဖက်အဖွဲ့ကအစည်းများ ကန့်သတ်ချက်များကို ပြဋ္ဌာန်းခဲ့သည်။[၂၂]

အချို့သော မြန်မာအစိုးရ အရာရှိများက ပို၍ ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် မိမိတို့၏ ကတိပေးထားမှုကို အမှန်တကယ် ပြသလုပ်ဆောင်လျက်ရှိသည်။ ဤအစီရင်ခံစာအတွက် သုတေသနပြုလုပ်နေစဉ်အတွင်း သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးနှင့် နိုင်ငံပိုင် လုပ်ငန်းဖြစ်သော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(MGE) တို့သည် အကူအညီများပေးခဲ့ပြီး Global Witness ထံ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များ ပံ့ပိုးပေးခဲ့သည်။ ကုမ္ပဏီများအကြားတွင်လည်း EITI အား ပို၍ သတိမူမိလာကြသည်။ အခန်း ၂ တွင်ဖော်ပြထားသော ကျောက်စိမ်းလုပ်ငန်းမှ အထင်ကရ အုပ်စုနှစ်ခုဖြစ်သော ထူးအုပ်စုနှင့် ပတ္တမြားနဂါးအုပ်စုတို့သည် ၎င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ Global Witness ထံ အချက်အလက်များ ထုတ်ပြန်ပြောကြားပေးပြီး ဖြစ်သည်။[၂၃]

၎င်းသည် အလားအလာကောင်းသော ခြေလှမ်းဖြစ်သော်လည်း တကယ့် စမ်းသပ်မှုမှာ လာမည့် လအနည်းအတွင်း ထုတ်ပြန်ရမည်ဖြစ်သော မြန်မာနိုင်ငံ၏ ပထမဆုံး EITI အစီရင်ခံစာပင်ဖြစ်သည်။ ထိုအစီရင်ခံစာတွင် ဒေသခံပြည်သူများ သိရှိအောင် ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်သည့် အတိုင်းအတာသည် မြန်မာနိုင်ငံအနေဖြင့် EITI အား ပေးထားသော အများယုံကြည်နိုင်သည့် ပြုပြင်ပြောင်းလဲမှုလုပ်မည်ဟူသည့် ကတိကို ထိန်းခြင်းလော၊ ဗလာသက်သက် ကတိစကားပင် ဖြစ်သလောဆိုသည်ကို မှတ်ချက်ပေးနိုင်မည်ဖြစ်သည်။[၂၄]

## ကျောက်စိမ်း အမြတ်ဝေစုများ ခွဲဝေယူနေခြင်း

မြန်မာနိုင်ငံတွင် ကျောက်စိမ်းထွက်ရှိရာနေရာများသည် အစိုးရအနေဖြင့် စီမံခန့်ခွဲရန် သို့မဟုတ် ထိန်းသိမ်းရန်မဖြစ်နိုင်သည့် ပဋိပက္ခဖြစ်နေသော နေရာများ ဖြစ်နေပေသည်။ ပဋိပက္ခ အစိတ်အပိုင်းသည် (အခန်း ၄ ကိုကြည့်ပါ) ဤအပိုင်းတွင် ပါဝင်မှုရှိသော်လည်း - အခြားအပိုင်းများတွင်မူ ယင်းနှင့် သက်ဆိုင်ခြင်း မရှိပါ။ လက်တွေ့တွင် နေပြည်တော်ရှိ အာဏာပိုင်များသည် ဖားကန့်ဒေသရှိ အဓိကကျောက်စိမ်းတွင်းများကို ကြိုးကိုင် ခြယ်လှယ်နေကြသည်။ အဖိုးတန်သည့်အပိုင်းကို မည်သူက လုပ်ပိုင်ခွင့်ရရှိမည်၊ မည်သို့သော အချက်များပေါ်တွင် အခြေခံသည် ဆိုသည်ကို ၎င်းတို့က ဆုံးဖြတ်သည်။

Global Witness မှ စုစည်းရယူထားသော အထောက်အထားများအရ လိုင်စင်ချထားပေးရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် မိမိမည်သူမည်ဝါဖြစ်သည်ကို ဖုံးကွယ်ရန် အမည်မသိ ကုမ္ပဏီများ၊ ကြားခံကုမ္ပဏီများစွာကို အသုံးပြုနေသည့် စစ်တပ် နှင့် ပူးပေါင်းဆောင်ရွက်သော၊ သို့မဟုတ် ဆက်နွှယ်နေသော အင်အားကြီးမားသည့် ရေပေါ်ဆီလူတန်းစားထဲမှ တစ်ဦးကို အထူးမျက်နှာသာပေးဆောင်ရွက်ကြောင်း ထင်ထင်ရှားရှား ညွှန်ပြနေသည်။ ကချင်ပြည်နယ်ရှိ အချို့ဒေသများကို ထိန်းချုပ်မရနိုင်သဖြင့် ကျောက်စိမ်းလုပ်ငန်းအား EITI ကဲ့သို့ ပွင့်လင်းမြင်သာမှုရှိရှိ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ဖြစ်နိုင်ချေမရှိဟူသော စိတ်ကူးကို ဤအချက်ကြောင့် လျှို့ဝှက်စွာ၊မှုတမှုကင်းမဲ့စွာနှင့် ၎င်းတို့တွက် ငွေကြေးအမြောက်အမြားရှာပေးလျက် ရှိရင်းစွဲအခြေအနေ အတိုင်း ဆက်လက်ရှိနေသည်။

## ကျောက်စိမ်းလုပ်ငန်းလိုင်စင်များ ချပေးခြင်း - တရားဝင်စာရင်း

သတ္တုတွင်း တူးဖော်ရေး ဝန်ကြီးဌာန ကျောက်စိမ်းဌာနခွဲ MGE ၏ စာရင်းအရ ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်နေသော ဧရိယာသည် ၃၅၀၀၀ ဧကခန့်ရှိသော်လည်း ထိုနေရာအားလုံးကို တူးဖော်နေခြင်း ရှိပုံမပေါ်ပေ။[၂၅] ကျောက်စိမ်း၏ တန်ဖိုးသည် ကျောက်စိမ်း အဆင့်နှင့် အမျိုးအစားပေါ်တွင် မူတည်ပြီး ဖက်ရှင်ပြောင်းလဲလာမှု၊ ကျောက်စိမ်းအရောင်အသွေးမျိုးစုံနှင့် အမျိုးအစားပေါင်းမျိုးစုံအပေါ် ဝယ်လိုအားတို့ပေါ် မူတည်သည်။[၂၆] မော်ဆီဇာ၊ ကောင်းစံ၊ ကရင်ချောင်း၊ နမ့်မော်နှင့် ဂွီခါးကဲ့သို့ နေရာများသည် အဖိုးအတန်ဆုံး ကျောက်စိမ်းများရှိသည့် နေရာများဖြစ်ပြီး ထိုနေရာများတွင် ကျောက်စိမ်းကို အထူးရှာဖွေ တူးဖော်လေ့ရှိသည်။[၂၇]

လုပ်ကွက်ချထားပေးသည့် နေရာများသည် သတ္တုတွင်းဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် မိုင်းတွင်းများ သို့မဟုတ် သတ္တုတွင်း ဝန်ကြီးဌာနထံမှ ခွင့်ပြုချက် ရယူထားသူများမှ ရှာဖွေထားသော မိုင်းတွင်းများဖြစ်သည်။[၂၈] ပြည်သူတို့သိရှိသော မိုင်းတွင်းများအတွက် အစိုးရသည် သတင်းစာများထဲတွင် တင်ဒါခေါ်ယူလေ့ရှိပြီး စိတ်ဝင်စားသည့် ကုမ္ပဏီများက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် မှတ်ပုံတင်ရသည်။[၂၉] ထို့နောက် MGE ရှိ မြေပုံများကို လေ့လာရန် အချိန်တစ်လ ရပြီး တင်ဒါမတင်မီ လုပ်ကိုင်မည့်နေရာထံ သွားကြည့်ခွင့်ရှိသည်။[၃၀] မိုင်းတွင်းအသစ်ကို ရှာဖွေတွေ့ရှိပါက ထိုနေရာကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး MGE က လျှောက်ထားသူထံ ထိုနေရာကို လုပ်ပိုင်ခွင့်ပေးမည်ဟု ဆုံးဖြတ်လျှင် လက်မှတ်ထိုးခ အပိုကြေးကို ထပ်ပေးရလိမ့်မည်။[၃၁] လိုင်စင်ကို ၃ နှစ် သို့မဟုတ် ၅ နှစ်တာ ကာလအတွက် ချထားပေးခြင်းဖြစ်ပြီး ၁၀ နှစ်အထိ သက်တမ်းတိုးပိုင်ခွင့် ရှိသည်။[၃၂]

ကုမ္ပဏီများသည် ကျောက်စိမ်းလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်ကို ပုံစံ သုံးမျိုးဖြင့် ရရှိနိုင်သည် -

- 'အကျိုးတူ' လုပ်ကိုင်ခြင်းစနစ်အောက်တွင် ရရှိလာသည့် အကျိုးအမြတ်များကို သတ္တုတွင်းဝန်ကြီးဌာန၊ နိုင်ငံပိုင်လုပ်ငန်းဖြစ်သော MGE နှင့် မျှဝေယူခြင်း။ ပုဂ္ဂလိကကုမ္ပဏီများက အခွန်ဆောင်ပြီး ရရှိသည့်ငွေပမာဏ၏ ၆၀% ကို ရယူပြီး အစိုးရက ၄၀% ကို ရယူသည်။[၃၃] အကျိုးတူ လိုင်စင်ကို ရယူသည့်အခါ အကျိုးကျေးဇူးများစွာ ရှိပေသည်။ ကျောက်စိမ်းလုပ်ကွက်များ နယ်ပယ်ပိုမို၍ ရယူနိုင်ခြင်း (၅၀ ဧကအထိ)၊ လိုင်စင်သက်တမ်း ပိုကြာရှည်ခြင်းနှင့် 'ပုဂ္ဂလိက' လိုင်စင်များထက် သက်တမ်းတိုးရာတွင် ပိုမို လွယ်ကူခြင်းတို့ ဖြစ်သည်။ လုပ်ငန်းပိုင်းမှ ကိုယ်စားလှယ်တစ်ဦး ပြောပြချက်အရ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများသည် လိုင်စင်ကြေး ပေးဆောင်ရန် မလိုအပ်ပေ။[၃၄] သို့သော် ပုဂ္ဂလိက လုပ်ငန်းဖက်ကုမ္ပဏီများက ကျောက်စိမ်းတူးဖော်ခြင်းနှင့် ကုန်ကျစရိတ်များကို တာဝန်အလုံးစုံယူကာ ဆောင်ရွက်ရသည်။[၃၅]

- ရောင်းချမှုအပေါ် အခွန်ထမ်းဆောင်ပြီး ကျန်ရှိသည့်ဝင်ငွေအားလုံးကို ကုမ္ပဏီများက ရယူနိုင်သည့် ပုဂ္ဂလိက သဘောတူညီချက်များ။ 'ပုဂ္ဂလိက' ပါမစ် လုပ်ကိုင်ခွင့်များအတွက် တစ်ဧကသာရှိသော လုပ်ကွက်များ ချပေးကြပြီး ၎င်းတို့သည် 'ရွေးချယ်သတ်မှတ်ထားသော ' သို့မဟုတ် 'ရှာဖွေ ရယူနိုင်သော' လိုင်စင်များ ဖြစ်နိုင်သည်။ ကုမ္ပဏီတစ်ခုလျှင် ဧက ၅၀ အထိ ကန့်သတ် လုပ်ပိုင်ခွင့် ရှိပြီး ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီ လိုင်စင်ပေါင်းများစွာကို လျှောက်ထားနိုင်သည်။[၃၆] သို့သော် လူတစ်ဦးတည်းက ကုမ္ပဏီများစွာ တည်ထောင်ခြင်းကို ကန့်သတ်ထားမှု ရှိပုံ မရပါ။

- မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) ကဲ့သို့ စစ်တပ်ကုမ္ပဏီများနှင့် တွဲဖက်လုပ်ကိုင်ခြင်း။ ယင်းလုပ်ငန်းပုံစံများကို 'ပုဂ္ဂလိက' လိုင်စင်များအဖြစ် သတ်မှတ်ထားသော်လည်း ရရှိသည့်ဝင်ငွေများကို ပုဂ္ဂလိက လုပ်ငန်းဖက်နှင့် စစ်တပ်ကုမ္ပဏီတို့က မျှဝေယူကြသည်။ မျှဝေယူသည့် ရှယ်ယာပမာဏကို လျှို့ဝှက်ထားရှိသော်လည်း လုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်သူများပြောပြချက်အရ စစ်တပ်ကုမ္ပဏီသည် အများအားဖြင့် အခွန်ဆောင်ပြီး ပမာဏ၏ ၄၀ ရာခိုင်နှုန်းယူလေ့ရှိသည်ဟု သိရသည်။[၃၇] စစ်တပ်ကုမ္ပဏီနှင့် ၎င်း၏ လုပ်ငန်းဖက်များ အကြား ထူးခြားသည့် ဆက်ဆံရေးမရှိကြောင်း MGE နှင့် MEHL က ငြင်းဆိုထားသည်။[၃၈]

သို့သော် လုပ်ငန်းတွင်း သတင်းရင်းမြစ်ပေါင်းများစွာထံမှရရှိသော စာရင်းများအရ စစ်တပ်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းများသည် အကျိုးတူပူးပေါင်းရယူသည့် စနစ်ကို ကျင့်သုံးကြောင်း ညွှန်ပြထားသည်။[၄၉]

MGE ၏အဆိုအရ 'ဖော်ထုတ်' လုပ်ကွက်တစ်ခုအတွက် လေလံဆွဲရသည့် အနည်းဆုံး ပမာဏမှာ ၅၀၀,၀၀၀ ကျပ် (အကြမ်းအားဖြင့် အမေရိကန်ဒေါ်လာ ၅၀၀) ဖြစ်ပြီး "သတ်မှတ်" လုပ်ကွက်တစ်ခုအတွက် အနည်းဆုံး ကျပ် ၁၀ သိန်း (အမေရိကန်ဒေါ်လာ ၁၀၀၀ခန့်) ရှိသည်။[၅၀] သို့သော် လေလံဆွဲရသည့် ပမာဏသည် သိန်း ၅၀၀ အထိ (အမေရိကန်ဒေါ်လာ ၅၀,၀၀၀) စျေးတက်သွားနိုင်သည်။[၅၁] လိုင်စင်များကို လက်ပြောင်းလက်လွှဲလုပ်ခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ထားသည်၊ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် ကျောက်စိမ်းတွင်းတစ်ခုကို စွန့်လွှတ်လိုပါက ထိုလုပ်ကွက်ကို အခြားအဖွဲ့ထံ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချရမည့်အစား သတ္တုတွင်း ဝန်ကြီးဌာနထံ ပြန်လည်အပ်နှံရမည် ဖြစ်သည်။[၅၂]

ကျောက်စိမ်းလုပ်ငန်းအတွက် လိုင်စင်ချထားပေးရေးကို သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အုပ်ချုပ် မှု ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားသည့် ကော်မတီမှ ဆုံးဖြတ်ပြီး ချိတ်ပိတ်ထားသော လေလံဆွဲသည့် စာရွက်များနှင့် လေလံဆွဲသူ၏ နောက်ကြောင်းရာဇဝင်တို့ကို ပြန်သုံးသပ်ပြီးမှ ပေးလေ့ရှိသည်။[၅၃] ထိုဆုံးဖြတ်ချက်ကို သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး၊ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်း ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သော ဝန်ကြီးဌာနပေါင်းစုံ ပါဝင်သည့် "ဦးဆောင်" ကော်မတီမှ အတည်ပြုသည်။[၅၄] ယခင်က လုံးဝ ထုတ်ပြန်ခြင်းမရှိဘဲ မည်သည့်ကုမ္ပဏီများက ဖားကန့်ဒေသရှိ အဓိက ကျောက်စိမ်းလုပ်ကွက်များတွင် လုပ်ကိုင်ရန် တရားဝင်လိုင်စင်များ ရယူထားသည်ကို ပြသသော မြေပုံကို အောက်ပါ စာမျက်နှာများတွင် ကြည့်ရှုနိုင်ပါသည်။

## ဂွီခါး (ဂေခါး) ဒေသရှိ ကျောက်စိမ်းတူးဖော်ခွင့်ရနေရာများ




**မှတ်ချက်** - ဤမြေပုံနှင့် နောက်ဆက်တွဲ မြေပုံနှစ်ပုံတွင် DICA တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏ အမည်များအတိုင်း အမည်များကို တတ်နိုင်သမျှ ရေးသားထားပါသည်။ မည်သည့်ကုမ္ပဏီများဖြစ်သည်ကို ပို၍ အလွယ်တကူ ကြည့်ရှုနိုင်ရန် ရေမှန်နှင့် အင်္ဂလိပ်စာလုံးဖြင့် မှတ်တမ်းများလည်း ဖြစ်ပါသည်။ အမည်များကို ရေးသားရာတွင် စာလုံးပေါင်းအားဖြင့် ကိုက်ညီမှုမရှိသည့် အခါမျိုးလည်း ရှိပါမည်။

## ဖားကန့်၏ လုံးခင်းဒေသရှိ ကျောက်စိမ်းတူးဖော်ခွင့်ရနေရာများ



## ဖားကန့်မြို့ပတ်ဝန်းကျင်ရှိ ကျောက်စိမ်းတူးဖော်ခွင့်ရနေရာများ



## ခေါင်းဆောင်ပိုင်းများနှင့် လာဘ်ပေးလာဘ်ယူမှုများ - သင့်ကိုယ်ပိုင် ကျောက်စိမ်းတွင်းကို ဘယ်လို ရယူနိုင်သလဲ

ကျောက်စိမ်းလုပ်ငန်းထဲရှိ အထင်ကရ လုပ်ကိုင်သူများနှင့် Global Witenss တို့ တွေ့ဆုံမေးမြန်းချက်အရ လူကြိုက်များသည့် မော်များအတွက် လုပ်ပိုင်ခွင့်ရရှိရေး သေချာစေရန် ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်မှု လိုအပ်သည့်အပြင် လာဘ်ပေးလာဘ်ယူ ပြုလုပ်ရန်လည်း လိုအပ်ကြောင်း သိရှိရသည်။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးသည် ခွဲတမ်းချဝေပေးသည့် ကော်မတီတွင် အခရာတစ်ဦးအဖြစ် ပါဝင်ပြီး ၎င်းထက် အဆင့်မြင့်သော နိုင်ငံရေးပိုင်းမှ အရာရှိတစ်ဦးလည်း ပါဝင်နေကာ ထိုသူသည် ဆုံးဖြတ်ချက်ကို အဓိက ချမှတ်သူဖြစ်ကြောင်း အရာရှိဟောင်းတစ်ဦးက ရှင်းပြခဲ့သည်။[၄၅]

လုပ်ကွက်ချထားပေးသည့် စနစ်သည် အင်အားကြီးမားသည့် ရေပေါ်ဆီလူပုဂ္ဂိုလ်တစ်ဦးအပေါ် မည်သို့ မျက်နှာသာပေးနေသည်ကို လုပ်ငန်းတွင်းမှ ရင်းမြစ်ပေါင်းများစွာက ဖော်ပြထားသည်။ လိုင်စင်များ ချထားပေးသည့် နည်းလမ်းနှင့်ပတ်သက်၍ သတ်သတ်မှတ်မှတ် မူဝါဒများ မရှိဘဲ လေလံဆွဲသည့် ကုမ္ပဏီတွင် စစ်တပ်ပိုင်းမှ အရာရှိကြီးတစ်ဦး ပါဝင်ပါက ထိုကုမ္ပဏီသည် လေလံအောင်မည့် ရာခိုင်နှုန်း ၉၀% ရှိကြောင်း လုပ်ငန်းရှင်တစ်ဦးက ရှင်းပြထားသည်။[၄၆] အရည်အသွေးမြင့် ကျောက်စိမ်းတွင်းများသည် အဆင့်မြင့် အရာရှိများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အခြား ဆွေမျိုးများအပြင် အဆက်အသွယ်ကောင်းသည့် လုပ်ငန်းရှင်များအတွက် ဖြစ်ပြီး အရည်အသွေးနိမ့် ကျောက်စိမ်းတုံးများထွက်ရှိသည့် မော်များသည် အဆက်အသွယ်မကောင်းသည့် သာမန်လုပ်ငန်းရှင်များအတွက် ဖြစ်သည်ကိုလည်း ဒုတိယလုပ်ငန်းရှင်တစ်ဦးက ရှင်းပြထားပေးသည်။[၄၇] အဆက်အသွယ်မကောင်းသည့် ကုမ္ပဏီများသည် လိုင်စင်လျှောက်ထားနိုင်သော်လည်း အရည်အသွေးနိမ့် ကျောက်စိမ်းများထွက်ရှိသည့် မော်များကိုသာ ရရှိရန် သေချာကြောင်း လုပ်ငန်းပိုင်းမှ အခြား လုပ်ငန်းရှင်တစ်ဦးကလည်း အတည်ပြု ပြောကြားထားသည်။[၄၈]

*"ခေါင်းဆောင်ပိုင်းက လူတစ်ဦး ပါဝင်နေရင် သေချာတယ်၊ သူတို့ [လုပ်ပိုင်ခွင့်] တွေ ရလိမ့်မယ်။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၄၉]

*"အစိုးရနဲ့ အဆက်အသွယ် မရှိရင် ကျောက်စိမ်းတူးဖို့ လိုင်စင်လည်း ရမှာမဟုတ်ဘူး။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၅၀]

*"အရည်အသွေးမြင့်တဲ့ ကျောက်စိမ်းတွေအကုန်လုံးကို ဗိုလ်ချုပ်ကြီးတွေရဲ့ မိသားစုတွေ ပိုင်တာလေ။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၅၁]

*"အစိုးရအဖွဲ့ ဝန်ကြီးတိုင်းက ကျောက်စိမ်းလုပ်ငန်းနဲ့ ပတ်သက်နေတယ် - ဒါတွေနဲ့ သူတို့ ဝင်ငွေတွေ သောက်သောက်လဲ ရနေတာလေ၊ သူတို့ကိုယ်တိုင်တော့ ဖားကန့်ကိုတောင် မရောက်ဖူးဘူး။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၅၂]

ခရိုနီသူဌေးတစ်ဦးက ဝန်ကြီးတစ်ယောက်ကို ချဉ်းကပ်ပြီး "အဘ၊ ကျောက်စိမ်းတူးဖို့ ဖားကန့်မှာရှိတဲ့ ဒီနေရာကို ကျွန်တော် တစ်ကယ်ကို လိုအပ်ပါတယ်။ ဘယ်လောက်ပဲ ကုန်ကုန် ကျွန်တော် ပေးပါ့မယ်" ဟုသာ ပြောရုံပင်ဟု လုပ်ငန်းရှင်တစ်ဦးကလည်း လုပ်ရိုးလုပ်စဉ် ပုံစံတစ်ခုအကြောင်း ပြောပြသည်။ ထို့နောက် ထိုဝန်ကြီးက လိုင်စင်ရအောင် သေချာလုပ်ပေးပြီး ရရှိသည့် အမြတ်ထဲမှ ပြန်လည် ရယူသည်။[၅၃]

အကျိုးတူနှင့် စစ်တပ်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ခြင်း နှစ်မျိုးစလုံးအတွက် ကျောက်စိမ်းလုပ်ငန်းပိုင်းမှ လုပ်ငန်းရှင်များက ဝေဖန်နေကြပြီး စစ်တပ်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်နေသူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို နောက်လာမည့် အခန်းတွင် ဖော်ပြထားပါသည်။ ကာလကြာရှည်စွာ အကျိုးတူအဖြစ် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်တစ်ဦးကလည်း-

*"အကျိုးတူကုမ္ပဏီအားလုံးက ယူနီဖောင်းဝတ်ထားတဲ့ စစ်တပ်က အရာရှိအားလုံးနဲ့ ဆက်စပ်နေပါတယ်... လက်တွေ့ကတော့ [အကျိုးတူ] ဆိုတာ နိုင်ငံကို အုပ်ချုပ်နေတဲ့ မိသားစုတွေနဲ့ ဆက်စပ်နေတဲ့ လူတိုင်းအတွက် တံခါးဖွင့်ပေးထားတာပါ။ ပိုက်ဆံရှိရင်တောင် အချိတ်အဆက် မရှိဘဲနဲ့ ဖားကန့်က ကျောက်စိမ်းလုပ်ငန်းထဲကို တိုးလို့ မရပါဘူး။"*[၅၄]

ပါဝင်ပတ်သက်တဲ့သူတွေကလည်း ပြင်ပက စေ့စေ့စပ်စပ် လာစစ်တာတွေ မကြိုက်ပါဘူး၊[၅၅] ၎င်းတို့က "ပွင့်လင်းမြင်သာမှုကို ကြောက်သည်"။ စစ်တပ်မိသားစုနှင့် ချိတ်ဆက်နေသည်ဟု ကျောက်စိမ်းကုမ္ပဏီတစ်ခုကို သိရှိသွားပါက ထိုသူ၏ အမည်ကို ကုမ္ပဏီထဲမှ ဖယ်ရှားလိုက်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးကလည်း ရှင်းပြခဲ့သည်။[၅၆] ယေဘုယျအားဖြင့် ဆိုရသော် အခြားလုပ်ငန်းကိုယ်စားလှယ်တစ်ဦးက-

*"လူသိများလာမှာကို ကုမ္ပဏီတွေက ကြောက်ကြပါတယ် - အစိုးရက သူတို့ကို ပိုပြီး အာရုံစိုက်လာပြီး KIO ကလည်း သူတို့ကို ပစ်မှတ်ထားလာလိမ့်မယ်။ ဒါကြောင့် [သူတို့] ကိုယ်သူတို့ ဖုံးကွယ်ဖို့အတွက် လုပ်ငန်းကိစ္စရပ်တွေကို ကုမ္ပဏီ ငယ်လေးတွေအဖြစ် ခွဲပြီး လုပ်တဲ့ နည်းဗျူဟာကို ကျင့်သုံးပါတယ်။"*[၅၇]

ထိုဖော်ပြချက်ကို အခြားလုပ်ငန်းရှင်တစ်ဦးကလည်း ဖြည့်စွက်ပြောပြခဲ့သည်မှာ ကုမ္ပဏီအများစုသည် ၎င်းတို့၏ ဇနီး၊သားသမီးတို့၏ အမည်များဖြင့် "ကုမ္ပဏီခွဲများ" ကို တည်ထောင်ထားကြပြီး ဧကပေါင်းများစွာကို ကုမ္ပဏီကြီးတစ်ခုထဲ (သို့) တစ်ဦးတစ်ယောက်ထဲမှ ကိုင်ဆောင်ထားခြင်းဖြစ်ကြောင်း သိသာထင်ရှားလာခြင်းကို ရှောင်ကြဉ်ကြသည်ဟု ဆိုသည်။[၅၈]

အကျိုးဆက်အဖြစ် အမှန်တကယ် လုပ်ကိုင်နေသည်မှာ ကုမ္ပဏီကြီးပေါင်း ၁၀၀ ခန့် ရှိသော်လည်း (ခွင့်ပြုပေးထားသည်မှာ ၉၃၇ ဦး) ၎င်းတို့ကို ပိုင်ရှင် ၁၀ ဦး၊ ၁၅ ဦးခန့်ကသာ ထိန်းချုပ်နေကြောင်း လုပ်ငန်းရင်းမြစ်များက ခန့်မှန်းပြောကြားထားသည်။ မော်များသည် ထိပ်တန်း နာမည်ကြီးပုဂ္ဂိုလ်အနည်းငယ်၏ ထိန်းချုပ်မှု အောက်တွင် ရှိသည်။[၅၉]

## ကျောက်စိမ်းလုပ်ငန်းအတွက် လာဘ်ထိုးခြင်း - လက်တွေ့ အကျင့်ပျက် ခြစားမှုများ

*"ရာထူးကြီးတဲ့ အရာရှိတွေနဲ့ သွားတွေ့ရင် လက်ချည်းဗလာ မသွားနဲ့။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၆၀]

လိုင်စင်များရယူရန် ပုံမှန် ပေးရလေ့ရှိသော လာဘ်ထိုးသည့်စနစ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လုပ်ငန်းထဲမှ ကိုယ်စားလှယ်များက ဖော်ပြပေးသည်။ အထူးသဖြင့် အလွန်တန်ဖိုးရှိသည့် ကျောက်စိမ်းတူးဖော်ခွင့်အတွက် ဖြစ်သည်။[၆၁] အောက်ပါတို့ အပါအဝင် ပုံစံမျိုးစုံကို ၎င်းတို့က ဖော်ပြထားပါသည်-

- လိုင်စင်လိုချင်လျှင် ပေးရန်လိုအပ်သည့် တံဆိုးလာဘ်ဆောင် အမျိုးအစားမျိုးစုံရှိသည်-
  - ပထမအနေဖြင့် ကျောက်မျက် ဥပဒေများနှင့်အညီ မြေတိုင်းရန် လာဘ်ထိုးရသည်။
  - ဒုတိယအချက်အနေဖြင့် ပို၍ ထူးခြားကောင်းမွန်သည့် လုပ်ကွက်ရရှိရေးအတွက် ကျောက်စိမ်းဌာနအပါအဝင် မြို့နယ်အရာရှိများကို လာဘ်ထိုးရန် လိုအပ်သည်။
  - တတိယအချက်အနေဖြင့် တပ်မတော်၏ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး (ကချင်ပြည်နယ်ရှိ အကြီးဆုံး စစ်ဗိုလ်ချုပ်)၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ရှိ အရာရှိများအား လာဘ်ထိုးရန် လိုအပ်သည်။[၆၂]

*"ကုမ္ပဏီအားလုံးက ခေါင်းဆောင်ပိုင်းက အရာရှိကြီး တစ်ယောက်၊ နှစ်ယောက်လောက်တော့ လိုတယ်"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၆၃]

- လူတိုင်းမျက်စိကျနေသည့် လုပ်ကွက်အတွက် လုပ်ပိုင်ခွင့်လိုအပ်ပါက အင်အားကြီးမားသော ပုဂ္ဂိုလ်များနှင့် မိသားစုချင်း ဆက်နွယ်မှု သို့မဟုတ် မိတ်ဆွေကဲ့သို့ ရင်းနှီးမှုရှိရန် လိုအပ်သည်။ ထိုကဲ့သို့ ချိတ်ဆက်မှုရှိပါက စရံငွေအဖြစ် ထားရှိရမည့် ငွေပမာဏလည်း လျော့ကျသွားစေနိုင်သည်။[၆၄]
- ဥပမာ သင်သည် မူးယစ်ရာဇာတစ်ဦးဖြစ်ပါက ကျောက်စိမ်းတွင်းလုပ်ကွက် ရရှိရေးအတွက် စစ်တပ်မှ ဗိုလ်ချုပ်၏ အကူအညီကို ရယူပြီး ၎င်းထံ လာဘ်ထိုးငွေကို ကမ်းလှမ်းနိုင်သည်။ လိုင်စင်ကျလာပါက ဤဗိုလ်ချုပ် သို့မဟုတ် သူ၏ မိသားစုဝင်တစ်ဦးဦးသည် လုပ်ငန်းဆောင်ရွက်ရန် တည်ထောင်ထားသော သတ္တုတွင်းတူးဖော်ရေးကုမ္ပဏီတွင် ရှယ်ယာတစ်စုကို ရရှိလိမ့်မည်။[၆၅]
- 'ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်' မပါသော ကုမ္ပဏီဖြစ်လျှင် ခေါင်းဆောင်ပိုင်းနှင့် ချိတ်ဆက်မှုများရှိသော ပွဲစားရှိသည့် ကုမ္ပဏီကို ချဉ်းကပ်နိုင်သည်။ ဤသို့သော ကိစ္စရပ်မျိုးတွင် ချိတ်ဆက်ပေးသည့်ကုမ္ပဏီကို ၎င်း၏ အမည်ဖြင့် လိုင်စင်လျှောက်ရန် ကမ်းလှမ်းနိုင်ပြီး သင့်အား ထိုလိုင်စင်ကို လုပ်ပိုင်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။ "ပွဲစားအဖြစ်" ဆောင်ရွက်ပေးသည့် ကုမ္ပဏီအချို့သည် ဖားကန့်သို့ လုံးဝ မရောက်ဖူးကြပေ၊ [လိုင်စင်ရရှိရန်သာ] ကုမ္ပဏီအမည်ကို အသုံးပြုခြင်းဖြစ်သည်။[၆၆]
- သင်သည် သတ်မှတ် ကျောက်စိမ်းတွင်းကို ထိန်းချုပ်လိုသည့် ဗိုလ်ချုပ်တစ်ဦး၏ သားဖြစ်ပါက ကုမ္ပဏီကြီးတစ်ခုခုနှင့်အတူ အပေါင်းအဖွဲ့လုပ်နိုင်သည်။ အမည်သစ်တစ်ခုဖြင့် ကုမ္ပဏီအသစ်ကို သင့်အတွက် ၎င်းတို့က ဖန်တီးပေးနိုင်ပြီး သင်နှင့်အတူ ပိုင်ဆိုင်မှုကို မျှဝေမည်ဖြစ်သည်။ ဤကုမ္ပဏီကြီးများသည် အခြားဗိုလ်ချုပ်ကြီးများ၏ သားများအတွက်လည်း အလားတူ ထပ်လုပ်ပေးနိုင်သည်။[၆၇]

## ကျောက်စိမ်းလုပ်ငန်း လုပ်ကိုင်နေကြပုံ - အခွန် ရှောင်ခြင်း ငွေကြေး ခဝါချခြင်း ဈေးကစားခြင်း ဈေးလျှော့ရောင်းခြင်းနှင့် မှောင်ခို ရောင်းချခြင်း

စာရွက်ပေါ်တွင်မူ မြန်မာနိုင်ငံရှိ ကျောက်စိမ်းများ ကူးသန်းရောင်းဝယ်မှုအတွက် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ ရှိသည်။ ကချင်ပြည်နယ်တွင် ကျောက်စိမ်းတုံးများကို တူးဖော်ရရှိသည့်အခါ ၎င်းတို့ကို တရားဝင်မှတ်တမ်းတင်ရန်နှင့် တန်ဖိုးဖြတ်ရန်လိုအပ်ပြီး ၂၀% ကို အခွန်ကောက်ခံမည်ဖြစ်သည်။[၆၈] ကျောက်စိမ်းအတွက် အဓိက ဈေးကွက်ဖြစ်သော တရုတ်လူမျိုး ဝယ်ယူမည့်သူများထံ ကျောက်စိမ်းတုံးကို တရားဝင် ရောင်းချလိုပါက ကုမ္ပဏီများက တစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အစိုးရမှ တာဝန်ယူကျင်းပြသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချနိုင်ရန် နေပြည်တော်သို့ ပို့ရသည်။ အရည်အသွေးနိမ့် ကျောက်စိမ်းတုံးများကို မြန်မာနိုင်ငံမှ ကုန်သည်များအတွက်သာ ရည်ရွယ်ကျင်းပသော နေပြည်တော်ရှိ 'ပြည်တွင်း' ကျောက်မျက်ပြပွဲများတွင် ရောင်းချနိုင်သေးသည်။[၆၉] အခြားနည်းလမ်းတစ်ခုမှာ အရည်အသွေးနိမ့် ကျောက်စိမ်းများ ရောင်းချရာနေရာဖြစ်သော မန္တလေး ဈေးကွက်တစ်ခုပင် ဖြစ်ပါသည်။[၇၀]



'မျက်နာစာ' များကို ကျောက်မျက်ပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းတုံးများတွင် ဖြတ်တောက်လိုက်သည်။ သို့မှသာ ဝယ်ယူမည့်သူများက ကျောက်စိမ်း အရည်အသွေးကို အကဲဖြတ်နိုင်မည်။ ရောင်းချသူအများစုက ကျောက်စိမ်းတုံးများ၏ တန်ဖိုးအစစ်အမှန်ကို ဖုံးကွယ်ရန် တန်ဖိုးနည်းသည့်အသွင်ရှိသော ကျောက်စိမ်းတုံးများဖြစ်အောင် တမင်ရည်ရွယ်၍ ဖြတ်တောက်ကြသည်။ ၎င်းတို့အတွက် ကျောက်စိမ်းတုံးများဝယ်ယူရန် ကြားခံပုဂ္ဂိုလ်များကို စီစဉ်ကြပြီး ဈေးနှုန်းသည်လည်း အလွန်နိမ့်သည်၊ သို့မှသာ ထိုရောင်းချမှုအတွက် အခွန်ကို လျှော့ပေးနိုင်မည်ဖြစ်သည်။ ထို့နောက် ထိုကျောက်စိမ်းကို တရုတ်ပြည်သို့ တင်ပို့ပြီး ထပ်မံ ဖြတ်တောက်ကြသည်။ ဤတစ်ကြိမ်တွင် ၎င်း၏ တန်ဖိုးအရှိဆုံး အပိုင်းကို ပြသရန် ဖြတ်တောက်ခြင်းဖြစ်ပြီး သို့မှသာ အမြတ် အလွန်အမင်းတင်ပြီး ရောင်းချနိုင်မည်ဖြစ်သည်။

မြန်မာ့ ကျောက်မျက်ရတနာပြပွဲကြီးများတွင် အရည်အသွေးကို ပြသရန် ဖြတ်တောက်ထားသော ကျောက်စိမ်း အရိုင်းတုံးများကိုသာ ကုမ္ပဏီများက ရောင်းချလေ့ရှိသည်။[၇၁] ပုံမှန်အားဖြင့် စိတ်ဝင်စားသော ဈေးပြိုင်လေလံဆွဲသူများက ကြမ်းခင်းဈေးထက်ပိုပေး၍ ချိတ်ပိတ်ဈေးခေါ်ကာ ကျောက်စိမ်းတုံးများကို တင်ဒါဖြင့် ရောင်းချသည့်နည်းကို အသုံးပြုပြီး ပို၍ အဖိုးတန်သော ကျောက်စိမ်းတုံးများကိုမူ လေလံတင်၍ ရောင်းချလေ့ရှိသည်။[၇၂] ထိုနေရာတွင် ရောင်းချရသော ကျောက်စိမ်းအတွက် ရောင်းခွန် ၁၀% ထပ်ပေးရပြီး ထို့နောက်မှသာ နိုင်ငံပြင်ပသို့ တင်ပို့ခွင့်ရှိသည်။[၇၃]

လက်တွေ့တွင်မူ ထိုသို့ တရားဝင် လုပ်ဆောင်ရမည့်အဆင့်များကို ရှောင်တိမ်းနေကြသည်။ လုပ်ငန်းပိုင်းမှ အထင်ကရ ပုဂ္ဂိုလ်များမှ ပုံမှန်ပြောပြလေ့ရှိသော ပြဿနာမှာ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံသော ပုံစံမှာ ဥပဒေကို လိုက်နာရုံဖြင့် ငွေကြေးအရ မည်သည့်အရာကိုမျှ ရရှိမည်မဟုတ်သဖြင့် ကုမ္ပဏီများက အခွန်နှင့် တရားဝင် ရောင်းချခြင်းကို ရှောင်ကြဉ်ပြီး ကျောက်စိမ်းကို ခိုးထုတ်ကြခြင်းဖြစ်သည်။[၇၄] ထို့အပြင် ကျောက်စိမ်းအတွက် အခြေခံအားဖြင့် သတ်မှတ်ထားသော နှုန်းထားမရှိဘဲ ဈေးနှုန်းများသည် အရောင်အသွေးနှင့် ခေတ်ကာလအလိုက် ဝယ်သူအကြိုက်အပေါ် ပြောင်းလဲလေ့ရှိသည်။[၇၅]ထိုအချက်ကြောင့် ကုမ္ပဏီများသည် ကျောက်စိမ်းဈေးနှုန်းကို ခြယ်လှယ်ရန် ပိုလွယ်ကူပြီး ကျောက်စိမ်းရောင်းချမှုအတွက် ကျသင့်အခွန်များကို မပေးဘဲ ရှောင်လွှဲနေနိုင်သည်။

ကျောက်စိမ်းလုပ်ငန်းထဲမှ ပုဂ္ဂိုလ်များသည် စနစ်ကို လှည့်ဖျားရန် အောက်ပါတို့အပါအဝင် နည်းဗျူဟာ မျိုးစုံကို အသုံးပြုကြသည်။

- **ကျောက်စိမ်းတွင်းနေရာတွင် - အခွန်ရှောင်ခြင်း** - ကျောက်စိမ်းကို စတင် တူးဖော်ရရှိချိန်တွင် ၂၀% အခွန်ဆောင်ရန် တာဝန်ရှိသော်လည်း ထိုအခွန်ကို ရှောင်ရန် သို့မဟုတ် နှုန်းထားကိုလျှော့ပေးရန် အရာရှိများအား လာဘ်ထိုးသည့် ကိစ္စရပ်ပေါင်းများစွာကို Global Witness မှ ရှာဖွေသိရှိခဲ့ရသည်။[၇၆] ကျောက်စိမ်းကုမ္ပဏီတစ်ခု၏ မန်နေဂျာက "ကျွန်တော်တို့အားလုံး၊ ကုမ္ပဏီတွေ အားလုံး ဒီအတိုင်းပဲ လုပ်နေကြတာပါ" ဟု ပြောခဲ့သည်။[၇၇] တရားဝင် တန်ဖိုးဖြတ်သည့်အချိန်တွင် အရည်အသွေးမြင့် ကျောက်စိမ်းတုံးကို အရည်အသွေးနိမ့်သည့် ကျောက်စိမ်းဖြင့် အစားထိုးလဲလှယ်သည်ဟုလည်း အခြားသူများက ပြောပြသည်။[၇၈] ထိုကဲ့သို့ လှည့်စားခြင်းက အောက်တွင် ဖော်ပြထားသည့်အတိုင်း ခိုးထုတ်ခြင်းအတွက် ပဏာမ ခြေလှမ်းဖြစ်စေခဲ့သည်။[၇၉] ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ရောင်းချခဲ့သည့် ဈေးနှုန်းနှင့် ၂၀၁၄ ခုနှစ် ကျောက်စိမ်း ထုတ်လုပ်မှုနှင့် ကျောက်စိမ်းအရည်အသွေးတို့ကို အခြေခံသော ကျွန်ုပ်တို့၏ တွက်ချက်မှုအရ ၂၀၁၄ ခုနှစ်တွင် ရရှိသည့် အခွန်နှင့် အစိုးရအနေဖြင့် အမှန်တကယ် ရရှိရမည့် ပမာဏအခြား ကွာခြားချက်သည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ ရှိကြောင်း ညွှန်ပြနေပါသည်။ ဤအချက်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် သဘာဝကျသော အကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။ ဖားကန့်မှ နေပြည်တော်သို့ ကျောက်စိမ်းကို သယ်ယူပို့ဆောင်ရသည့် စရိတ်နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့တွင် အချက်အလက်မရှိသောကြောင့် ထိုကုန်ကျစရိတ်များအတွက် ကွာဟချက်ကို ညှိယူနိုင်ခြင်း မရှိပါ။ အလားတူပင် ကျောက်မျက်ပြပွဲတွင် မရောင်းချမီ ကျောက်စိမ်းတုံးများကို တန်ဖိုးတက်စေရန် ပြုလုပ်ရသော ဖြတ်တောက်မှုနှင့် အရောင်တင်မှု အတိုင်းအတာကိုလည်း ခန့်မှန်းနိုင်ခြင်းမရှိသဖြင့် ထိုအတွက်လည်း ကျွန်ုပ်တို့ ညှိယူနိုင်ခြင်း မရှိပါ။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ တူးဖော်ရရှိသော ကျောက်စိမ်းကို နေပြည်တော်တွင် ရောင်းချခြင်းထက် အချို့ကို လက်ဝယ် ကိုင်ဆောင်ထားခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် ဖော်ပြထားသော ကွာဟချက်အရ အများစုမှာ အခွန်ရှောင်လို၍ ဖြစ်နိုင်သည်။

- **တရားဝင် ရောင်းချသည့်ပွဲများတွင် - အခွန်ရှောင်ခြင်း-** ကုမ္ပဏီတစ်ခုသည် တန်ဖိုးရှိသော ကျောက်စိမ်းကို တွေ့ရှိလျှင် အရိုင်း ကျောက်စိမ်းတုံးကို အခြား ကျောက်များထက် အရည်အသွေးနိမ့်မည့် အပိုင်းသာ မြင်ရရန် တမင်ရည်ရွယ်၍ ဖြတ်တောက်ကောင်း ဖြတ်တောက်ထားနိုင်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ကျောက်စိမ်း၏ အမှန်တကယ်တန်ဖိုး၏ အစိတ်အပိုင်းလေးမျှသာရှိသော ဈေးကို ကြမ်းခင်းဈေးအဖြစ် သတ်မှတ်လိုက်နိုင်သည်။ ထို့နောက် ကုမ္ပဏီက ၎င်း၏ ကိုယ်ပိုင်အေးဂျင့် သို့မဟုတ် ကြားခံလုပ်ဆောင်ပေးသူများကို ထိုကျောက်စိမ်းတုံးအတွက် လေလံဆွဲရာတွင် လေလံအောင်စေရန် ဆောင်ရွက်လိုက်သည်။ အရောင်းဈေးကို တမင်ရည်ရွယ်၍ လျှော့ချထားသောကြောင့် ကုမ္ပဏီမှ ပေးရမည့် အခွန်သည်လည်း ပုံမှန်နှုန်းထက် လျော့ကျသွားသည်။ (လျှော့ချထားသော) အခွန်ကို ပေးဆောင်ပြီးသည်နှင့် ကုမ္ပဏီက ကျောက်စိမ်းကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့သည်။ တရုတ်တွင် ကျောက်စိမ်းကို ထပ်၍ ဖြတ်တောက်သည်။ ဤတစ်ကြိမ်တွင်မူ ကျောက်စိမ်း၏ တန်ဖိုးရှိသော အပိုင်းကို ပြသရန် ဖြတ်တောက်ခြင်းဖြစ်ပြီး ပို၍ မြင့်သော နှုန်းထားဖြင့် ရောင်းချသည်။ လုပ်ငန်းပိုင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး၏ ပြောပြချက်အရ ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲ ရောင်းချရမှု၏ ၆၀% တွင် မိမိကျောက်စိမ်းကို မိမိပြန်ဝယ်ယူသည့်သူများ ဖြစ်ကြပြီး ထိပ်တန်းကုမ္ပဏီများက ၎င်းတို့ရောင်းချသည့် ကျောက်စိမ်း ၈၀% ခန့်အတွက် ဤနည်းလမ်းကို အသုံးပြုလေ့ရှိကြောင်း ပြောပြခဲ့သည်။[၈၀]

- **ဈေးကွက်ကို ခြယ်လှယ်ခြင်း-** ကျောက်မျက်ပြပွဲများတွင် ကျောက်စိမ်းအမျိုးအစားတစ်မျိုးကို စုစည်းဝယ်ယူထားပြီးသူများက တစ်ခါတစ်ရံတွင် အလားတူ ကျောက်စိမ်းအမျိုးအစားအတွက် လေလံဆွဲရာတွင် အောင်မြင်သော်လည်း ငွေပေးချေရန် နှင့် ရွေးယူရန် ပျက်ကွက်ကြသည်။ ထိုသို့လုပ်ဆောင်ချက်ကြောင့် ကျောက်စိမ်းရောင်းလိုအားကို ကန့်သတ်လိုက်ရာရောက်ပြီး ၎င်းတို့တွင် ရှိထားပြီးသားဖြစ်သည့် ကျောက်စိမ်းအတွက်မူ ဈေးအမြင့်ကို တောင်းဆိုနိုင်ကြသည်။[၈၁]

- **ငွေကြေးခဝါချခြင်း-** အချို့သော ကိစ္စရပ်များတွင် ရောင်းချသူများက ၎င်းတို့၏ ကျောက်စိမ်းတုံးများကို မယုံကြည်နိုင်လောက်သည့် အမြင့်ဈေးဖြင့် ပြန်လည် ဝယ်ယူကြသည်။ အရာရှိဟောင်းတစ်ဦးက "ဒီလိုလုပ်တာက ငွေကြေးခဝါချတယ်ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး" ဟု Global Witness ထံ ပြောပြခဲ့သည်။[၉၂]

- **မှောင်ခို ရောင်းချခြင်း-** ကုမ္ပဏီများသည် နယ်စပ်များတွင် တရားဝင် ထိန်းချုပ်မှုများကို ဖြတ်ကျော်လျက် ကျောက်စိမ်းတုံး ၅၀% နှင့် ၈၀% ကြားကို တရုတ်နိုင်ငံသို့ တိုက်ရိုက် မှောင်ခိုရောင်းချကြောင်း ကျောက်စိမ်းလုပ်ငန်းရှင်များက ခန့်မှန်းသည်။[၉၃] (တရုတ်နယ်စပ်သို့ ကျောက်စိမ်းတုံးများ သယ်ယူသည့် လမ်းကြောင်းကို ပြသသော မြေပုံကို အထက်ပါ စာမျက်နှာ ၂၅ တွင် ပြသထားသည်[၉၄])

အချို့သော လိုင်စင်ရကုမ္ပဏီများက "အရည်အသွေးကောင်း ကျောက်စိမ်းအချို့ကို … အပြသဘောအနေဖြင့်" အရည်အသွေး နိမ့်ကျောက်စိမ်းတုံးအရေအတွက်များများနှင့် ရောကာ အစိုးရမှ ခွင့်ပြုထားသော နည်းလမ်းများဖြင့် ရောင်းချကြပြီး အရည်အသွေး အမြင့်ကျောက်စိမ်းများအပါအဝင် အခြားကျောက်စိမ်းများကိုမူ မှောင်ခိုနည်းဖြင့် ရောင်းချလေ့ရှိကြောင်း အချို့က ပြောပြသည်။[၉၅] ယင်းသည် ၂၀၁၅ ခုနှစ်ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များနှင့် ကိုက်ညီပြီး ထိုအချက်အလက်များတွင် ရောင်းချရမှုပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက် နှစ်ခုသည်သာ အရည်ကျောက် အဆင့်ရှိ အရည်အသွေးအမြင့်ဆုံး ကျောက်စိမ်းဖြစ်ကြောင်း ဖော်ပြထားသည်။[၉၆]



အစိုးရအရာရှိများသည် ဖားကန့်တွင် ကျောက်စိမ်းတုံးများကို လာရောက်စစ်ဆေးကြပြီး ၎င်း၏ တန်ဖိုးကို အကဲဖြတ်ကာ ဈေးကွက်သို့ ကျောက်စိမ်းများကို မတင်ပို့မီ ကျောက်စိမ်းတွင်းအတွက် ကောက်ယူရမည့် အခွန်ပမာဏကို တန်ဖိုးဖြတ်ကြသည်။ ဤလုပ်ငန်းစဉ်ကြောင့် အကျင့်ပျက် ခြစားမှုနှင့် မှောင်ခိုရောင်းချခြင်းတို့ ဖြစ်စေပြီး အထူးသဖြင့် တန်ဖိုးအမြင့်ဆုံး ကျောက်စိမ်းတုံးများအတွက် ပိုဖြစ်စေသည်။
ဓါတ်ပုံ - မင်းဇေယျာ



ဖားကန့်တွင် တူးဖော်ရရှိသော ကျောက်စိမ်းများ ရောင်းချရန်အတွက် ပင်မ တရားဝင်လမ်းကြောင်းမှာ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် ကျင်းပြသော မြန်မာ့ကျောက်မျက်ပြပွဲဖြစ်သည်။ အရည်အသွေးမြင့်၊ အလယ်အလတ်တန်းစားနှင့် အရည်အသွေးနိမ့် ကျောက်စိမ်းတုံးများကို နိုင်ငံတကာမှ ဝယ်ယူသူများ အထူးသဖြင့် ကျောက်စိမ်းအတွက် အဓိက ဝယ်ယူသူများဖြစ်သော တရုတ်နိုင်ငံမှ ဝယ်ယူသူများထံ ရောင်းချကြသည်။



အလယ်အလတ်အဆင့်ရှိ တန်ဝက်ခန့်ရှိသော အသားကျောက် (အရည်အသွေး အလယ်အလတ်အဆင့်) တန်ဝက်ခန့်ရှိသည်။ သို့သော် လုပ်ငန်းအတွင်းမှ ပုဂ္ဂိုလ်များ ပြောပြချက်အရ လိုင်စင်ကုမ္ပဏီများသည် နေပြည်တော်ရှိ အစိုးရမှ ကျင်းပြသော အရောင်းပွဲတော်တွင် တန်ဖိုးအထိုက်တန်ဆုံး ကျောက်စိမ်းများ၏ ပမာဏ အနည်းငယ်ကိုသာ ကမ်းလှမ်းလေ့ရှိသည်။ ကျန်ရှိသည်များကို တရုတ်သို့ တရားမဝင်ပို့ဆောင်ပြီး ကျောက်မျက်ပြပွဲအားလုံးကို ရှောင်ကြသည်။

## ကောင်းကင်ဘုံက ကျောက်စိမ်းအတွက် တရုတ်နိုင်ငံရဲ့ အာသာဆန္ဒ

ကျောက်စိမ်းသည် တရုတ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုတွင် အထူးကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေသည်။ "ရွှေက တန်ဖိုးရှိပါတယ်၊ ကျောက်စိမ်းကတော့ တန်ဖိုးတောင် ဖြတ်လို့မရဘူး"[၈၇] ဟူသော ဆိုရိုးစကားပင် ရှိပေသည်။ ရိုးရာယဉ်ကျေးမှုအရ တော်ဝင် အခွင့်ထူးခံများနှင့် ဆက်စပ်နေပြီး ယနေ့ခေတ်အချိန်ခါတွင် တရုတ်နိုင်ငံ၌ အလွန်အမင်း ကြွယ်ဝချမ်းသာလာမှုကြောင့် ကျောက်စိမ်းသည် ထိုချမ်းသာမှုကိုပြသသည့် ပြယုဂ်ဖြစ်နေသည်။ ထို့ကြောင့်လည်း အရည်အသွေးမြင့် ကျောက်စိမ်းတုံးများအတွက် ဝယ်လိုအားများလာပြီး ဈေးနှုန်းလည်း မြင့်တက်လျက်ရှိသည်။ ၎င်းအတွက် အဆင်ပြေသည်မှာ ကမ္ဘာပေါ်ရှိ အဓိက ထုတ်လုပ်သည့်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်နေခြင်းပင်။[၈၈]



ကျောက်စိမ်းကို တရုတ်တွင် ဈေးကောင်းပေး၍ ဝယ်ကြပြီး ၎င်းသည် တော်ဝင်မှု နှင့် အဆင့်အတန်းဂုဏ်ကို ပြသမှုနှင့် ဆက်စပ်နေသည်။ တရုတ်နိုင်ငံတွင် မကြာသေးမီက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး လှုပ်ရှားဆောင်ရွက်ရာ၌ နာမည်အကြီးဆုံး ကိစ္စရပ်တွင် အဖိုးထိုက်တန် ကျောက်စိမ်း လက်ဝတ်လက်စားများကို တွေ့ရှိရခြင်းလည်း ပါဝင်သည်။ ဓါတ်ပုံ - Adam Dean

မြန်မာနိုင်ငံ၏ ကျောက်စိမ်းအားလုံးနီးပါးသည် တရုတ်နိုင်ငံသို့ ရောက်ရှိပြီး တရားဝင်နည်းလမ်းဖြင့်သော်လည်းကောင်း တရားမဝင်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း ရောက်ရှိနေသည်။[၈၉] ဈေးနှုန်းသည် တရုတ်နိုင်ငံရှိ ဝယ်လိုအားပေါ်တွင် မူတည်သည်။ လုပ်ငန်းပိုင်းရှိ ရင်းမြစ်ပေါင်းများစွာထံမှ ရရှိသော သတင်းအရ တရုတ်နိုင်ငံ သမ္မတ Xi Jinping ၏ လက်ရှိ အကျင့်ပျက်ခြစားမှု ဖြိုခွင်းရေး လှုပ်ရှားမှုသည် ကျောက်စိမ်းဈေးကွက်အပေါ် တိုက်ရိုက် သက်ရောက်မှုရှိနေပြီး နိုင်ငံ၏ အထင်ရှားဆုံး ပုဂ္ဂိုလ်များ၏ အကျင့်ပျက်ခြစားမှု ကိစ္စရပ်များတွင် ကျောက်စိမ်းပါဝင်နေသည်။ ဥပမာ တရုတ်နိုင်ငံ ဗဟိုစစ်တပ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်သူ ဗိုလ်ချုပ်ကြီး Xu Caihou ၏ မြေအောက်ခန်းထဲတွင် ကျောက်စိမ်းတုံး ၁၀၀ ကီလိုဂရမ်ကျော်ကို ရှာဖွေတွေ့ရှိခဲ့သည်။[၉၀] ပြည်နယ် အုပ်ချုပ်ရေး မှူးဟောင်းတစ်ဦးဖြစ်သူ Ni Fake သည်လည်း အမေရိကန်ဒေါ်လာ ၂ သန်းခန့်ကို လာဘ်ပေးလာဘ်ယူအဖြစ် လက်ခံထားပြီး ၈၀% ခန့်သည် ကျောက်စိမ်းနှင့် ပတ်သက်နေကြောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း သူဌေးကြီး Li Huan သည်လည်း အစိုးရ အရာရှိများအား ကျောက်စိမ်းများပေး၍ လာဘ်ထိုးနေကြောင်း စွပ်စွဲခံထားရသည်။[၉၁]

ကျောက်စိမ်းဝယ်ယူခြင်းအပြင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွင် တိုက်ရိုက်ပတ်သက် ဆက်နွယ်နေသည်ဟုလည်း ပြောကြသည်။ လုပ်ပိုင်ခွင့် ရရှိရေး ငွေကြေးထောက်ပံ့ပေးသည့်အပြင် စက်ယန္တယားကြီးများကို ယူဆောင်လာပေးသည်။[၉၂] နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု အပေါ် ကန့်သတ်ထားချက်များအား ရှောင်တိမ်းရန် "အမည်ခံ ကုမ္ပဏီများ" ကို အသုံးပြုနေကြောင်းနှင့် တရုတ်လူမျိုးများ ကျောထောက်နောက်ခံ ပြုပေးသော မြန်မာလူမျိုးများဖြင့်ဖြစ်စေ သို့မဟုတ် တရုတ်လူမျိုးများက မြန်မာနိုင်ငံသားကတ်ကိုင်ဆောင်ပြီး ကုမ္ပဏီများကို ကိုယ်တိုင်ထိန်းချုပ်၍ဖြစ်စေ လုပ်ကိုင်ကြောင်း Global Witness က ကြားသိရသည်။[၉၃]

တရုတ်လူမျိုးများ ကျောထောက်နောက်ခံပြုထားပေးသော ဖက်စပ်စီစဉ်လုပ်ကိုင်နိုင်သူများသည် စက်ယန္တယားကြီးများကို ဝယ်ယူရန်အတွက် အကြွေးစနစ် သို့မဟုတ် အငှားဝယ်စနစ်ဖြင့် ဝယ်ယူနိုင်သော်လည်း မြန်မာလူမျိုးများအတွက်မူ ထိုသို့ ဝယ်ယူနိုင်ခြင်းမရှိကြောင်း Global Witness ထံ ပြောပြခဲ့သည်။ ပြည်တွင်း ဖက်စပ်လုပ်ကိုင်သူများသည် ထိုစက်ယန္တယားကြီးများ သယ်ယူပို့ဆောင်ရေးနှင့် ဩဇာရှိသော ပွဲစားများနှင့် ချိတ်ဆက်လုပ်ကိုင်ရေးအတွက် စီမံရကြောင်း သိရသည်။[၉၄] ဖက်စပ်လုပ်ကိုင်ရန် စိတ်ဝင်စားသည့် တရုတ်နိုင်ငံမှ ဗိုလ်ချုပ်တစ်ဦးကလည်း ကျောက်စိမ်းတွင်းများတွင် အသုံးပြုရန် ကုန်တင်ကားကြီးများကို တရုတ်နိုင်ငံမှ တင်သွင်းရန် ကမ်းလှမ်းဖူးကြောင်း တွေ့ဆုံမေးမြန်းခံရသူတစ်ဦးက ပြောပြခဲ့သည်။[၉၅] ကျောက်စိမ်းလုပ်ငန်းတွင် အဓိက လုပ်ဆောင်သူများသည် ၎င်းတို့အတွက် ဝင်ငွေ၏ ၇၀% ကို တရုတ်နိုင်ငံမှ ရရှိကြောင်း သူက ခန့်မှန်းသည်။[၉၆] ထိုသို့ စီစဉ်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် အမည်ခံကုမ္ပဏီများကို အသုံးပြုသောကြောင့် လုပ်ငန်းသည် ပို၍ လျှို့ဝှက်လာပြီး ကျောက်စိမ်းလုပ်ငန်းအတွက် မည်သူများအား အမှန်တကယ်လုပ်ပိုင်ခွင့် ပေးနေသည်၊ မည်သူများက ပါဝင်ပတ်သက်နေသည်ကို ရှာဖွေဖော်ထုတ်ရန် ပို၍ ခက်ခဲလာစေသည်။




မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ဖခင် ဦးအောင်ဆန်း နှင့် ဥက္ကဋ္ဌ မော်တို့၏ ပုံများကို ကချင်ပြည်နယ် နယ်စပ်အနီးရှိ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အတွင်းက ကျောက်စိမ်း အရောင်းအဝယ်ပြုလုပ်သည့် အချက်အချာနေရာ Yingjiang က အရောင်းပြခန်းတွင် တွေ့ရပုံ။

## စက်ယန္တရားများ ပေါ်ပေါက်လာခြင်း

အခန်း ၄ တွင် ဖော်ပြထားသည့်အတိုင်း ၁၉၉၀ ခုနှစ်အစောပိုင်းကာလများတွင် မြန်မာနိုင်ငံ၏ စစ်အာဏာရှင်များက KIA/KIO တို့ကို ဖားကန့်မှ ထွက်သွားရန် တွန်းထုတ်ခဲ့ပြီးနောက် ကချင်ပြည်နယ်၏ အဖိုးအထိုက်တန်ဆုံး ရင်းမြစ်များကို တစ်စုတစ်စည်းထဲ ပေါင်းစည်း ထိန်းချုပ်သည့်နည်းလမ်းဖြင့် ၎င်းမှ ခွင့်ပြုချက်ပေးခဲ့သော ကုမ္ပဏီများအတွက် လုပ်ကွက်များ ခွဲဝေချထားပေးခဲ့သည်။[၉၇] ထိုအချိန်မှစ၍ နိုင်ငံတော် လိုင်စင်ကို ရယူထားပြီး ကျောက်စိမ်းများ အမြောက်အမြား ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဧရာမ စက်ယန္တယားကြီးများကို ယူဆောင်အသုံးပြုသော ကုမ္ပဏီများကြောင့် ယခင်က တစ်နိုင်တစ်ပိုင် တူးဖော်နေကြသော ကျောက်တူးသမားများအတွက် လုပ်ကွက် ပျောက်သွားခဲ့ရသည်။




ကျောက်စိမ်းတူးဖော်ရန် အလျင်စလိုဖြစ်နေကြသော ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများသည် ဖားကန့်ဒေသရှိ ပြိုပျက်နေပြီဖြစ်သော မြေတွင် တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂ သန်းခန့် ကုန်ကျသော "နှစ်ထပ်အိမ်တစ်လုံးခန့် အရွယ်အစားရှိ စက်တပ်ယာဉ်များ" ကို အသုံးပြုကြသည်။[၁၀၁]

ယနေ့ခေတ် ဖားကန့်တွင် ကျောက်စိမ်းတူးဖော်ရာတွင်အကြီးဆုံး စက်ယန္တယားကြီးများကို အသုံးပြုနေကြပြီး ထိုအချက်ကြောင့် သဘာဝ သယံဇာတရင်းမြစ်များကို အလွန်လျင်မြန်စွာ ထုတ်ယူနေနိုင်ကြသည်။ ဤသို့လုပ်ဆောင်မှုသည် မလျော်မကန် ရရှိသော မက်လုံးများမှ အစပြုလာခြင်းဖြစ်သည်-

- လာဘ်ပေးလာဘ်ယူများ အများအပြားပြုလုပ်ရန် လိုအပ်ခြင်းသည် အရည်အသွေးကောင်း ကျောက်စိမ်းတွင်းတစ်တွင်း ရရှိအောင်ဆောင်ရွက်ရာတွင် အလွန်ကုန်ကျစရိတ်များလာစေသည်။ လိုင်စင်ရယူထားသူများက ထိုသို့ ကနဦး ရင်းနှီးရငွေများကို ကာမိစေရန် ကျောက်စိမ်းများကို အလျင်အမြန် ကသုတ်ကယက် ထုတ်ယူနေကြသည်။[၉၈]
- ၃ နှစ် သို့မဟုတ် ၅ နှစ်လိုင်စင်ချထားပေးသည့်ကာလသည် တိုတောင်းသဖြင့် မိမိရသည့်အချိန်တွင် ရသလို ဖမ်းဆုပ်ယူရန် တွန်းအားပေးနေသကဲ့သို့ ဖြစ်နေသည်။[၉၉]
- ကိစ္စရပ်အများစုတွင် ဤကုမ္ပဏီကြီးများကို စစ်တပ်မိသားစုနှင့် အာဏာရပါတီခေါင်းဆောင်များမှ ပိုင်ဆိုင်ခြင်း သို့မဟုတ် ၎င်းတို့မှ အကာအကွယ်ပေးထားသော ကုမ္ပဏီများ ဖြစ်နေခြင်းကြောင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲအပြီး သို့မဟုတ် နေပြည်တော်နှင့် KIA/KIO တို့အကြား တန်းတူညီမျှသော ငြိမ်းချမ်းရေးစာချုပ်အပြီးတွင် ကျောက်စိမ်းလုပ်ငန်း ပုံစံပြောင်းသွားခဲ့လျှင် ၎င်းတို့အနေဖြင့် အားလုံး ဆုံးရှုံးရနိုင်သည်။[၁၀၀]

ဂြိုလ်တုမှ ရိုက်ကူးထားသော ပုံများသည် ဖားကန့်တွင် အစိုးရအုပ်ချုပ်သည့် နှစ်ပေါင်း ၂၀ ကျော်ကာလ၌ ကျောက်စိမ်းများကို အချိန်တိုအတွင်း ထုတ်ယူအသုံးချနေပုံကို ပြသထားသည်။ ဤကျောက်စိမ်းတုံးများအပေါ် မည်သူက အကျိုးအမြတ် ရယူနေသနည်းဟူသည့် မေးခွန်းကို နောက်လာမည့် အခန်းတွင် လေ့လာဖော်ပြထားပြီး မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းတွင် လိုင်စင်ရယူပြီး အများဆုံး ကြီးကိုင်နေသူအချို့အကြောင်းကို ကျွန်ုပ်တို့က ဖော်ပြထားသည်။ ထို့နောက် ထိုသူတို့၏ လုပ်ဆောင်မှုကြောင့် ဒေသခံပြည်သူများအပေါ် ဆိုးရွားစွာ ထိခိုက်စေပုံကို အခန်း ၃ တွင် ဖော်ပြထားသည်။



၁၉၉၀ ခုနှစ်အထိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို လက်ဖြင့်သာ တူးဖော်ကြပြီး သဘာဝပတ်ဝန်းကျင်အနေအထားသည် များစွာပျက်ယွင်းခြင်းမရှိဘဲ ကျန်ရှိသည်။ ဤဓါတ်ပုံတွင် KIA/KIO နှင့် အစိုးရတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့် ၁၉၉၄ ခုနှစ်က ကျောက်စိမ်းတွင်းဖြစ်သော ဖားကန့်ကြီး၏ ပုံဖြစ်ပါသည်။



လုပ်ငန်းတွင်းမှ ပုဂ္ဂိုလ်များပြောပြချက်အရ လွန်ခဲ့သော တစ်နှစ်က ရက်ပေါင်း ၃၀ လုပ်ရန် လိုအပ်သော အလုပ်ကို ယခုအခါ ၄ ရက်အတွင်း တူးဖော်နိုင်သည်ဟု ဆိုသည်။ အဓိကမေးခွန်းမှာ ဖားကန့်မှ ထုတ်ယူနေသော ကျောက်စိမ်းတုံးပေါင်းများစွာအပေါ် မည်သူက အမှန်တကယ် အကျိုးအမြတ် ရယူခံစားနေခြင်းဖြစ်သနည်း။[၁၀၂]
ဓါတ်ပုံ- မင်းဇေယျာ

## ၁၉၉၈ ခုနှစ်ကစပြီး ယခုအချိန်ထိ ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ချဲ့ထွင်လာမှု



# အခန်း ၂- ဘယ်သူတွေ အကျိုးအမြတ် ရယူနေကြသလဲ။

**မြန်မာနိုင်ငံရှိ ကျောက်စိမ်းလုပ်ငန်းတွင် လျှို့ဝှက်ချက်များဖြင့် ပြည့်နှက်နေသောကြောင့် အမှန်တကယ် အကျိုးအမြတ်ခံစားသူများကို ခြေရာခံရန် ခက်ခဲလွန်းလှပေသည်။ ဤအချက်ကြောင့် ဤကိစ္စရပ်အပေါ်နိုင်ငံတကာမှ အခုချိန်ထိ အာရုံစိုက်မှု မရှိခြင်းကိုလည်း တစ်စိတ်တစ်ဒေသ ရှင်းလင်းဖော်ပြ နေပေသည်။**

Global Witness သည် သတ္တုတွင်းဝန်ကြီးဌာန/ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ထံမှ လိုင်စင်များ ရယူထားသော ကုမ္ပဏီအချို့ကို ထုတ်ဖော်နိုင်ခဲ့ပြီး ၎င်းတို့၏နောက်ကွယ်တွင် မည်သူတို့ ရပ်တည်နေသည်ကိုလည်း တစ်စိတ်တစ်ပိုင်းအားဖြင့် သိရှိခဲ့သည်။ အဓိက ကြိုးကိုင်ခြယ်လှယ်နေသူများကို အမျိုးအစား လေးမျိုး ခွဲခြားနိုင်သည်၊ တစ်ခါတစ်ရံတွင် အမျိုးအစားတစ်ခုထက်မကတွင် အကျုံးဝင်နေနိုင်သည်။

- စစ်တပ်နှင့် အာဏာရပါတီမှ မိသားစုဝင်များ - ဦးသန်းရွှေ စစ်တပ် အာဏာရှင်နှင့် အာဏာရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တို့နှင့် ဆက်နွယ်နေသော အငြိမ်းစားဗိုလ်ချုပ် မိသားစုများ။ အချို့သည် လက်ရှိ အစိုးရအဖွဲ့ဝင်များ ဖြစ်ကြသည်။
- စစ်တပ် ကုမ္ပဏီများ- အထူးသဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
- 'ခရိုနီ' ကုမ္ပဏီများ - ဦးသန်းရွှေ စစ်အာဏာရှင်၏ ကြားခံအဖြစ် အသုံးချခံရသော၊ ၎င်းနှစ်သက်သော ကုမ္ပဏီများ
- မူးယစ်ရာဇာများ - မြန်မာနိုင်ငံ၏ အထင်ရှားဆုံး မူးယစ်ရာဇာတစ်ဦးဖြစ်သော ဝေရှောက်ခန်နှင့် အပေါင်းအပါများ၊ ၎င်းတို့ထဲမှ အချို့သည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းနှင့် ငွေကြေးခဝါချမှုများအတွက် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုကို ခံထားရသူများဖြစ်သည်။

အောက်ပါဇယားတွင် အဆိုပါ အဓိကကြိုးကိုင်ခြယ်လှယ်သူများသည် ၂၀၁၃ နှင့် ၂၀၁၄ ကျောက်မျက်ပြပွဲများတွင် ထမ်းဆောင်ခဲ့သော တရားဝင် အခွန်မဆောင်မီ ရောင်းချရမှုများကို အနှစ်ချုပ် ဖော်ပြထားသည်။ အချို့သော ကိစ္စရပ်မျိုးတွင် ကျောက်မျက်ပြပွဲများတွင် ဝယ်ယူသူများသည် ငွေပေးချေရန် ပျက်ကွက်သောကြောင့် အဆိုပါရောင်းချမှုများ ပြီးမြောက်ခြင်း မရှိပေ၊ (သတ္တုတွင်း ဝန်ကြီးဌာန၏ ပြောပြချက်အရ ၂၀၁၃ ခုနှစ်တွင် ရောင်းချရမှု၏ ၅၅% သည်သာ ပြီးမြောက်ခဲ့ကြောင်းနှင့် လုပ်ငန်းပိုင်းမှ ပုဂ္ဂိုလ်များပြောပြချက်အရ ၂၀၁၄ ခုနှစ်တွင် ၃၀% သာရှိကြောင်း သိရသည်။[၁၀၇] အလားတူပင် အခန်း ၁ တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း လုပ်ငန်းပိုင်းမှ ခန့်မှန်းချက်အရ လိုင်စင်ကုမ္ပဏီများသည် ၎င်းတို့၏ ကျောက်စိမ်း ၅၀% နှင့် ၈၀% အကြားကို တရုတ်နိုင်ငံသို့ ခိုးထုတ်နေကြောင်း ညွှန်ပြထားသည်။ အကျိုးဆက်အဖြစ် ဤကိန်းဂဏန်းအချက်အလက်များသည် ကျောက်စိမ်းမှ ရရှိသည့် ဝင်ငွေအမှန်မဟုတ်သော်လည်း ၎င်းတို့သည် အသုံးဝင်သော အချက်အလက်များဖြစ်ပေသည်။

### ကျောက်စိမ်းကနေ ဘယ်သူတွေ အကျိုးအမြတ်ခံစားနေသလဲ။

| အမျိုးအစား | အမည် | ၂၀၁၄ ရောင်းချမှု[၁၀၄] | ၂၀၁၃ ရောင်းချမှု[၁၀၅] | စုစုပေါင်း ရောင်းချရမှု |
|---|---|---|---|---|
| စစ်တပ် / USDP မိသားစုဝင်များ | ဦးသန်းရွှေ မိသားစုနှင့် ဆက်စပ်သော ကြွယ်ဝဆုံးကုမ္ပဏီ | ဒေါ်လာ ၁၁၆,၅၄၁,၈၈၀ | ဒေါ်လာ ၁၀၃,၄၉၉,၇၈၈ | ဒေါ်လာ ၂၂၀,၀၄၁,၆၆၈ |
| | ဦးအုန်းမြင့်မိသားစု | ဒေါ်လာ ၈၀,၄၂၉,၅၄၄ | – | ဒေါ်လာ ၈၀,၄၂၉,၅၄၄ |
| | ဦးမောင်မောင်သိမ်းမိသားစု | ဒေါ်လာ ၁၀၅,၄၃၀,၅၂၁ | ဒေါ်လာ ၃၆,၆၂၁,၀၄၉ | ဒေါ်လာ ၁၄၂,၀၅၁,၅၇၀ |
| | | | | ဒေါ်လာ ၄၄၂,၅၂၂,၇၈၂ |
| စစ်တပ် ကုမ္ပဏီများ | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် | ဒေါ်လာ ၁၄၉,၄၂၅,၅၀၆ | ဒေါ်လာ ၈၀,၄၉၂,၄၅၉ | ဒေါ်လာ ၂၂၉,၉၁၇,၉၆၅ |
| | မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း | ဒေါ်လာ ၃၂,၀၀၀,၀၀၈ | ဒေါ်လာ ၂၀,၈၂၆,၄၁၅ | ဒေါ်လာ ၅၂,၈၂၆,၄၂၃ |
| | ရူဝံကြယ် | ဒေါ်လာ ၁,၀၇၀,၃၅၅ | – | ဒေါ်လာ ၁,၀၇၀,၃၅၅ |
| | | | | ဒေါ်လာ ၂၈၃,၈၁၄,၇၄၃ |
| 'ခရိုနီ' ကုမ္ပဏီများ | အဲဗားဝင်းနားအုပ်စု ကုမ္ပဏီများ | ဒေါ်လာ ၁၉၂,၄၅၇,၆၉၃ | ဒေါ်လာ ၁၂၃,၈၈၁,၆၀၂ | ဒေါ်လာ ၃၁၆,၃၃၉,၂၉၅ |
| | အေးရှားဝေါလ် (Asia World) | ဒေါ်လာ ၂၇,၂၆၄,၄၃၃ | ဒေါ်လာ ၂၀,၉၄၄,၅၂၀ | ဒေါ်လာ ၄၈,၂၀၈,၉၅၃ |
| | ထူးအုပ်စု | ဒေါ်လာ ၁၃,၂၂၃,၆၃၄ | – | ဒေါ်လာ ၁၃,၂၂၃,၆၃၄ |
| | | | | ဒေါ်လာ ၃၇၇,၇၇၁,၈၈၂ |
| 'အပစ်အခတ် ရပ်စဲရေး အဖွဲ့' နှင့်ဆက်နွယ်နေသော | ဝေရှောက်ခန် / ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် ဆက်စပ်နေသော | ဒေါ်လာ ၄၃,၀၀၉,၈၄၂ | ဒေါ်လာ ၅၈,၇၇၀,၄၀၀ | ဒေါ်လာ ၁၀၁,၇၈၀,၂၄၂ |
| | ပတ္တမြားနဂါး (Ruby Dragon) အုပ်စု / ပအိုးဝ်တိုင်းရင်းသားအဖွဲ့အစည်းနှင့် ဆက်စပ်နေသော | ဒေါ်လာ ၅၈,၆၃၇,၉၇၃ | ဒေါ်လာ ၄၆,၁၄၁,၆၉၈ | ဒေါ်လာ ၁၀၄,၇၇၉,၆၇၁ |
| | | | | ဒေါ်လာ ၂၀၆,၅၅၉,၉၁၃ |
| စုစုပေါင်း | | | | အမေရိကန်ဒေါ်လာ ၁,၃၁၀,၆၆၉,၃၂၀ |

ယင်းသည် မြန်မာအစိုးရနှင့် ၎င်း၏ နိုင်ငံတကာ လုပ်ငန်းဖက်များအတွက် အရေးကြီးသည့် သတိပေးသံပင် ဖြစ်သည်။ အဓိကကြိုးကိုင်ခြယ်လှယ်သူ အမျိုးအစား လေးမျိုးလုံးသည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေး ရယူမှုတို့ကြောင့် ၎င်းတို့အတွက် အမြောက်အမြား ဆုံးရှုံးရပေတော့မည်။ ကျောက်စိမ်းလုပ်ငန်းအပေါ် ၎င်းတို့ လွှမ်းမိုးနေမှုကြောင့် ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ဆုံးရှုံးနေစေသည်။ သို့သော် သွယ်ဝိုက်၍ ပတ်သက်နေမှုသည် ကျယ်ပြောလှသည်။ မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခြေအနေတွင် ငွေကြေးသည် အင်အားဖြစ်သည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဒီမိုကရေစီကို မြင်တွေ့လိုသူတိုင်းသည် ပြုပြင်ပြောင်းလဲရေးကို အပြင်းထန်ဆုံး ဆန့်ကျင်နေသူအချို့က နှစ်စဉ် ဒေါ်လာ သန်း ထောင်ပေါင်းများစွာ အမြတ်ထုတ်ယူနိုင်နေမှုအပေါ် အလျှင်အမြန် ဆင်ခြင်စဉ်းစားသင့်သည်။

## စစ်တပ်နှင့် နိုင်ငံရေးပိုင်းမှ ခေါင်းဆောင်များ နှင့် ၎င်းတို့၏ မိသားစုဝင်များ

### ၁။ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ

ဦးသန်းရွှေသည် မြန်မာနိုင်ငံတွင် စစ်တပ်မှ အုပ်ချုပ်ခဲ့သော အမှောင်မိုက်ဆုံးနေ့များကို ဖန်တီးခဲ့သူပင်ဖြစ်သည်။ ၁၉၉၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ သူဦးဆောင်ခဲ့သော အာဏာရှင်အစိုးရသည် နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးများကို ငြင်းပယ်ခဲ့ကြပြီး သောင်းကျန်းသူတိုက်ဖျက်ရေးအဖြစ် ရက်စက်သော တိုက်ပွဲများကို ဆင်နွှဲခဲ့ကာ ၎င်းတို့အား ဆန့်ကျင်သူများကို သွေးထွက်သံယိုဖြစ်အောင်ပင် ဖြိုခွဲခဲ့ကြသည်။[၁၀၆]

အာဏာရှင်ဟောင်းက အရှိန်အဝါရှိသော မြန်မာနိုင်ငံစစ်တပ်အပေါ် သူ၏ ဩဇာလွှမ်းမိုးမှုကို ဆက်ထိန်းထားနေသေးကြောင်း ယုံကြည်ရပေသည်။[၁၀၇] ၂၀၁၅ ခုနှစ်၊ ဖွန်လတွင် ၎င်းက "ငါ့လက်ထဲရောက်အောင် အကုန်ပြန်ယူနိုင်တယ်" ဟူ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ခေါင်းဆောင် သူရရွှေမန်း၊ သမ္မတသိန်းစိန်နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား သတိပေးခဲ့သည်ဟု သတင်းများက ဆိုသည်။[၁၀၈] ဩဂုတ်လတွင် အခြေခံဥပဒေ ပြောင်းလဲရေးအတွက် စစ်တပ်၏ ဗီတိုအာဏာအသုံးပြုနိုင်နေမှုကို အဆုံးသတ်မည်ဟု ယင်းမတိုင်မီက အဆိုပြုခဲ့သူ သူရဦးရွှေမန်းသည် ရာထူးမှ ဖြုတ်ချခံခဲ့ရသည်။[၁၀၉]

ထိုအချိန်တွင် ဦးသန်းရွှေမိသားစုသည် မြန်မာ့စီးပွားရေးကို ဖြတ်ထုတ်ယူရန် ဆက်လက်လုပ်ဆောင်နေကြသည်။ အများမှလေးစားရသော လေ့လာဆန်းစစ်သူတစ်ဦး၏ အဆိုအရ မြန်မာနိုင်ငံသစ်တွင် ငွေကြေးသည် အာဏာပိုင်များအတွက် အခြေခံဖြစ်ပြီး "လုပ်ငန်းလုပ်ချင်ရင် ဦးသန်းရွှေမိသားစုနဲ့ ဆက်ဆံရမယ်။"[၁၁၀]

ယခင်က ထုတ်ပြန်ထားခြင်းမရှိသော အစိုးရမှ ကျောက်စိမ်းလုပ်ကွက်များ ချထားပေးသည့် မြေပုံနှင့် ကုမ္ပဏီ မှတ်တမ်းများအရ ဦးသန်းရွှေ၏ သားဖြစ်သူ ဦးကြိုင်စန်းရွှေနှင့် ဦးထွန်းနိုင်ရွှေတို့သည် ကြိုင်အပြည်ပြည်ဆိုင်ရာနှင့် ဖားကန့်ဒေသတွင် ကျောက်စိမ်းတွင်း ၆ တွင်းအတွက် လိုင်စင်ရယူထားသော မြန်မာနိုင်အုပ်စု ဟုခေါ်သည့် ကုမ္ပဏီများကို ထိန်းချုပ်နေကြောင်း ပြသနေပေသည်။ သတ္တုတွင်းဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးပြောပြ ချက်အရ မည်သည့် လုပ်ထုံးလုပ်နည်းမှ ပြုလုပ်ရန်မလိုဘဲ ကျောက်စိမ်းတူးဖော်ရေးအတွက် ခွင့်ပြုမိန့်များကို ကြိုင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီထံ ချပေးရသည်ဟု ဆိုသည်။[၁၁၁]



တရားဝင်အားဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အစိုးရအကြီးအကဲအဖြစ်မှ ဆင်းပေးခဲ့သည်။ သို့သော် ၎င်းသည် လက်ရှိ အာဏာရမြန်မာစစ်တပ်အပေါ် လွှမ်းမိုးချုပ်ကိုင်ပြီး သူ့အာဏာကို အသုံးပြုနေသေးကြောင်း ယုံကြည်ရသည်။ သူ၏ မိသားစုသည် နောက်ကွယ်တွင် ဆက်လက်လွှမ်းမိုးနိုင်ရန် အသုံးပြုနေသော ကျောက်စိမ်းလုပ်ငန်းမှ ငွေကြေးများ ရရှိနေခြင်းဖြစ်သလား။


အာဏာရှင်ဟောင်းဦးသန်းရွှေသည် မိသားစုလုပ်ငန်းများအပေါ် သူ၏ထိန်းချုပ်နေမှုများကို သားသမီး၊ မြေးများထံ လွှဲပြောင်းထားပေးပြီး ဖြစ်သော်လည်း ဇနီးဒေါ်ကြိုင်ကြိုင်ကမူ လုပ်ငန်းကိစ္စများတွင် ပါဝင်နေသေးကြောင်း သိရသည်။[၁၁၂] မိသားစုပိုင် ကျောက်စိမ်းကုမ္ပဏီတစ်ခုမှာ ကြိုင်အပြည်ပြည်ဆိုင်ရာဟု ခေါ်သည်။ ကျောက်စိမ်းတူးဖော်ပြီး ဖြစ်ပေါ်လာသော ဖားကန့်ဒေသရှိ ရေအိုင်နေသော ချိုင့်တွင်းကြီးကိုပင် မြန်မာနိုင်ငံ၏ အာဏာရှင်ဟောင်း၏ ဇနီး ဒေါ်ကြိုင်ကြိုင်ကို အစွဲပြု၍ မှည့်ခေါ်ထားကြောင်း ဖားကန့်ရှိ ဒေသခံများပြောပြချက်အရ သိရသည်။

ကြွယ်ဝဆုံး ကုမ္ပဏီ အင်္ဂလိပ်အမည်အားဖြင့် Richest Gems အဖြစ် မှတ်ပုံတင်ထားသော ကုမ္ပဏီကို ကြိုင်အပြည်ပြည်ဆိုင်ရာနှင့် မြန်မာနိုင်အုပ်စုတို့၏ ဒါရိုက်တာဖြစ်သူ ဦးဝင်းတင်မှ လုပ်ကိုင်နေခြင်းဖြစ်ပြီး မှတ်ပုံတင်ထားသော လိပ်စာမှာ ဦးသန်းရွှေ၏ သားနှစ်ယောက်လိပ်စာနှင့် တူညီသည်။[၁၃၃]

ကျောက်စိမ်းလုပ်ငန်းကို ရေရှည်စောင့်ကြည့်နေသူများက ဤကုမ္ပဏီသည် ကြိုင်အပြည်ပြည်ဆိုင်ရာနှင့် တစ်အုပ်စုထဲဖြစ်ကြောင်း သတ်မှတ်ကြသည်။[၁၃၄] ကြွယ်ဝဆုံး ကုမ္ပဏီသည် ဖားကန့်တွင် နောက်ထပ် ကျောက်စိမ်းတွင်း ၃ တွင်းကိုလည်း ထိန်းချုပ်နေသေးသည်။

## ဦးသန်းရွှေမိသားစု ကုမ္ပဏီများနှင့် ကြွယ်ဝဆုံးတို့မှ ထိန်းချုပ်ထားသော ဖားကန့်ရှိ ကျောက်စိမ်းတွင်းများ

*မှတ်ချက် - ကျောက်စိမ်းတွင်းများ၏ အမည်များတွင် နံပါတ်များ ပါဝင်လေ့ရှိသည်၊ ဥပမာ-မော်ဆီဇာ (#၂)*

| ကြိုင်အပြည်ပြည်ဆိုင်ရာ | မြန်မာနိုင်အုပ်စု | ကြွယ်ဝဆုံး |
|---|---|---|
| မော်ဆီဇာ (#၂)[၁၃၅] | ကုဋ္ဌေ (#၅)[၁၃၆] | ဝါကျဲ (#၆)[၁၃၇] |
| ကြက်ပေါင်ချောင်းဖျား (#၁)[၁၃၈] | မမုံ (#၅)[၁၃၉] | သောင်းချို (#၂)[၁၄၀] |
| မျောက်ဖြူ (#၁)[၁၄၁] | ဂွီခါး (#၁)[၁၄၂] | မမုံ (#၅)[၁၃၉] |

၂၀၁၄ နှင့် ၂၀၁၃ ခုနှစ်မြန်မာ့ကျောက်မျက်ပြပွဲ ကိန်းဂဏန်းများအရ ရောင်းချပွဲနှစ်ခုစလုံးတွင် ကြိုင်အပြည်ပြည်ဆိုင်ရာနှင့် မြန်မာနိုင်အုပ်စုတို့သည် အခွန်မဆောင်မီ ရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၇၀ ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

ကြွယ်ဝဆုံး ကုမ္ပဏီနှင့် ဆက်စပ်နေမှုများအရ ထပ်ပေါင်းမည်ဆိုလျှင် ပြပွဲနှစ်ခုမှ စုစုပေါင်းပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၂၂၀ အထိ ခုန်တက်သွားမည်။[၁၄၃]

## ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေမိသားစုမှ ထိန်းချုပ်သည့် ကျောက်စိမ်းကုမ္ပဏီများ

**မှတ်ချက်** - ဒါရိုက်တာများသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအထိ မှတ်ပုံတင်ထားသော DICA ကုမ္ပဏီမှတ်ပုံတင်စာရင်းအရ ဖြစ်သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလရှိ DICA ၏ ပို၍ ပြီးပြည့်စုံသော မှတ်တမ်းများအရ ဒါရိုက်တာများသည် ရှယ်ယာရှင်များလည်းဖြစ်ကြောင်း ဖော်ပြနေသည်။

၂၀၁၄ နှင့် ၂၀၁၃ ခုနှစ်မြန်မာ့ကျောက်မျက်ပြပွဲ ကိန်းဂဏန်းများအရ ရောင်းချပွဲနှစ်ခုစလုံးတွင် ကြိုင်အပြည်ပြည်ဆိုင်ရာနှင့် မြန်မာနိုင်အုပ်စုတို့သည် အခွန်မဆောင်မီ ရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၇၀ ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။



ဦးသန်းရွှေမိသားစု ကျောက်စိမ်းအင်ပါယာနှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးမှာ ရှင်းလင်းခြင်းမရှိသော်လည်း ထိုမိသားစု၏ ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းများကို လက်တွေ့တွင် တရုတ်နိုင်ငံသားများမှ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပြောကြားကြသည်။[၁၂၅] ကြိုင်နှင့် နိုင်ကုမ္ပဏီများသည် ဤအစီရင်ခံစာ နောက်ပိုင်းတွင် အကျဉ်းဖော်ပြထားမည်ဖြစ်သော ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် / ဝပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSA/UWSP) တို့နှင့် ဆက်နွယ်နေသော ကုမ္ပဏီအုပ်စုနှင့် ဖက်စပ်လုပ်ကိုင်ကြောင်း အစီရင်ခံတင်ပြကြသည်။[၁၂၆] မကြာသေးမီအချိန်အထိ ကြွယ်ဝဆုံးကုမ္ပဏီသည် ဝ အုပ်စုဖြစ်သော တက်ခမ်းကျောက်မျက်နှင့် ဒါရိုက်တာ ရာထူးများကို မျှဝေရယူထားပြီး ထိုကုမ္ပဏီကို UWSA/ UWSP ခေါင်းဆောင် ပေါက်ယူချမ်း၏ သားမက်ဖြစ်သူ ဦးအိုက်ဟော်မှ ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။[၁၂၇] တက်ခမ်း ကျောက်မျက်၊ ဦးအိုက်ဟော်နှင့် ဦးပေါက်ယူချမ်းတို့သည် အမေရိကန်နိုင်ငံမှ အရေးယူပိတ်ဆို့ခံထားရသူများ စာရင်းတွင် ပါဝင်ပြီး ၎င်းတို့သည် မူးယစ်ဆေးဝါးလုပ်ငန်းများနှင့် ဆက်စပ်နေသူများ ဖြစ်သည်။[၁၂၈]

ဖားကန့်တွင် ဦးသန်းရွှေမိသားစုက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်ရာ၌ စက်ယန္တယားများကို အသုံးပြုကြပြီး ထိုဒေသတွင် နေထိုင်သည့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကိုမူ ထည့်သွင်းစဉ်းစားခြင်း သိပ်မရှိပေ။[၁၂၉] ၎င်းတို့ကုမ္ပဏီများ၏ လုပ်ပိုင်ခွင့်များကို လက်နက်ကိုင် စစ်တပ် နှင့် ရဲအရာရှိများမှ ကာကွယ်ပေးထားပြီး မလိုလားအပ်သည့် လာရောက်သူများကို ဟန့်တားရန် ဦးစီး လုပ်ဆောင်သူများဖြစ်သည်။[၁၃၀] ကြိုင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီမှ လုပ်ဆောင်မှုကြောင့် ထင်ရှားသည့် မော်ဆီဇာကျောက်စိမ်း လုပ်ကွက်တွင် ရေများဖြင့် ချိုင့်ကြီးတစ်ခုဖြစ်သွားစေခဲ့ပြီး ထိုနေရာကို ဦးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်ကို အစွဲပြု၍ 'မော်ဆီဇာ ကြိုင်ကန်' ဟု အမည်ပေးထားခြင်းအတွက် မကောင်းသတင်းဖြင့် ကျော်ကြားနေသည်။[၁၃၁]

အကျင့်ပျက်ခြစားမှုများရှိနေပြီး စစ်တပ်မှ အုပ်စိုးနေသော ကျောက်စိမ်းလုပ်ငန်းတွင် ဦးသန်းရွှေမိသားစုမှ ရင်းနှီးမြှုပ်နှံထားမှုကြောင့် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများ ထုတ်ယူသည့်လုပ်ငန်းအတွက် အစစ်အမှန်ပြောင်းလဲမှုများကို ယူဆောင်လာရန် ပြုပြင်ပြောင်းလဲရေးသမားများ၏ ကြိုးစားအားထုတ်မှုများနှင့်



ဦးသန်းရွှေမိသားစုပိုင် ကြိုင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ လုပ်ကိုင်နေသော ဆန်ဂျာဘန်ရွာ၊ ဖားကန့်အနီး မိုင်းတွင်းမှ မြေစာပုံသည့် ကားများကို ရွာသားတစ်ဦးမှ ကြည့်နေစဉ်။ ပုံ- မင်းဇေယျာ

ကချင်ပြည်နယ်အတွင်း ရေရှည် တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးစားအားထုတ်မှုများအတွက် အကြီးအကျယ် စိန်ခေါ်မှုများ ဖြစ်နေသည်။ သို့သော် ဂယက်ရိုက်မည့်အလားအလာသည် ကချင်ပြည်နယ်တစ်ခုထဲတွင် ကျရောက်မည်မဟုတ်ပေ။ အာဏာရှင်ဟောင်း၏ မိသားစုသည် အခမ်းနားဆုံးကျင်းပသည့် လက်ထပ်မင်္ဂလာပွဲ၊ ဇိမ်ခံ အိမ်ခြံမြေများနှင့် အလွန်ကြီးကျယ်သော စျေးဝယ်ထွက်သည့် ခရီးစဉ်များကြောင့် သတင်းကြီးလှသည်။[၁၃၂] သို့သော် မြန်မာနိုင်ငံအနေဖြင့် သမိုင်းတွင်မည့် ရွေးကောက်ပွဲများကို ပြင်ဆင်လျှက်ရှိပြီး နိုင်ငံရေးအပြောင်းအလဲ ဖြစ်လာနိုင်သဖြင့် သဘောထားတင်းမာသူများက ဂိုဏ်းဖွဲ့၍ ဆူပူ အုံကြွမှုများပြုလုပ်ခြင်းနှင့် နိုင်ငံရေးအရ မသမာသော နည်းဖြင့် လှည့်စားမှုများပြုလုပ်ခြင်းအတွက် ငွေကြေးထောက်ပံ့ပေးရန် ၎င်းတို့၏ ကြွယ်ဝချမ်းသာမှုကို ဥပဒေနှင့်မလျော်ညီဘဲ အသုံးပြုကောင်း ပြုနိုင်သည်ကို အချို့က စိုးရိမ်ကြသည်။[၁၃၃] ဦးသန်းရွှေ၏ မိသားစုသည် မသမာသောနည်းဖြင့် ရယူထားသော ကျောက်စိမ်းကြောင့် ကြွယ်ဝချမ်းသာမှုများနှင့်အတူ မည်သည့်အရာများ လုပ်ဆောင်နေသည်ကို မြန်မာနိုင်ငံသားများက အပူတပြင်း သိရန် လိုအပ်သည်။



ဦးသန်းရွှေ၏ သမီးဖြစ်သူ မသန္တာရွှေနှင့် ဗိုလ်မှူးဇော်ဖြိုးဝင်းတို့၏ ခမ်းနားလှသော လက်ထပ်ပွဲကို ရိုက်ကူးထားသည့် ဗီဒီယိုသည် ၂၀၀၆ ခုနှစ်တွင် စာနယ်ဇင်းသမားများလက်ဝယ်သို့ ရောက်ရှိသွားခဲ့သည်။[၁၃၄] ထိုဗီဒီယိုတွင် မိသားစု၏ အထက်တန်းကျကျ နေထိုင်တတ်ပုံ၊ ပြိုးပြက် တောက်ပြောင်နေသည့် အဝတ်အစားများကြောင့် ၎င်းတို့၏ ကြွယ်ဝချမ်းသာမှုကို ထင်ဟပ်ပြသနေပြီး ပြည်သူများကလည်း အဆိုပါကျောက်မျက် ဝတ်ရုံများ၊ ပြင်သစ်ရှမ်ပိန်နှင့် ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိသော လက်ဆောင်များ မည်သည့်နေရာမှ ရရှိသည်ကို သိလိုနေကြသည်။




အကဲခတ်တစ်ဦး၏ ပြောပြချက်အရ "မြန်မာနိုင်ငံမှာ လုပ်ငန်းလုပ်ချင်ရင်၊ ဦးသန်းရွှေမိသားစုနဲ့ ဆက်ဆံရမယ်"။[၁၃၅] ဦးသန်းရွှေ၏ သားများဖြစ်သော ဦးထွန်းနိုင်ရွှေနှင့် ဦးကြိုင်စန်းရွှေတို့၏ လုပ်ငန်းအကျိုးအမြတ်များသည် ကျောက်စိမ်းမှ အများဆုံးရရှိခြင်းပင်ဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံရှိ မုန့်ဆိုင်ဖြစ်သော J's Donuts ဆိုင်ပိုင်ရှင်များဖြစ်သည် ဟုလည်း ဆိုကြသည်။ ပုံ- မင်းဇေယျာ

## ၂။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးအုန်းမြင့်

*"ပါးရိုက်ရဲတယ်။"*
ဝန်ကြီး ဦးအုန်းမြင့်

ဝန်ကြီး ဦးအုန်းမြင့်သည် ဖားကန့်ဒေသရှိ ကျောက်စိမ်းလုပ်ငန်းအပေါ် ကာလအတန်ကြာ လွှမ်းမိုးခဲ့သူ တစ်ဦးဖြစ်သည်။ သူ ထမ်းဆောင်ခဲ့ဖူးသော တာဝန်များတွင် ဖားကန့်ဒေသအတွက် လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်ရှိ ရာထူးအမြင့်ဆုံးဗိုလ်ချုပ်တစ်ဦး- တပ်မတော် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး တို့ပါဝင်သည်။[၁၃၆] ဦးအုန်းမြင့်သည့် တံဆိုးလက်ဆောင်များ ရယူရန်၊ တွေ့ရှိသည့် ကျောက်စိမ်းတုံးများထဲမှ ရှယ်ယာခွဲယူရန်၊ 'ခရိုနီ' ကုမ္ပဏီများ၏ ကျောက်စိမ်းလုပ်ငန်းများကို မြှင့်တင်ပေးရန်၊ နိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများနှင့် နိုင်ငံရေးအုပ်စုများအကြား သွေးခွဲရန် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် ၎င်းတာဝန်ယူခဲ့ရမှုကို အပြည့်အဝ အသုံးချသည်ဟု ကချင်လူမျိုးများက စွပ်စွဲကြသည်။[၁၃၇]

ကျောက်စိမ်းလုပ်ငန်းမှ ရင်းမြစ်များပြောပြချက်အရ ဦးအုန်းမြင့်၏ မိသားစုသည် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှ ဗိုလ်ချုပ် အော့ဝင်းဂိတ်ကို အစွဲပြု၍ မှည့်ထားသော မြန်မာ ဝင်းဂိတ် (မြန်မာအောင်နိုင်ရေးမုခ်ဦး) ဟုခေါ်သည့် အကျိုးအမြတ်များစွာ ရရှိနေသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ကြောင်း သိရသည်။[၁၃၈] DICA ကုမ္ပဏီမှတ်တမ်းများအရ -

- မြန်မာ အောင်နိုင်ရေးမုခ်ဦး ကျောက်မျက်တူးဖော်ရေးလုပ်ငန်းကုမ္ပဏီ လီမိတက်ကို ဦးအုန်းမြင့် ကချင်ပြည်နယ်တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် ဆောင်ရွက်စဉ်ကာလ ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ပြသထားသည်။[၁၃၉]
- ထိုကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာလည်းဖြစ်ပြီး ရှယ်ယာ၏ ၄၀% ကို ကိုင်ဆောင်ထားသူမှာ ဦးကျော်သီဟဖြစ်ပြီး ဦးအုန်းမြင့်၏ သားနာမည်ပင် ဖြစ်သည်။[၁၄၀]
- အခြားတစ်ယောက်မှာ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပြီး ရှယ်ယာ ၃၀% ကို ရယူထားသည့် ဦးကျော်သီဟ၏ အမျိုးသမီးဖြစ်သော ဒေါ်နွေးအိအိဇင်ဖြစ်ကြောင်း ဖော်ပြထားသည်။[၁၄၁]

အစိုးရ၏ မြေပုံများနှင့် KIA/KIO ၏ မှတ်ပုံတင်ထားသော ကျောက်စိမ်းတွင်းများတွင် မြန်မာ အောင်နိုင်ရေးမုခ်ဦးသည် ဖားကန့်ဒေသတွင် ဝါကျဲ (#၅)နှင့် ဂွီခါးလုံး (#၄) မော်များကို လုပ်ပိုင်ခွင့် ရရှိထားသော ကုမ္ပဏီဖြစ်ကြောင်း ဖော်ပြနေသည်။[၁၄၂] စစ်တပ်ကုမ္ပဏီဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က မြန်မာအောင်နိုင်ရေးမုခ်ဦးသည် ၎င်း၏ ကျောက်စိမ်းလုပ်ငန်း လုပ်ငန်းဖက်တစ်ဦးဖြစ်ကြောင်း Global Witness ထံ ပြောပြခဲ့သည်။[၁၄၃]

မြန်မာအောင်နိုင်ရေးမုခ်ဦးသည် ထုတ်ပြန်ထားခြင်းမရှိသည့် ၂၀၁၃ ခုနှစ် မြန်မာကျောက်မျက်ပြပွဲ ကိန်းဂဏန်းအချက်အလက်များထဲတွင် ပါဝင်ခြင်းမရှိပါ။ ယင်းအချက်အလက်များကို Global Witness မှ သုံးသပ်ခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ်ပွဲတွင် ကုမ္ပဏီသည် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ရှိကြောင်း ဖော်ပြခဲ့သည်။[၁၄၄] ဤပမာဏတွင် အမေရိကန်ဒေါ်လာ သန်း ၄၀ နီးပါးတန်ဖိုးရှိသော အလေးချိန် ၂၄ ကီလိုဂရမ်ရှိ ကျောက်စိမ်းတုံး ရောင်းချရမှုလည်း ပါဝင်သည်။[၁၄၅]



စစ်သမိုင်းကြောင်းကိုစိတ်ဝင်စားသူ ဦးအုန်းမြင်သည် ဒုတိယကမ္ဘာစစ်အတွင်းမြန်မာနိုင်ငံတွင်အခြေချခဲ့သည့်အထူးစစ်ဆင်ရေးတပ်၏ တပ်မှူးဗြိတိသျှဗိုလ်ချုပ်အော်ဒီဝင်းဂိတ်ကို အစွဲပြု၍ သူ၏ကျောက်စိမ်းကုမ္ပဏီကို အမည်တူမှည့်ခေါ်ခဲ့သည်ဟု ဆိုကြသည်။



၂၀၀၅ခုနှစ်တွင် ဦးအုန်းမြင့်အား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ခန့်အပ်လိုက်ပြီး ကချင်ပြည်နယ်ရှိ စီမံခန့်ခွဲရေး၊စီးပွားရေးနှင့် ဒေသခံပြည်သူများအပေါ် အုပ်ချုပ်ရန်အထူးအာဏာပေးအပ်ခံရသည်။ ယနေ့ခေတ်တွင်သူသည်မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် အရပ်ဘက်ရာထူးကို ရယူထားသည်၊ သို့သော်သူသည် ၎င်းမိသားစု၏မြန်မာဝင်းဂိတ်ကျောက်စိမ်းကုမ္ပဏီမှတဆင့် ကချင်ပြည်နယ်ကိုစိတ်ဝင်စားနေဆဲဖြစ်သည်။

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး...နှင့် ပါးရိုက်ဇာတ်လမ်း

၂၀၁၄ ခုနှစ်က ဦးအုန်းမြင့်သည် ရေသန့်စနစ် တောင်းဆိုခဲ့သော မကွေးတိုင်းရှိ ရွာသားအဖွဲ့များအား ပြောကြားခဲ့သည့် စကားများသည် သတင်းခေါင်းစီးများတွင် နေရာယူခဲ့သည် -



**Unapologetic Minister will 'dare slap anyone'**

By DVB

5 February 2014 Print Email



Burma's Minister of Livestock Breeding, Fisheries and Rural Development, Ohn Myint, is under fire in Parliament for vile threats to rural residents in Tenasserim and Magwe divisions. An emergency proposal has been submitted for the government to take immediate action.

*"ဘယ်နိုင်ငံကမှ မြန်မာနိုင်ငံကို ချစ်လွန်းလို့ဆိုပြီးတော့ ကူညီသွားတာ မရှိဘူး။ ရှေ့ကချရင်ချ၊ မချရင် နောက်က ချမယ့်ကောင်တွေချည်းပဲ။ ဟုတ်ပြီလား၊ ရှေ့ကချရင်ချ၊ မချရင် နောက်ကပဲ။ ဘယ်သူမှ အလကား မပေးဘူး။*

*"ကျွန်တော့်ကိုစစ်တပ်က လွှတ်ထားတာ၊ ကျွန်တော်က နိုင်ငံရေးသမားမဟုတ်ဘူး။ ကျွန်တော့်ကိုရွေးကောက်တင်မြှောက်ထားတာ မဟုတ်ဘူး၊ ကျွန်တော့်ကိုရွေးချယ်ထားတာ။ ကျွန်တော်ပြောနေတာကို သိတယ်မှတ်လား။*

*"ဘယ်နိုင်ငံရေးသမားကိုမှလည်း ကျွန်တော် စောက်ဂရုမစိုက်ဘူး။ ခင်ဗျားတို့ မှတ်ထား။ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်အုန်းမြင့်ဆိုပြီးတော့ နှယ်တကာလှည့်ပြီး ပါးရိုက်ရဲတယ်ကွဆိုပြီးတော့ မိန့်ခွန်းပြောလာတာ။"*

*"ခုနိုင်ငံရေးစကား စပြောတာပဲ။ နိုင်ငံရေးစကားဆိုတာ ခုတက်နေတဲ့အစိုးရပေါ်မှာ စော်ကားတဲ့ကောင်ကို တွယ်မှာပဲ ပါးစပ်နဲ့တွယ်လို့မရရင် အချုပ်ထဲထည့်မှာပဲ နိုင်ငံတကာမှာ ဒီလိုပဲကျင့်သုံးတယ် အစိုးရကိုဆန့်ကျင်တဲ့ကောင်တော့ သွား.. မင်းအချုပ်ထဲနေ ငါတို့အစိုးရထွက်ရင် မင်းထွက် ဒါပဲ။"*[၁၄၆]

ဤသို့သောမှတ်ချက်များကြောင့် ရန်ကုန်တွင်ဆန္ဒပြမှုများပေါ်ပေါက်လာပြီး ၎င်းတို့အား ပါးရိုက်ရဲလျှင် ရိုက်ရန် ဝန်ကြီးကို စိန်ခေါ်ခဲ့သည်။[၁၄၇]

## ၃။ အာဏာရပါတီ၏ အထွေထွေ အတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်း

အငြိမ်းစားဗိုလ်ချုပ် မောင်မောင်သိမ်းသည် အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၏ လတ်တလော ဖြုတ်ချခံလိုက်ရသည့် အထွေထွေ အတွင်းရေးမှူးတစ်ဦးဖြစ်ပြီး၊ ငါးလုပ်ငန်းဝန်ကြီးဌာန၏ ဝန်ကြီးဟောင်း၊ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ကိုယ်စားလှယ် တစ်ဦးဖြစ်သည်။[၁၄၈] သူသည် သဘောထားတင်းမာသူ နိုင်ငံရေးသမားတစ်ဦးအဖြစ် ကျော်ကြားသူဖြစ်သည်။ Global Witness က သူ၏ သားသည် တရားမဝင် သစ်ထုတ်လုပ်မှုတွင် ပါဝင်ကြောင်း အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့သည်။[၁၄၉]

ဖားကန့်ဒေသရှိ အဓိက ကြိုးကိုင်ခြယ်လှယ်နေသူများနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိသူ ကျောက်စိမ်းလုပ်ငန်းရှင်နှစ်ဦးက



အငြိမ်းစားဗိုလ်ချုပ်မောင်မောင်သိမ်းသည် မကြာသေးခင်ကအထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သည်။ နိုင်ငံရေးအရ သဘောထားတင်းမာသူဟုနာမည်ကြီးသော ဦးမောင်မောင်သိမ်းသည် ၂၀၁၃ နှင့် ၂၀၁၄ တွင် အခွန်မဆောင်မီရောင်းရငွေ အမေရိကန် ဒေါ်လာသန်း ၁၄၀ ကျော် ရရှိသော ကျောက်စိမ်းကုမ္ပဏီနှစ်ခု၏ နောက်ကွယ်တွင် ရှိနေသူဖြစ်သည်။

ဦးမောင်မောင်သိမ်းသည် ကုဋ္ဌေ (#၂) နှင့် မန (#၁) မော်များအဖြစ် အစိုးရမြေပုံများတွင် စာရင်းပြထားသော မြတ်ယမုံနှင့် မျိုးနွယ်ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများကို ထိန်းချုပ်နေသူဖြစ်ကြောင်း Global Witness အား ပြောပြခဲ့သည်။[၁၅၀] ကုဋ္ဌေမော် (#၂) အနီးနေထိုင်သူ ဒေသခံပြည်သူများကလည်း ဦးမောင်မောင်သိမ်းသည် မြတ်ယမုံကုမ္ပဏီပိုင်ရှင်ဖြစ်ကြောင်း သတ်မှတ်ထားသည်။[၁၅၁]

ဤဖော်ပြချက်များ မှန်ကြောင်း ကုမ္ပဏီ မှတ်ပုံတင်မှတ်တမ်းများနှင့် အခြားအချက်အလက်များက ပံ့ပိုးပေးထားသည်။

- မြတ်ယမုံနှင့် မျိုးနွယ်ကုမ္ပဏီတို့သည် ရုံးတစ်ရုံးထဲတွင် အတူဖွင့်လှစ်ထားပြီး ဒါရိုက်တာနှင့် ရှယ်ယာရှင်များသည်လည်း အတူတူပင်ဖြစ်ကြောင်း ကုမ္ပဏီမှတ်ပုံတင် မှတ်တမ်းများက ပြသနေသည်။[၁၅၂]
- မျိုးနွယ်ကုမ္ပဏီ၏ ဒါရိုက်တာနှင့် ရှယ်ယာရှင်သုံးဦးအနက် တစ်ဦးသည် ဦးနေအောင်ဖြစ်ပြီး မြန်မာနိုင်ငံ လွှတ်တော် ဝက်ဘ်ဆိုက်ရှိ နိုင်ငံရေးသမားများ၏ ကိုယ်ရေးအကျဉ်းတွင် ဖော်ပြထားချက်အရ ဦးမောင်မောင်သိမ်း၏ သားတစ်ဦးဖြစ်သည်။[၁၅၃]
- မျိုးနွယ်ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးနေအောင်၏ မှတ်ပုံတင်နံပါတ် (နိုင်ငံသား စိစစ်ရေးကတ်ပြား) နံပါတ် (၁၃/ကမန(နိုင်)၀၀၁၅၉၂) သည် ဦးမောင်မောင်သိမ်း၏ သားဖြစ်သူ ဦးမင်းသိမ်း- (၁၃/ကမန(နိုင်)၀၀၁၅၉၃) ၏ နံပါတ်နှင့် ကပ်လျက်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့နှစ်ဦးသည် မြို့နယ် တစ်မြို့နယ်ထဲတွင် တစ်ပြိုင်တည်း မှတ်ပုံတင်ပြုလုပ်ထားဖွယ်ရှိကြောင်း ပြသနေသည်။[၁၅၄]

မျိုးနွယ်ကုမ္ပဏီတွင် ပါဝင်သော ဦးနေအောင်သည် ဦးမင်းသိမ်း၏ အစ်ကိုတစ်ဦး ဖြစ်ချင်မှ ဖြစ်မည်။ သို့သော် တိုက်ဆိုင်စွာပင် နာမည်တူပြီး မှတ်ပုံတင်နံပါတ် ပြုလုပ်ချိန်လည်း တူညီခြင်း၊ နေရာလည်း တူညီခြင်း ဖြစ်နိုင်သည်။ သို့သော် တစ်ကြိမ်လျှင် ကလေးတစ်ဦးထက်ပို၍ မှတ်ပုံတင်ပြုလုပ်ကြခြင်းသည် မြန်မာမိသားစုတွင် ဖြစ်လေ့ဖြစ်ထရှိသည်၊ ထို့ကြောင့် မောင်နှမများသည် မှတ်ပုံတင်နံပါတ်ကို ရှေ့နောက် တစ်ဆက်တည်းဖြစ်စေ၊ နီးကပ်လျက်ဖြစ်စေ ရရှိကြသည်။[၁၅၅]

Global Witness က မျိုးနွယ်ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးနေအောင်ထံ စာရေးသားခဲ့ပြီး သူသည် ဦးမောင်မောင်သိမ်း၏ သားဖြစ်ကြောင်းနှင့် ဦးမောင်မောင်သိမ်းသည် မြတ်ယမုံနှင့် မျိုးနွယ်ကုမ္ပဏီတို့၏ အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များဟုတ်မဟုတ် မေးမြန်းခဲ့သည်။ ထိုမေးခွန်းများကို ယခုတစ်ကြိမ်တွင် ဖြေဆိုနိုင်မည်မဟုတ်ကြောင်း ဦးနေအောင်က စာပြန်ကြားခဲ့သည်။[၁၅၆]



မြတ်ယမုံကျောက်စိမ်းတွင်း ကုဋေ (#၂)၊ ကုဋေရွာ၊ လုံးခင်းအနီး၊ ဖားကန့်။ ဒေသခံများ၏ပြောပြချက်အရ မြတ်ယမုံမော်သည် ဖားကန့်တွင် လုံခြုံရေးအစောင့်အများဆုံးမိုင်းတွင်းဖြစ်ပြီး အလွန်အန္တရာယ်များသည့် အခြေအနေရှိကြောင်း သိရသည်။ ပုံ- မင်းဇေယျာ



ဖားကန့်ရှိ ကုဋေရွာအနီး မြတ်ယမုံ မော်မှ ရေဆိုးရေညစ်များ စီးဆင်းနေခြင်း။ ဒေသခံ ပြည်သူများ၏ ပြောပြချက်အရ ကုမ္ပဏီမှ ပြုလုပ်ထားသည့် မြောင်းများမှ စီးဆင်းသော ရေများသည် အနီးရှိ အိမ်များကို ပျက်စီးစေခဲ့ကြောင်း သိရသည်။ ဓါတ်ပုံ- မင်းဇေယျာ



ဖားကန့်ရှိ မြတ်ယမုံ ကုမ္ပဏီမှ ချန်ထားရစ်ခဲ့သော ရေလျှံနေသည့် တွင်းကြီး ဓါတ်ပုံ- မင်းဇေယျာ



၂၀၁၅ ခုနှစ် ဧပြီလတွင် မြတ်ယမုံ ကုဋ္ဌေ (#၂) မော်တွင် ဖြစ်ပွားခဲ့သော မြေပြိုကျမှု ဗီဒီယိုထဲမှ ပုံများ လူ ၃၀ မှ ၆၀ ယောက်အထိ သေဆုံးခဲ့သည်ဟု ဒေသခံများက ပြောသည်။ ကုမ္ပဏီသည် ကျောက်စိမ်းတွင်း အပေါ်တွင်ရှိသော ရွှံ့ရည်များဖြင့် ပြည့်နှက်နေသည့် မြေကြီးပေါ်တွင် မြေစာများ ပုံခြင်းကြောင့် ထိုသို့ မတော်တဆမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပြောကြသည်။ ထို့နောက် ရေဆိုးရေညစ်များသည် ရွေ့ပြောင်းစီးဆင်းသွားပြီး ချိုင့်ကြီးထဲတွင် ရေများလျှံသွားကာ စီးဆင်းရာ လမ်းတစ်လျှောက်ရှိ အလုပ်သမားများနှင့် စက်များကို ဝါးမြိုသွားခဲ့သည်။

ဒေသခံပြည်သူများ၏ ပြောပြချက်အရ မြတ်ယမုံကုမ္ပဏီ၏ မော်သည် ဖားကန့်တွင် လုံခြုံရေးအစောင့်အများဆုံး မော်ဖြစ်ကြောင်းနှင့် အခြေအနေများသည် အလွန်အမင်း အန္တရာယ်များကြောင်း သိရသည်။[၁၅၇] ၂၀၁၅ ခုနှစ်၊ ဧပြီတွင် မြတ်ယမုံ၏ ကုဋ္ဌေ (#၂) မော်မှ ဒလဟော စီးဆင်းလာသော ရွှံ့နှင့် ရေဆိုးရေညစ်များကြောင့် လူ ၃၀ နှင့် ၆၀ အကြား သေဆုံးခဲ့ရကြောင်း ဒေသခံများအဆိုအရ သိရသည်။[၁၅၈]

သို့သော် ဤသို့ လုံခြုံဘေးကင်းရေး ဆောင်ရွက်မှု ညံ့ဖျင်းမှုများက ငွေကြေးအမြောက်အမြားရနေသော ဦးမောင်မောင်သိမ်း၏ ကုမ္ပဏီများကို ရပ်တန့်သွားစေခဲ့ခြင်း မရှိပေ။ ၂၀၁၄ နှင့် ၂၀၁၃ ခုနှစ် မြန်မာ့ကျောက်မျက်ပြပွဲများတွင် မြတ်ယမုံနှင့် မျိုးနွယ်ကုမ္ပဏီများနှင့် ၎င်းတို့နှင့် ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီများသည် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် ပေးခဲ့ရကြောင်း မှတ်တမ်းတွေ့ရသည်။

## ၄။ မြုပ်နေတဲ့ ပြဿနာကြီးတစ်ခုရဲ့ အစလား။

Global Witness- *"ကျောက်စိမ်းတူးဖော်တဲ့ကုမ္ပဏီအများစုမှာ စစ်တပ်မိသားစုတွေ ပါဝင်နေနိုင်တယ်လို့ ကျွန်ုပ်တို့ ကြားထားပါတယ်။ ခင်ဗျားရော ဘယ်လိုသိထားပါသလဲ။*

*အရာရှိဟောင်းတစ်ဦး- "ပါဝင်နိုင်တာမဟုတ်ဘူး၊ ပါကို ပါဝင်နေတာပါ။ စစ်တပ်မိသားစုမှာ ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတွေသာရှိမနေရင် ကျန်တဲ့သူတွေက သူတို့ကို ကန်ထုတ်ပစ်ကြလိမ့်မယ်။ အဲဒီလိုကုမ္ပဏီမရှိတဲ့လူကို စန်းပြုးလို့ မြင်ကြလိမ့်မယ်။ သူတို့က တန်းတူဆက်ဆံမှာမဟုတ်ဘူး"*[၁၅၉]



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် မြန်မာနိုင်ငံ၏ အကျိုးအမြတ်များစွာ ရရှိသော ကျောက်စိမ်းလုပ်ငန်းထဲတွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် USDP ပါတီမှ နာမည်ကြီး နောက်တစ်ဦးဖြစ်သည်။

အခြား ဩဇာရှိသော ပုဂ္ဂိုလ်များအပြင် ကျောက်စိမ်းအရောင်းအဝယ်ပြုလုပ်ရာ၌ အကျိုးအမြတ်ရယူနေသူများတွင် မြန်မာနိုင်ငံ၏ အာဏာရပါတီမှ ဒုတိယဝန်ကြီးနှစ်ဦးလည်း ပါဝင်နေကြောင်း Global Witness ၏ စုံစမ်းစစ်ဆေးမှုများအရ သိရသည်။

- **အငြိမ်းစားဗိုလ်ချုပ်ဦးဘုန်းဆွေသည် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီးဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းနှင့်ဆက်စပ်နေသော ပဋိပက္ခကြောင့် နေရာရွှေ့ပြောင်းခံရသည့် ကချင်ပြည်နယ်မှ** ပြည်သူပေါင်း ၁၀၀,၀၀၀ ၏ လူမှုဘဝ ချမ်းသာရေးအတွက် သူ့တွင် တာဝန်ရှိသည်။ အနည်းဆုံးအားဖြင့် သူ၏ ရွှေအင်းဝကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် နေရာနှင့် ဆက်စပ်နေသည့် နေရာများအတွက် တာဝန်ရှိပါသည်။[၁၆၀]

  **ပြန်ကြားရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် ကာကွယ်ရေးဝန်ကြီးဌာနတွင် ဗိုလ်ချုပ်တစ်ဦးဖြစ်ပြီး ကာကွယ်ရေးပစ္စည်းဝယ်ယူရေးဌာန၏ ဒါရိုက်တာတစ်ဦးဖြစ်ကာ မြန်မာ့** စီးပွားရေးဦးပိုင်လီမိတက်၏ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးလည်းဖြစ်ခဲ့သည်။[၁၆၁] ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ထုတ်ပြန်ခဲ့သော DICA ၏ မှတ်တမ်းများတွင် သူသည် MEHL ၏ အဓိက ကျောက်စိမ်းတူးဖော်ပြီး အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းခွဲတစ်ခုဖြစ်သည့် မြန်မာအင်ပီရီရယ်လ်ဂျိတ် (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်၏ တစ်ဦးတည်းသော ရှယ်ယာရှင်ဖြစ်ကြောင်း ဖော်ပြထားသည်။[၁၆၂]

ယခုနှစ်ဖေဖော်ဝါရီလတွင် MEHL က Global Witness နှင့် တွေ့ဆုံရန် သဘောတူညီခဲ့ပြီး စစ်တပ်ကုမ္ပဏီကလည်း ဗိုလ်ချုပ်ကြီးဝင်းသန်းအား ကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် အစည်းအဝေးသို့ တက်ရောက်ရန် ကမ်းလှမ်းခဲ့သည်။[၁၆၃] Global Witness ထံပေးပို့ခဲ့သော နောက်ဆက်တွဲစာထဲတွင် MEHL က သူသည် မြန်မာအင်ပီရီရယ်(လ်) ဂျိတ်ကုမ္ပဏီ၏ ရှယ်ယာရှင်တစ်ဦးဖြစ်သည်ကို ငြင်းဆိုခဲ့သည်။ ကျောက်စိမ်းလုပ်ငန်းရှိ MEHL ၏ အခန်းကဏ္ဍကို နောက်လာမည့် အခန်းကဏ္ဍတွင် အကျဉ်းချုပ် ဖော်ပြရေးသားထားပါသည်။[၁၆၄] ဤရှာဖွေတွေ့ရှိချက်များသည် မြုပ်နေသော ပြဿနာကြီးတစ်ခု၏ အစပင်ရှိသေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ထားပါသည်။

အဓိက ကျောက်စိမ်းကုမ္ပဏီများ၏ အပေါ်ယံ အခွံကို ခွာကြည့်မည်ဆိုလျှင် အထဲတွင် စစ်တပ်မိသားစုကို တွေ့ရလိမ့်မည်ဟု ကျောက်စိမ်းလုပ်ငန်းနှင့် အကျွမ်းတဝင်ရှိသူများက ပြောကြသည်။ ဤအချက်သည် ပြုပြင်ပြောင်းလဲရေးသမားများအနေဖြင့် စိုးရိမ်ရမည့် မေးခွန်းတစ်ခုဖြစ်သည်- USDP / တပ်မတော်အတွင်းရှိ အခြားမည်သူများက ကချင်ပြည်နယ်၏ ကျောက်စိမ်းများအပေါ် အကျိုးအမြတ်ထုတ်ယူနေကြသနည်း။

# စစ်တပ်ကုမ္ပဏီများ

စစ်တပ်မိသားစုဝင်များမှ ထိန်းချုပ်ထားသော ကုမ္ပဏီများက ကျောက်စိမ်းလုပ်ငန်းအပေါ် လွှမ်းမိုးနေသော်လည်း တပ်မတော်၏ ပါဝင်မှုများမှာ အဆုံးမသတ်ပေ။ စစ်တပ်တွင် ကိုယ်ပိုင် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများရှိနေပြီး ကျောက်စိမ်းလုပ်ငန်းမှ အမြတ်များစွာကို ရယူနေသည်။ ထုတ်ပြန်ထားခြင်းမရှိသော ၂၀၁၄ နှင့် ၂၀၁၃ မြန်မာ့ကျောက်မျက် ပြပွဲများမှ ကိန်းဂဏန်းအချက်အလက်များအရ ထိုပွဲနှစ်ခုစလုံးမှ အဆိုပါ ကုမ္ပဏီများသည် အခွန်မဆောင်မီ ရောင်းရငွေ အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၂၈၀ ခန့် ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။[၁၆၅] ဤအချက်ကြောင့် ထိုငွေများ ဘယ်ရောက်သွားသနည်း၊ ထိုအခွန်များကို ကချင်ပြည်နယ်ရှိ KIA/KIO ကို တိုက်နေသည့် အစိုးရ၏ စစ်ပွဲများကို ဆင်နွှဲရန် အသုံးပြုနေခြင်းလောဆိုသည့် မေးခွန်းများလည်း ထွက်ပေါ်လာသည်။

## တပ်မတော်၏ ထိပ်တန်းအဆင့်လုပ်ငန်း- မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်[၁၆၆]

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် စစ်တပ်ကုမ္ပဏီ အနည်းဆုံး ၄ ခုခန့် ပါဝင်နေသည်ကို Global Witness မှ သတိမူမိပါသည်- မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက် (MEHL)၊ မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း (MEC)၊ ရွှေအင်း၀ ကျောက်မျက် (ယခင် အခန်းတွင် ဖော်ပြခဲ့ပြီး)၊ နှင့် ဓူဝံကြယ် ကျောက်မျက် တို့ဖြစ်သည်။[၁၆၇] ဤလေးခုအနက် အရေးအကြီးဆုံးနှင့် နာမည်ဆိုး အရှိဆုံးကုမ္ပဏီမှာ အမေရိကန်အစိုးရမှ အရေးယူပိတ်ဆို့ထားသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) ဖြစ်သည်။ ဤကုမ္ပဏီသည် နှစ်ပေါင်းများစွာတိုင်အောင် တန်ဖိုးကြီးကုန်ပစ္စည်းများကို တင်သွင်းရန်အတွက် အထူးသီးသန့် လိုင်စင်များ ရယူခြင်း၊ အခွန်ကင်းလွတ်ခွင့်များ ရှိခြင်းနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကို ၎င်းတို့နှင့်အတူ အတင်းအကျပ် ဖက်စပ်လုပ်ကိုင်စေခြင်းတို့ဖြင့် အကျိုးအမြတ်များစွာကို ရယူနေသည်။[၁၆၈] ၎င်း၏ အလားတူကုမ္ပဏီတစ်ခုဖြစ်သော MEC နှင့်အတူ လျှို့ဝှက် စစ်တပ်စီမံကိန်းများအတွက် အထူးဘတ်ဂျက်ချထားပေးပြီး ငွေကြေးထောက်ပံ့ခြင်း၊ အငြိမ်းစား စစ်တပ်အရာရှိများအတွက် ဝင်ငွေရရှိရေးကို ဆောင်ရွက်ပေးနေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြသည်။[၁၆၉]

အချို့သော အကဲဖြတ်လေ့လာသူများက ထောက်ပြသည်မှာ MEHL နှင့် MEC တို့သည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ၎င်းတို့၏ လက်ဝါး ကြီးအုပ်လုပ်ဆောင်မှုများကို လျော့ကျစေခဲ့သည်ဟု ပြောကြသော်လည်း အခြားသူများက ထောက်ပြသည်မှာ နောက်ကွယ်တွင်မူ ပမာဏအလွန်များသည့် ငွေကြေး ရပေါက်ရလမ်းများကို ဆက်လက် ဆုတ်ကိုင်ထားဆဲဟု ဆိုသည်။[၁၇၀] ကျွန်ုပ်တို့၏ သုတေသနပြုလုပ်ချက်အရ ကျောက်စိမ်းသည် နမူနာတစ်ခုဖြစ်သည်။



မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်သည် လက်ပံတောင်းတွင် ကြေးနီတူးဖော်ရေး စီမံကိန်းကို ဖက်စပ်လုပ်ကိုင်ရာ၌ ဒေသခံများနှင့် အငြင်းပွားဖွယ် ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။ လယ်မြေများ သိမ်းယူမှု၊ ဆန္ဒပြသူများအပေါ် အကြမ်းဖက် နှိမ်နင်းမှု၊ ဖော့စဖရပ်များ သုံးမှုတို့ကြောင့် မြန်မာနိုင်ငံတွင်းတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ အမည်ဆိုးဖြင့် လူသိများနေသည့် စီမံကိန်းတစ်ခု ဖြစ်နေသည်။ ဓါတ်ပုံ- Burma Partnership/ဦးဟန်ဝင်းအောင်

## MEHL နှင့် ကျောက်စိမ်း- "အဓိက ဝေစုကြီးကို နောက်ကွယ်က ရယူနေသော လုပ်ငန်းဖက်"[၁၇၁]

MEHL သည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများ ထုတ်ယူသည့် လုပ်ငန်းတွင် ထင်ရှားသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏ လက်ပံတောင်း ကြေးနီတူးဖော်ရေးစီမံကိန်းသည် ဆန္ဒပြသူများအား အကြမ်းဖက် ဖြိုခွင်းမှု၊ လေထုညစ်ညမ်းမှုနှင့် လယ်မြေများ သိမ်းယူမှု လုပ်ဆောင်ကြောင်း စွပ်စွဲခံနေရသည်။[၁၇၂] သို့သော် ၎င်း၏ ကျောက်စိမ်းတွင်းများကိုမူ သေချာ စစ်ဆေးခြင်း မရှိသေးပေ။

ဖားကန့်ကို KIA/KIO တို့လက်ထဲမှ အစိုးရက လွှဲပြောင်းထိန်းချုပ်ပြီးသည့် နောက်ပိုင်း ၁၉၉၅ ခုနှစ် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် MEHL က ရှေ့ဦးစွာ ပါဝင်လာခဲ့ပြီး ၎င်းက နောက်ဆယ်စုနှစ်ကြာသည်အထိ လုပ်ငန်းကို ဆက်လက်လွှမ်းမိုးခဲ့သည်။[၁၇၃] ဤကာလအတွင်း ယင်းလုပ်ငန်းစုက သတ္တုတွင်း ဝန်ကြီးဌာန၏ ခေါင်းဆောင်များမှတဆင့် အကောင်းဆုံး ကျောက်စိမ်းထွက်ရှိရာ လုပ်ကွက်အများအပြားကို ရရှိရန် လုပ်ဆောင်ခဲ့သည်။[၁၇၄] ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီအများစုသည် ကန်ထရိုက်အခွဲရယူ၍ လုပ်ဆောင်ခြင်းဖြစ်သည်။[၁၇၅] မှတ်သားလောက်သည့် ကိစ္စရပ်တစ်ခုမှာ ဤအစီရင်ခံစာ၏ နောက်ပိုင်းတွင် အကျဉ်းချုပ်ရေးသားဖော်ပြထားသော ရုယ်ဖယ်မလီကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် မြန်မာနိုင်ငံရှိ Coca-Cola နှင့် ဆက်စပ်လုပ်ကိုင်သည့် လုပ်ငန်းဖက်တစ်ဦးဖြစ်သည်။[၁၇၆] MEHL သည် ၎င်း၏ ကိုယ်ပိုင် ကျောက်စိမ်း လေလံပွဲများကို စီစဉ်ဆောင်ရွက်သေးသည်။[၁၇၇]

စစ်ဘက် ထောက်လှမ်းရေးခေါင်းဆောင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဦးသန်းရွှေ၏

အာဏာရှင်အစိုးရ) အတွင်းရေးမှူး ၁ ဦးခင်ညွန့်ဦးအောင်မှုအောက်တွင် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ အစစအရာရာ စတင်ပြောင်းလဲခဲ့သည်၊ အစိုးရသည် ပုဂ္ဂလိကကုမ္ပဏီများအား သတ္တုတွင်းဝန်ကြီးဌာနနှင့်အတူ ဖက်စပ်လုပ်ကိုင်ရန် စတင် တွန်းအားပေးလာခဲ့သည်။[၁၇၈] ဤနေရာတွင် MEHL ၏ လွှမ်းမိုးမှု နောက်ရောက်သွားသည်၊ သို့သော်လည်း ၎င်းသည် ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများတွင် အကြီးမားဆုံးနှင့် အရှိန်အဝါအကြီးဆုံး ကုမ္ပဏီအဖြစ် ဆက်လက်တည်ရှိနေသေးသည်။[၁၇၉] ကျောက်မျက်နှင့် တွင်းထွက်ပစ္စည်းလုပ်ငန်းများကို ကာလကြာရှည်စွာ စူးစမ်းလေ့လာခဲ့သူတစ်ဦး၏ အဆိုအရ "MEHL သည် အမြိတ်မင်း ပါဝါရှိနေဆဲ ကုမ္ပဏီတစ်ခုဖြစ်သည်။"[၁၈၀]

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် MEHL သည် ၎င်း၏ ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းများနှင့် EITI တွင် ပါဝင်ရေးဆွေးနွေးရန် Global Witness နှင့်အတူ တွေ့ဆုံခဲ့သည်။ လျှို့ဝှက်သည်ဟု နာမည်ကြီးသော ကုမ္ပဏီအတွက် ဤလုပ်ဆောင်ချက်သည် ခွန်အားဖြစ်စေသည့် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။[၁၈၁] MEHL အရာရှိများတွင် လုပ်ငန်းခွဲတစ်ခုဖြစ်သည့် မြန်မာ အင်ပီရီရယ်လ်ဂျိတ်ကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးဖြစ်သော ဗိုလ်မှူးကြီးခင်မောင်လတ်ပါဝင်ပြီး EITI အပေါ် ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ပံ့ပိုးပေးမှုများကို အောက်ပါအတိုင်း အလေးထား ပြသခဲ့သည်-

*"EITI သည် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းအတွက် ထူးခြားသည့် အခွင့်အရေးတစ်ခုဖြစ်သည်... MEHL သည် EITI လိုအပ်သမျှအရာအားလုံးအတွက် ပူးပေါင်းဆောင်ရွက်မည်။ အခြားကုမ္ပဏီများနှင့်အတူတကွ လုပ်ဆောင်လျက် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ EITI ကိုလေးစားလိုက်နာပြီး EITI အာဏာပိုင်များနှင့်အတူ လက်တွဲဆောင်ရွက်မည်ဖြစ်သည်"*။[၁၈၂]

ကုမ္ပဏီ ကိုယ်စားလှယ်များသည် MEHL ၏ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်၍ များပြားလှသည့် တိကျသော မှတ်ချက်များကိုလည်း ပေးခဲ့သည်။ အခြားလုပ်ငန်းရင်းမြစ်များက ပြောကြားချက်များကို အတည်ပြုသော်လည်း အချို့ကလည်း လုံးဝမတူညီသည့် ဘက်မှ ပြောပြကြသည်-

**MEHL က ၎င်းသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း များတွင် ဦးဆောင်နေသည့် ကုမ္ပဏီမဟုတ်ကြောင်းနှင့် ကချင်ပြည်နယ်ရှိ ကျောက်စိမ်းမော် ၁၅၀-၂၀၀ ဧကအတွက်သာ လိုင်စင်များရှိကြောင်း ပြောသည်။**[၁၈၃] သို့သော် ဤအရေးအတွက်က တရားဝင်စာရွက်စာတမ်းများနှင့် လုပ်ငန်းတွင်းရှိ အခြားပုဂ္ဂိုလ်များထံမှ ရရှိသော သက်သေခံချက်များနှင့် မတူဘဲ ကွဲပြားနေသည်။ အစိုးရမြေပုံတွင် MEHL အတွက် ဧက ၃၀၀ ခန့် လိုင်စင်ချထားပေးကြောင်း ညွှန်ပြနေသည်။[၁၈၄] ဤအရေးအတွက်တွင် ဖက်စပ်လုပ်ငန်းဖက်အမည်များဖြင့် လုပ်ကိုင်နေသော မော်များ မပါဝင်ပါ။ ဖက်စပ်လုပ်ကိုင်သူတစ်ဦးကလည်း ဖားကန့်ဒေသရှိ MEHL ၏ ကျောက်စိမ်းလုပ်ကွက်ပေါင်းသည် ၁၀၀၀ ဧက ခန့်ရှိကြောင်း ခန့်မှန်းထားသည်။[၁၈၅]

**MEHL က ၎င်းသည် နှစ်ဦးအကျိုးတူလုပ်ငန်းဖက်များအနေဖြင့် အလုပ် လုပ်ဖြစ်ကြောင်း အတည်ပြုထားသည်။**ထိုကုမ္ပဏီများတွင် တရုတ်ကုမ္ပဏီများလည်း ပါဝင်သည်။[၁၈၆] MEHL မှ အမည်ဖော်ပြသော လုပ်ငန်းဖက်ကုမ္ပဏီများတွင် ဝန်ကြီးဦးအုန်းမြင့်မိသားစု ပိုင်ဆိုင်သော မြန်မာအောင်နိုင်ရေးမုခ်ဦးကုမ္ပဏီနှင့် KBZ အုပ်စုမှ ပိုင်ဆိုင်သော ဂျိန်းဖောအောင်ကုမ္ပဏီတို့ ပါဝင်သည်။[၁၈၇] MEHL က ၎င်း၏ လုပ်ငန်းဖက်များနှင့်အတူ ခွဲဝေယူသော ထုတ်လုပ်မှုပမာဏကို လျှို့ဝှက်ထားကြောင်း၊ ယေဘုယျအားဖြင့် စစ်တပ်ကုမ္ပဏီအတွက် ၂၀%နှင့် ပုဂ္ဂလိက ကုမ္ပဏီအတွက် ၈၀% ရှိကြောင်း ပြောပြခဲ့သည်။[၁၈၈] ၎င်းအချက်သည် MEHL နှင့် ဖက်စပ်လုပ်ကိုင်နေသော လုပ်ငန်းရှင် လေးဦးနှင့် လုပ်ငန်းကိုယ်စားလှယ်တစ်ဦးထံမှ ရရှိသော အချက်နှင့် ဆန့်ကျင်နေပြီး အားလုံးက MEHL သည် ရှယ်ယာ ၄၀% ကို ရယူကြောင်း ပြောကြသည်။[၁၈၉]

**MEHL က ၎င်းသည် သတ္တုတွင်းဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းများကို လိုက်နာကြောင်းနှင့် ၎င်း၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအပေါ် စစ်တပ်က စည်းမျဉ်းထုတ်ပြန်လုပ်ဆောင်ခြင်းမျိုး မရှိကြောင်း ပြောသည်။**[၁၉၀] သို့သော် ကျောက်စိမ်းအရောင်းအဝယ် လုပ်ငန်းရှိ အခြားသူများက ဤအဖွဲ့အစည်းသည် မော်များကို ရှာဖွေပြီး အခြားလုပ်ငန်းစုများအပေါ် ဆိုးသွမ်းသည့်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ပြောဆိုကြသည်၊ အထူးဖြင့် ဦးတေဇ၏ ထူး ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကဲ့သို့ 'ခရိုနီ' ကုမ္ပဏီများနှင့် မကြာခဏ ပူးပေါင်းဆောင်ရွက်ပြီး အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့်ရနေကြသည်ဟု ပြောဆိုသည်။[၁၉၁] Global Witness ထံ ရေးသားထားသော စာထဲတွင် MEHL က ဤသို့စွပ်စွဲပြောဆိုမှုများကို ငြင်းဆိုထားသည်။[၁၉၂]

MHEL ၏ လုပ်ငန်းဖက်တစ်ဦးမှ စွပ်စွဲသော အခြားတစ်ချက်မှာ စစ်တပ်ကုမ္ပဏီသည် ၎င်း၏ ကျောက်စိမ်းလုပ်ငန်းများအတွက် တန်ဖိုးရှိသော ကျောက်စိမ်းမြေကို ရှာဖွေရန် မြန်မာနိုင်ငံ ရာဇသတ်ကြီး - ပုဒ်မ ၁၄၄ - ပါ အရေးပေါ် အာဏာ ပြဌာန်းချက်များကို အသုံးပြုကြောင်း စွပ်စွဲထားသည်။ "လူတိုင်းက ပုဒ်မ ၁၄၄ ကို ကြောက်တယ်၊ ကလေးတွေတောင် ကြောက်ကြတယ်။[၁၉၃] ဆိုလိုတာက ကျွန်တော်တို့ အဲ့ဒီကိုသွားရင် သူတို့က ပစ်မယ်လို့ ပြောတာ။ သူတို့မှာ ၁၄၄ ရှိပြီဆိုရင် သူတို့ကြိုက်တာ လုပ်လို့ရတယ်။"[၁၉၃] Global Witness မှ ပြန်သုံးသပ်ထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြေပုံတွင် ဆန်ခါရွာအနီးရှိ MEHL ကျောက်စိမ်းလုပ်ကွက်ပတ်ဝန်းကျင်ကို ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော နယ်မြေအဖြစ် အမှတ်အသားပြုထားသည်၊ သို့သော် ထိုနေရာကို တူးဖော်ပြီးခြင်း ရှိမရှိကို ရှင်းလင်းစွာ မသိရပေ။[၁၉၄] ဤစွပ်စွဲချက်အပေါ် MHEL က "MEHL အနေနဲ့ ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ဖို့ အာဏာ မရှိပါဘူး။ လုပ်ထုံးလုပ်နည်းတွေအရ ပြည်ထဲရေးဝန်ကြီးဌာနမှာပဲ ပုဒ်မ ၁၄၄ ထုတ်ပြန်ကြေငြာဖို့ အာဏာရှိပါတယ်" ဟုဆိုသည်။[၁၉၅]

**MEHL ၏ မြန်မာအင်ပီရီရယ်လ်ဂျိတ် လုပ်ငန်းခွဲ၏ ခေါင်းဆောင်ဖြစ်သူ ဗိုလ်မှူးကြီး ခင်မောင်လတ်ကလည်း ၎င်းသည် အုပ်ချုပ်မှုပိုင်းတာဝန်ယူသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်တွေ့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်ရန် MEHL သည် လုပ်ငန်းဖက်များအပေါ် မှီတည်နေရသည်ဟု ရှင်းပြခဲ့သည်။**[၁၉၆] ဤအချက်က ယခင်က MEHL နှင့် ဖက်စပ်လုပ်ကိုင်ခဲ့ဖူးသော ကုမ္ပဏီမှ ပြောပြချက်နှင့် တူနေသည်။ ဤလုပ်ငန်းဖက်သည် စစ်တပ်ကုမ္ပဏီက စစ်တပ်အရာရှိများ အထူးသဖြင့် အငြိမ်းစားဗိုလ်မှူးတစ်ဦးကို ၎င်းရှယ်ယာဝင်ထားသော မော်များတွင် ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပုံကို

ရှင်းပြထားသည်။[၁၉၇] ကုမ္ပဏီများက ထိုသို့ အရာရှိများရှိနေခြင်းကို စိတ်အနှောင့်အယှက်ဖြစ်ကြသည်၊ အကြောင်းမှာ ထိုအရာရှိများသည် ကျောက်စိမ်းနှင့်ပတ်သက်၍ ဖြစ်စေ၊ လုပ်ငန်းလည်ပတ်မှုနှင့် ပတ်သက်၍ ဖြစ်စေ ဗဟုသုတအနည်းငယ်သာ ရှိကြပြီး အမိန့်များသာ ပေးနေကြသောကြောင့်ဖြစ်သည်။[၁၉၈] တစ်ခုသော ကိစ္စရပ်တွင် ဤသို့ ကြားဝင်နှောင့်ယှက်မှုသည် အလွန်ဆိုးရွားခဲ့ပြီး MEHL ၏ လုပ်ငန်းဖက်က သတ္တုတွင်းဝန်ကြီးဌာနအား ၎င်း၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း လိုင်စင်ကို ဖျက်သိမ်းခိုင်းသည်အထိ ဖြစ်ခဲ့သည်။[၁၉၉] လုပ်ငန်းအတွင်းမှ အခြားသူများကလည်း MEHL ၏ ကပ်ပါးရပ်ပါးနိုင်သော အပြုအမူကြောင့် အကျိုးအမြတ်ရရှိမည့် ကိစ္စရပ်များကို ရပ်တန့်စေခဲ့ကြောင်း မကျေမနပ်တိုင်ကြားကြသည်။[၂၀၀]

သို့သော် အချို့ကမူ MEHL ဝန်ထမ်းများ၏ မသိနားမလည်မှုကို ကောင်းကျိုးတစ်ခုအဖြစ် မှတ်ယူကြသည်။ ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းဖက်ကုမ္ပဏီများသည် ၎င်းတို့၏ ကျောက်တွင်းမှ ကျောက်စိမ်းထွက်ရှိမှု အထောက်အထားအဖြစ် "အစိမ်းပါသည့် ကျောက်တစ်ခုခု" ကိုသာ စစ်တပ်အရာရှိများထံ ပြသကြပြီး ကျန်ရှိသည့် အရာများကို ပြောင်ပြောင်တင်းတင်းပင် ခိုးထုတ်ယူသည်။[၂၀၁] ကုမ္ပဏီများအနေဖြင့် အဖိုးတန်သော ကျောက်စိမ်းကို တွေ့သည့်အခါတိုင်း ၎င်းကျောက်စိမ်းကို မှတ်တမ်းထဲတွင် မသွင်းရန် MEHL ကိုယ်စားလှယ်ကို လာဘ်ထိုးလိုက်သည်ဟု ပြောပြသည်။[၂၀၂] Global Witness ထံ ပေးပို့ထားသော စာတွင် MEHL က "ကျွန်တော်တို့ကို ဘယ်လို လာဘ်ထိုးတာမျိုးကိုမှ လက်မခံဖို့၊ လာဘ်ထိုးတဲ့ကိစ္စရပ်တွေမှာလည်း မပါဝင်ဖို့ ညွှန်ကြားထားပါတယ်" ဟု ရေးသားထားသည်... ဒီလိုလုပ်တဲ့ ကိစ္စနဲ့ပတ်သတ်ရင် ဝန်ထမ်းတွေအားလုံးအပေါ်မှာလည်း တင်းကျပ်တဲ့ မူဝါဒတွေ ပြဌာန်းထားပါတယ်။ လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်သည့် ဝန်ထမ်းကို အပြစ်ပေးအရေးယူခြင်း၊ သို့မဟုတ် ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်းတို့ ပြုလုပ်မှာ ဖြစ်ပါတယ်။"[၂၀၃]

## ပင်စင်ဘဏ္ဍာရန်ပုံငွေအတွက်လား၊ အရေးပေါ်အတွက် စုဆောင်းထားခြင်းလား။

၂၀၁၄ ခုနှစ်၊ မြန်မာ့ကျောက်မျက်ပြပွဲတွင် MEHL ၏ လုပ်ငန်းခွဲ မြန်မာအင်ပီရီရယ်(လ်)ဂျိတ် ကျောက်မျက်ရတနာ ကုမ္ပဏီသည် ပုဂ္ဂလိကကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများဖြင့်အတူ အရောင်းပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၅၀ နီးပါးဖြင့် ဒုတိယအများဆုံး ရောင်းချခဲ့သည့် ကုမ္ပဏီဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။[၂၀၄] MEHL ကိုယ်စားလှယ်များက ၎င်းတို့၏ လုပ်ငန်းမှ ရရှိငွေများကို နိုင်ငံတော်ကာကွယ်ရေးအတွက် ဝယ်ယူရသော ပစ္စည်းများအတွက် အသုံးပြုရကြောင်းနှင့် ဝင်ငွေများကို စစ်သားမိသားစုများ၏ လူမှုဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ အသုံးပြုကြောင်း ပြောသည်။[၂၀၅] သို့သော် MEHL နှင့် အလားတူကုမ္ပဏီ MEC တို့က ၎င်းတို့၏ အလုပ်သည် "စစ်တပ်ခေါင်းဆောင်များကိုယ်စား တရားမဝင်အသုံးပြုရန် ထားရှိသည့်ရန်ပုံငွေများ" ဖြစ်နေခြင်း မဟုတ်ကြောင်း၊ သို့မဟုတ် ဒီထက် ပိုဆိုးသည့် ၎င်းတို့သည် ကချင်ပြည်နယ်တွင် ဆင်နွှဲသော တပ်မတော်၏ စစ်ပွဲ စက်ယန္တယား၏ အဓိက ခွေးသွားစိတ် တစ်ခု ဖြစ်နေခြင်း မဟုတ်ကြောင်း လူထုကို ဆွဲဆောင်စည်းရုံးနိုင်ရန် လုပ်ငန်းတချို့ကို လျှော့ချခဲ့သည်။[၂၀၆]

ဤကိစ္စရပ်တွင် EITI အတွက် MEHL ၏ ပံ့ပိုးမှုသည် ကောင်းမွန်သည့် ခြေလှမ်းတစ်ခုဖြစ်ပြီး ဖော်ပြပါ အချက်အလက်များကို အများပြည်သူသိရှိအောင် ထုတ်ပြန်ခြင်းလည်း ဆောင်ရွက်သင့်သည်။ ယင်းဆောင်ရွက်မှုများတွင် လုပ်ငန်းခွဲများ၊ ဖက်စပ်လုပ်ငန်းများ၊ စာချုပ်စာတမ်းများ၊ အစိုးရထံ ပေးသွင်းရသည့် ငွေကြေးများ၊ လိုင်စင်များ၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသည့် ကုမ္ပဏီများ၏ ပိုင်ရှင်များ၊ ထုတ်လုပ်မှု ပမာဏကို ခွဲဝေမှုနှင့် ကောက်ခံထားသော အခြားဝင်ငွေများနှင့် ပတ်သက်သည့် အချက်အလက်များလည်း ပါဝင်သည်။ သို့သော် လိုအပ်နေသေးသည်မှာ စစ်တပ်အရာရှိများ၊ ရဲ၊ အခြားလုံခြုံရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် သီးခြားဆောင်ရွက်ပေးသည့် အရာရှိများအား ကုမ္ပဏီများ တည်ထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ သို့မဟုတ် ကုမ္ပဏီများအပေါ် ခေါင်းပုံဖြတ်၍ အကျိုးအမြတ်ပိုင်ဆိုင်မှု ရယူခြင်းတို့ မပြုလုပ်စေရန် တားမြစ်သည့် ဥပဒေများကို နေပြည်တော် အစိုးရနှင့် ဥပဒေ ပြဌာန်းရေးဆွဲသူများမှ ရေးဆွဲပြီး စစ်တပ်ကုမ္ပဏီကြီးစိုးသည့် ခေတ်တစ်ခေတ်ကို အဆုံးသတ်ရမည် ဖြစ်သည်။



မြန်မာစစ်တပ်ကုမ္ပဏီဖြစ်သော MEHL အပေါ် စွပ်စွဲချက်များတွင် ၎င်းသည် ဖားကန့်ဒေသကို ထိန်းချုပ်ပြီး အခြားသူများကို ဖယ်ထုတ်ရန် ရာဇသတ်ကြီးပုဒ်မတွင် ပါရှိသော အရေးပေါ်အာဏာ ပြဌာန်းချက်များကို အသုံးပြုခြင်းလည်း ပါဝင်သည်။
ဓါတ်ပုံ- မင်းဇေယျာ



ကျောက်စိမ်းလုပ်ငန်းမှ ရရှိသည့် ဝင်ငွေများနှင့် စစ်တပ်ကုမ္ပဏီများက ဘာလုပ်ကြသနည်း။ ကျောက်စိမ်းလုပ်ငန်းမှ ရရှိငွေများကို မြန်မာစစ်တပ်အတွက် တရားမဝင်အသုံးပြုသည့် ရံပုံငွေအဖြစ် ထားရှိခြင်းဖြစ်သည်ဟူသော စွပ်စွဲချက်ကို MEHL က ငြင်းဆိုထားပြီး ၎င်းက ကုမ္ပဏီမှ ရငွေများကို စစ်သားမိသားစုများ၏ လူမှုဖူလုံရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုခြင်းဖြစ်ကြောင်း ပြောပြထားသည်။ ကောလာဟလများ ရပ်တန့်သွားရန်နှင့် ကျောက်စိမ်းမှ ရရှိသည့် ငွေများ မည်သည့်နေရာသို့ ရောက်ရှိသွားသည်ကို သိလိုသည့် ပြည်သူတို့၏ စိုးရိမ်စိတ်ကို ဖြေရှင်းပေးနိုင်ရန် ပွင့်လင်းမြင်သာမှုကို အပြည့်အဝ လိုအပ်နေသည်။

## ခရိုနီကုမ္ပဏီများ

သာမန်လူတန်းစားများ၏ အသုံးစရိတ်နှင့် သဘာဝပတ်ဝန်းကျင်ကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ကျယ်ပြောလှသော ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်းများမှ အမြတ်ထုတ်နေသူများသည် စစ်တပ်တစ်ခုတည်း မဟုတ်ပေ။ အဓိက ကျောက်စိမ်းကုမ္ပဏီများကို ၂၀၁၁ မတိုင်မီ စစ်အစိုးရနှင့် ချိတ်ဆက်ထားကြသော 'ခရိုနီ' လုပ်ငန်းရှင်ကြီးများ နှင့် ဆက်စပ်နေသည် သို့မဟုတ် ခရိုနီများကိုယ်တိုင် ပိုင်ဆိုင်ကြသည်။ ထို့ကြောင့် ကျောက်စိမ်းလုပ်ငန်းတွင် ပို၍ ပွင့်လင်းမြင်သာမှု ရှိစေရေးဆောင်ရွက်ရန် လိုအပ်ချက်များရှိနေသေးကြောင်းနှင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ပြင်းထန်သော အဟန့်အတားများ ရှိနေသေးကြောင်း ဖော်ပြနေသည်။ အထူးသဖြင့် ကုမ္ပဏီများအား နောက်ဆုံးပိုင်ဆိုင် အကျိုးခံစားသူများ မည်သူမည်ဝါဖြစ်သည်ကို အမြန်ဆုံး ထုတ်ဖော်ရန်ပင်ဖြစ်သည်။

### ၁။ အဲဗားဝင်းနား (Ever Winner)

အဲဗားဝင်းနားသည် ကျောက်စိမ်းကုမ္ပဏီများထဲတွင် ပါဝါအရှိဆုံး လုပ်ငန်းစုတစ်ခုဖြစ်ပြီး ၎င်း၏ အခန်းကဏ္ဍသည် ကျောက်စိမ်းလုပ်ငန်းအတွင်း ထိခိုက်မှုအဖြစ်ဆုံး ဥပမာများကို ပြသပေးရာ ရောက်ပါသည်။ ယင်းလုပ်ငန်းအုပ်စု၏ အစမူလ၊ ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို ဖုံးဖိထားသည်။ ၎င်းသည် ကချင်ပြည်နယ်၏ အဖိုးအတန်ဆုံး ပိုင်ဆိုင်မှုများ ကို ထိန်းချုပ်ပြီး အမြတ်များ ရယူနေကာ ဖားကန့်ဒေသမှ မည်သည့်အရာများ ထုတ်ယူနေသည်၊ ရရှိသည့် ပိုက်ဆံများ မည်သည့်နေရာသို့ ရောက်ရှိသွားသည်ဟူသော အချက်အလက်များကို - ကချင်ဖြစ်စေ၊ မြန်မာဖြစ်စေ - အများပြည်သူ အဖွဲ့ဝင်များသည် သိခွင့် မရရှိကြပေ။

အဲဗားဝင်းနားသည် နိုင်ငံရေးအရ အာဏာလွှမ်းမိုးထားကြသော လုပ်ငန်းရှင်ကြီးများနှင့် နီးကပ်သော ချိတ်ဆက်မှုများ ရှိနေပြီး အထူးသဖြင့် KBZ ကုမ္ပဏီများအုပ်စု၏ ခေါင်းဆောင် ဦးအောင်ကိုဝင်းနှင့် ရွှေသံလွင် ကုမ္ပဏီများအုပ်စု၏ ပိုင်ရှင် မီဒီယာလောက၏ ဘုရင်တစ်ဆူ ဦးကျော်ဝင်းတို့ ဖြစ်သည်။ KBZ နှင့် အဲဗားဝင်းနားတို့အကြား ဆက်ဆံရေးကို နောက်အခန်းကဏ္ဍတွင် ပို၍ အသေးစိတ်ကျကျ ရေးသားထားပါသည်။ ထိုသို့ အဆင့်မြင့်ပိုင်းနှင့် ချိတ်ဆက်မှုရသွားသည့် အချက်တစ်ချက်မှာ ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် တရုတ်နိုင်ငံရှိ ဘုရားတစ်ဆူတွင် သမ္မတဦးသိန်းစိန် လှူဒါန်းထားခဲ့သော အဲဗားဝင်းနား ကုမ္ပဏီမှ တွေ့ရှိသည့် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြောင့် ဖြစ်သည်။[၂၀၇]

၂၀၁၄ ခုနှစ်တွင် အဲဗားဝင်းနားအုပ်စုနဲ့အတူ ဖက်စပ်လုပ်ကိုင်သည့် အဖွဲ့ဝင်များဖြစ်သည်ဟု Global Witness မှ ယုံကြည်ထားသည့် ကုမ္ပဏီများသည် မြန်မာ့ကျောက်မျက်ပြပွဲတွင် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၁၉၀ ကျော် ရှိကြောင်း မှတ်တမ်းရှိခဲ့သည်' ၂၀၁၃ ခုနှစ်တွင် အုပ်စုနှင့် ၎င်း၏ ဖက်စပ်လုပ်ကိုင်သူများစုပေါင်းပြီး စုစုပေါင်း အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော် ရှိကြောင်း ဖော်ပြထားသည်[၂၀၈]

### အဲဗားဝင်းနားကွန်ရက်

အဲဗားဝင်းနားကုမ္ပဏီသည် ကျောက်စိမ်းလုပ်ငန်းတွင် အဓိက လုပ်ငန်းစုတစ်ခုအဖြစ် အနည်းဆုံး ဆယ်စုနှစ်ကြာမျှ လုပ်ကိုင်ခဲ့သည်။ ယင်း၏ အကြီးဆုံးသူဌေးမှာ ဦးအိုက်ထွေးဖြစ်ပြီး တရုတ်အမည်မှာ Zhang Yingchun ဖြစ်သည်။ သမီးငါးယောက်ရှိသည့်အနက် အနည်းဆုံး နှစ်ဦးသည် ကျောက်စိမ်းလုပ်ငန်းတွင် ပါဝင်သည်။[၂၀၉] ဦးအိုက်ထွေး၏ အဓိကလက်ထောက်များမှာ သူ၏ ယောက်ဖဖြစ်သူ ဒေါက်တာထွန်းကြည်အပြင် လက်ထပ်မှုမှတဆင့် ဆွေမျိုးတော်စပ်လာခဲ့သူ ဒေါက်တာစောလင်းဖြစ်သည်ဟု အချို့က ပြောဆိုဖော်ပြကြသည်။[၂၁၀] ထိုပုဂ္ဂိုလ်နှစ်ဦးသည် စာမျက်နှာ ၅၅ရှိ ဇယားတွင်ဖော်ပြထားသည့်အတိုင်း အဲဗားဝင်းနားအုပ်စုအတွက် ကျောက် စိမ်းတူးဖော်ရေးလုပ်ငန်းများစွာကို စီမံခန့်ခွဲခဲ့သည်။[၂၁၁]



၂၀၁၄ ခုနှစ်၊ ဇွန်လတွင် အဲဗားဝင်းနားကုမ္ပဏီမှ ရရှိသော ကျောက်စိမ်းဖြင့်ပြုလုပ်သည့် ဘုရားဆင်းတုတော်ကို သမ္မတဦးသိန်းစိန်က တရုတ်နိုင်ငံရှိ ဘုရားတစ်ဆူသို့ လှူဒါန်းခဲ့သည်။ ဤအချက်က အဲဗားဝင်းနား အုပ်စု နောက်ကွယ်ရှိ ပုဂ္ဂိုလ်များနှင့် အစိုးရထိပ်ပိုင်းခေါင်းဆောင်များ ချိတ်ဆက်နေမှုကို ပြသနေပြီး ထိုပုဂ္ဂိုလ်များသည် မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ရန် ပို၍ ပွင့်လင်းမြင်သာမှုများ လိုအပ်နေသေးကြောင်း မီးမောင်းထိုးပြနေသည်။



ဖားကန့် နမ့်မော် အနီး Ever Winner မှ လုပ်ကိုင်နေသော ကျောက်စိမ်းတွင်းများမှ တစ်ခု ဖြစ်သည်။ အဲဗားဝင်းနားအုပ်စုသည် ကျောက်စိမ်းလုပ်ငန်းတွင် အင်အားအကြီးမားဆုံးသူများထဲမှ တစ်ဦးဖြစ်ပြီး နိုင်ငံရေးအရ သြဇာရှိသည့် သူဌေးကြီးများနှင့် ချိတ်ဆက်နေသည်။ ဤအုပ်စု၏ ဇစ်မြစ်၊ ပိုင်ရှင်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဖုံးကွယ်ထားဆဲဖြစ်သည်။ ဓါတ်ပုံ- မင်းဇေယျာ

## မြန်မာနိုင်ငံ၏ အကြီးဆုံးကျောက်စိမ်းလုပ်ငန်းနှင့် အကြီးဆုံး ဘဏ်တို့အကြား ချိတ်ဆက်မှု - အဲဗားဝင်းနား အုပ်စုနှင့် KBZ




*၂၀၁၄ ခုနှစ် မြန်မာကျောက်မျက်ပြပွဲတွင် အဲဗားဝင်းနားအုပ်စု ကျောက်စိမ်းကုမ္ပဏီများနှင့် ၎င်း၏ လုပ်ငန်းဖက်များသည် အခွန်မဆောင်မီ ရောင်းရငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ သန်း ၁၉၀ ကျော် ရှိကြောင်း မှတ်တမ်းတင်ထားသည်။ ၂၀၁၃ ကျောက်မျက်ပြပွဲတွင် စုစုပေါင်း ရောင်းရငွေသည် အမေရိကန် ဒေါ်လာ သန်း ၁၂၀ ကျော်ဖြစ်သည်။*

**မှတ်ချက်** - ဒါရိုက်တာအဖြစ် တာဝန်ယူထားသူများသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအထိ မှတ်ပုံတင်ထားသော စာရင်းမှ ဖြစ်သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလရှိ DICA ၏ ပို၍ပြီးပြည့်စုံသော မှတ်တမ်းများအရ ဒါရိုက်တာများသည် ရှယ်ယာရှင်များလည်းဖြစ်ကြောင်း ဖော်ပြနေသည်။

ဦးအိုက်ထွေးအား သူ၏ အလုပ်ရှင်ဟောင်းဖြစ်သူ KBZ ကုမ္ပဏီက "မြန်မာနိုင်ငံတွင် အအောင်မြင်ဆုံး ကျောက်စိမ်းလုပ်ငန်းရှင်" ဟု သတ်မှတ်ပြီး တရုတ်လူမျိုး အကဲခတ်တစ်ဦးကမူ မြန်မာနိုင်ငံ၏ အကြီးဆုံးကျောက်စိမ်းတွင်း ပိုင်ရှင်အဖြစ် ၎င်းအား သတ်မှတ်ထားသည်။[၂၁၂] တရုတ်မီဒီယာနှင့် အစိုးရတို့၏ ထုတ်ပြန်ချက်များတွင် သူသည် တရုတ်ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းလုပ်ငန်းအဖွဲ့၏ ဂုဏ်ထူးဆောင် ဒုဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ရန်ကုန်မြို့ရှိ ယူနန် ကုန်သွယ်ကြီးများအသင်း၏ ဥက္ကဋ္ဌတစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။[၂၁၃]

အခြားသော ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီပေါင်းများစွာကဲ့သို့ပင် အဲဗားဝင်းနားသည် အမည်ပေါင်းများစွာဖြင့် ကုမ္ပဏီပေါင်းများစွာရှိသည့် ကွန်ရက်တစ်ခုဖြစ်ပြီး လုပ်ငန်းအတွင်းရှိ ပုဂ္ဂိုလ်များနှင့် ဖားကန့်မှ ဒေသခံများကမူ တူညီသည့်အဖွဲ့တစ်ဖွဲ့အဖြစ်သာ ရှုမြင်ကြသည်။[၂၁၄] အမည်ပေါင်းများစွာ အသုံးပြုခြင်းသည် အဲဗားဝင်းနားအုပ်စု၏ ကျောက်စိမ်းလုပ်ငန်းအပေါ် လွှမ်းမိုးမှုနှင့် အဆုံးသတ် အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များကို ဖုံးကွယ်ထားရန် ကြိုးစားအားထုတ်မှုတစ်ခု ဖြစ်နိုင်သည်။ ထပ်တူညီနေသည့် ဒါရိုက်တာအဖြစ်ခံယူထားသူများ၊ ရှယ်ယာရှင်များကို ပြသသော ကုမ္ပဏီမှတ်ပုံတင်မှတ်တမ်းများ၊ အစိုးရ မှတ်တမ်းစာရွက်စာတမ်းများနှင့် ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများထံမှ ရရှိသော ထွက်ဆိုချက်များအရ ဖားကန့် သို့မဟုတ် ကျောက်စိမ်းရောင်းချမှုတွင် လှုပ်ရှားပါဝင်နေသော အဲဗားဝင်းနားကုမ္ပဏီများမှာ အနည်းဆုံး တစ်ဒါဇင်ခန့်ရှိကြောင်း သိရသည်။[၂၁၅]



ဒေါက်တာထွန်းကြည်သည် အဲဗားဝင်းနား၏ သူဌေးဖြစ်သူ ဦးအိုက်ထွေး၏ ယောက်ဖဖြစ်ပြီး အဲဗားဝင်းနားထရေးဒင်းကုမ္ပဏီ၏ မန်နေဂျာလည်းဖြစ်သည်ဟု သိရသည်။ သူသည် အဲဗားဝင်းနားကျောက်စိမ်းတူးဖော်ရေးအုပ်စုဝင်များဖြစ်သော ကုမ္ပဏီသုံးခု၏ ဒါရိုက်တာလည်းဖြစ်သည်- ယင်းတို့မှာ လင်းလက်ဝင်းရတနာ၊ ဖိုးသာထူးကျောက်မျက်နှင့် ကောင်းမြတ်သုခတို့ ဖြစ်သည်။ ထို့အပြင် စတုတ္ထအနေဖြင့် ၎င်းသည် ARS အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီတွင်လည်း ရှယ်ယာရှင်တစ်ဦးဖြစ်သည်။

Global Witness ထံ ပေးပို့ထားသော စာထဲတွင် ဦးအိုက်ထွေး၏ သမီး ဒေါ်အိအိထွေးသည် ရတနာ ရွှေရည်ဝင်းကျောက်မျက်ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပြီး အဲဗား ဝင်းနားကုမ္ပဏီ၏ ဒါရိုက်တာမဟုတ်ကြောင်း ဖော်ပြထားသည်။ သို့သော် သူမက အဲဗားဝင်းနားနှင့်ပတ်သက်သော မေးခွန်းများကို ဖြေဆိုခဲ့ပြီး ၎င်းသည် ကုမ္ပဏီ တစ်အုပ်စုထဲဖြစ်ကြောင်းကိုမူ ငြင်းဆိုခဲ့သည်။ "ကျွန်မရဲ့မိသားစုဝင်တွေက ရတနာပြည့်ဖြိုးအောင် ကျောက်မျက်ကုမ္ပဏီနဲ့ ဘရဏီကျောက်မျက်ကုမ္ပဏီတွေမှာ တခြားလုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံသူတွေလိုပဲ မြှုပ်နှံခဲ့တာပါ။ ဒါပေမယ့် ဒီကုမ္ပဏီတွေမှာ ရှယ်ယာရှင်တွေလည်းမတူသလို စီမံအုပ်ချုပ်တဲ့အဖွဲ့တွေလည်း မတူပါဘူး၊ သူတို့တွေက အဲဗားဝင်းနားကုမ္ပဏီအောက်က မဟုတ်ပါဘူး။ စာထဲမှာရေးထားတဲ့ တခြားကုမ္ပဏီ [အဲဗားဝင်းနားအောက်တွင် ရှိသည်ဟု ညွှန်ပြထားသည့် ကုမ္ပဏီ ၈ ခု] တွေက အဲဗားဝင်းနားနဲ့ ဆက်စပ်နေတာမျိုး မရှိပါဘူး။" ဟု ပြောခဲ့သည်။[၂၁၆]

ဥပဒေအရဆိုရသော် ထိုအချက်သည် မှန်ကန်ကောင်း မှန်ကန်နေနိုင်သည်။ အဲဗားဝင်းနားကို အုပ်စုတစ်စုအဖြစ် ဖွဲ့စည်းခဲ့ခြင်းမဟုတ်သကဲ့သို့ တရားဝင် ဖော်ပြထားသော လုပ်ငန်းခွဲများလည်း မရှိပေ။ သို့သော် လက်တွေ့တွင်မူ အချင်းချင်း ဆက်နွယ်လုပ်ကိုင်သော ကုမ္ပဏီများ ဖြစ်နေပုံရသည်။

## အဲဗားဝင်းနားအုပ်စု၏ လူသေစေသော ဖြစ်ရပ်

ဦးသန်းရွှေမိသားစုမှ လုပ်ကိုင်သည့် ကြိုင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီကဲ့သို့ပင် ဖားကန့်ဒေသရှိ အဲဗားဝင်းနား၏ လုပ်ဆောင်မှုသည် ဖျက်၍မရသော အမှားတစ်ခု ဖြစ်ခဲ့သည် - ၎င်း၏ လုပ်ဆောင်မှုကြောင့် ရေများဖြင့် ပြည့်နေသည့် ချိုင့်ကြီးတစ်ခု ဖြစ်ပေါ်ခဲ့ပြီး ကုမ္ပဏီအမည်ကို အစွဲပြုကာ အဲဗားကန်ဟု အမည်မှည့်ခဲ့သည်။[၂၁၇] ယင်းအုပ်စုသည် ကျောက်စိမ်းထုတ်ယူမှုကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် Komatsu PC2000 မြေကော်စက်ကြီးများကို မကြာသေးမီက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သော ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ အနည်းငယ်ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ စက်ယန္တယားကြီးများကို ပံ့ပိုးပေးသွင်းသူတစ်ဦး၏ အဆိုအရ အဲဗားဝင်းနားသည် ထိုသို့သော စက်ပေါင်း အစီး ၄၀ ကို မကြာသေးမီက ဝယ်ယူထားပြီးဖြစ်ကာ တစ်စီးလျှင် တန် ၂၀၀ ခန့် အလေးချိန်ရှိကြောင်းနှင့် အမေရိကန်ဒေါ်လာ ၂ သန်း တန်ဖိုးရှိကြောင်း သိရသည်။[၂၁၈]



ဖားကန့် ဆိုင်းဂျာဘွမ်ရွာရှိ"အဲဗားကန်"၊ အဲဗားဝင်းနားကုမ္ပဏီ၏ ယခင်က ကျောက်စိမ်းတူးဖော်မှုများကြောင့် ဖြစ်ပေါ်လာသောကြောင့် ထိုအမည်တွင်ခြင်း ဖြစ်သည်။ ယခုအခါ ထိုနေရာသည် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများအတွက် လုပ်ငန်းမှ ထွက်ရှိသော အညစ်အကြေးများစုပုံရာနေရာ ဖြစ်နေပြီး ဒေသခံများက ထိုကန်ကြီးပြည့်လျှံကာ ရေကြီးမည်ကို စိုးရိမ်နေကြသည်။
ဓါတ်ပုံ- မင်းဇေယျာ

အဲဗားဝင်းနားကုမ္ပဏီများသည် ကျောက်စိမ်းလုပ်ငန်းများမှ ရရှိသော မြေစာပုံများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိသဖြင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ မှတ်တမ်းများတွင် အားနည်းမှုရှိသည်။ ဒေါက်တာစောလင်း စီမံအုပ်ချုပ်သည့် ရတနာဆင်သီရိကုမ္ပဏီသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ပြိုကျခဲ့သော မော်မောင်းဘန်ဒေသရှိ မြေစာပုံများကို အသုံးပြုသည့် ကုမ္ပဏီသုံးခုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုမြေစာပုံကြောင့် ရေမဆေးကျောက်သမားပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။[၂၁၉] မတ်လတွင် အခြား အဲဗားဝင်းနားအုပ်စုကုမ္ပဏီဖြစ်သော ဒေါက်တာထွန်းကြည်ဦးစီးသည့် လင်းလက်ဝင်းရတာကုမ္ပဏီ၏ စက်ယန္တရားကြောင့် လုံးခင်းနားရှိ မြေစာပုံတွင် အခြား ရေမဆေးကျောက်သမားတစ်ဦးကို အသက်ဆုံးရှုံးစေခဲ့သည်။ သေဆုံးသွားသူ၏ မိသားစုက လျော်ကြေးတောင်းသည်ကို ကုမ္ပဏီက ငြင်းဆိုခဲ့ကြောင်း ထိုမိသားစုက ပြောပြခဲ့သည်။[၂၂၀]



ယခုနှစ် မတ်လတွင် သေဆုံးခဲ့သော ဇနီးတစ်ယောက်နှင့် ငါးနှစ်အရွယ် သားတစ်ယောက်ကျန်ရစ်ခဲ့သော ရေမဆေးကျောက်သမား ဦးဇော်ဝင်းမောင်၏ အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြပါသည်။ အဲဗားဝင်းကုမ္ပဏီနှင့် ဆက်စပ်နေသော လင်းလက်ဝင်းရတနာကုမ္ပဏီမှ အသုံးပြုသည့် မြေစာပုံတွင် မြေကော်စက်ဖြင့် တိုက်မိသည့်အတွက် သေဆုံးခဲ့ရခြင်း ဖြစ်သည်။ ကုမ္ပဏီသည် သေဆုံးမှုအတွက် မည်သည့်တာဝန်မှ မယူခဲ့ကြောင်း၊ လျော်ကြေးပေးရန် ငြင်းဆိုခဲ့ကြောင်း ကျန်ရစ်သူမိသားစုများက ပြောသည်။ ဓါတ်ပုံ- မင်းဇေယျာ

## ၂။ ကမ္ဘောဇအုပ်စု (KBZ Group)

လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သော ဦးအောင်ကိုဝင်းနှင့် သူ၏မိသားစုတို့ ပိုင်ဆိုင်သည့် ကမ္ဘောဇ သို့မဟုတ် KBZ အုပ်စုသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုမ္ပဏီများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ၏ အကြီးဆုံး ဘဏ်တစ်ခုလည်း ပါဝင်သည်။ KBZ တွင် သတ်မှတ်ထားသည့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွဲတစ်ခုရှိသည်၊ သို့သော် Global Witness နှင့် တွေ့ဆုံမေးမြန်းမှုများနှင့် ဆက်စပ်မှုများအရ ၎င်းသည် ထိုလုပ်ငန်းတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့်သာ ရှိကြောင်း သိရသည်။

နာမည်ကြီး စီးပွားရေးပညာရှင်တစ်ဦး၏ အဆိုအရ KBZ ဘဏ်သည် ပုဂ္ဂလိကပိုင်းမှ ၎င်း၏ ပြိုင်ဘက်များထက် သုံးဆနီးပါး ကြီးမားနေပြီဖြစ်ကြောင်း သိရသည်။ ၎င်း၏ ပြိုင်ဘက်များ မလုပ်ကိုင်သည့် မည်သည့်အရာကို ၎င်းက လုပ်ဆောင်နေသနည်း။ ကျောက်စိမ်းသည် ထိုမေးခွန်းအတွက် အဖြေတစ်စိတ်တစ်ပိုင်းပင်လော၊ ထိုသို့ဆိုလျှင် ယင်းမှာ မည်သည့်နေရာနှင့် မည်သူ့ထံမှ လာသနည်း။[၂၂၁]




ကမ္ဘောဇ သို့မဟုတ် KBZ အုပ်စုသည် မြန်မာနိုင်ငံ၏ အကြီးဆုံးလုပ်ငန်းများထဲတွင် တစ်ခုပါဝင်ပြီး ယခုအချိန်အထိ အကြီးဆုံး ဘဏ်တစ်ခုဖြစ်သည်။ ကျောက်စိမ်းက KBZ ၏ ခေါင်းဆောင် ဦးအောင်ကိုဝင်းအား ၎င်း၏ ပြိုင်ဖက်များထက် အသာစီးရစေရန် အကူအညီပေးခဲ့သလား။ KBZ က ၎င်းသည် ၂၀၀၃ ခုနှစ်ကတည်းက ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် ပါဝင်ခြင်းမရှိတော့ကြောင်း ပြောဆိုထားသော်လည်း ရင်းမြစ်ပေါင်းများစွာက ထိုသို့မဟုတ်ကြောင်း ပြောကြသည်။ ဓါတ်ပုံ- မင်းဇေယျာ

## ယှဉ်ပြိုင်မှု မှတ်တမ်းများ

KBZ သည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင် ဆုတံဆိပ်ပေါင်းများစွာကို ရရှိထားသည်။[၂၂၂] ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြုစုသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် ကုမ္ပဏီများတွင် ၎င်းသည် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။[၂၂၃] ၂၀၁၄ တွင် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနမှ မြန်မာနိုင်ငံရှိ ပွင့်လင်းမြင်သာမှု အရှိဆုံးကုမ္ပဏီများကို စစ်တမ်းကောက်ယူရာတွင် ၎င်းသည် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၂၀၁၅ ခုနှစ်တွင်မူ ထိုစစ်တမ်းတွင်ပင် တတိယနေရာတွင် ရှိသည်။[၂၂၄] ၎င်း၏ ကျင့်ဝတ်စည်းမျဉ်းများတွင် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်သော မူဝါဒ ပါဝင်သည်။[၂၂၅] မြန်မာ ကုမ္ပဏီများအတွက် ထူးခြားသည့်ကိစ္စဖြစ်သော ၎င်း၏ အကျိုးအမြတ်ကို ပိုင်ဆိုင်သူများနှင့်ပတ်သက်သည့် ရှင်းတမ်းကို ကုမ္ပဏီ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။[၂၂၆]

ပို၍ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ကုမ္ပဏီ၏ ကတိပြုဆောင်ရွက်မှုသည် ချီးကျူးလောက်ဖွယ်ဖြစ်သော်လည်း ကျောက်စိမ်းလုပ်ငန်းနှင့် ဆက်စပ်နေမှုသည် လျှို့ဝှက်နေဆဲဖြစ်သည်။ Global Witness နှင့် တွေ့ဆုံမေးမြန်းမှုအရ KBZ သည် ယင်း၏ အခန်းကဏ္ဍကို လျှော့ပေါ့ပြောရန် ကြိုးစားထားသည်။ ကုမ္ပဏီ၏ ကိုယ်စားလှယ်များက KBZ သည် ၂၀၀၀-၂၀၀၃ ခုနှစ်အတွင်း ဖားကန့်ရှိ ဖားကန့်ကြီး (#၂) မော်တွင် ကျောက်စိမ်းတူးဖော်ခဲ့သော်လည်း

သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုနှင့် ပြည်သူများ မငြိမ်သက်မှုများကြောင့် လုပ်ငန်းကို ရပ်ပစ်ခဲ့သည်ဟု သိရသည်။[၂၂၇] ထို့နောက် ၎င်းတို့၏ ဦးတည်ချက်ကို ဖားကန့်ဒေသထက် ကျောက်စိမ်းထွက်ရှိမှု နည်းပါးသော စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းမြေရှိရာ ခန္တီးသို့ ပြောင်းလိုက်ကြောင်း ထပ်ဆောင်းပြောပြခဲ့သည်။[၂၂၈] KBZ အနေဖြင့် လတ်တလော ရောင်းဝယ်နေသော ကျောက်စိမ်းများသည် ခန္တီးရှိ ကျောက်စိမ်းတွင်း နှစ်တွင်းမှဖြစ်ကြောင်း ပြောပြသည်။[၂၂၉]

အခြားရင်းမြစ်များကမူ ယင်းနှင့်ကွဲလွဲနေသည့် ဖြစ်ရပ်များရှိကြောင်းနှင့် ဖားကန့်တွင် ပါဝင်သည့် အတိုင်းအတာကို ပြောပြကြသည်။ ၂၀၀၈ အမေရိကန် သံရုံးကြေးနန်းစာတွင် ဦးအောင်ကိုဝင်းနှင့် တွေ့ဆုံမှုကို တင်ပြရာ ၎င်းအား "မိုင်းရှူး [ရှမ်းပြည်နယ်ရှိ ပတ္တမြားမိုင်းတွင်း] နှင့် ဖားကန့်ရှိ ကျောက်စိမ်းနှင့် ကျောက်မျက် မိုင်းတွင်းများ၏ ပိုင်ရှင်" အဖြစ် ဖော်ပြခဲ့သည်။[၂၃၀]

ထိုအချိန်တွင် KBZ ၏ ၂၀၁၁ ခုနှစ်ထုတ် လက်ကမ်းစာစောင်တွင် ဖားကန့်နှင့် ခန္တီးရှိ ကုမ္ပဏီ ကျောက်စိမ်းတွင်းများကို ဖော်ပြထားသည်။[၂၃၁] ၎င်းသည် ဖားကန့်ရှိ ကျောက်စိမ်းတွင်း ဓါတ်ပုံများဖြစ်နေပြီး "KBZ အုပ်စုအတွက် ကျောက်စိမ်းနှင့် ကျောက်မျက်ရောင်းချမှုသည် မှတ်တမ်းတင်ထားသော ရောင်းချရမှုမှအပ ကျောက်မျက်ပြပွဲ တစ်ပွဲစီလျှင် အမေရိကန်ဒေါ်လာ သန်း၄၀-၅၀ ခန့် ရှိသည်။"[၂၃၂] KBZ သည် ဘဏ်ခွဲများအားလုံးတွင် ဖားကန့်ရှိ ကျောက်စိမ်းတွင်းတူးဖော်ရေး လုပ်ငန်းများ၏ ဓါတ်ပုံများဖြင့် အလှဆင်ထားပြီး ထိုပုံများသည် KBZ အနေဖြင့် ဖားကန့်တွင် လုပ်ဆောင်တော့ခြင်းမရှိဟု ပြောသည့်အချိန်နောက်ပိုင်း ရိုက်ကူးထားခြင်းဖြစ်သည်။[၂၃၃] ကုမ္ပဏီ၏ အကြံပေးနှင့် ကျောက်စိမ်းလုပ်ငန်းမှ ဝါရင့်ပုဂ္ဂိုလ်တစ်ဦး၏ ပြောပြချက်အရ KBZ ၏ ဝင်ငွေများသည် မူးယစ်ဆေးဝါးမှ ရခြင်းမဟုတ်ဘဲ ကျောက်စိမ်းမှ ရခြင်းဖြစ်ကြောင်း ပြသရန် ဤသို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။[၂၃၄]

## ကျောက်မျက်ပြပွဲမှတဆင့် ရောင်းချရမှု

### ကျောက်မျက်ပြပွဲ

- အစိုးရက ကမကထလုပ်သည်
- ၁၉၉၅ နောက်ပိုင်း တစ်နှစ်လျှင် ၆ ကြိမ်မှ ၈ ကြိမ်
- ပွဲတစ်ပွဲလျှင် နိုင်ငံတကာ ကျောက်စိမ်းနှင့် ကျောက်မျက်ကုန်သည် ၈,၀၀၀ မှ ၉,၀၀ တက်ရောက်
- တင်ဒါနှင့် ဈေးပြိုင်စနစ်ဖြင့် အပြိုင်ဝယ်ယူ -
- နိုင်ငံခြားငွေအသုံးပြုသည့် အစိုးရဘဏ်များတွင် အခွန်ငွေ ပေးဆောင်ပြီးနောက် ရောင်းချရသည့်ငွေ

### ပျမ်းမျှ ဝင်ငွေ

- KBZ အုပ်စုအတွက် ကျောက်စိမ်းနှင့်ကျောက်မျက် ရောင်းချရမှုသည် ပွဲတစ်ပွဲလျှင် အမေရိကန်ဒေါ်လာ ၄၀-၅၀ သန်း၊ ယင်းတွင် စံချိန်တွင် ရောင်းချရမှုမပါဝင်ပါ။

KBZ က ၎င်းသည် ၂၀၀၃ ခုနှစ်ကတည်းက ဖားကန့်ရှိ ကျောက်စိမ်းလုပ်ငန်းများတွင် ပါဝင်တော့ခြင်းမရှိကြောင်း Global Witness ထံ ပြောပြခဲ့သည်။ ၎င်းအစား ဖားကန့်ဒေသထက် အထွက်နည်းသည့် စစ်ကိုင်းတိုင်းရှိ ခန္တီးဒေသတွင်း ကျောက်စိမ်းတွင်း နှစ်တွင်းကို တူးဖော်လုပ်ကိုင်ခဲ့သည်ဟု ဆိုသည်။ ဤအချက်က ၂၀၁၁ ခုနှစ်တွင် KBZ မှ တင်ပြချက်နှင့် ကိုက်ညီခြင်း မရှိပေ၊ ထိုတင်ပြချက်တွင် ၎င်းက ဖားကန့်တွင် လုပ်ဆောင်နေဆဲဖြစ်ပြီး ကျောက်မျက်ပြပွဲ တစ်ပွဲစီလျှင် အမေရိကန် ဒေါ်လာ သန်း ၄၀-၅၀ ခန့် ရောင်းချခဲ့ကြောင်း ဖော်ပြထားသည်။




၂၀၁၁ ခုနှစ် တင်ပြချက်အရ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ အကြီးအကျယ်လုပ်ကိုင်နေကြပုံကို ပြသထားသည် - ထိုပုံအားလုံးကို ဖားကန့်တွင် ရိုက်ကူးထားခြင်းဖြစ်သည်...




၂၀၁၁ ခုနှစ်တွင် ယူရို ၃၃ သန်းကျော်ဖြင့် ရောင်းချခဲ့သော ကျောက်စိမ်း သုံးတုံးအပါအဝင် ကျောက်မျက်ပြပွဲများတွင် ဝင်ငွေများစွာ ရရှိခဲ့သော ကျောက်စိမ်းတုံးများ၏ ပုံများ...



ဤပုံတွင် KBZ ဥက္ကဋ္ဌဦးအောင်ကိုဝင်းသည် မြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်အား ကျောက်စိမ်းတုံးကြီးတစ်တုံးကို ပြသနေသည်။

## KBZ နှင့် အဲဗားဝင်းနား – မိတ်ဆွေကောင်းတွေလား။

*"KBZ သည် ရှယ်ယာရှင်များအားလုံးနှင့် ဆက်ဆံရာတွင် ပွင့်လင်းမြင်သာမှု ရှိသည်။"*

KBZ ၏ကျင့်ဝတ်စည်းမျဉ်း[၂၃၅]

ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ သေချာသော ရင်းမြစ်တစ်ခုမှ ပြောပြသည်မှာ KBZ သူဌေး ဦးအောင်ကိုဝင်းသည် အဲဗားဝင်းနားကုမ္ပဏီ၏ သူဌေးဦးအိုက်ထွေးနှင့် ဆက်နွယ်မှု ရှိကြောင်းနှင့် ကျောက်စိမ်းလုပ်ငန်းတွင် ၎င်းနှင့်အတူ ဖက်စပ်လုပ်ကိုင်ကြောင်း သိရသည်။[၂၃၆] ၎င်း၏ အပိုင်းအတွက် KBZ က အဲဗားဝင်းနားအတွက် ကနဦး ရင်းနှီးမတည်ငွေကို ကုမ္ပဏီမှ ပေးထားခြင်းဖြစ်ကြောင်း၊ ဦးအိုက်ထွေးသည် KBZ အတွက် ပတ္တမြားကျောက်တွင်းမန်နေဂျာဟောင်းတစ်ယောက်ဖြစ်ကြောင်းနှင့် သူသည် ဦးအောင်ကိုဝင်းနှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်ကြောင်း Global Witness ထံ ပြောပြခဲ့သည်။[၂၃၇] KBZ ၏ လုပ်ငန်းဖက်တစ်ဦး၏ ပြောပြချက်အရ ထိုပုဂ္ဂိုလ်နှစ်ဦးသည် မိသားစုအရလည်း ဆက်နွယ်မှုရှိကြောင်း၊ ဦးအောင်ကိုဝင်း၏ "တူ" သည် ဦးအိုက်ထွေး၏ သမီးဖြစ်သူ ဒေါ်ဝေဝေထွေး၏ ခင်ပွန်းဖြစ်ကြောင်း သိရသည်။[၂၃၈] သို့သော် KBZ က ဤအချက်ကို ငြင်းဆိုခဲ့သည်။

ထို့အပြင် ဦးအောင်ကိုဝင်းသည် အဲဗားဝင်းနား၏ အကျိုးအမြတ်ခံစားသူ ပိုင်ရှင်ဖြစ်ကြောင်းကိုမူ KBZ က ငြင်းဆိုခဲ့ပြီး ကုမ္ပဏီမှတ်တမ်းများတွင် ပြသထားသည်များကို အတည်ပြုပေးခဲ့သည်- ထိုအချက်မှာ ဦးအိုက်ထွေး၏ သမီးများသည် ၎င်း၏ ကုမ္ပဏီအသစ်ဖြစ်သော IKBZ ၏ ဒါရိုက်တာများ၊ ရှယ်ယာပိုင်ရှင်များဖြစ်ကြောင်းပင်ဖြစ်သည်။[၂၃၉] IKBZ ၏ အခြားဒါရိုက်တာများနှင့် ရှယ်ယာရှင်များမှာ ဦးအောင်ကိုဝင်းနှင့် ဇနီး၊ ၎င်းတို့၏ သမီးနှစ်ဦးတို့ဖြစ်သည်။[၂၄၀] ဦးအိုက်ထွေးသည် အာမခံကုမ္ပဏီ၏ အကျိုးအမြတ်ခံစားသူပိုင်ရှင်မဟုတ်ကြောင်း KBZ က ပြောကြားခဲ့သည်။[၂၄၁] သို့သော် ဦးအိုက်ထွေး၏ သမီးက ဦးအိုက်ထွေးသည် IKBZ တွင် ရင်းနှီးမြှုပ်နှံသူတစ်ဦးသာဖြစ်ကြောင်းကို Global Witness ထံ အကြောင်းကြားခဲ့သည်။[၂၄၂]

ဒါတွေအားလုံးကို ဘယ်လိုအဓိပ္ပာယ်ကောက်နိုင်မလဲ။ ဦးအိုက်ထွေးသည် IKBZ ၏ ဖုံးကွယ်ထားသော ပိုင်ရှင်ဖြစ်ပါက ဦးအောင်ကိုဝင်းသည်လည်း အဲဗားဝင်းနား၏ ဖုံးကွယ်ထားသော ပိုင်ရှင်ဖြစ်နိုင်သည် သို့မဟုတ် အံ့မခန်း အကျိုးအမြတ်များ ရရှိနေသည့် ကျောက်စိမ်းလုပ်ငန်းတွင် အနည်းဆုံးအနေဖြင့် လုပ်ငန်းဖက်တစ်ဦး ဖြစ်နေပါသလား။ KBZ က ဤအချက်ကို ငြင်းဆိုခဲ့သည်။[၂၄၃] သို့သော် KBZ နှင့် အဲဗားဝင်းနားတို့မှ ၎င်းတို့ ကျောက်စိမ်းလုပ်ငန်းအသီးသီး၏ အကျိုးအမြတ်ခံစားသူ ပိုင်ရှင်ဖြစ်ကြောင်း အထောက်အထားများနှင့် တစ်ဦးနှင့်တစ်ဦး ဆက်စပ်ပုံကို ထုတ်ပြန်နိုင်လျှင် ဤပြန်လည်ချေပချက်သည် ပို၍ အဓိပ္ပါယ်ရှိပေမည်။

## မြန်မာစစ်တပ်နှင့် ဖက်စပ်လုပ်ကိုင်မှုကို ဖုံးကွယ်ထားသော KBZ

KBZ က ၎င်းသည် "MEHL နှင့် ဆက်စပ်ပြီး လုပ်ငန်း လုံးဝ လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း နှင့် ထိုသို့လုပ်ကိုင်ရန်လည်း ရည်ရွယ်ချက်မရှိကြောင်း" Global Witness ထံ ပြောကြားခဲ့သည်။[၂၄၄] သို့သော် ၂၀၁၄ ခုနှစ် ဇွန်လတင် ကျင်းပသော မြန်မာ့ကျောက်မျက်ပြပွဲမှ အချက်အလက်များအရ KBZ ၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွဲ ဂျိန်းဖောအောင်သည် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ ၂၄ သန်းအထိ ရရှိခဲ့ကြောင်း မှတ်တမ်းများတွေ့ရှိရပြီး အဆိုပါ လုပ်ငန်းများကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ လုပ်ငန်းခွဲဖြစ်သော မြန်မာအင်ပီရီရယ်လ်ဂျိတ် ကုမ္ပဏီ လီမိတက်နှင့်အတူ ဖက်စပ်လုပ်ကိုင်ခဲ့ကြောင်း သိရသည်။[၂၄၅] Global Witness ထံပေးပို့ခဲ့သော စာတွင် MEHL က ဂျိန်းဖောအောင်သည် ကျောက်စိမ်းလုပ်ငန်းတွင် ၎င်း၏ လုပ်ငန်းဖက်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။[၂၄၆]

## KBZ၏ ကျောက်စိမ်းတူးဖော်ရေး ချင့်တွက်အကဲဖြတ်မှု အစီအစဉ်နှင့် ပို၍ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် သွားရန် လိုအပ်ချက်

KBZ ၏အကြံပေးများက KBZ ၏ ကျောက်စိမ်းတူးဖော်ရေးနှင့် သက်ဆိုင်သည့် အချက်အလက်များအတွက် ရုံးတွင်းပိုင်းတွင် အဆိုပြုထားသော ချင့်တွက်အကဲဖြတ်မှု လုပ်ဆောင်ချက်ပါ အချက်အလက်များကို Global Witness ထံ မျှဝေထားသည်။ အားရဖွယ်မှာ ကုမ္ပဏီအနေဖြင့် အနာဂတ်တွင် မော်လုပ်ကွက် တည်နေရာများ၊ ကျောက်စိမ်းတူးဖော်ရေး ဆောင်ရွက်ချက်များနှင့် ပိုင်ဆိုင်မှု ရှယ်ယာများ၊ မြေ ရယူမှုတို့နှင့် ပတ်သက်သော အချက်အလက်များကို ထုတ်ဖော်မည့် အလားအလာရှိနေပါသည်။[၂၄၇]

KBZ အနေဖြင့် ၎င်းတို့သည် ပွင့်လင်းမြင်သာမှုရှိသည်ဟု စကားလုံးများဖြင့် ပြောထားသည်များကို လက်တွေ့လုပ်ဆောင်ချင်ပါက ဒီထက်ပို၍ မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက်သွားရန် လိုအပ်သည်ဟု Global Witness က ယုံကြည်ထားသည်။ KBZ ၏ ထိပ်တန်းမန်နေဂျာများနှင့် တွေ့ဆုံဆွေးနွေးချက်အရ EITI ၏ အခြေခံစံနှုန်းများဖြင့် ခြုံငုံမိမည့် အချက်အလက်များကို ၎င်းတို့အုပ်စုအနေဖြင့် ချက်ချင်း ထုတ်ဖော်သင့်ကြောင်း ကျွန်ုပ်တို့က အကြံပြုခဲ့သည်။ ဥပမာ-

- KBZ မှ လုပ်ပိုင်ခွင့်လိုင်စင်ရရှိထားသော ကျောက်စိမ်းတွင်းများ၏ တည်နေရာ၊ အမျိုးအစားနှင့် သက်တမ်း၊
- KBZ ၏ကျောက်စိမ်းတွင်းများ၏ အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များ လုပ်ငန်းခွဲများနှင့် ပိုင်ဆိုင်မှု အဆင့်၊
- KBZ ၏ ကျောက်စိမ်းတွင်း လုပ်ပိုင်ခွင့် အသီးသီးနှင့် ပတ်သက်၍ ယခင်နှစ်များအတွင်း အစိုးရထံ ပေးသွင်းခဲ့သော ငွေကြေးပမာဏ၊
- စုစုပေါင်း ထုတ်ယူမှု ပမာဏ နှင့် KBZ ၏ ကျောက်စိမ်းတွင်းတစ်ခုစီမှ ထုတ်ယူရရှိသော စုစုပေါင်း တန်ဖိုး
- ကျောက်စိမ်းတွင်းများနှင့် ပတ်သက်သော အစိုးရနှင့် KBZ အကြား ချုပ်ဆိုထားသည့် စာချုပ်ပါအသေးစိတ်အချက်အလက်များ
- မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နှင့် MEHL ကဲ့သို့ နိုင်ငံပိုင် အဖွဲ့အစည်းများနှင့် KBZ တို့ စီစဉ်ဆောင်ရွက်မှုများ။

## ၃။ အေးရှားဝေါလ် (Asiaworld)

မြန်မာနိုင်ငံ၏ အကြီးဆုံး ကုမ္ပဏီတစ်ခုဖြစ်သော Asiaworld ကို ကိုးကန့်မူးယစ်ရာဇာတစ်ဦးဖြစ်သူ လော်စစ်ဟန်နှင့် သူ၏ သားဖြစ်သူ ၊ လက်ရှိ လုပ်ငန်းကို လုပ်ကိုင်နေပြီး အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှု စာရင်းတွင် ပါဝင်သူ Steven Law တို့က တည်ထောင်ထားခြင်းဖြစ်သည်။[၂၄၈] Asiaworld သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ထိပ်တန်း ဗိုလ်ချုပ်များနှင့် ရင်းနှီးသောဆက်ဆံရေးများရှိကြောင်း အများစုက အစီရင်ခံထားသည်။ ယင်းဗိုလ်ချုပ်များတွင် ဦးသန်းရွှေ၊ နံပါတ် ၂ နေရာရှိသူ ဦးမောင်အေးနှင့် ၂၀၁၁ ခုနှစ် ဦးသိန်းစိန် အစိုးရလက်ထပ်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဦးတင်အောင်မြင့်ဦးတို့ ပါဝင်သည်။[၂၄၉]



ကိုးကန့်မူးယစ်ရာဇာ လော်စစ်ဟန်၏ သားဖြစ်သူ Steven Law သည် မြန်မာနိုင်ငံတွင် လက်ရှိ အကြီးဆုံးလုပ်ငန်းစုထဲမှ တစ်ခုဖြစ်သော Asiaworld ကို လုပ်ကိုင်နေသူဖြစ်ပြီး ရတနာတောင်တန်း ကျောက်မျက်ကုမ္ပဏီမှတဆင့် ကျောက်စိမ်းတွင်းများကို ထိန်းချုပ်သည်။ သူသည် အမေရိကန်နိုင်ငံမှ အရေးယူပိတ်ဆို့ထားသည့်စာရင်းတွင် ပါဝင်သူဖြစ်ပြီး Asiaworld သည် စစ်အာဏာရှင်ဟောင်း ဦးသန်းရွှေ၊ နံပါတ် ၂ ဦးမောင်အေး၊ နောင်တွင် ဒုတိယသမ္မတဖြစ်လာသည့် ဦးတင်အောင်မြင့်ဦးတို့အပါအဝင် စစ်တပ်ပိုင်းမှ အရာရှိကြီးများနှင့် ရင်းနှီးသော ဆက်ဆံရေးရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် အစီရင်ခံထားကြသည်။

ကချင်ပြည်နယ်တွင် အေးရှားဝေါလ် (Asiaworld) သည် သမ္မတဦးသိန်းစိန်မှ ၂၀၁၁ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့သော အငြင်းပွားနေသည့် မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းတွင် လုပ်ငန်းဖက် တစ်ဦးအဖြစ် လုပ်ကိုင်သူဖြစ်ကြောင်း လူသိများကြသည်။[၂၅၀] သို့သော် Global Witness မှ လတ်တလော သုတေသနပြုလုပ်ချက်များအရ ၎င်းကုမ္ပဏီသည် ဖားကန့်ဒေသတွင် ရတနာတောင်တန်းကျောက်မျက်ဟူသော ကုမ္ပဏီအမည်ဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သူဖြစ်ကြောင်း သိရသည်။ တရားဝင် ကိန်းဂဏန်းအချက်အလက်များအရ ယင်းသည် ၂၀၁၄ ခုနှစ်တွင် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ ၂၇ သန်း နှင့် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂၁ သန်းရှိကြောင်း သိရသည်။[၂၅၁]

## Mr Asiaworld ၏ကျောက်စိမ်းတွင်းများ

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော ကုမ္ပဏီ မှတ်တမ်းများကို ပြန်သုံးသပ်ရာတွင် Steven Law သည် - မြန်မာအမည် ထွန်းမြင့်နိုင်၊ တရုတ်အမည် Lo Ping Zhong များအပြင် - 'Mr. Asiaworld' ဟူသော အခြားဒါရိုက်တာအမည်ဖြင့် ရတနာတောင်တန်းကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာ နှင့် ရှယ်ယာပိုင်ရှင်အဖြစ် ဖော်ပြထားကြောင်း Global Witness က သတိပြုမိပါသည်။၂၅၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် EITI မှ တဆင့် ကျောက်စိမ်းလုပ်ငန်းကို ပို၍ ပွင့်လင်းမြင်သာစွာလုပ်ကိုင်ရေး ဆွေးနွေးရန်အတွက် တွေ့ဆုံခွင့်ပေးရန် Steven Law ထံ ကျွန်နိုပ်တို့ စာရေးသားခဲ့ပါသည်။ Mr. Law မှ စာပြန်ကြားခဲ့ခြင်းမရှိပါ။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ဦးထွန်းမြင့်နိုင်နှင့် Lo Ping Zhong ဟူသော အမည်များကို ရတနာတောင်တန်းကုမ္ပဏီ မှတ်ပုံတင်အမည်စာရင်း သွင်းထားသည့်ထဲမှ ဖယ်ရှားထားပြီး ဖြစ်သည်။[၂၅၃]

သို့သော် ရတနာတောင်တန်းကျောက်မျက်ကုမ္ပဏီ၏ Lo Ping Zhong အဖြစ် အယောင်ဆောင်ကာ Steven Law သည် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် မြန်မာအစိုးရ၏ ကုန်သွယ်ရေးကိုယ်စားလှယ်အဖြစ် ကနေဒါနိုင်ငံသို့ ဝင်ရောက်ခွင့် ရရှိခဲ့သည်။[၂၅၄] ကနေဒါနိုင်ငံမှ အစိုးရ ပိုင်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ကနေဒါက လူဝင်မှု ကြီးကြပ်ရေး အရာရှိတွေက ကျွန်တော်တို့ရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေနဲ့အညီ ဝင်လာသူတိုင်းကို သေချာစစ်ဆေးဖို့ ပျက်ကွက်ခဲ့ပါတယ်" ဟု မှတ်ချက်ပေးခဲ့သည်။[၂၅၅]

ရတနာတောင်တန်းတွင် ဖားကန့်၏ အနောက်ဘက် မက်လင်ချောင် (#၂) တွင် ကြီးမားသောကျောက်စိမ်းမော်ကွက်တစ်ကွက်ရှိသည်။[၂၅၆] လုပ်ငန်းအတွင်းပိုင်းကို သေချာစွာသိရှိထားသူများက ကုမ္ပဏီသည် ဖားကန့်၏ တောင်ဘက် ဂွီခါးရေိယာတွင်လည်း ကျောက်စိမ်းတွင်းများ တူးဖော်လုပ်ကိုင်နေကြောင်း Global Witness ထံ ပြောပြခဲ့သည်။[၂၅၇] တရားဝင် မြေပုံများသည်လည်း ဤစွပ်စွဲချက်ကို အတည်ပြုပေးသကဲ့သို့ ဖြစ်ခဲ့သည်။ ဂွီခါးဖက်စပ်လုပ်ငန်း (#၇) ကို ဒဂုံရတနာကျောက်မျက်ကုမ္ပဏီများမှ ရယူထားပြီး ထိုကုမ္ပဏီကို ရတနာတောင်တန်း၏ အုပ်ချုပ်မှုဒါရိုက်တာနှစ်ဦးက ထိန်းချုပ်ထားသည်။[၂၅၈] ဤဒါရိုက်တာနှစ်ဦးအနက် တစ်ဦးဖြစ်သူ Law Sni Chant ၏ မှတ်ပုံတင်နံပါတ်သည် Steven Law ၏ မှတ်ပုံတင်နံပါတ်နှင့် ဂဏန်းလေးလုံးအထိ တူညီသည်။[၂၅၉] အမည်နှင့် မှတ်ပုံတင်နံပါတ် ဆင်တူနေခြင်းဖြင့် မိသားစုအဖြစ် ဆက်နွယ်နေသည်ဟု ဆို၍ မရသော်လည်း Steven Law က ဤအချက်နှင့်ပတ်သက်သော မေးမြန်းချက်များနှင့် သူ၏ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော အခြားအကြောင်းအချက်များကို မဖြေဆိုပဲ ငြင်းပယ်ခဲ့သည်။

## သုံးယောက်ပေါင်း၍ လောင်းမကျော်

လော်စစ်ဟန်နှင့် လုပ်ငန်းအတူလုပ်ကိုင်သူတစ်ဦးက စတီဗင်လော (Steven Law) သည် ရတနာတောင်တန်း၏ ဂွီခါးကျောက်စိမ်းတွင်းများကို စစ်တပ်လုပ်ငန်းဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့်အတူ ဖက်စပ်လုပ်ကိုင်ခြင်းဖြင့် ရယူခဲ့ခြင်းဖြစ်ကြောင်း Global Witness ထံ ပြောပြခဲ့သည်။ ထိုအချက်ကြောင့် ဂွီခါးဒေသအား သမိုင်းတလျှောက် လွှမ်းမိုးထားသည်ဟု မှတ်ယူထားသည့် KIA/KIO တို့နှင့် ကုမ္ပဏီအကြား ပဋိပက္ခဖြစ်စေခဲ့သည်။[၂၆၀] ထိုအငြင်းပွားမှုကို Steven Law နှင့် KIA ဗိုလ်ချုပ်ကြီး အင်ဘန်လ (N'ban La) တို့ လိုင်ဇာရှိ KIA/KIO ဌာနချုပ်တွင် တွေ့ဆုံပြီး ဖြေရှင်းခဲ့ကြသည်။ Steven Law က KIA/KIO ကို အေးရှားဝေါလ်ဝေါလ် (Asiaworld) ၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် ပါဝင်ရန် ကမ်းလှမ်းခဲ့ပြီး ဗိုလ်ချုပ်ကြီးအင်ဘန်လ ကလည်း လက်ခံခဲ့သည်။ သို့သော် သူသည် KIA/KIO ၏ ကိုယ်စား ထိုသို့ လုပ်ဆောင်ခဲ့ခြင်းလော သို့မဟုတ် သူ၏ ကိုယ်ပိုင်အကျိုးအတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်လောဆိုသည်ကမူ ရှင်းရှင်းလင်းလင်း မရှိပေ။[၂၆၁] ဤအချက်ကိုမူ ဗိုလ်ချုပ်ကြီးက တုန့်ပြန်ဖြေကြားခဲ့ခြင်းမရှိပါ။

မည်သို့ဆိုစေ မြန်မာစစ်တပ်ကုမ္ပဏီ၊ မူးယစ်ဆေးဝါးမှ ရရှိသော ပိုက်ဆံများဖြင့် ဖွဲ့စည်းထားပုံရသည့် 'ခရိုနီ' ကုမ္ပဏီ နှင့် KIA/KIO ၏ ခေါင်းဆောင်တို့အကြား သုံးပွင့်ဆိုင် ဆက်နွယ်ပြီး လုပ်ကိုင်နေပုံရသည်။ ဤအချက်က စစ်မြေပြင်တွင် ရန်သူများဖြစ်ကြသူများသည် ကချင်ပြည်နယ်၏ ကျောက်စိမ်းများမှ အကျိုးအမြတ်ထုတ်ယူမှုတွင်မူ ရပ်တည်ချက်ချင်း တူညီကြောင်း ပြသနေပေသည်။




KIA/KIO ဗိုလ်ချုပ်ကြီး အင်ဘန်လသည် Asiaworld သူဌေး Steven Law နှင့် အပေးအယူလုပ်ပြီး ရတနာတောင်တန်းကုမ္ပဏီ၏ ဂွီခါးဒေသရှိ ကျောက်စိမ်းတွင်းများတွင် ပါဝင်ပတ်သက်လာခဲ့သည်။ ဤသဘောတူညီချက်၏ သဘောသဘာဝ၊ ဗိုလ်ချုပ်ကြီး အင်ဘန်လ အနေဖြင့် ဤလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သော မေးခွန်းများ (၎င်းသည် KIA/KIO ကိုယ်စားလုပ်ဆောင်ခြင်းလော၊ မိမိကိုယ်ကျိုးအတွက် လုပ်ဆောင်ခြင်းလော) မှာမူ ရှင်းလင်းခြင်းမရှိသေးပေ။ ဤအချက်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးထံမှ မှတ်ချက်ရယူရန် Global Witness က ကြိုးစားခဲ့သော်လည်း အောင်မြင်ခဲ့ခြင်း မရှိပေ။

## ၄။ ထူးအုပ်စု - ပွင့်လင်းမြင်သာမှုကို ထင်မှတ်မထားသူက စတင်လုပ်ဆောင်နေပြီလား။

အခြား မှတ်သားဖွယ်ကောင်းသည့်အချက်မှာ ကျောက်စိမ်းလုပ်ငန်းတွင် အများအပြားရင်းနှီးမြှုပ်နှံထားသည့် ခရိုနီလုပ်ငန်းစုတစ်ခုမှာ ထူးအုပ်စုဖြစ်ပြီး ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ပြပွဲတွင် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ ၁၃ သန်းရှိကြောင်း မှတ်တမ်းရှိခဲ့သည်။[၂၆၂]

ထူးအုပ်စု၏ ထင်ရှားသည့် သူဌေးတစ်ဦးဖြစ်သူ ဦးတေဇသည် မြန်မာနိုင်ငံ၏ "နံပါတ်တစ် ခရိုနီစီးပွားရေးသမား' တစ်ဦးအဖြစ် နှစ်ပေါင်းများစွာတိုင် ရပ်တည်နေသူဖြစ်သည်။[၂၆၃] ၂၀၀၄ ခုနှစ်ကတည်းက နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို ခံယူထားရပြီး အမေရိကန်အစိုးရက ၎င်းအား "လက်နက်များ မှောင်ခိုရောင်းဝယ်သူ၊ မြန်မာနိုင်ငံရှိ ဖိနှိပ်သည့်အစိုးရအတွက် ဘဏ္ဍာရေးအရ လူယုံတော်တစ်ဦးဖြစ်သူ" အဖြစ်သတ်မှတ်ကာ ထူးအုပ်စုသည် စစ်လက်နက်ကိရိယာများ၊ မြန်မာစစ်တပ်အတွက် လေယာဉ်များ ဝယ်ယူပေးခြင်းအပါအဝင် "မြန်မာ့စစ်အစိုးရကိုယ်စား အဓိက စီမံကိန်းများကို ဖော်ဆောင်သည့်" ကုမ္ပဏီအဖြစ် မှတ်ယူထားခြင်းခံရသည်။[၂၆၄] ၎င်းသည် စစ်တပ်နှင့် အာဏာရပါတီဝင် ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်းကြောင့် အရေးယူပိတ်ဆို့မှုခံရခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုပုဂ္ဂိုလ်များတွင် ယခင်က စစ်အစိုးရ၏ တတိယအမြင့်ဆုံး ရာထူးကို ရရှိထားပြီး လက်ရှိ ပါလီမန်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏သားဖြစ်သော ဦးအောင်သက်မန်းနှင့်အတူ သူ၏ လုပ်ငန်းတို့ ဆက်နွယ်နေခြင်းလည်း ပါဝင်သည်။[၂၆၅]



'နံပါတ် ၁ ခရိုနီ' ဖြစ်သော ဦးတေဇသည် စစ်အစိုးရနှင့် ချိတ်ဆက်ပြီး ၎င်း၏ စီးပွားရေးအင်ပါယာကို တည်ထောင်ခဲ့ခြင်းဖြစ်ကာ အမေရိကန်၏ အရေးယူပိတ်ဆို့မှုကို နှစ်ပေါင်းများစွာကြာ ခံထားရသူဖြစ်သည်။ သူကိုယ်တိုင်ကပင် ကျောက်စိမ်းနှစ်သက်သူ တစ်ဦးဖြစ်ပြီး ယမန်နှစ်က မြန်မာကျောက်မျက်နှင့် လက်ဝတ်ရတနာလုပ်ငန်းရှင်များအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဦးတေဇနှင့် ထူးအုပ်စုအပေါ် စွပ်စွဲချက်ကို ဦးတေဇက ပြန်လည်ချေပရန် ကြိုးစားသော်လည်း အရေးယူ ပိတ်ဆို့ထားဆဲပင် ဖြစ်သည်။[၂၆၆] သူသည် ယခုအခါ ငွေကြေးပိုင်းတွင် ဒုက္ခရောက်နေကြောင်း ကြားသိရပြီး သူ၏ ကျောက်စိမ်းလုပ်ငန်းများကို "ဝ ကုမ္ပဏီများ" ထံ ရောင်းချထားပြီး ဖြစ်သည်ဟု ကောလာဟလများ ထွက်ပေါ်နေသည်။ [ကျောက်စိမ်းကဏ္ဍတွင် ဝ တို့ ပါဝင်နေခြင်းကို နောက်အခန်းတွင် ဖော်ပြထားသည်။]၂၆၇ သို့သော် ထိုသို့ ရောင်းထုတ်ပစ်ခြင်းကိုမူ ကုမ္ပဏီ ကိုယ်စားလှယ်များက ငြင်းဆိုထားသည်။[၂၆၈]

ထူးအုပ်စု၏ ကျောက်စိမ်းတူးဖော်ရေး လုပ်ဆောင်မှုများကြောင့် လုပ်ငန်းအတွင်းရှိ အခြားပုဂ္ဂိုလ်များနှင့် ဖားကန့်ရှိ ဒေသခံပြည်သူများ၏ ဝေဖန်မှုကို ခံနေရသည်။ အခြားလုပ်ပိုင်ခွင့်ရရှိသည့် ကုမ္ပဏီများက တန်ဖိုးမြင့်မားသော ကျောက်စိမ်းများကို တွေ့ရှိသည့်အခါ ထူးအုပ်စုက MEHL ထံ သတင်းပေးသည်ဟု စွပ်စွဲကြသည်။ ထိုသို့ ထူးအုပ်စု၏လုပ်ဆောင်မှုကြောင့် စစ်တပ်ကုမ္ပဏီကို ကျောက်စိမ်းတွင်းလုပ်ငန်းတွင် ခွန်အားကြီးမားလာစေရန် လမ်းကြောင်းပေးသကဲ့သို့ ဖြစ်နေသည်။[၂၆၉] ထို့အပြင် ထူးအုပ်စုသည် တောင်ကောရွာ တည်ရှိရာ တောင်ပေါ်ဒေသတွင် တောင်တစ်ဝက်ကို ဖြိုချပြီး ကျောက်စိမ်းရှာဖွေနိုင်ရန် ထိုရွာကို နေရာပြောင်းရွှေ့စေရအောင် လုပ်ဆောင်ခဲ့ပုံကိုလည်း ဒေသခံများက ပြောပြခဲ့သည်။ ယခုအခါ ပုံစံပြန်ပြောင်းသွားသော တောင်ကို ဒေသခံများက "ထူးကမ်းပါး" (Htoo Cliff) အဖြစ် အသိများကြသည်။[၂၇၀] Global Witness က အဆိုပါ စွပ်စွဲချက်များကို ထူးအုပ်စုထံ မေးမြန်းထားသော်လည်း တုန့်ပြန်ဖြေကြားခြင်း မရှိပေ။ သို့သော် ယခုအခါ ထူးအုပ်စုက ကျောက်စိမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို ပံ့ပိုးပေးရန် ကတိပေးထားသည်။ EITI ပုံစံအတိုင်း လေးလေးနက်နက် ဆောင်ရွက်နေကြောင်း ပြသရန် ထူးလုပ်ငန်းစုသည် Global Witness ထံ ကျောက်စိမ်းလုပ်ငန်းအတွက် ဖက်စပ်လုပ်ကိုင်သူများ၊ ကျောက်စိမ်းတွင်း တည်နေရာများနှင့် ၂၀၁၄ ခုနှစ် ရောင်းချရမှုနှင့် အခွန်ပေးသွင်းမှု ပမာဏတို့ကို စီမံကိန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြပေးထားသည်။[၂၇၁] ဤသို့လုပ်ဆောင်ချက်သည် နိုင်ငံအတွင်းရှိ အလျှို့ဝှက်ဆုံးကဏ္ဍတွင် ပါဝင်နေသူများအတွက်လည်း အရေးကြီးသည့် စံနမူနာလုပ်ဆောင်မှုတစ်ခု ဖြစ်စေပြီး EITI ၏ အခြေခံစံနှုန်းများကို မလိုက်နာနိုင်သော၊ သို့မဟုတ် လိုက်နာမည်မဟုတ်သော ဦးဆောင်နေသည့် ကျောက်စိမ်းကုမ္ပဏီများသည် မှားယွင်းနေကြောင်းကို ဖော်ပြလိုက်သလို ဖြစ်ပါသည်။




ထူးအုပ်စုက ၎င်း၏ ကျောက်စိမ်းတွင်းများမှ ထွက်ရှိသော ကျောက်စိမ်းများ ရောင်းချရာမှရရှိသော ဝင်ငွေ၊ ၎င်း၏ မော်တစ်ခုချင်းစီအတွက် ပေးရသော အခွန်များအပါအဝင် ဖားကန့်ရှိ ၎င်း၏ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို Global Witness ထံ ဖော်ပြပေးခဲ့သည်။ ထို့ကြောင့် အခြားကျောက်စိမ်းကုမ္ပဏီများသည်လည်း ၎င်းတို့၏ ကျောက်စိမ်းတူးဖော်ရေးနှင့် ရောင်းဝယ်ရေးဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး စီမံကိန်းတစ်ခုချင်းစီအလိုက် အချက်အလက်များကိုဖော်ထုတ်ရန် အသေအချာ ဖြစ်နိုင်ကြောင်းကို ပြသနေပေသည်။ ဦးတေဇက လုပ်ဆောင်နိုင်သည်ဆိုလျှင် အခြားလုပ်ငန်းရှင်များသည်လည်း အလားတူ လုပ်ဆောင်နိုင်ပေလိမ့်မည်။
ဓါတ်ပုံ- ထူးအုပ်စု

## အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များ

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများမှ လက်နက်ကိုင်တော်လှန်မှုများ ဆယ်စုနှစ်များစွာ ကြာပြီးနောက် စစ်အစိုးရသည် ၁၉၈၉ မှ ၁၉၉၅ အထိ အပစ်အခတ်ရပ်စဲရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ 'အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များ' ဟု ခေါ်နေသော အဖွဲ့များသည် ကချင်ပြည်နယ်အတွင်းရှိ ကျောက်စိမ်းလုပ်ကွက်များအပြင် အခြား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများစွာ ရရှိခဲ့သည်။[၂၇၂] အထူးသဖြင့် ကျောက်စိမ်းလုပ်ငန်းအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်နေသည့် အဖွဲ့နှစ်ဖွဲ့မှာ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် / ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် တို့ဖြစ်သည်။

### ၁။ ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် / ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ

ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)/ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့သည် ၁၉၉၀ ခုနှစ်အစောပိုင်းမှစတင်ကာ ကျောက်စိမ်းလုပ်ငန်းတွင် ဩဇာရှိသော အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ Global Witness မှ စုစည်းရယူထားသော အထောက်အထားများအရ ဖားကန့်ဒေသတွင် လုပ်ဆောင်နေသည့် ဝနှင့်ဆက်စပ်နေသော ကျောက်စိမ်းကုမ္ပဏီများ၏ နောက်ဆုံးအကျိုးအမြတ်ခံစားသူ သူဌေးမှာ UWSA/UWSP အတွက် ဘဏ္ဍာရေးရာ အကြီးအကဲဟောင်းဖြစ်သော မူးယစ်ရာဇာ ဝေရှောက်ခန်ဖြစ်ကြောင်း တွေ့ရသည်။ အမေရိကန်အစိုးရက ဝေရှောက်ခန်ကို ဖမ်းမိရန် သို့မဟုတ် ပြစ်ဒဏ်ကျခံစေရန် သတင်းပေးနိုင်သူကို အမေရိကန်ဒေါ်လာ ၂ သန်းချီးမြှင့်မည်ဟု ကမ်းလှမ်းထားပြီး ဝေရှောက်ခန်အပါအဝင် သူ၏ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားသည်။



Narcotics Rewards Program: Wei Hsueh-Kang

BUREAU OF INTERNATIONAL NARCOTICS AND LAW ENFORCEMENT AFFAIRS

**WANTED**

(**Alias:** Prasit Chivinnitipanya)
**Date of Birth:** 5/29/52
**Place of Birth:** China
**Height:** 5'6" **Weight:** 125 lbs
**Eyes:** Brown **Hair:** Black
**Race:** Asian **Nationality:** Chinese

**Wei Hsueh-Kang**, the commander of the United WA State Army's (UWSA or WA) Southern Military Command, is wanted on Federal drug violations in the Eastern District of New York. The WA is currently the dominant heroin trafficking group in Southeast Asia, and possibly worldwide. Wei Hsueh-Kang is believed to be in hiding in Burma.

The U.S. Department of State is offering a **REWARD OF UP TO $2 MILLION** for information leading to the arrest or conviction in the United States of Wei Hsueh-Kang.

If you have information, and you are outside the United States, please contact the nearest U.S. Embassy or Consulate. In the United States, please contact the DEA, FBI, or ICE office in your city.

**ALL IDENTITIES ARE KEPT STRICTLY CONFIDENTIAL**

ဝေရှောက်ခန်နှင့် UWSA/UWSP တို့သည် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကို ခံထားရဆဲဖြစ်ပြီး မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်ခြင်းအတွက် စွဲချက်တင်ခံထားရသည်။ ယနေ့ခေတ်တွင် ဝေရှောက်ခန်သည် ဝ အမည် သုံးပြီး ဖားကန့်တွင် လုပ်ကိုင်နေသော အင်အားကြီး ကျောက်စိမ်းကုမ္ပဏီ အုပ်စုများ၏ နောက်ကွယ်တွင် ရပ်တည်နေသည်။

ဝေရှောက်ခန်နှင့် သူ၏ အပေါင်းပါများသည် ကျောက်စိမ်းလုပ်ငန်းများကို လက်ရှိ ထိန်းချုပ်နေခြင်းမှာ တစ်သီးပုဂ္ဂလလုပ်နိုင်စွမ်းဖြင့် UWSA/UWSP ကိုယ်စား လုပ်ဆောင်နေခြင်းလော၊ သို့မဟုတ် အခြားစွမ်းအားဖြင့် လုပ်ဆောင်နေခြင်းလောဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ဝပြည် ခေါင်းဆောင်များက UWSA/UWSP အတွင်း ဝေရှောက်ခန်၏ဦးဆောင်မှုကို လျှော့ချထားရန် ကြိုးစားနေကြသော်လည်း ဝ ပြည်အား ကာလကြာရှည် လေ့လာအကဲဖြတ်သူများကမူ ဝခေါင်းဆောင်များသည် ဝေရှောက်ခန်နှင့်အတူ အနီးကပ်ပူးပေါင်းလုပ်ဆောင်နေသည်ဟု ဆိုသည်။ သို့သော် ယင်းကို ခန့်မှန်းတိုင်တာရန် ခက်ခဲပါသည်။[၂၇၃]

သို့သော် ရှင်းလင်းသည်မှာ တပ်မတော်နှင့် KIA/KIO တို့မှ ရန်လုပ်လိုခြင်းမရှိသည့် UWSA/UWSP ကို ကိုယ်စားပြုနေမှု အချက်အပေါ် ဤကျောက်စိမ်းကုမ္ပဏီအုပ်စုက အမြတ်ထုတ်လျှက် ရှိနေခြင်းပင်။[၂၇၄] ဝ အမည်ကို အသုံးပြုလျှက် ဩဇာအဆမတန်ရရှိစေရန် ဖားကန့်ဒေသအား မာဖီးယားဂိုဏ်းပုံစံ အုပ်စိုးလျှက်ရှိသည်။

အောက်ပါတို့မှာ ဤအစီရင်ခံစာတွင် သီးခြားထုတ်ပြန်မည်ဖြစ်သော ဝ နှင့် ဆက်စပ်နေသည့် ကျောက်စိမ်းကုမ္ပဏီများအပေါ် လေ့လာထားသည့် စာတမ်းရှည်တစ်စောင် ဖြစ်ပါသည်။




ဝ တိုင်းရင်းသားလူမျိုးစုကို ကိုယ်စားပြုလျက် UWSA/UWSP သည် တရုတ်နယ်စပ်ရှိ ရှမ်းပြည်နယ်ထဲတွင် တည်ရှိသော မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲထားသော အကြီးဆုံးဇုန်ကို စီမံအုပ်ချုပ်နေသည်။ UWSA/UWSP တို့အား ပြိုင်ဘက်မရှိ စီမံအုပ်ချုပ်ခွင့်ကို ပေးထားသည်။ ၎င်းသည် တပ်သားပေါင်း ၂၀၀၀၀ - ၃၀၀၀၀ နှင့် အရန်တပ်ဖွဲ့ပေါင်း ၅၀၀၀၀ ခန့်ဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံး၊ စနစ်တကျဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုတစ်စုဖြစ်သည်။

## မူးယစ်ရာဇာ ဝေရှောက်ခန်၏ ကျောက်စိမ်းလုပ်ငန်းကွန်ရက်




အဆိုပါ ကုမ္ပဏီ ငါးခုသည် ကျောက်စိမ်းတွင်း ၅၀ ကို တစ်စုတစ်စည်းထဲ ထိန်းချုပ်သည်။

**တရားဝင် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၃ နှင့် ၂၀၁၄ မြန်မာ့ကျောက်မျက်ပြပွဲများတွင် ၎င်းတို့၏ အခွန်မဆောင်မီ ရောင်းရငွေသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထိ ရှိခဲ့သည်။ ဤပမာဏတွင် ၎င်းတို့ တရားမဝင် ရောင်းဝယ်နေသည်ဟု စွပ်စွဲခံနေရသော ပို၍ များပြားလှသည့် ပမာဏများ မပါဝင်သေးပါ။**

**မှတ်ချက်** - ဒါရိုက်တာအဖြစ် ထမ်းဆောင်သူများသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအထိ DICA တွင် မှတ်ပုံတင်ထားသော စာရင်းမှ ဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလရှိ DICA ၏ ပို၍ ပြီးပြည့်စုံသော မှတ်တမ်းများအရ ဒါရိုက်တာများသည် ရှယ်ယာရှင်များလည်း ဖြစ်ကြောင်း ဖော်ပြနေသည်။ Hong Pang အုပ်စုဒါရိုက်တာ တစ်ဦးမှ ပြောပြချက်အရ Hong Pang ကုမ္ပဏီများသည် လုပ်ငန်း လုပ်ကိုင်နေခြင်း မရှိတော့ပေ။ သို့သော် ၎င်းတို့သည် စာရင်းဝင်နေဆဲဖြစ်သည်။

## အမြဲတမ်း ပြောင်းလဲနေမှု - ပုံစံ ပြောင်းလဲလာသော ဝနှင့်ဆက်စပ်နေသည့် ကျောက်စိမ်း လုပ်ငန်းများ

*"ကုမ္ပဏီ နာမည်တစ်ခု ပျက်စီးသွားရင်တောင် ဒီကုမ္ပဏီနောက်က လူတွေကတော့ တခြားနာမည်တစ်ခု သုံးပြီး အတူတူ ဆက်လုပ်နေကြပါတယ်။"*

ဝနှင့် ဆက်စပ်နေသော ကျောက်စိမ်းကုမ္ပဏီများရှိ ကျောက်စိမ်းလုပ်ငန်း ရှင်တစ်ဦး[၂၇၅]

မူလက ဖားကန့်ဒေသတွင် UWSA/UWSP တို့နှင့် ဆက်စပ်နေသော ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီမှာ ဝေရှောက်ခန် တည်ထောင်ထားသော ဟုန်ပန်း (Hong Pang) လုပ်ငန်းပင်ဖြစ်သည်။[၂၇၆] သို့သော် အမေရိကန်အစိုးရအနေဖြင့် ဝေရှောက်ခန်၏ လုပ်ငန်းများအပေါ် ဖိအားပေး ဖိနှိပ်လာသည့်အတွက် Hong Pang နာမည်ကို ရှောင်ထိုးလိုက်သည်။[၂၇၇] နောက်ဘာတွေ ဆက်ဖြစ်လဲ။ Global Witness က စာရွက် အထောက်အထားများစွာကို ပြန်လည်သုံးသပ်ခဲ့ပြီး အောက်ပါမှတ်ချက်များ ရရှိစေရန် အထောက်အကူဖြစ်သည့် သတင်းစုံ သိရှိသော ရင်းမြစ်ပေါင်းများစွာထံမှ ထွက်ဆိုချက်များကို စုစည်းရယူခဲ့သည်-[၂၇၈]

- Hong Pang ကျောက်စိမ်းလုပ်ငန်းသည် အခြား လိုင်စင်ရ သတ္တုတွင်းတူးဖော်ရေးလုပ်ငန်း လေးခုနှင့် ချိတ်ဆက်ပြီး မြန်မာတကောင်းကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်သည့် ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများထဲ သို့ တစ်စတစ်စ တိုးဝင်လာခဲ့သည်။ ထိုကုမ္ပဏီ လေးခုမှာ ရောရတနာ၊ ရာဇဌာနီ သော်တာဝင်းနှင့် အဖိုးတန် စံချိန်မီတို့ ဖြစ်သည် (၎င်း၏ အင်္ဂလိပ်နာမည် Value Standard ဖြင့် မှတ်ပုံတင်ထားသည်)။ ဖော်ပြပါ ကုမ္ပဏီများ သို့မဟုတ် ယခင် Hong Pang ဒါရိုက်တာများနှင့် မန်နေဂျာများသည် ကုမ္ပဏီ ငါးခုစလုံးကို လည်ပတ်ရာ၌ အဓိက လုပ်ဆောင်သူများဖြစ်သည်။[၂၇၉]
- ဤကုမ္ပဏီငါးခုသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း များကို အတူတကွ လုပ်ဆောင်ကြပြီး တစ်ခုတည်းသော လုပ်ငန်းအုပ်စုအဖြစ်ပင် မှတ်ယူနိုင်ပေသည်။[၂၈၀]
- ဝေရှောက်ခန်သည် ထိုကုမ္ပဏီ ငါးခု၏ ကျောက်စိမ်းလုပ်ငန်းများအတွက် အဓိက အကျိုးခံစားသူပိုင်ရှင်ဖြစ်ပြီး ၎င်းကုမ္ပဏီများအပေါ် အပြည့်အဝ ထိန်းချုပ် လုပ်ကိုင်သည်။[၂၈၁]
- ဤကုမ္ပဏီငါးခုပါဝင်သော အုပ်စုသည် UWSA/UWSP တို့၏ လုပ်ငန်းအကျိုးအမြတ်များပင် ဖြစ်ပေသည်။[၂၈၂]

ဝေရှောက်ခန်၏ လက်အောက်တွင် ဤကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများအပေါ် ကြီးကြပ်ကွပ်ကဲနေသည့် အဓိက ပုဂ္ဂိုလ်များမှာ UWSA/UWSP ၏ အကြီးအကဲ ပေါက်ယူချန်း၏ သားမက်ဖြစ်သူ ဦးအိုက်ဟော်၊ ကုမ္ပဏီ ငါးခုစလုံး၏ ဒါရိုက်တာဖြစ်သူ သို့မဟုတ် ကိုယ်စားလှယ်ဖြစ်သူ ဦးဇော်ဘိုခန့်နှင့် ဦးလီမြင့်တို့ ဖြစ်သည်။[၂၈၃] ဤပုဂ္ဂိုလ်သုံးဦးစလုံးသည် ယခင်က Hong Pang အုပ်စုနှင့် အတူလက်တွဲ လုပ်ကိုင်ဖူးသူများဖြစ်သည်။[၂၈၄] ဦးအိုက်ဟော်နှင့် ဦးလီမြင့်တို့သည် မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေသော လုပ်ငန်းများကို လုပ်ကိုင်သဖြင့် အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုကို ခံထားရသူများဖြစ်သည်။[၂၈၅]

## ဝေစု ချဲ့ထွင်ယူလာနေမှု

*"ဖားကန့်က ကျောက်စိမ်းတွေအားလုံးကို ၃ နှစ်အတွင်း ကျွန်တော်တို့ အကုန် ထုတ်ယူနိုင်တယ်။"*

မြန်မာတကောင်းကုမ္ပဏီ ကိုယ်စားလှယ်[၂၈၆]



ဖားကန့်ဒေသ ဂွီခါးရှိ မြန်မာတကောင်းကုမ္ပဏီထံမှ စွန့်ပစ်မြေစာတင် ထရပ်ကားများ ရေမဆေးကျောက်သမားများ ကျောက်စိမ်းရှာဖွေရာ စွန့်ပစ်မြေစာများ စုပုံရာနေရာ မြန်မာတကောင်းနှင့် ၎င်းနှင့်ဆက်စပ်ကုမ္ပဏီများသည် ဖားကန့်တွင် အင်အားကြီးမားသော လုပ်ငန်းများ ဖြစ်လာခဲ့သည်။ အနည်းဆုံး ကျောက်စိမ်းတွင်း ၅၀ ခန့်ကို ထိန်းချုပ် လုပ်ကိုင်နေသည်။ ဓါတ်ပုံ- မင်းဇေယျာ

Global Witness မှ ကိုယ်တိုင် မြင်တွေ့ခဲ့ရသော စာရွက်အထောက်အထားတစ်ခုတွင် မြန်မာတကောင်းနှင့် ၎င်း၏ ဆက်စပ်ကုမ္ပဏီများမှ ထိန်းချုပ်နေသော မော် ၄၉ ကွက်ကို အသေးစိတ်ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် နောက်ထပ် အချက်များကို စုစည်းရယူခဲ့ပြီး ယင်းအချက်များအရ ဖော်ပြပါအရေအတွက်သည် နည်းလွန်းသည်ဟု ယူဆနိုင်သည်။[၂၈၇] အကြောင်းမှာ UWSA/UWSP နှင့်ဆက်စပ်နေသော ကုမ္ပဏီများသည် အခြား မိုင်းတွင်းများသို့ ပြောင်းရွှေ့ကြပြီးဖြစ်ကာ အနည်းဆုံးအနေဖြင့် ဦးတေဇ၏ ထူးအုပ်စုအတွက် လိုင်စင်ချထားပေးသော မိုင်းတွင်းတစ်ခုလည်း ပါဝင်သည်။[၂၈၈]

ကျောက်စိမ်းတွင်းများအတွင်း ၎င်းတို့၏ လုပ်ငန်းများ ချဲ့ထွင်မှုနှင့်အတူ UWSA/UWSP နှင့်ဆက်စပ်နေသော ကုမ္ပဏီများ၏ ထိပ်ဆုံးရောက်နေသည့်အနေအထားကို အဲဗားဝင်းနား ကုမ္ပဏီအသုံးပြုနေသော စက်များကဲ့သို့ အမေရိကန်ဒေါ်လာ သန်း ၈၀ တန်ဖိုးရှိသည့် Komatsu PC2000 မြေကော်စက်ကြီးပေါင်း အလုံး ၄၀ ကို အသုံးပြုနေခြင်းကို ကြည့်ခြင်းဖြင့် ထင်ထင်ရှားရှား သိနိုင်ပါသည်။[၂၈၉] ထိုစက်များကို ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက "နှစ်ထပ်တိုက်တစ်လုံး စာလောက်ရှိတယ်" ဟု ပုံဖော်ပြောပြခဲ့သည်။[၂၉၀]

UWSA/UWSP နှင့်ဆက်စပ်နေသော ကုမ္ပဏီများသည် ကျောက်စိမ်းများတူးဖော်ရန် စက်ယန္တယားကြီးများအပေါ် အမြောက်အမြား အကုန်ကျခံနေသော်လည်း မြေစာများကို

စနစ်တကျစွန့်ပစ်ရန် နည်းစနစ်များအတွက်မူ ရင်းနှီးမြှုပ်နှံမှု ရှိပုံမပေါ်ပေ။ ၂၀၁၅ ခုနှစ် မတ်လတွင် ဆိပ်မူ / ဆိုင်းတောင် ဒေသတွင် နှစ်ကြိမ်တိုင်တိုင်ပင် ရာဇဌာနီနှင့် အောင်ဟိန်းမင်းကုမ္ပဏီတို့မှ စုပုံထားသော အမြင့်ပေ ၅၀၀ ရှိမြေစာပုံ ပြိုကျခဲ့သည်။ ဒေသခံပြည်သူများနှင့် မီဒီယာတို့မှ ဖော်ပြချက်အရ ၁၂ ဦးခန့် အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။[၂၉၁]



မြန်မာတကောင်းနှင့် ၎င်း၏ ဆက်စပ်ကုမ္ပဏီများသည် ၎င်းတို့၏ ကိုယ်ပိုင် မော်တွင်းများတွင်သာမက အခြားကုမ္ပဏီများအတွက် လိုင်စင်ချထားပေးသော မော်များတွင်လည်း လုပ်ကိုင်ပေးကြောင်း သိရသည်။ ဦးတေဇ၏ ထူးအုပ်စုအတွက် လိုင်စင်ချထားပေးသော ကုဋေ (#၃) မော်တွင် မြန်မာတကောင်းက လုပ်ငန်းဆောင်ရွက်ပေးသည်။

## "မှောင်ခိုလုပ်ငန်းကို လုပ်ကိုင်နေသော ဂိုဏ်းခေါင်းဆောင်"[၂၉၂]

*"ဝ တွေက ပိုက်ဆံ၊ ပါဝါနဲ့ လက်နက်တွေကို သုံးတယ်၊ သူတို့က လူတောင် သတ်တယ်။ ဒေသခံတွေက သူတို့နဲ့ ထိပ်တိုက်မတွေ့ရဲဘူး။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၂၉၃]



UWSA/UWSP ၏ အကြီးအကဲ ပေါက်ယူချန်း ဖားကန့်ရှိ ဝ နှင့်ဆက်စပ်နေသော ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများသည် ၎င်းတို့နှင့်အတူ လုပ်ငန်းတွဲဖက်လုပ်ကိုင်စေရန်အတွက် အခြားကုမ္ပဏီများကို အနိုင်ကျင့်ရန် UWSA/UWSP အမည်ကို အသုံးပြုပြီး တရားမဝင်ကာကွယ်ရေးအဖွဲ့တစ်ခုကဲ့သို့ ဆောင်ရွက်သည်။

၎င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်မှု ပမာဏအပြင် ဝ တို့နှင့် ဆက်စပ်နေသော ကုမ္ပဏီများ၏ အဓိက ထင်ရှားသည့် လက္ခဏာရပ်တစ်ခုမှာ ၎င်းတို့သည် UWSA/UWSP အမည်နှင့် ၎င်းတို့၏ ထူးခြားသည့် မဟာဗျူဟာကျ ကျ အနေအထားကို အသုံးပြုပြီး ၎င်းတို့၏ ဆန္ဒအတိုင်း အခြားကုမ္ပဏီများအား လိုက်ပါလုပ်ဆောင်စေခြင်းပင် ဖြစ်သည်။ ၎င်းတို့ အသုံးပြုနေသည်ဟု အစီရင်ခံတင်ပြသည့် နည်းဗျူဟာများသည် လူဆိုးဂိုဏ်းတို့၏ နည်းဗျူဟာများထဲမှတစ်ခုဖြစ်ပြီး အောက်ပါတို့ပါဝင်ပါသည်-

- UWSA/UWSP အမည်ဖြင့် အကာအကွယ်ပေးမည်ဟု ကုမ္ပဏီများကို ကမ်းလှမ်းပြီး အပြန်အလှန်အဖြစ် ငွေကြေးပမာဏ တစ်ခုခု သို့မဟုတ် တူးဖော်ရရှိမှုထဲမှ ဝေစုတစ်ခုကို ပေးရန်။[၂၉၄] ဤသို့ ကာကွယ်ပေးမည်ဟူသော ကမ်းလှမ်းချက်ကို ကုမ္ပဏီသေးများသာမက ဦးသန်းရွှေ၏ သားများမှ ထိန်းချုပ်ထားသော မြန်မာနိုင်အုပ်စု၊ Asiaworld သူဌေးကြီး Steven Law လုပ်ကိုင်သည့် ရတနာတောင်တန်း ကုမ္ပဏီကဲ့သို့ ကုမ္ပဏီကြီးများကလည်း လက်ခံကြောင်း သိရသည်။[၂၉၅]
- မော်ထဲသို့ သွားရမည့် လမ်းများကို ပိတ်ဆို့ခြင်းဖြင့် အခြားလုပ်ငန်းများကို UWSA/UWSP ၏ လက်အောက်သို့ ဝင်ရောက်ရန် အတင်းအကျပ်ပြုမှုလေ့လည်း ရှိသည်။[၂၉၆]
- ခြိမ်းခြောက်ခြင်း - USWA/USWP ကုမ္ပဏီကိုယ်စားလှယ်များက မိမိတို့လက်အောက်ခံအဖြစ် မဝင်ရောက်သူများကို ယခင်က မည်သို့ သတ်ဖြတ်သည်ဆိုသည်ကို ပြန်ပြောပြခြင်းဖြင့် ခြိမ်းခြောက်ခြင်းတို့လည်း ပြုလုပ်သည်။[၂၉၇]
- ၎င်းတို့၏ ကျောက်စိမ်းများကို ခိုးထုတ်နေသည်ဟု အခြားလုပ်ငန်းများကို စွပ်စွဲကာ အနှောင့်အယှက်ပေးရန် တရားစွဲမှုများကို အသုံးပြုခြင်း။[၂၉၈]

## ၂။ Ruby Dragon (ပတ္တမြားနဂါး)

UWSA/UWSP သည် အကြီးဆုံးအဖွဲ့အစည်းဖြစ်သော်လည်း ဖားကန့်တွင်လုပ်ကိုင်သည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များထဲတွင် ဤအဖွဲ့တစ်စုတည်းသာ မကပေ။ ပအိုးဝ် အမျိုးသားအဖွဲ့ချုပ် (PNO) က ၁၉၉၁ ခုနှစ်တွင် လက်နက်ချပြီးနောက် အစိုးရက ပအိုဝ်းကုမ္ပဏီအုပ်စု ဖြစ်သော ပတ္တမြားနဂါးထံ ကျောက်စိမ်းလုပ်ကိုင်ခွင့် လုပ်ကွက်များ ချထားပေးခဲ့သည်။[၂၉၉]

နှစ်ပေါင်းများစွာ ကြာသည့်အခါ ပတ္တမြားနဂါးကုမ္ပဏီအုပ်စုသည် ကျောက်စိမ်းနှင့် ပတ္တမြားလုပ်ငန်းနယ်ပယ်တွင် ထင်ရှားသည့် အုပ်စုတစ်ခု ဖြစ်လာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ၎င်းသည် ကျောက်စိမ်းတူးဖော်ရန် သတ္တုတွင်းဝန်ကြီးဌာနနှင့်အတူ ဖက်စပ်လုပ်ကိုင်သည့် ပထမဆုံးကုမ္ပဏီများထဲမှ တစ်ခုဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံး ကျောက်စိမ်းတုံးဖြစ်သော တန် ၃၀၀၀ ရှိကျောက်စိမ်းတုံးကို မြန်မာစစ်အစိုးရထံ လက်ဆောင်အဖြစ် ပေးအပ်လိုက်သည့်အခါ ကမ္ဘာကျော်သွားသော ကုမ္ပဏီတစ်ခု ဖြစ်သွားခဲ့သည်။[၂၀၀]

ဤအဖွဲ့သည် ၎င်း၏ မူလအစဖြစ်သော ကျောက်မျက်ရတနာ လုပ်ငန်းအပြင် ဝိုင်ထုတ်ခြင်း၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ယခုခေတ် မြန်မာနိုင်ငံ၏ ထိပ်ဆုံးအခွန်ပေးဆောင်သူများစာရင်းတွင် ပါဝင်သော ကုမ္ပဏီအချို့နှင့်အတူ လုပ်ငန်းမျိုးစုံကို လုပ်ကိုင်ခဲ့သည်။[၂၀၁]

သို့သော် ၎င်း၏ ကျောက်မျက်လုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များမှာ သိသာထင်ရှားသည့် ဝင်ငွေရလမ်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။ ပတ္တမြားနဂါးကုမ္ပဏီအုပ်စုနှင့် ဖက်စပ်ကုမ္ပဏီများသည် ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ပြပွဲတွင် အခွန်မဆောင်မီရောင်းရငွေ အမေရိကန်ဒေါ်လာ ၅၈ သန်းကျော်နှင့် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄၆ သန်းပေးသွင်းခဲ့ကြောင်း မှတ်တမ်းရှိခဲ့သည်။[၂၀၂]



Ruby Dragon အုပ်စု၏ ဥက္ကဋ္ဌဖြစ်သူ ဦးနေဝင်းထွန်းသည် မြန်မာနိုင်ငံ၏ သတ္တုတွင်းတူးဖော်ရေးနှင့် ကျောက်မျက်ဥပဒေများ ပြင်ဆင်ရေးဆွဲရန်အတွက် တာဝန်ရှိသော လွှတ်တော် ကော်မတီတွင် ခေါင်းဆောင်သူတစ်ဦးလည်း ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းရာတွင် ပြည်သူတို့၏ ယုံကြည်မှုကို တည်ဆောက်ခြင်းအပြင် ဥပဒေနှင့် စည်းမျဉ်းသစ်များသည် မြန်မာနိုင်ငံရှိ သာမန်ပြည်သူများအတွက် အကောင်းဆုံးအကျိုးကျေးဇူးဖြစ်စေကြောင်း သေချာအောင် လုပ်ဆောင်ရာ၌ ဤသို့ အကျိုးစီးပွားချင်းရောထွေးသည့် ပြဿနာများကို ဖော်ထုတ်ဆောင်ရွက်ခြင်းသည် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။

## စီးပွားရေးနှင့် နိုင်ငံရေး ဆုံတွေ့ကြရာဝယ်

PNO အတွက် စီးပွားရေးနှင့် နိုင်ငံရေးသည် အနီးကပ် ချိတ်ဆက်နေသည်။ "ကျောက်စိမ်း၊ ကျောက်မျက်ရတနာလုပ်ငန်းနှင့် သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းမှ ရရှိသော ရန်ပုံငွေများကို PNO နှင့် [ပအိုဝ်း] ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုကြောင်း" Ruby Dragon က Global Witness ထံ ဖော်ပြထားသည်။[၂၀၃]

Ruby Dragon ၏ ဥက္ကဋ္ဌဖြစ်သူ ဦးနေဝင်းထွန်းသည် ပအိုဝ်းဒေသ ၏ "အထူးစီးပွားရေးကိစ္စရပ်များ" အတွက် တာဝန်ရှိခဲ့သူတစ်ဦးဖြစ်ပြီး ၂၀၁၀ ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် PNO ကိုယ်စားလှယ်လောင်းအဖြစ် ၎င်းနှင့်ပြိုင်ဆိုင်သူမရှိဘဲ အမျိုးသားလွှတ်တော်(အထက်လွှတ်တော်)တွင် နေရာတစ်နေရာ ရရှိခဲ့သည်။[၂၀၄]

Global Witness ၏ သုတေသန ပြုလုပ်ချက်များအရ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ ဥက္ကဋ္ဌဖြစ်သူ ဦးစောလွင်နှင့် အခြား PNO ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးခင်သိန်းဖေတို့သည် ကုမ္ပဏီပေါင်းများစွာတွင် ဒါရိုက်တာများအဖြစ် လုပ်ကိုင်နေကြပြီး အချို့ကိစ္စရပ်များတွင် ဦးနေဝင်းထွန်းနှင့်အတူ လက်တွဲဆောင်ရွက်သည်ဟု သိရသည်။[၂၀၅]

ပါလီမန်တွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း Ruby Dragon ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းအပေါ် အာဏာသက်ရောက်စေမည့် ဥပဒေများကို ပြင်ဆင်ရေးဆွဲရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သဘာဝ သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အမျိုးသားလွှတ်တော် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းနှင့် ကျောက်မျက်ရတနာ ဥပဒေသစ်များ အတွက် တံခါးပိတ်ဆွေးနွေးပွဲများပြုလုပ်ရာတွင် သူသည် ရှေ့ဆုံးမှ ပါဝင်ခဲ့သူဖြစ်သည်။[၂၀၆]

လုပ်ငန်းတွင် အဓိက ကြိုးကိုင်နေသူက သူ၏ ကိုယ်ပိုင်လုပ်ငန်းအပေါ် ချမှတ်မည့် စည်းမျဉ်းများပြဋ္ဌာန်းရာတွင် ထိရောက်စွာ ကိုယ်တိုင် ပါဝင်နေခြင်းပင် ဖြစ်သည်။ ဤအချက်ကလည်း မြန်မာနိုင်ငံ၏ ဥပဒေပြုရေးကိစ္စရပ်များအပေါ် ထိခိုက်စေသည့် အကျိုးစီးပွားခြင်းရောထွေးမှု ပြဿနာများပင်ဖြစ်ပြီး အမှန်တကယ် ပြည်သူတို့၏ အကျိုးအမြတ်အတွက် ဥပဒေများနှင့် စည်းမျဉ်းများကို ရေးဆွဲရန် အခွင့်အလမ်းကို အားနည်းစေပါသည်။

## ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းတုံးကြီးနဲ့ သင် ဘာလုပ်မလဲ။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် Ruby Dragon သည် ဖားကန့်တွင် နာမည်ကြီးသော နန့်မော်ဒေသရှိ ဂုဏ်း၏ မော်တွင် စံချိန်ချိုးသည့် တန် ၃၀၀၀ လေးသော ကျောက်စိမ်းတုံးကြီးကို တွေ့ရှိခဲ့သည်။[၃၀၇]

ထိုကျောက်စိမ်းတုံးသည် "အရည်အသွေးအကောင်းဆုံး အရည်ကျောက် အဆင့်ဖြစ်ကြောင်း၊ အရွယ်အစားနှင့် တန်ဖိုးအရဆိုလျှင် ကမ္ဘာ့စံချိန်တင်နိုင်ကြောင်း" ကုမ္ပဏီက ပြောသည်။[၃၀၈]

၂၀၀၂ ခုနှစ်၊ မေလ ၂၆ တွင် ထိုကျောက်စိမ်းတုံးကို ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ပါဝင်သော အခမ်းအနားတွင် အစိုးရထံ လှူဒါန်းခဲ့သည်။ ထိုအချိန်က ဦးခင်ညွန့်သည် စစ်ထောက်လှမ်းရေးအဖွဲ့၏ ခေါင်းဆောင်ဖြစ်ပြီး PNO နှင့် UWSA/UWSP ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးကို ဦးဆောင် ဖန်တီးခဲ့သူဖြစ်သည်။[၃၀၉]

လွှဲပြောင်းပေးအပ်လိုက်သည့် အခမ်းအနားတွင် ဦးခင်ညွန့်က ကချင်ပြည်နယ်၏ အဖိုးတန်သောကျောက်စိမ်းများကို မြန်မာအစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မည်သို့ အသုံးပြုခဲ့သည်ကို ပြောပြခဲ့သည်-



*"ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ မကုန်မခမ်းနိုင်တဲ့ အဖိုးတန်ကျောက်မျက်တွေရှိတယ်လို့ ကမ္ဘာပေါ်မှာထင်ရှားတဲ့အတွက် တခြားနိုင်ငံတွေက မြန်မာနိုင်ငံကို မျက်စိကျပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံ့တာဝန်ကို လွှဲပြောင်းယူတဲ့အခါ စည်းလုံးညီညွတ်တဲ့ စိတ်ဓါတ်နဲ့အတူ နိုင်ငံတော်ကို ဆန့်ကျင်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါတယ်… အစိုးအရအနေနဲ့လည်း.. သူတို့ဟာ စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်တယ်ဆိုတာကို မြင်တွေ့ထားပါတယ်။ ကျောက်မျက်ရတနာတွေ တူးဖော်တဲ့ လုပ်ငန်းတွေလို လုပ်ငန်းတွေလုပ်ဖို့ တိုင်းရင်းသားအဖွဲ့အစည်းတွေကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ ပြည်သူတွေနဲ့ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားပြီးလုပ်ဆောင်တဲ့အတွက် လုပ်ငန်းတွေ အောင်မြင်ခဲ့ပါတယ်။"[၃၁၀]*

# နိုင်ငံတကာ ကုမ္ပဏီများ

မြန်မာနိုင်ငံ"သစ်"သည် စီးပွားရေးလုပ်ငန်းများကို လမ်းဖွင့်ပေးနေသည်။ မပါဝင်ရသေးသည့် ဈေးကွက်သစ်များ မရှိသလောက် ဖြစ်နေချိန်တွင် နိုင်ငံတကာ အင်အားကြီး အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများ ရှိနေသည်မှာ ထင်ရှားသည်။ သို့သော် ကာကွယ်ထားရမည့် နာမည်ဂုဏ်သိက္ခာများလည်း ရှိသောကြောင့် အန္တရာယ်ကြီးများလည်း ရှိနေသည်။ မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍတွင် ပြည့်နှက်နေသော လျှို့ဝှက်မှုနှင့် အလွဲသုံးစားပြုမှုတို့ကြောင့် အန္တရာယ်များရှိကြောင်းကို အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုမ္ပဏီများတွင် ပါဝင်သည့် - Coca-Cola နှင့် Caterpillar - ကုမ္ပဏီတို့က မီးမောင်းထိုးပြနေသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမည်ဆိုးဖြင့်ကျော်ကြားသည့် ကုမ္ပဏီများနှင့် အမှတ်မထင် ချိတ်ဆက်လုပ်ကိုင်မိသွားခြင်းကြောင့် မြန်မာနိုင်ငံရှိ ကုမ္ပဏီပိုင်ဆိုင်မှုများနှင့် ပတ်သက်လျှင် ပွင့်လင်းမှု ပိုမိုလိုအပ်နေသေးကြောင်း ပြသနေသည်။

## ၁။ တကယ့်ဖြစ်ရပ် – MEHL နှင့် ကိုကာကိုလာတို့၏ လုပ်ငန်းဖက်

၂၀၁၃ ခုနှစ်တွင် Coca-Cola ကုမ္ပဏီ မြန်မာနိုင်ငံတွင် တည်ထောင်သောအခါ ၎င်းနှင့်အတူ ဖက်စပ်လုပ်ကိုင်မည့် ပင်းယထုတ်လုပ်ရေးဟုခေါ်သည့် မြန်မာနိုင်ငံအချိုရည်ထုတ် လုပ်ငန်း၏ ခေါင်းဆောင်ဖြစ်သူ ဒေါ်ရွှေစင်အား ကြိုတင်အကဲဖြတ်ချင့်တွက်မှုများ ပြုလုပ်ရန် Kroll နှင့် PWC တို့အပါအဝင် ထင်ရှားသည့်လုပ်ငန်းများကို ငှားရမ်းကာ "ဂဏန်း ၇ လုံးပါ" ကုန်ကျစရိတ်ကို သုံးပြီး အကဲဖြတ်မှု ပြုလုပ်စေခဲ့သည်။[၂၁၁]

ယင်းမှာ မှန်ကန်သည့် လုပ်ဆောင်မှုတစ်ခုပင် ဖြစ်သည်။ သို့သော်လည်း ဒေါ်ရွှေစင်သည် ထင်ရှားသည့် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီဖြစ်သော ရှယ်ဖယ်မလီတွင် ၂၀% ရှယ်ယာပိုင်ဆိုင်သူဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အတွက် ကာလရှည် စာချုပ်ချုပ်ဆိုထားသူ တစ်ဦးဖြစ်ကြောင်း မည်သူကမျှ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပေ။[၂၁၂] သူမ၏ ခင်ပွန်းဖြစ်သူ ဦးချောင် နှင့်အတူ မြန်မာ့အကြီးဆုံးကျောက်စိမ်းရောင်းဝယ်ရေး လုပ်ငန်းများထဲမှ တစ်ခုဖြစ်သော Gold Uni တွင် သူမသည် ဒါရိုက်တစ်ဦးဖြစ်ရုံသာမက အဓိက ရှယ်ယာများကိုလည်း ပိုင်ဆိုင်သူဖြစ်သည်။ Gold Uni သည် ဖားကန့်တောင်ဘက်ရှိ ဂွီခါး (#၂၇) ကျောက်စိမ်းတွင်းကို လုပ်ကိုင်နေသူအဖြစ် အစိုးရ၏ မြေပုံများတွင် ပြသထားသည်။[၂၁၃] တရုတ်မီဒီယာ အစီရင်ခံစာများနှင့် လုပ်ငန်းရင်းမြစ်များထံမှ အချက်များအရ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျောက်စိမ်းများ တရားမဝင် အရောင်းအဝယ်ပြုလုပ်ခြင်းကို နှိမ်နင်းသည့် စီမံချက်ကြောင့် တရုတ်အာဏာပိုင်များက ဤလုပ်ငန်းကို စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။[၂၁၄]

ကျောက်စိမ်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ခြင်းသည် အလွန်အန္တရာယ်များသည်။ အကျင့်ပျက်ခြစားမှုများ၊ စစ်တပ်ပါဝင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများ အလွဲသုံးမှု၊ မြန်မာ့ကျောက်စိမ်းနှင့် MEHL အပါအဝင် ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ အဓိကပါဝင်သူများသည် အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုများ ခံနေရခြင်း စသည့် အချက်များကြောင့် ဖြစ်သည်။[၂၁၅] ရှယ်ဖယ်မလီသည် ၁၉၉၅ ခုနှစ်ကတည်းက စစ်တပ်ကုမ္ပဏီအတွက် အဓိကကျောက်စိမ်းတူးဖော်ရေး စာချုပ်ချုပ်ဆိုသည့်ကုမ္ပဏီဖြစ်လာခဲ့ပြီး MEHL နှင့် စတင်ချိတ်ဆက်ခဲ့သည်။[၂၁၆] MEHL ၏ နှစ်စဉ်အစီရင်ခံစာတွင် ၂၀၀၂ ခုနှစ်တွင် ရှယ်ဖယ်မလီသည် စစ်တပ်ကုမ္ပဏီ၏ ကျောက်စိမ်းတွင်း ၉၈% ခန့်ကို လုပ်ကိုင်နေကြောင်း ပြသထားသည်။[၂၁၇] ထိုစာရွက်စာတမ်းမှာပင် ရှယ်ဖယ်မလီသည် ကချင်ပြည်နယ်ရှိ တပ်မတော် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ထံ "ကြီးကြပ်ခ" များ ပေးထားသည်ကိုလည်း တွေ့ရသည်။[၂၁၈] ၂၀၀၇-၂၀၀၈ အတွက် MEHL ၏ နှစ်စဉ် အစီရင်ခံစာတွင် "MEHL ပိုင်ဆိုင်သည့် လုပ်ငန်းများ" ဟူသော ခေါင်းစဉ်အောက်၌ ရှယ်ဖယ်မလီကို ဖော်ပြထားသည်။[၂၁၉]
MEHL ၏ ကျောက်စိမ်းဌာနခွဲတစ်ခုဖြစ်သော



ဖားကန့်သို့သွားရာလမ်းရှိ တံတားပေါ်တွင် ကျောက်စာတိုင်တစ်ခုရှိပြီး တံတားကို MEHL နှင့် ရှယ်ဖယ်မလီတို့မှ တည်ဆောက်ထားကြောင်း ဖော်ပြထားသည်။ ၁၉၉၅ ခုနှစ်ကတည်းက ရှိခဲ့သော ကုမ္ပဏီနှစ်ခုအကြား လုပ်ငန်းအရ ဆက်ဆံရေးကို ဖော်ပြထားသည်။

မြန်မာအင်ပီရီယယ်လ်ဂျိတ်က ၎င်းသည် ရှယ်ဖယ်မလီနှင့် အလုပ်လုပ်ကိုင်ခြင်းမရှိတော့ကြောင်း ပြောပြခဲ့ပြီး ဒေါ်ရွှေစင်နှင့် ဦးချောင်တို့ကလည်း ရှယ်ဖယ်မလီသည် ၂၀၁၂ ခုနှစ်မှစတင်ကာ MEHL နှင့်အတူ သတ္တုတွင်းတူးဖော်ရေး စာချုပ်များ ချုပ်ဆိုခဲ့ခြင်းမရှိတော့ကြောင်း ပြောပြခဲ့သည်။[၂၂၀] သို့သော် အဆိုပါကုမ္ပဏီနှစ်ခုသည် ဆက်လက်၍ အတူတကွ လုပ်ဆောင်နေခြင်း ဖြစ်ပုံရသည်- ၂၀၁၄ အတွက် မြန်မာ့ကျောက်မျက်ပြပွဲ ကိန်းဂဏန်းအချက်အလက်များအရ ယူရို ၅ သန်းကျော်တန်ဖိုးရှိသည့် ကျောက်စိမ်းကို ကုမ္ပဏီနှစ်ခုက တွဲဖက်ရောင်းချထားသည်ကို တွေ့ရသည်။[၂၂၀] MEHL နှင့် ဆက်နွယ်လုပ်ကိုင်ခြင်းအပြင် တရားဝင်မြေပုံများအရ ရှယ်ဖယ်မလီသည် ဖားကန့်တွင် မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့်အတူ ကျောက်စိမ်းကို ဖက်စပ်တူးဖော်ကြောင်း ပြသထားသည်။[၂၂၂] ဦးချောင်၏ ပြောပြချက်အရ ကုမ္ပဏီသည် အခြားသော သတ္တုတွင်းတူးဖော်ရေးလိုင်စင်ပေါင်းများစွာကိုလည်း ကိုင်ဆောင်ထားကြောင်း သိရသည်။[၂၂၃]

Global Witness ထံပေးပို့ထားသော စာထဲတွင် ဒေါ်ရွှေစင်က သူမသည် ရှယ်ဖယ်မလီတွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်ကြောင်း၊ ရှယ်ယာအနည်းစုသာ ပိုင်ဆိုင်ကြောင်းနှင့် ကုမ္ပဏီ၏ နိစ္စဓူဝ လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိကြောင်း ပြောပြခဲ့သည်။

ရှယ်ဖယ်မလီမှ ဦးချောင်အားပေးရန်ရှိသော အကြွေးကြောင့်သာ ၂၀၀၉ ခုနှစ်တွင် လုပ်ငန်း၏ ၂၀% ကိုသာ ရယူခဲ့ခြင်းဖြစ်ကြောင်း သူမက ပြောပြခဲ့သည်။ ဤအချက်သည် ရှယ်ဖယ်မလီအနေဖြင့် MEHL နှင့်အတူ စတင်ဖက်စပ်လုပ်ကိုင်ခဲ့ပြီး ပထမဆုံး ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၁၉၉၅ ခုနှစ်တွင် စက်ကိရိယာများ ဝယ်ယူရန် ဦးချောင်မှ ရှယ်ဖယ်မလီအတွက် ချေးပေးခဲ့သော ငွေကြေးနှင့် ဆက်စပ်နေသည်။ Gold Uni ကုမ္ပဏီနှင့်ပတ်သက်၍ ဒေါ်ရွှေစင်က ၎င်းသည် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်ပြီး မော်လကင်ဒေသရှိ ကျောက်စိမ်းတွင်း တူးဖော်ရန် လိုင်စင်ရယူထားကြောင်း ရေးသားခဲ့သည်။ Gold Uni ကို တရုတ်အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အချက်ကိုမူ သူမက ငြင်းဆိုခဲ့သည်။

ဤအချက်ကြောင့် Coca-Cola အနေဖြင့် ဘာလုပ်နိုင်မည်နည်း။ ကျောက်စိမ်း အရောင်းအဝယ်လုပ်ငန်းသည် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှု ခံနေရပြီး MEHL လည်း အလားတူပင်ဖြစ်သည်။ သို့သော် ကျောက်စိမ်းကုမ္ပဏီ ပိုင်ရှင်များ၊ သို့မဟုတ် MEHL ၏ စာချုပ်ချုပ်ဆိုထားသူများနှင့်အတူ ဖက်စပ်လုပ်ကိုင်ပါက အရေးယူပိတ်ဆို့မှုကို ခံရမည်မဟုတ်ပေ။ မည်သည့် ဥပဒေကိုမှ ချိုးဖောက်ခြင်း မရှိပေ။ သို့သော် ရှယ်မိသားစုနှင့် MEHL နှင့်အတူ Coca-Cola တို့ သွယ်ဝိုက်၍ ဆက်စပ်နေသောကြောင့် လျှို့ဝှက်ချက်များဖြင့် ဖုံးလွှမ်းနေသော ကျောက်စိမ်းလုပ်ငန်းတွင် ပို၍ တာဝန်ခံလုပ်ကိုင်တတ်ခြင်းကို တွန်းအားပေးရန် ၎င်း၏ လွှမ်းမိုးမှုကိုသုံးရန်သည် တာဝန်တစ်ရပ်ဖြစ်လာပါသည်။

ဆောင်ရွက်နိုင်မည့် အဆင့်များနှင့်ပတ်သက်ပြီး Global Witness က Coca-Cola နှင့် လပေါင်းများစွာကြာအောင် ဆွေးနွေးခဲ့သည်။ ဤသို့ ဆက်သွယ်မှုများ၏နောက်ကွယ်တွင် ကုမ္ပဏီသည် ၎င်း၏ ဒေသခံလုပ်ငန်းခွဲများ၏ ဒါရိုက်တာများနှင့် ရှယ်ယာရှင်များ၏ အမည်များကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် အမေရိကန်ပြည်ထောင်စု အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များအရ ၎င်းတင်ပြခဲ့သည့် အစီရင်ခံစာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှယ်ဖယ်မလီနှင့် ချိတ်ဆက်နေမှု အချက်အလက်များကို ဖော်ထုတ်ခဲ့သည်။[၃၂၄]

ဤလုပ်ဆောင်ချက်သည် ကောင်းမွန်သည့် ခြေလှမ်းတစ်ခုဖြစ်သော်လည်း အစီရင်ခံစာတွင် အရေးကြီးသော ပြဿနာများကို ဖော်ပြထားခြင်းမရှိပေ။ မြန်မာနိုင်ငံရှိ ၎င်း၏ လက်အောက်ခံကုမ္ပဏီနှစ်ခုဖြစ်သော Coca-Cola Myanmar Overseas Holding Pte. Ltd နှင့် Pinya Manufacturing တို့၏ ရှယ်ယာရှင်များကို ဖော်ပြထားသော်လည်း - ဤလုပ်ငန်းများ၏ အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များသည် မည်သူမည်ဝါဖြစ်သည်၊ ၎င်းတို့၏ အခြားလုပ်ငန်း အကျိုးအမြတ်များနှင့် ချိတ်ဆက်နေသူများသည် မည်သူတို့ဖြစ်သည်ကိုမူ အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။ Coca-Cola က ရှယ်ဖယ်မလီသည် MEHL နှင့်အတူ ကာလကြာရှည် ဖက်စပ်လုပ်ကိုင်ခဲ့ဖူးသူဖြစ်ကြောင်းကိုမူ အစီရင်ခံစာတွင် ဖော်ပြခဲ့ခြင်း မရှိပေ။ ယမန်နှစ် ဩဂုတ်လတွင် ပေးပို့ခဲ့သော စာထဲတွင် Global Witness က Coca-Cola Myanmar Overseas Holding Pte. Ltd နှင့် Pinya Manufacturing တို့၏ နောက်ဆုံးအကျိုးအမြတ်ခံစားသူ ပိုင်ရှင်များကို Coca-Cola ထံ မေးမြန်းခဲ့သည်။ Coke က ဤမေးခွန်းကို မဖြေဆိုခဲ့ပေ။[၃၂၅] သို့သော် ကုမ္ပဏီက "၎င်းသည် မြန်မာနိုင်ငံရှိ ဖက်စပ်လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု ရှိကြောင်း၊ မြန်မာနိုင်ငံတွင် တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေးအတွက် အမေရိကန်နိုင်ငံခြားရေးဌာနမှ သတ်မှတ်ထားသော အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များအတိုင်း ပြည့်မီ ကျော်လွန်ရန်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။[၃၂၆] တစ်ချိန်တည်းမှာပင် Global Witness ၏ တောင်းဆိုချက်ကြောင့် Coca-Cola သည် Global Witness နှင့် ဒေါ်ရွှေစင်တို့ တွေ့ဆုံစကားပြောဆိုနိုင်ရန် စီစဉ်ပေးခဲ့သည်။ ထိုသို့လုပ်ဆောင်ပေးမှုကြောင့် Global Witness သည် ရှယ်ဖယ်မလီထံ တိုက်ရိုက် အဆိုပြုမေးမြန်းနိုင်ခဲ့ပြီး EITI နှင့်အညီ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သော အချက်အလက်များကို စောစီးစွာ ထုတ်ဖော်စေနိုင်ခဲ့သည်။ ၎င်းတူးဖော်ရရှိသော ကျောက်စိမ်းပမာဏ၊ အစိုးရထံ ပေးသွင်းရသည့် ငွေကြေးပမာဏ၊ စစ်တပ်ကုမ္ပဏီများအပါအဝင် နိုင်ငံပိုင် လုပ်ငန်းများနှင့်အတူ စီစဉ်ဆောင်ရွက်မှုများကို အသေးစိတ် ထုတ်ဖော်ခဲ့သည်။ ရှယ်ဖယ်မလီတွင် ဒေါ်ရွှေစင် ၂၀% ရှယ်ယာပါဝင်မှုနှင့် ကုမ္ပဏီအတွက် ငွေကြေးအဓိက ထောက်ပံ့ပေးသည့် သူမခင်ပွန်း၏ အခန်းကဏ္ဍကြောင့် ကုမ္ပဏီအား ပို၍ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်စေရန် သူမတွင် ခိုင်မာသည့် အနေအထားတစ်ရပ် ရှိနေပုံရသည်။[၃၂၇] သို့သော် သူမက "ရှယ်ဖယ်မလီတွင် သူမ၏ ရှယ်ယာအနည်းစုပါဝင်မှုသည် ထူးခြားမှုတစ်ခုသာဖြစ်ပြီး လုပ်ငန်းအပေါ် မည်သည့်လွှမ်းမိုးနိုင်မှုမျှ မရှိကြောင်း" စာထဲတွင် ဖော်ပြထားသေးသည်။

လပေါင်းများစွာကြာအောင် အပြန်အလှန်ဆက်သွယ်ပြောဆိုကာ ဒေါ်ရွှေစင်နှင့်အတူ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပြီးနောက် ရှယ်ဖယ်မလီသည် အရိပ်အာဝါသများအောက်မှ ထွက်လိုစိတ်ရှိကြောင်းနှင့် ကျောက်စိမ်းလုပ်ငန်း ပြုပြင်ပြောင်းလဲရေးတွင် အပြုသဘောဆောင်သည့်ကဏ္ဍမှ ပါဝင်လိုကြောင်း ပြသနေသည်။ Coca-Cola ကုမ္ပဏီမှ အသေးစိတ်ရှင်းပြထားသော ကမ္ဘာ့ခေတ်မီ နာမည်ကြီးအဖွဲ့အစည်း၏ ပုံရိပ်နှင့် ကျောက်စိမ်းလုပ်ငန်းရှိ လျှို့ဝှက်သော သွင်ပြင်လက္ခဏာတို့ကြား ကွာဟချက်သည် အလွန်သိသာထင်ရှားလွန်းနေသည်။

ဇူလိုင်လတွင် Coca-Cola ကုမ္ပဏီက "Global Witness သည် မြန်မာနိုင်ငံအတွင်း အပြုသဘောဆောင်ပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် ပြောင်းလဲမှုကို ဖြစ်ပေါ်စေရန် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်လိုစိတ် ရှိမည်ဟု မျှော်လင့်ထားကြောင်း" မှတ်ချက်ပေးခဲ့သည်။[၃၂၈] သို့သော် ကုမ္ပဏီအနေဖြင့် ၎င်း၏ ကိုယ်ပိုင်အခန်းကဏ္ဍကို မည်သို့ ရှုမြင်ထားပါသနည်း။ ဖြစ်လာနိုင်ခြေရှိသော ပြည်သူ့ဆက်ဆံရေး အကြပ်အတည်းကို တာဝန်သိသည့် စီးပွားရေး ကျင့်စဉ်များကို လုပ်ကိုင်ပါမည်ဟူသော ကတိကဝတ်အဖြစ် ပြောင်းလဲ ပြသနိုင်မည့် အခွင့်အရေးကို Coca-Cola ကုမ္ပဏီအတွက် ပေးထားပြီး ဖြစ်သည်။ သို့သော် ကျောက်စိမ်းလုပ်ငန်း လုပ်ကိုင်နေသော ၎င်း၏ လုပ်ငန်းဖက်အား ပိုမိုကောင်းမွန်သော ကျင့်စဉ်များ ပြုလုပ်စေရေး တွန်းအားပေးရန် ၎င်း၏ လွှမ်းမိုးမှုကိုအသုံးပြုပြီး ကြိုးစားအားထုတ်မှုသည် မည်သို့မှ အရာထင်ခြင်း မရှိသေးပေ။ "တကယ်ဖြစ်အောင် လုပ်ရန်" ဟု တချိန်က ကမ္ဘာကို ထုတ်ဖော်တိုက်တွန်းထားသည့် ကုမ္ပဏီက ပြဿနာသည် အလွယ်တကူပင် ပြီးသွားလိမ့်မည်ဟု မျှော်လင့်နေပါသလား။[၃၂၉]

ရှင်းနေသည်မှာ Coca-Cola ၏ လက်ချောင်းများ မီးလောင်ခံလိုက်ရသည်၊ သို့သော် ဤဇာတ်လမ်းမှာ ပို၍ နက်နဲသော ပြဿနာ၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ နိုင်ငံတကာကုမ္ပဏီများအနေဖြင့် ပို၍ ခိုင်မာမည့် ကြိုတင်လုပ်ဆောင်ရမည့်အရာများနှင့် အများပြည်သူသိရန် ထုတ်ပြန်ခြင်းများပြုလုပ်ရန် Global Witness က အဘယ်ကြောင့် တိုက်တွန်းနေသည်ကို ကုမ္ပဏီ၏ အတွေ့အကြုံများက ပြသနေသည်။ အလားတူပင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံအတွင်းရှိ လုပ်ငန်းများကို ပိုင်ဆိုင်သူ၊ ထိန်းချုပ်သူများနှင့် ပတ်သက်သော အချက်အလက်များနှင့် ၎င်းတို့၏ အမည်ကို ထုတ်ပြန်သင့်သည်။ ဤပုဂ္ဂိုလ်များ၏ အခြားလုပ်ငန်းပိုင်းဆိုင်ရာ အကျိုးအမြတ်များနှင့် နိုင်ငံရေးပိုင်းမှဖြစ်စေ၊ စစ်တပ်မှဖြစ်စေ ချိတ်ဆက်မှုများနှင့် ပတ်သက်သော အချက်အလက်များကိုလည်း ထုတ်ပြန်သင့်သည်။

## ၂။ ဦးဇော်ဘိုခန့်၏ CAT နှင့် ခရီးစဉ်များ

မူးယစ်ရာဇာ ဝေရှောက်ခန်၊ UWSA/UWSP တို့နှင့် ဆက်နွယ်နေသော ကုမ္ပဏီပေါင်းများစွာကို Global Witness မှ စုံစမ်းစစ်ဆေးရာ အမေရိကန်နိုင်ငံ၏ အကြီးဆုံး စက်ယန္တယားကုမ္ပဏီဖြစ်သော Caterpillar Inc. နှင့်ချိတ်ဆက်နေမှုကိုလည်း မမျှော်လင့်ဘဲ ထုတ်ဖော်နိုင်ခဲ့သည်။

ဦးဇော်ဘိုခန့်သည် မြန်မာတကောင်းကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးဖြစ်ပြီး ၎င်းသည် ဝေရှောက်ခန်နှင့် ဤအစီရင်ခံစာ၏ ပြီးခဲ့သောအပိုင်းတွင် အကျဉ်းချုပ်ရေးသားထားသော ပုဂ္ဂိုလ်များမှ ထိန်းချုပ်နေသည်ဟု Global Witness မှ ယုံကြည်ထားသော၊ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ အုပ်စုအတွက် အဓိကမဏ္ဍိုင်ဖြစ်သည်။ သူသည် မြန်ရွှေပြည် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ၏ ဒါရိုက်တာ၊ ရှယ်ယာရှင်တစ်ဦးလည်းဖြစ်သည်၊ ထိုကုမ္ပဏီနှင့် ဆက်စပ်နေသော မြန်ရွှေပြည်ထွန်စက် ကုမ္ပဏီက ၎င်းသည် "Caterpillar ၏ မြန်မာနိုင်ငံဆိုင်ရာ အဆင့်မြင့်အရောင်းကိုယ်စားလှယ်" ဖြစ်ကြောင်းနှင့် MSP CAT ကုန်အမှတ်တံဆိပ်ကို အသုံးပြုကြောင်း ဖော်ပြထားသည်။[၃၃၀] ဦးဇော်ဘိုခန့်၏ အကိုသည် မြန်ရွှေပြည်၏ ဖောက်သည်ဝန်ဆောင်မှု မန်နေဂျာများထဲမှ တစ်ဦးဖြစ်သည်။[၃၃၁]

၂၀၁၁ မှစတင်ကာ ဦးဇော်ဘိုခန့်အား ကမ္ဘာအနှံ့ရှိ Caterpillar ဧည့်ခန်းမဆောင်များတွင် ဧည့်ခံပြုစုခဲ့သည်။



သြစတြေးလျ[၃၃၂]



စပိန်[၃၃၃]




ယူကေ[၃၃၄]




ဂျာမဏီ[၃၃၅]




ပြင်သစ်[၃၃၆]



... ခရီးစဉ်တလျှောက်လုံးမှာလဲ လည်ပတ်ကြည့်ရှုတာတွေ၊ အီဖဲလ်မျှော်စင်မှာ ရှန်ပိန်သောက်တာ၊ ရိုးလက်စ်နာရီ ဝယ်တာ၊ ဂေါက်ရိုက်တာတွေကိုလည်း လုပ်ခဲ့ပါတယ်။[၃၃၇]

Caterpillar က ၎င်းသတိထားမိသလောက် Golobal Witnes ကို ပြောရာတွင် Caterpillar ဧည့်ခန်းမဆောင်များသို့ ဦးဇော်ဘိုခန့် လာရောက်လည်ပတ်စဉ်အတွင်း ၎င်းအတွက် ဆောင်ရွက်ပေးသော လုပ်ငန်းအရ လောကဝတ်များသည် လာဘ်ပေးလာဘ်ယူပြုလုပ်မှု၊ မသမာကြေး၊ သို့မဟုတ် ကျင့်ဝတ်နှင့်မညီသည့် ပြုမူလုပ်ဆောင်မှု သို့မဟုတ် Caterpillar ၏ "ရိုးသားမှုနှင့် ဂုဏ်သိက္ခာရှိမှုဟူသော ဂုဏ်သတင်းကျော်ဇောမှု" တို့ကို ထိခိုက်နိုင်သည့် အရာများကို တားမြစ်ထားသော ကုမ္ပဏီ၏ ကျင့်ဝတ်စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း Global Witness ထံ ဖော်ပြခဲ့သည်။[၃၃၈] ထို့အပြင် Caterpillar Inc. က ကမ္ဘာတစ်ဝှမ်းလုံးတွင် ၎င်း၏ စက်ပစ္စည်းများ အသုံးပြုခြင်းနှင့်ပတ်သက်၍ အသေးစိတ် ထိန်းချုပ်နိုင်ခြင်း မရှိသော်လည်း ဖောက်သည်များအနေဖြင့် ၎င်း၏ ထုတ်ကုန်ပစ္စည်းများကို တာဝန်ယူတတ်သော၊ ဥပဒေနှင့်လျော်ညီသော၊ ထုတ်လုပ်နိုင်စွမ်းရှိသော နည်းများဖြင့် အသုံးပြုရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။[၃၃၉]

အမေရိကန်၏ ကုမ္ပဏီကြီးတစ်ခုအဖြစ် ၎င်းသည် လွတ်လပ်သော ကုန်သည်များမှတဆင့် ၎င်း၏ ထုတ်ကုန်ပစ္စည်းများကို အဓိက ရောင်းချကြောင်း ရှင်းပြထားသည်။ ၎င်း၏ ကျင့်ဝတ်စည်းမျဉ်းနှင့်အညီ ၎င်းသည် "၎င်း၏ အရောင်းအဝယ်ပြုလုပ်မှုများသည် သက်ဆိုင်ရာ ပို့ကုန်ထိန်းချုပ်ရေး ဥပဒေများကို ချိုးဖောက်ခြင်းမရှိကြောင်း သေချာစေရန် လေ့လာဆန်းစစ်မှုများစွာ ပြုလုပ်ခဲ့ကြောင်း" ပြောပြခဲ့သည်။[၃၄၀] ဦးဇော်ဘိုခန့်နှင့် မြန်မာတကောင်းတို့သည် အမေရိကန်နိုင်ငံမှ အရေးယူပိတ်ဆို့ထားသည့် စာရင်းတွင် မပါဝင်ကြောင်းနှင့် Caterpillar Inc. ၏ ကြိုတင်အကဲဖြတ်ဆန်းစစ် ချက်များတွင် Global Witness မှ ဖော်ပြထားသော ကုမ္ပဏီများကို "အရေးယူပိတ်ဆို့ခံထားရသည့် တစ်ဦးတစ်ဖွဲ့" မှ ပိုင်ဆိုင်သည် (သို့) ထိန်းချုပ်သည်ဟု မဖော်ပြထားကြောင်း အလေးထား ပြောပြခဲ့သည်။[၃၄၁]

Global Witness မှ Caterpillar Inc. ထံ ပေးထားသော အချက်အလက်များကို အလေးအနက်မထားသည့် Caterpillar Inc. သည် စိတ်ပျက်ဖွယ်ကောင်းပြီး ရေတိုကိုသာ ကြည့်သည့် သဘောရှိသည်။ အထက်တွင် ရှင်းပြထားသည့်အတိုင်း ဝေရှောက်ခန်နှင့် ၎င်း၏ တွဲဖက်များသည် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများနှင့် စွပ်စွဲချက်များကို ရှောင်ကြဉ်ရန် အမည်ခံကုမ္ပဏီများကို အသုံးပြုနေသည်မှာ သက်သေအထောက်အထားအားဖြင့် ခိုင်လုံနေသည်။ အလားတူပင် UWSA/UWSP နှင့်ချိတ်ဆက်ထားသော ကုမ္ပဏီများ၏ "အမည်ခံ ကုမ္ပဏီများ" သည် အမေရိကန်၏ အရေးယူပိတ်ဆို့ထားသည့်စာရင်းတွင် လက်တလောအားဖြင့် မပါဝင်ရသည့် ခိုင်လုံသည့် အကြောင်းရင်းရှိသည်။ ထို့အပြင် ဝေရှောက်ခန်၏ Hong Pang ကုမ္ပဏီများအတွက် ဦးဇော်ဘိုခန့်သည် မန်နေဂျာအဖြစ် ယခင်က လုပ်ကိုင်ခဲ့ဘူးကြောင်းကို အများမှ သိရှိနေကြပြီး ထိုအချက်က နောက်ထပ် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ရန် တာဝန်ယူတတ်သော ကုမ္ပဏီများအတွက် အကြောင်းပြချက်တစ်ခု ဖြစ်သင့်သည်။[၃၄၂]

ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအတွက် စက်ယန္တယားကြီးများကို ပံ့ပိုးပေးသည့် နိုင်ငံတကာမှ ကုမ္ပဏီများသည် လွှဲမှားနေသည့်ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုကြောင့် ဒေသခံပြည်သူများအတွက် ဆိုးရွားသော ထိခိုက်မှုများ ဖြစ်စေသည်။ ဤသို့သော အခြေအနေများတွင် မိမိတို့နှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေသူများနှင့် ပတ်သတ်လျှင် အပြည့်အဝ ပွင့်လင်းမြင်သာမှု ရှိရန်သည် ထုတ်လုပ်သူကုမ္ပဏီများ၏ တာဝန်ဖြစ်သည်။ ၎င်းတို့သည် အမေရိကန်နိုင်ငံမှ အရေးယူပိတ်ဆို့ထားသော စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးလိုက်ခြင်းထက် ၎င်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်မည့် ဒေသခံ လုပ်ငန်းဖက်များနှင့် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်သော အချက်အလက်များကို ကြိုတင် ရှာဖွေသင့်သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ရှာဖွေနေသော အနောက်နိုင်ငံ ကုမ္ပဏီများအနေဖြင့် အန္တရာယ်များဖြင့် ရင်ဆိုင်နေရသည်ကို အမေရိကန်အစိုးရက အသိအမှတ်ပြုထားပါသည်၊ ထို့ကြောင့် အမေရိကန်ကုမ္ပဏီများသည် ၎င်းတို့နှင့် ပတ်သက်သော လုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်သော အချက်အလက်များ၊ အကျင့်ပျက်ခြစားမှု၊ လူ့အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားဘေးအန္တရာယ်များနှင့် ပတ်သက်သော ၎င်းတို့၏ ချဉ်းကပ်နည်းများကို ထုတ်ပြန်ရန် လိုအပ်သည်။[၃၄၃]

ဤသို့သော သတ်မှတ်ချက်များသည် ဥပမာ လွတ်လပ်သော ကုန်သည်များမှတဆင့် လုပ်ဆောင်သည့် ကုမ္ပဏီများအပေါ် လောလောဆယ် ကျင့်သုံးခြင်းမရှိသေးသော်လည်း Global Witness က Caterpillar Inc. အား သတ်မှတ်ထားသော အခြေခံစံနှုန်းများနှင့်အတူ မိမိစိတ်သဘောဆန္ဒအလျောက် အစီရင်ခံစာကို ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့သည်။[၃၄၄] ကံမကောင်းသည်မှာ "Caterpillar သည် "ထိုသို့သော အစီရင်ခံစာကို ထုတ်ပြန်ရန် တာဝန်ယူခြင်းမရှိပေ၊ Caterpillar သည် ထိုသို့သော အစီရင်ခံစာမျိုးထုတ်ပြန်ရန်လည်း ရည်ရွယ်ထားခြင်းမရှိပေ။"[၃၄၅] ထို့ကြောင့် အမေရိကန်အစိုးရအနေဖြင့် Caterpillar Inc. ကဲ့သို့သော ကုမ္ပဏီများ ပို၍ တာဝန်ယူလုပ်ဆောင်စေရန် အစီရင်ခံခြင်းနှင့်ပတ်သက်သော လိုအပ်ချက်များကို ချဲ့ထွင်ရန် လိုအပ်နေသေးကြောင်း ပြသနေသေးသည်။




ကျောက်စိမ်းလုပ်ငန်းရှင်ကြီးများသည် ကျောက်စိမ်းများ အမြောက်အမြားထုတ်ယူနိုင်ရေးအတွက် နိုင်ငံတကာ ပစ္စည်းသွင်းသူများထံမှ ရောမစက်ကြီးများကို ဝယ်ယူရန် ဒေါ်လာသန်းပေါင်းများစွာ အသုံးပြုသည်။ ဤအချက်က ကျောက်စိမ်းလုပ်ငန်း၏ အရွယ်အစားကို ထင်ထင်ရှားရှားပြသနေပြီး Caterpillar Inc. ကဲ့သို့ စက်ယန္တယားများထုတ်လုပ်သည့် ကုမ္ပဏီများအတွက် မေးခွန်းထုတ်စရာဖြစ်နေခဲ့သည် - သူတို့နဲ့အတူ လုပ်ငန်းလုပ်နေတဲ့သူတွေဟာ ဘယ်သူတွေလဲဆိုတာကို သူတို့ တကယ်ရော သိကြရဲ့လား။ ဓါတ်ပုံ - မင်းဇေယျာ

# အခန်း ၃- 'ဘယ်သူတွေ လက်လွတ် ဆုံးရှုံးနေသလဲ။'

ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်းများကို ချဲ့တွင်လုပ်ကိုင်လာမှုနှင့် မြန်မာနိုင်ငံရှိ ရေပေါ်ဆီလူတန်းစားကြီးများ၏ လက်ဝါးကြီးအုပ်မှုသည် သဘာဝက အမွေပေးထားသော အရာများကို လုယူခံလိုက်ရသည့် ကချင်ပြည်နယ်မှ ဒေသခံများ၏ ဘဝကို ဖျက်စီးပစ်လိုက်သည်။ ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်သည့် ဒေသအတွင်းတွင် ဒေသခံများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့ ပျက်ယွင်းနေသည့် အခြေအနေနှင့် နေ့စဉ်ရင်ဆိုင်နေရပြီး ကျောက်စိမ်းလုပ်ငန်းကြောင့် ဆိုးရွားလှသည့် အသုံးပြု၍ မရသော စွန့်ပစ်မြေတစ်ခု ဖြစ်စေခဲ့သည်။

အကျိုးဆက်အဖြစ်ဒေသခံပြည်သူများ ခံစားရမည့် အကျိုးအမြတ်များကို ခံစားရယူနေသော ကုမ္ပဏီကြီးများနှင့်ထိုသို့ လုပ်ကိုင်နိုင်ရန် လိုင်စင်ချပေးသော နေပြည်တော်အာဏာပိုင်တို့အပေါ် ယမ်းပုံမီးကျ ဒေါသထွက်နေကြခြင်းပင်ဖြစ်သည်။ ဤအချက်က ကချင်ပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်လျက် မြန်မာအစိုးရကို ဆန့်ကျင်မှု ခိုင်ခိုင်မာမာဖြစ်စေရန် ပံ့ပိုးပေးသည့် အချက်ဖြစ်စေပါသည်။ လက်နက်ကိုင်ပဋိပက္ခများအကြောင်းကို နောက်လာမည့်အခန်းတွင် အသေးစိတ်ဖော်ပြထားပါသည်။

တစ်ချိန်ထဲမှာပင် အပြောင်းအလဲ ပြုလုပ်ရန်အတွက် လူအများစုက ငြိမ်းချမ်းသည့် နည်းလမ်းများကို အသုံးပြုနေကြသည်။ ယမန်နှစ်က ဖားကန့်ရှိ ဒေသခံပြည်သူပေါင်း ၅၀၀၀ ခန့်သည် သမ္မတဦးသိန်းစိန်ထံ လက်မှတ်ရေးထိုး စာရေးသားပေးပို့ခဲ့သည်၊ ထိုစာတွင် ဒေသခံများအား ကျောက်စိမ်းလုပ်ငန်းထဲမှ ဖယ်ထုတ်နေမှု၊ တာဝန်မဲ့သော လုပ်ရပ်များ၊ ရေတိုကိုသာကြည့်၍ လုပ်ဆောင်သော လိုင်စင်ရ ကုမ္ပဏီများအကြောင်းကို ရေးသားဖော်ပြခဲ့သည်။[၃၄၆] ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကုမ္ပဏီကြီးတစ်ခု၏ အလုပ်သမားတစ်ဦးက ဒေသခံ ရေမဆေးကျောက်သမားတစ်ဦးကို သတ်ဖြတ်ခဲ့သည့်အတွက် ၂၀၀၀ ခန့်ရှိသော လူအုပ်ကြီးက လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။[၃၄၇] ဒေသခံများရင်ဆိုင်နေရသော ပြဿနာများကို အစိုးရအနေဖြင့် စတင်ဖြေရှင်းပေးလိုစိတ်၊ နားထောင်လိုစိတ်ရှိကြောင်း ပြသရန် အချိန်ကောင်းကျရောက်လာပြီဖြစ်သည်။

## ကချင်ပြည်နယ်ထဲမှ ပြောင်းလဲရန် တောင်းဆိုသံ

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ကျောက်စိမ်းတွင်းများ တည်ရှိရာ ဖားကန့်မြို့နယ်အတွင်း နေထိုင်သူ ၄၉၂၃ ဦးသည် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ၏ အလွဲသုံးစားပြုနေမှုကို ရပ်ဆိုင်းပေးရန် တောင်းဆိုထားသည့် စာကို လက်မှတ်ရေးထိုးကာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံ ပေးပို့ခဲ့ပါသည်။ အဆိုပါစာတွင် ကုမ္ပဏီများ၏ လုပ်ဆောင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှုများနှင့် လူနေမှုဘဝတို့အပေါ် ထိခိုက်မှုများကို အသေးစိတ်ဖော်ပြထားပါသည်။

*"ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျောက်စိမ်းတွင်း လုပ်ကွက်များအတွက် အရင်းရှင်တချို့ကိုသာ လုပ်ပိုင်ခွင့် ချထားပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားအုပ်စုများကိုမူ မည်သည့် ကျောက်စိမ်းလုပ်ကွက်ကိုမှ လုပ်ပိုင်ခွင့် ချထားပေးခဲ့ခြင်း မရှိပေ။ အချို့ကုမ္ပဏီများသည် တိုင်းရင်းသားအုပ်စုများနှင့် နီးနွယ်ပတ်သက်နေကြသော်လည်း ထိုအုပ်စုများသည် အမည်ခံသာဖြစ်ပြီး ထိုကုမ္ပဏီများကို နိုင်ငံခြားသားများမှ လွှမ်းမိုးနေကြခြင်းဖြစ်သည်။"*

*"ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများသည် ၎င်းတို့၏ စာချုပ်သက်တမ်း မကုန်ဆုံးမီ ကျောက်စိမ်းများ ပိုမိုရရှိနိုင်ရန်အတွက် တောင်များနှင့် တောင်ကုန်းများကို မိုင်းခွဲ၍ ရှာဖွေနေကြသည်။ ၎င်းတို့သည် ရေရှည်လုပ်ငန်းစဉ်အဖြစ် လုပ်ကိုင်ရမည်ထက် ရေတိုလုပ်ကိုင်ပြီး အဖိုးထိုက်တန်သော ကျောက်စိမ်းများ တူးဖော်ကာ မိမိတို့ ကိုယ်ကျိုးအတွက်ကိုသာ လုပ်ကိုင်ဆောင်ရွက် နေကြသည်။ ထိုလုပ်ဆောင်ချက်ကြောင့် ဒေသခံများအတွက် ကျန်းမာရေးထိခိုက်စေသည့် ဘေးအန္တရာယ်များ ၊ ထို့အပြင် ရောဂါဘယများ သို့မဟုတ် သေဆုံးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေသည်။"*

*"ကုမ္ပဏီများသည် စနစ်တကျဖြင့် ပတ်ဝန်းကျင်နေအထား မပျက်စီးအောင် တူးဖော်ရမည့်အစား နက်ရှိုင်းသော တူးဖော်မှုများပြုလုပ်ပြီး ရေလှောင်ကန်များဖြစ်ပေါ်လာစေသည်။ ရလဒ်အဖြစ် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ ယင်းရေလှောင်တမံများ ပြိုကျကြသည်။ ထို့အပြင် ထိုရေလှောင်တမံများကို တစ်ခါတစ်ရံတွင် တမင်ရည်ရွယ်လျက် ဖျက်စီးကြပြီး ထိုသို့လုပ်ဆောင်မှုကြောင့် ကျွဲနွားများကို သေဆုံးစေကာ အိုးအိမ်စည်းစိမ်များကိုလည်း ဆုံးရှုံးစေသည်။ သို့သော် ထိုသို့သော အဖြစ်အပျက်များအတွက် ကုမ္ပဏီများသည် မည်သည့်အခါကမှ တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိပေ။"*

*"ကုမ္ပဏီများမှ အသုံးပြုသော ရေမ စက်ယန္တယားကြီးများသည် လမ်းများပေါ်တွင် ပိတ်ဆို့နေပြီး မတော်တဆ ထိခိုက်မှုများ မကြာခဏ ဖြစ်ပွားစေသည်။"*

*"အဖိုးထိုက်တန်သော ရင်းမြစ်များ၊ တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ၊ တောတောင်များနှင့် ရွှေများသည် ကုမ္ပဏီများ၏ စက်ယန္တယားများဖြင့် တူးဖော်မှုကြောင့် တဖြည်းဖြည်း ပျောက်ကွယ်လုနီးပါးဖြစ်နေသော်လည်း ပြည်သူလူထုကမူ ထိုသို့ဆောင်ရွက်မှုများမှ အကျိုးအမြတ်များ ရရှိခြင်း မရှိပေ။ ဆန့်ကျင်ဘက်အနေဖြင့်သာ ကုမ္ပဏီများ၏ မိုင်းခွဲသော လုပ်ငန်းများကြောင့် လေထုညစ်ညမ်းမှုဖြစ်ကာ ပြည်သူလူထုသည် ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်မှု ခံစားကြရသည့်အပြင် သေဆုံးမှုပင်လျှင် ဖြစ်ပွားနေသည်။"*

*"ထိုကုမ္ပဏီများအား ကျောက်စိမ်းလုပ်ကွက်များ လုပ်ပိုင်ခွင့် ချပေးခြင်းကြောင့် ဒေသခံပြည်သူများ၏ အိုးအိမ်စည်းစိမ်များ လျှင်မြန်စွာ လျော့နည်းသွားစေရုံသာမက ဒေသတွင်းရှိ တန်ဖိုးရှိသော ကျောက်စိမ်းများကို ပျောက်ကွယ်စေကာ နောက်လာမည့် မျိုးဆက်သစ်များအတွက် ဆိုးရွားသော ဂယက်ရိုက်မှုများ ဖြစ်ပေါ်စေပါသည်။"*

*"ကိုယ့်ခြံထဲကအသီး ကိုယ်စားခွင့်မရှိ" ဆိုသကဲ့သို့ ဖြစ်နေသည်ဟု တချို့က ပြောသည်။*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၃၄၈]




၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဖားကန့်ရှိ ကျောက်တူးသမားများနှင့် ဒေသခံပေါင်း ၂၀၀၀ ခန့်သည် ကျောက်စိမ်းလုပ်ငန်းကို လက်ရှိ စီမံဆောင်ရွက်နေမှုအပေါ် ၎င်းတို့အနေဖြင့် ဆန့်ကျင်ကြောင်း ပြသရန် လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြသည်။ ဓါတ်ပုံ - KDNG



# ကချင်ပြည်နယ်၏ အစိုးခံလိုက်ရသော အမွေအနှစ်များ

ကချင်လူမျိုးတစ်ယောက်နှင့်အတူ ကျောက်စိမ်းအကြောင်း ဆွေးနွေးပြောဆိုပါက သူတို့သည် ယခင်အတိတ်ကာလများကို အောက်မေ့တသ ပြောဆိုတတ်ကြသည်။ ဖားကန့်ရှိ သဘာဝသယံဇာတများကို မှီခိုပြီး မိသားစုများအနေဖြင့် အိမ်များတည်ဆောက်နိုင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခဲ့သည့် အချိန်ဖြစ်သည်။ သို့သော် ၁၉၉၀ ပြည့်နှစ် အစောပိုင်း စစ်အစိုးရမှ ကျောက်စိမ်းလုပ်ကွက်များကို ခွဲခြမ်းစိတ်ဖြာချိန်မှစ၍ လုပ်ငန်းသည် ဒေသခံ ကျောက်တူးသမားပေါင်းများစွာ ပါဝင်လုပ်ကိုင်နိုင်သည့် တစ်နိုင်တစ်ပိုင် လုပ်ငန်းအဖြစ်မှ စစ်တပ်၏ ကျောထောက်နောက်ခံ ပြုပေးထားသော အစိုးရက ခွင့်ပြုထားသည့် ကုမ္ပဏီများမှ လုပ်ကိုင်သော လုပ်ငန်းအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။[၃၄၉] ဘုရားကျောင်း၏ ခေါင်းဆောင်တစ်ဦးက "ဒေသခံပြည်သူတွေမှာ ပြောပိုင်ခွင့်မရှိဘူး။ အပစ်အခတ်ရပ်စဲတာတွေလုပ်ပြီးတော့ ကုမ္ပဏီတွေကို အာဏာပိုင်တွေက ခေါ်လာခဲ့တယ်၊ ဒါပေမယ့် သူတို့တွေက ဒေသခံတွေရဲ့ လုပ်ပိုင်ခွင့်တွေကို လုံးဝ မလေးစားဘူး။" ဟု ပြောပြခဲ့သည်။[၃၅၀]

ကျောက်စိမ်းတူးဖော်ရန် ကချင်ကုမ္ပဏီအနည်းငယ်ကိုသာ လိုင်စင်ချထားပေးခဲ့ပြီး ယခင်က ကျောက်စိမ်းအရောင်းအဝယ်ပြုလုပ်ဖူးသူတစ်ဦးက "အိတ်ကလည်းနက်နက်၊ အာဏာကလည်း များများ" ဟု ပြောပြခဲ့သည်။[၃၅၁] အချို့သော တစ်နိုင်တစ်ပိုင်လုပ်ကိုင်သည့် ကချင်လူမျိုး ကျောက်တူးသမားများသည် "သူတို့ကိုယ်ပိုင်မြေပေါ်တွင်ပင် အလုပ်သမားများ" ဖြစ်လာခဲ့သည်၊ သို့သော် လိုင်စင်ရယူထားသော ကုမ္ပဏီအများစုသည် အခြားပြည်နယ်နှင့်တိုင်းများမှ အလုပ်သမားများ ခန့်ထားမှုကို ပိုနှစ်သက်ကြသည်၊ ထို့ကြောင့် ဒေသခံများက အခြားဒေသများသို့ ရွှေ့ပြောင်းသွားရသည် သို့မဟုတ် နိုင်ငံခြားသွား၍ အလုပ်လုပ်ရသည်။[၃၅၂]

ကုန်းလမ်းပို့ဆောင်ရေးလမ်းကြောင်းများနှင့် ကျောက်စိမ်းဖြတ်တောက်မှုများ၊ အရောင်တင်ခြင်းများကို ကန့်သတ်ထားသော အစိုးရ၏ စည်းကမ်းချက်များသည် ကျောက်စိမ်းအနည်းငယ်မျှသာပိုင်ဆိုင်သော ကချင်ပြည်နယ်မှ ဒေသခံများအတွက်မူ ရာဇဝတ်ပြစ်မှုဖြစ်နေသည်။[၃၅၃] ဤအချက်က "အစိုးရသည် ကချင်လူမျိုးများ ချမ်းသာလာမည်ကို မလိုလားကြောင်း၊ ကျောက်စိမ်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်လျှင် ကချင်လူမျိုးများကို ခွဲခြားဆက်ဆံလိုသည်" ဟု ယူဆလာစေပါသည်။[၃၅၄] ၂၀၁၄ ခုနှစ်၊ ဖွန်လတွင် ကျောက်စိမ်းလုပ်ငန်းရှင်များ၏ အပြင်းအထန် ဆွဲဆောင်စည်းရုံးမှုကြောင့် ကျောက်စိမ်းနှင့် ပယင်းအတွက် ဈေးကွက်ကို မြစ်ကြီးနားတွင် တရားဝင် ဖွင့်ပေးခဲ့သည်။[၃၅၅] ယင်းလုပ်ရပ်သည် လမ်းကြောင်းမှန်သော်လည်း ဈေးကွက်တွင် အနိမ့်ဆုံးအရည်အသွေးအဆင့် ကျောက်စိမ်းကိုသာ ရောင်းချခွင့်ပြုထားပြီး ကုန်ကြမ်း သို့မဟုတ် အရည်အသွေးမြင့် အရည်ကျောက် အဆင့်ရှိ ကျောက်စိမ်းများကို ကိုင်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းသည် ကချင်ပြည်နယ်တွင် တရားမဝင်ဖြစ်နေဆဲဖြစ်သည်။



ယနေ့အချိန်တွင် ကချင်ပြည်နယ်ရှိ တိုင်းရင်းသားများကို အအေးထဲတွင် ပစ်ထားပြီး ကျောက်စိမ်းလုပ်ကွက်များကိုမူ "စစ်တပ်၊ ခရိုနီနှင့် ရေပေါ်ဆီလူတန်းစားများကို ကိုယ်စားပြုသော... ဒေသခံများမဟုတ်သည့်...မြေပြန့်သားများမှ ထိန်းချုပ်သော...ကုမ္ပဏီကြီးများ" ထံ ချပေးနေသည်။ လုပ်ငန်းဆက်လက်လုပ်ကိုင်နေသော ကချင်လူမျိုးအများစုသည် ထိုလိုင်စင်ကုမ္ပဏီများမှ ချထားပေးသော စွန့်ပစ်မြေများမှတဆင့် တူးယူနေသူများသာ ဖြစ်သည်။ ဓါတ်ပုံ - မင်းဇေယျာ

ကျောက်စိမ်းလုပ်ငန်းမှ ဝင်ငွေများ အမြောက်အမြား ရရှိမှုကြောင့် မေးခွန်းထုတ်စရာဖြစ်နေသည်မှာ "ကချင်ပြည်နယ်ရဲ့ဝေစုက ဘယ်မှာလဲ"၊ "ပိုက်ဆံတွေ ဘယ်နေရာကို ရောက်ကုန်သလဲ" ဆိုသည်ပင်။ ဒေသခံအသိုင်းအဝိုင်းခေါင်းဆောင်တစ်ဦးက "...ခုဆိုရင် ပွင့်လင်းမြင်သာမှုတွေ မရှိဘူး၊ ကျောက်စိမ်းအကြောင်းနဲ့ အရင်းအမြစ်တွေကို ခွဲဝေယူဖို့ အကြောင်း ဆွေးနွေးတာတွေ မရှိဘူး။ ကျွန်တော်တို့ ပွင့်လင်းမြင်သာမှုကို လိုအပ်ပါတယ်၊ ဒါကြောင့် ကချင်ပြည်နယ်နဲ့ ဗဟိုအစိုးရတို့ကြားမှာ ယုံကြည်မှု လိုအပ်ပါတယ်။"[၃၅၆]

*"မျှတတာတွေ မမျှတတာတွေ - ပြောမနေနဲ့တော့။ နှစ် ၅၀ လောက် သက်တမ်းရှိတဲ့ ဒီမူဝါဒသာ ဆက်ရှိနေရင်တော့ တရားမျှတမှုဆိုတဲ့အကြောင်းကို ကျွန်တော်တို့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ။"*

ကချင် လုပ်ငန်းရှင်တစ်ဦး[၃၅၇]

*"ခုဆိုရင် ပွင့်လင်းမြင်သာမှုတွေ မရှိဘူး၊ ကျောက်စိမ်းနဲ့ အရင်းအမြစ်တွေ ခွဲဝေဖို့အကြောင်း ဆွေးနွေးတာတွေ မရှိဘူး။ ကျွန်တော်တို့ ပွင့်လင်းမြင်သာမှုကို လိုအပ်ပါတယ်၊ ဒါကြောင့် ကချင်ပြည်နယ်နဲ့ ဗဟိုအစိုးရတို့ကြားမှာ ယုံကြည်မှု လိုအပ်ပါတယ်။"*

ကချင်အသိုင်းအဝိုင်းခေါင်းဆောင်[၃၅၈]



ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရာနေရာသို့ သွားနေသော ကျောက်တူးသမားတစ်ဦး။ ကချင်အသိုင်းအဝိုင်းခေါင်းဆောင်တစ်ဦးမှ ရှင်းပြထားသည့်အတိုင်း 'ကုမ္ပဏီကြီးများ' ရောက်ရှိလာပြီးနောက် ဒေသခံပြည်သူအများစုသည် ကျောက်စိမ်းလုပ်ငန်းတွင် အလုပ်အကိုင်များ ဆုံးရှုံးသွားခဲ့ကြသည် - "လူငယ်တွေအနေနဲ့ ကျောက်စိမ်းတူးဖော်တဲ့လုပ်ငန်းကနေ ပိုက်ဆံမရကြဘူး၊ ဒီတော့ 'ဦးနှောက်စီးယိုမှု' တွေ ဖြစ်တာပေါ့။ သူတို့ တခြားတိုင်းနဲ့ ပြည်နယ်တွေကိုသွားတယ်၊ ဒါမှမဟုတ်လည်း နိုင်ငံခြားသွားပြီး အလုပ်ရှာကြတယ်။ ဒီတော့ ကျွန်တော်တို့က သဘာဝရင်းမြစ်တွေကိုတင် ဆုံးရှုံးတာမဟုတ်ဘူး၊ လူသားရင်းမြစ်တွေကိုလည်း ဆုံးရှုံးနေတာပါ။" ဓါတ်ပုံ - မင်းဇေယျာ

ဤမကျေနပ်ချက်က ပြီးခဲ့သည့်နှစ်အတွင်း လိုင်စင်ရ ကုမ္ပဏီများမှ အမြောက်အမြားထုတ်ယူနေသော ကျောက်စိမ်းကြောင့် ပို၍ ကြီးထွားလာရသည်။ "ကျောက်စိမ်းတောင်တွေက တစ်ရက်ပြီးတစ်ရက် ပျောက်ကုန်ပြီ"၊ မကြာခင် "ကျောက်စိမ်းအားလုံးကုန်တော့မယ်" ကချင်ပြည်နယ်မှ မျိုးဆက်သစ်များအတွက် မည်သည့်အရာမှ ချန်မထားနိုင်ခဲ့မည်ကို အားလုံးက စိုးရိမ်ကြောက်ရွံ့နေကြသည်။[၃၅၉]



ဖားကန့်သွားသည့် ရွံ့ထူသော လမ်းမပေါ်တွင် နွံနစ်နေသော ကားကို ဆင်များဖြင့် ဆွဲရန် စောင့်ဆိုင်းနေစဉ်။ ကချင်အသိုင်းအဝိုင်း ခေါင်းဆောင်မှ ရှင်းပြထားသည်မှာ - "ဖားကန့်မှာ အဖိုးတန်တဲ့ကျောက်စိမ်းတော်တော်များများကို ဆယ်စုနှစ်နဲ့ချီပြီး တူးဖော်ထားပြီးပါပြီ၊ ဒါပေမယ့်လည်း ကချင်ပြည်နယ်မှာ စာသင်ကျောင်းတွေ မလုံလောက်သေးဘူး၊ လျှပ်စစ်မီးနဲ့ လမ်းတွေကလည်း တော်တော်ကို ဆိုးပါတယ်။" ဓါတ်ပုံ - မင်းဇေယျာ




တစ်နိုင်တစ်ပိုင်တူးဖော်သည့် ကျောက်တူးသမားတစ်ယောက်က စွန့်ပြစ်မြေစာပုံတွင် တွေ့ရသည့် သူ၏ကျောက်ကို စစ်ဆေးနေစဉ် ကုမ္ပဏီကြီးများကမူ ကျောက်စိမ်းတူးဖော်ရေးကို သူ့နောက်တွင်ပင် အသည်းအသန် ဆက်လက်လုပ်ကိုင်နေသည်။ လိုင်စင်ရကုမ္ပဏီများသည် ယခင်ကထက် ပိုကြီးသော စက်ကြီးများကို ယူဆောင်လာကြသဖြင့် ကမ္ဘာပေါ်တွင် အရေးပါဆုံး အရည်အသွေးမြင့်ကျောက်စိမ်းများ ရာစုနှစ်ပေါင်းများစွာ ထွက်ရှိနေသော ဖားကန့်သည် မကြာမီ မည်သည့်ကျောက်မှ မရှိတော့မည်ကို ဒေသခံများက စိုးရိမ်နေကြသည်။ ဓါတ်ပုံ - မင်းဇေယျာ




ကျောက်စိမ်းလုပ်ငန်းသည် ကချင်ပြည်နယ်ရှိ နေ့စဉ်ဘဝ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဇာတ်ကားအမည် 'Seng Htu Brang and Ja Hnang Shayi' (မြန်မာဘာသာစကားဖြင့်- 'ကျောက်တူးသမားလေးနဲ့ ဂုဏ်မြင့်သူ မိန်းကလေး') ဟု ခေါ်သော ကချင်ရုပ်ရှင်ဇာတ်လမ်းထဲရှိ သူရဲကောင်းသည် နာမည်ကြီး ကျောက်စိမ်းများကို ရှာဖွေပြီး အသက်ရှင်နေထိုင်နိုင်ရန် ရဲအန္တရာယ်နှင့် မြေပြိုကျမှု အန္တရာယ်များကြားက ကျောက်တူးသမား လူငယ်လေးတစ်ဦး ဖြစ်သည်။



ကျောက်စိမ်းများကို ကသုတ်ကရက် ထုတ်ယူနေကြသဖြင့် ဖားကန့်၏ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပြီး တောင်များသည် ချိုင့်ဝှမ်းများ ဖြစ်ကုန်သည်။ ရေကန်နှင့် ချောင်းများ သန့်စင်ခြင်းမရှိတော့ပေ၊ သစ်တောများလည်း ပြုန်းတီးကုန်သည် - ၂၀၁၄ ခုနှစ်တွင် ရိုက်ထားသည့် ပုံထဲတွင် ပြထားသည့်အတိုင်း - ရေကြီးမှုများ ဖြစ်စေသည်။

## ဖားကန့်ရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ပျက်စီးယိုယွင်းနေမှုများ

လူသူအရောက်အပေါက်နည်းသော နေရာတစ်ခုတွင် သဘာဝသယံဇာတကြွယ်ဝမှု များနှင့် စစ်ဘောင်သွင်းခြင်းတို့ကြောင့် ဖားကန့်ဒေသသည် အမေရိကန်အနောက်ပိုင်းရှိ တချိန်က ဥပဒေမဲ့နေရာတစ်ခုလို ဖြစ်လာသည် - ငွေကြေးနှင့် လက်နက်ရှိသူများသည် ပြစ်ဒဏ်ပေးခံရမှုမှ လွတ်ကင်းနေသကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတို့ကိုလည်း အလွန် လေးစားမှု မရှိသည့် နေရာတစ်ခု ဖြစ်နေသည်။ သက်ရောက်မှုများအနေဖြင့် ထိုဒေသတွင် အခြေချနေထိုင်သူများအတွက် ကပ်ဆိုက်သကဲ့သို့ ဖြစ်နေသည်။[၃၆၀]

ငယ်စဉ် ကလေးဘဝကတည်းက ထိုဒေသသို့ ရွှေ့ပြောင်းခဲ့သော ရှမ်းလူမျိုး တစ်နိုင်တစ်ပိုင် ကျောက်စိမ်းတူးဖော်သူတစ်ဦးက ဖားကန့်၏ သဘာဝပတ်ဝန်းကျင်တွင် ၎င်းမြင်တွေ့ခဲ့ရသော ပြောင်းလဲမှုများကို ပုံဖော်ပြောပြသည်မှာ -

*"လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က ဒီကို ရောက်ခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းက ဖားကန့်က တောတောင်တွေထူထပ်နေတဲ့ တောကြီးတစ်တောပါပဲ။ ခုတော့ ဖားကန့်ရဲ့ပတ်ဝန်းကျင်အနေအထားက ပြောင်းသွားပါပြီ။ လွန်ခဲ့တဲ့ နှစ် ၄၀ က မြစ်ထဲက ရေတွေက အရမ်းသန့်ရှင်းတယ်။ အဲ့ဒီမှာ ကျားတွေတောင် ရှိတယ်။ အဲ့ဒီအချိန်က BSPP [မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ/ဦးနေဝင်း အာဏာရှင်] ခေတ်ပေါ့။ လူတွေ ကျောက်စိမ်းတူးတိုင်း ကျောက်ရဖို့ မလွယ်ခဲ့ဘူး။ ခုတော့ မြစ်တွေလည်း ခမ်းခြောက်ကုန်ပြီ။ တောတွေလည်း ပြုန်းကုန်ပြီ၊ ကျားတွေလည်းမရှိတော့ဘူး... ခုဆို ကျောက်စိမ်းတောင်တွေက ၁ ရက် ၂ ရက်အတွင်းမှာကို ပျောက်ကွယ်သွားကုန်တယ်... ဒီနေရာမှာ ငှက်ဖျားလည်းမရှိတော့ဘူး၊ ဘာလို့လည်းဆိုတော့ သစ်တောတွေမှ မရှိတော့တာ။"*[၃၆၁]

ကျောက်တူးသမားဟောင်းတစ်ဦးကလည်း ကျောက်စိမ်းအမြောက်အမြားတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသော တခြားပြဿနာတစ်ခုကို ထောက်ပြခဲ့သည်မှာ -

*"အရင်တုန်းက ကျောက်စိမ်းတွင်းမှာ လုပ်တုန်းက ဥရုမြစ်က အရမ်းကို သန့်တယ်၊ ရေလည်းကြည်တယ်။ အဲ့ဒီရေကို သောက်လို့တောင်ရတယ်။ ခုတော့ အဲ့လိုမဟုတ်တော့ဘူး။ ဥရုမြစ်ထဲကိုဝင်တဲ့ စမ်းချောင်းတွေက မိုးတွင်းမှာပဲ ရေရှိတော့တယ်။ ကျောက်စိမ်းတွင်းက ထွက်တဲ့ မြေစာပုံတွေက သဘာဝအတိုင်း ရေစီးတဲ့ လမ်းကြောင်းတွေကို ပိတ်ဆို့ပစ်လိုက်လို့ပါ။ အရင်တုန်းကတော့ KIO က တောတောင်တွေကို ထိန်းချုပ်တယ်၊ ဒါပေမယ့် ခုတော့ ဘာတောမှ မရှိတော့ဘူး။ တောင်တွေက ချိုင့်ဝှမ်းတွေဖြစ်ပြီး ချိုင့်ဝှမ်းတွေက တောင်တွေ ဖြစ်လာကြပြီ။"*[၃၆၂]

အဟန့်အတားမရှိ ကျောက်စိမ်းများ တူးဖော်နေခြင်းကြောင့် ဖားကန့်ဒေသသည် လမျက်နှာပြင်ကဲ့သို့ ချိုင့်ခွက်ကြီးများ ဖြစ်နေသည်၊ "ကျောက်စိမ်းတောင်များ" ကို ဖြိုချပြီး ရေများဖြင့်ပြည့်နှက်နေသော ချိုင့်ကြီးများကို ဖြစ်စေကာ နေရာအနှံ့ရေကြီးပြီး ရေထုညစ်ညမ်းမှု ဖြစ်နေသည်။[၃၆၃] မကြာသေးမီ လများအတွင်း ကုမ္ပဏီကြီးများသည် စွန့်ပစ်မြေများကို ကန်များ၊ စမ်းချောင်းများ သို့မဟုတ် ပြိုကျလွယ်သော မြေစာပုံများပေါ်သို့ ပုံခြင်းကြောင့် အသက်ဆုံးရှုံးစေသည်အထိ မတော်တဆမှုပေါင်းများစွာ ဖြစ်စေခဲ့သည်။ မော်ဆီဇာ မိုင်းတွင်းအနီးရွာ တစ်ရွာတွင်နေထိုင်သော အသက် ၂၈ နှစ်အရွယ် ဆရာတစ်ယောက်က မြေပြိုကျမှုကြောင့် သူ၏အိမ် မိုင်းတွင်းထဲ မည်သို့ ကျသွားခဲ့ရသည်ကို ပြောပြခဲ့သည်။ သူကိုယ်တိုင် ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သော်လည်း သူအလုပ်လုပ်နေသော ကျောင်းသည် ကျောက်စိမ်းတူးဖော်နေသည့်နေရာများနှင့် ကပ်လျက်ရှိသောကြောင့် ကလေးများအတွက် အလွန်အန္တရာယ်ကြီးပေသည်။[၃၆၄]

၂၀၁၅ ခုနှစ်၊ ဧပြီလတွင် မြတ်ယမုံကုမ္ပဏီမှ လုပ်ကိုင်သော ကုဋ္ဌေ (#၂) မိုင်းတွင် ဒေသခံတို့၏ အသက်ပေါင်းများစွာ ဆုံးရှုံးစေခဲ့သော မတော်တဆမှုများဖြစ်ပွားခဲ့သည်။ ထိုကုမ္ပဏီကို USDP ၏ အထွေထွေအတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်းမှ ထိန်းချုပ်ပြီး ထိုအကြောင်းကို အခန်း-၂ တွင် ဖော်ပြထားပါသည်။ ဖြစ်စဉ်ကို ရိုက်ကူးထားသော ဗီဒီယိုထဲတွင် ကုမ္ပဏီဝန်ထမ်းများ အလုပ်လုပ်နေသည့် ချိုင့်အစွန်းများပေါ်မှတဆင့် ရွှံ့ရည်များ အရှိန်အဟုန်ဖြင့် သွယ်ကျစီးဆင်းနေပုံ၊ စီးဆင်းသည့် လမ်းကြောင်းပေါ်ရှိ စက်များနှင့် စက်မောင်းသမားများကို ဝါးမျိုသွားပုံတို့ ပါဝင်သည်။[၃၆၅]

၁၁ ဦးသေဆုံးသည်ဟု ကုမ္ပဏီမှ ကြေညာသော်လည်း အမှန်တကယ်သေဆုံးသည့် အရေအတွက်မှာ ၃၀ နှင့် ၆၀ ကြားရှိသည်ဟု ဒေသခံများက ပြောပြသည်။ ကျောက်တွင်းအပေါ်တွင်ရှိသော ရွှံ့မြေပေါ်တွင် မြတ်ယမုံကုမ္ပဏီမှ မြေစာများပုံသောကြောင့် ထိုသို့ ဘေးအန္တရာယ်ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ဒေသခံများက ဖြည့်စွက်ပြောကြားသည်။ ထိုစွန့်ပစ်မြေစာများ ပြိုကျပြီး ချိုင့်ကြီးထဲသို့ စီးဝင်ရောက်ရှိသွားသည်။[၃၆၆] Global Witness မှ သိသလောက်ပြောရမည်ဆိုလျှင် ထိုဖြစ်ရပ်အတွက် ကုမ္ပဏီမှ တာဝန်ခံလုပ်ဆောင်ရန် မည်သည့် တရားစီရင်မှုကိုမှ ပြုလုပ်ခဲ့ခြင်း မရှိပေ။

ကုမ္ပဏီများ၏ မဆင်မခြင်လုပ်ကိုင်မှုများကြောင့် ဖြစ်ရသည့် ထိခိုက်မှုများတွင် မြေပြိုမှုတစ်ခုတည်း မဟုတ်ပေ။ ၂၀၁၅ ခုနှစ်၊ မတ်လတွင် လိုင်စင်ချထားပေးသည့် ကုမ္ပဏီများမှ ဖားကန့်သို့ စက်ယန္တယားကြီးများ ယူဆောင်လာသဖြင့် မတော်တဆမှု အချို့ ဖြစ်ပွားခဲ့သည်ကိုလည်း KDNG က မှတ်တမ်းတင်ခဲ့ပါသည်။ ထိုမတော်တဆမှုများတွင် - မြေသယ်စက်ကြီးမှ မြစ်ကူးတစ်နေရာတွင် အဝတ်လျှော်နေသူများကို တိုက်မိပြီး အသက် ၂၂ နှစ်အရွယ်နှင့် ၁၃ နှစ်အရွယ် ကလေးငယ်တို့ သေဆုံးခဲ့ခြင်း၊ နောက်ထပ် မတော်တဆမှုမှာ မြေသယ်စက်ကြီးကပင် ယာဉ်ငယ်တစ်စီးကို တိုက်မိပြီး ယာဉ်ထဲမှ ခရီးသည်တစ်ဦးထွက်ကျကာ နောက်မှတက်လာသော စက်မှ ကြိတ်မိခြင်း၊ အခြားတစ်ခုမှာ ဘရိတ်ပေါက်ခြင်းကြောင့် အသက် ၃၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အပြင်းအထန် ထိခိုက်ဒဏ်ရာ ရစေခြင်းတို့ဖြစ်သည်။[၃၆၇]

ကုမ္ပဏီများအနေဖြင့် ပေါက်ကွဲစေသော ပစ္စည်းများကို အသုံးပြုခြင်းကြောင့် ဒေသခံများသည် မိမိတို့ နေအိမ်များကို စွန့်ခွာထွက်ပြေးရကြောင်းနှင့် ထိုပေါက်ကွဲမှုသည် "ဥ မဥတော့သော ကြက်များ" အတွက်ကြောင့် ဖြစ်ကြောင်း အပြစ်တင်ကြသည်။[၃၆၈] ဖားကန့်ဒေသ၏ တောတောင်များကို ပြောင်တလင်းခါအောင် လုပ်ခြင်းကြောင့် "သဘာဝပတ်ဝန်းကျင်သည် ယခင်ကထက် ပို၍ ခြောက်သွေ့လာသည်"။[၃၆၉] မိရိုးဖလာ လုပ်ကိုင်လာခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ကျောက်စိမ်းတူးဖော်ရေးတို့သည် မြေယာဆုံးရှုံးရမှု၊ လေထု ရေထု ညစ်ညမ်းမှုနှင့် ကျောက်စိမ်းလုပ်ငန်းကို အစိုးရမှ လိုင်စင်ချထားပေးသော ကုမ္ပဏီများမှ လက်ဝါးကြီးအုပ်မှုတို့ကြောင့် ပျက်သွားခဲ့ရသည်။[၃၇၀] ၁၉၉၁ ခုနှစ်ကတည်းက မော်ဆီဇာတွင်နေထိုင်ခဲ့သူ ကလေးသုံးယောက်အမေ မုဆိုးမ တစ်ဦးက စစ်အာဏာရှင်ဟောင်း ဦးသန်းရွှေမိသားစုပိုင်ဆိုင်သည့် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီဖြစ်သော ကြိုင်အပြည်ပြည်ဆိုင်ရာ၏ လုပ်ငန်းများကြောင့် ထိခိုက်ခဲ့ရပုံများကို ပြောပြရာတွင် -

*"၂၀၀၅ ခုနှစ်အထိ ကျောက်စိမ်းအရောင်းအဝယ် အနည်းအကျဉ်းလုပ်ပြီးတော့ ကျွန်မမိသားစုအတွက် ဝင်ငွေရှာဖို့ အခွင့်အရေးကောင်းတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီကုမ္ပဏီရောက်လာပြီးတော့ ကျွန်မရဲ့အိမ်ကနေ ထွက်ခွာပေးရမယ်ဆိုတဲ့အကြောင်း လျော်ကြေးအနေနဲ့ ကျပ် ၁၀ သိန်းကို လက်ခံပေးရမယ်ဆိုတဲ့အကြောင်း ကျွန်မကို ပြောပါတယ်။ ကျွန်မအနေနဲ့ လက်မခံချင်ပါဘူး။ ဒါပေမယ့် မြေကော်တဲ့စက်တွေနဲ့ ရောက်လာပြီးတော့ ကျွန်မအိမ်ကို ဖျက်စီးလိုက်ကြပါတယ်။ အဲ့ဒီအချိန်က မိုးတွင်းဆိုတော့ ကျွန်မနဲ့ ကျွန်မမိသားစု နေစရာမဲ့ခဲ့ပါတယ်။ တခြားသူတွေလည်း ဒီလိုပါပဲ။ ၂၀၁၂ ခုနှစ်မှာတော့ ကုမ္ပဏီအနေနဲ့ လက်ရှိလုပ်ဆောင်နေတာတွေကို ခဏ ရပ်ထားရပါတယ်၊ ကုမ္ပဏီပိုင် နယ်မြေထဲမှာ ရေမဆေးကျောက်သမားတွေတူးတဲ့ ကျောက်စိမ်းအနည်းအကျဉ်းကို အရောင်းအဝယ်လုပ်ဖို့ ကျွန်မအတွက်လမ်း အခွင့်အလမ်းတွေ ထပ်ရခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ်မှာ အဲ့ဒီရပ်တန့်ထားတာကို ပြန်ရုပ်သိမ်းလိုက်တဲ့အခါမှာတော့ ရဲတွေက အသေးစား ကျောက်တူးသမားတွေကို လိုက်ဖမ်းခဲ့ပါတယ်၊ ကုမ္ပဏီကတော့ နောက်တစ်ခါပြန်ပြီး ဒီနေရာမှာ အမြတ်ထုတ်ဖို့ ပြန်ရောက်လာခဲ့ပါတယ်။"*[၃၇၁]

ကျောက်တူးသမားများအကြားတွင် မူးယစ်ဆေးဝါးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြသည်။ ကျောက်စိမ်းများ ဖောဖောသီသီရကြသဖြင့် ပြည့်တန်ဆာလုပ်ငန်းနှင့် လောင်းကစားများလည်း ပေါများလာသည်။[၃၇၂] အာဏာပိုင်များ၏ ဥပက္ခာပြုထားမှု သို့မဟုတ် ကြံရာပါလုပ်ဆောင်မှုတို့ဖြင့် ဒေသခံအဖွဲ့များသည် ကျောက်စိမ်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များကို မိမိတို့၏ ကိုယ်ပိုင်အားဖြင့် တိုက်ထုတ်နေရသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ဥပမာ - ဖားကန့်ရှိ အဓိက မူးယစ်ဆေး အရောင်းအဝယ်ပြုလုပ်သူများထဲမှ တစ်ဦးကို ဝင်ရောက်ဖမ်းဆီးရန် မူးယစ်ဆေးတိုက်ဖျက်ရေး ကော်မတီတစ်ခုကို ခရစ်ယာန်ဘုရားကျောင်းက စီစဉ်ဖွဲ့စည်းပေးခဲ့သည်။ များပြားလှသော မူးယစ်ဆေးများကို တစ်ချီထဲ ဖမ်းဆီးရမှုနှင့် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃ သန်းခန့်ရှိသော မူးယစ်ဆေးဝါးများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ရဲ၊ အထူးထောက်လှမ်းရေးအဖွဲ့နှင့် ဒေသခံ အရာရှိများအား မူးယစ်ဆေးဝါးရောင်းသူမှ ပေးရသည့် လာဘ်ထိုးငွေ အမေရိကန် ဒေါ်လာ ၅၀၀,၀၀၀ ခန့် ဖော်ပြထားသော စာရင်းစာရွက်ကိုလည်း တွေ့ရှိခဲ့သည်။[၃၇၃]

ဤကဲ့သို့သော တောင်းဆိုသံများက ခိုင်မာအားကောင်းခဲ့သော်လည်း ဒေသခံများအတွက် အကျိုးဖြစ်ထွန်းစေပြီး အန္တရာယ် လျော့ချပေးနိုင်မည့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအတွက် နည်းလမ်းအသစ်လိုအပ်နေသည်ကိုမူ ခုချိန်ထိ လျစ်လျူရှုခံထားသည်။ နောက်အခန်းတွင် ကျွန်ုပ်တို့ စူးစမ်းလေ့လာထားသည့် ပဋိပက္ခအပေါ် ဤအချက်က တိုက်ရိုက်သက်ရောက်မှုများ ရှိနေပါသည်။

## ကျောက်စိမ်း အလျင်စလိုတူးဖော်မှုများအတွင်း နေထိုင်ရခြင်း

နိုင်ငံတစ်ဝန်းမှ သောင်းနှင့်ချီသော လူများသည် ၎င်းတို့၏ ကျောက်တူးသမားအိပ်မက်ကို အကောင်အထည်ဖော်ရန် ကချင်ပြည်နယ်တွင် ကျောက်အောင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရောက်လာကြသည်။[၃၇၄]

အသက် ၄၁ နှစ်အရွယ်ရှိ ကျောက်တူးသမားတစ်ဦးက လွန်ခဲ့သော နှစ် ၂၀ ခန့်က သူ့အိပ်မက်ကို အကောင်အထည်ဖော်ရန် ဖားကန့်သို့ ရောက်ရှိလာခဲ့ပုံကို ပြောပြထားသည်။ ကျောက်စိမ်းလိုင်စင်ရရှိရန် မည်သည့် အရင်းအမြစ်မှ မရှိသည့်အတွက် သူသည် ရေမဆေး ကျောက်သမားတစ်ဦး ဖြစ်လာခဲ့သည် - ကုမ္ပဏီမှ စွန့်ပစ်ထားသည့် မြေစာပုံထဲမှ ကျောက်စိမ်းကို လက်ဖြင့်ရွေးကောက်ယူသူ ဖြစ်သည်။[၃၇၅] ၂၀၁၂-၂၀၁၄ တွင် ကျောက်စိမ်းတူးဖော်ခြင်းကို ခေတ္တဆိုင်းငံ့ထားရသည့် ကာလအတွင်း လိုင်စင်ကုမ္ပဏီများ ဖားကန့်မှ ထွက်ခွာသွားချိန်တွင် သူသည် မော်ဆီဇာရှိ တောင်စွန်းရှိ လုပ်ကွက်ထဲသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်ခဲ့သည်။ "အန္တရာယ်များပေမယ့် အဲ့မှာက ကျောက်စိမ်းကောင်းတွေ ရှိတယ်လေ"။

သိန်း ၅၀ တန်ဖိုးရှိကျောက်တစ်လုံး (အမေရိကန် ဒေါ်လာ ၅၀၀၀ ခန့်) နှင့် သိန်း ၆၀ တန်ဖိုးရှိ ကျောက်တစ်လုံး (အမေရိကန် ဒေါ်လာ ၆၀၀၀ ခန့်) ကို ကံကောင်းစွာဖြင့် ရှာဖွေ တွေ့ရှိခဲ့သော်လည်း အခြားသူများကဲ့သို့ပင် "ကျောက်စိမ်းနှင့် မူးယစ်ဆေးဝါး ဝဲဂယက်တွင်" မိသွားခဲ့ပြီး ပိုက်ဆံ မစုနိုင်ခဲ့ပေ။ လွန်ခဲ့သော ၆ လက ဘုန်းကြီးဝတ်ရန် နေရပ်သို့ ပြန်သွားခဲ့ပြီး မူးယစ်ဆေးသုံးခြင်းကို ရပ်ပစ်လိုက်သည်၊ သို့သော် စိတ်ပင်ပန်းမှုနှင့် စိတ်ဓါတ်ကျမှုတို့ ဖြစ်နေခဲ့သည်။ သူသည် တစ်နေ့တွင် လောပန်း [ကျောက်စိမ်းသူဌေး] ဖြစ်ရမည်ဟူသော မျှော်လင့်ချက် ရှိနေဆဲပင်ဖြစ်သည်။ ကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျောက်စိမ်းကို တွေ့ပါက အိမ်ပြန်၍ ကောင်းရောင်းကောင်းဝယ်လုပ်တော့မည်ဟုလည်း ဆုံးဖြတ်ချက် ချထားသူဖြစ်သည်။

ဤအတွေ့အကြုံသည် ဖားကန့်ရှိ သာမန်ကျောက်တူးသမားများ၏ ပုံမှန်ဘဝတစ်ခုပင်ဖြစ်သည်။ ကျောက်စိမ်းတူးဖော်ရန် တရားဝင်လုပ်ပိုင်ခွင့်မပေးထားသဖြင့် ၎င်းတို့သည် အဖမ်းခံရနိုင်သဖြင့် အမြဲ ထွက်ပြေးရသည် သို့မဟုတ်ပါက ရဲကို ပေးကမ်းရသည်။ ကုမ္ပဏီပိုင်မြေထဲသို့ ကျူးကျော်ဝင်ရောက်မှုကို တွေ့ရှိပါက အကျိုးဆက်သည် ပို၍ ဆိုးသွားနိုင်သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဂွမ်ဂျာအောင်ဟုခေါ်သည့် ရေမဆေး ကျောက်သမား တစ်ဦး ကျောက်စိမ်းရှာနေစဉ် သူငယ်ချင်းနှစ်ဦးနှင့် ကွဲသွားခဲ့သည်။ ထို့နောက် ကုမ္ပဏီယာဉ်မောင်းကြောင့် သေဆုံးခဲ့ရသော အပိုင်းပိုင်းပြတ်နေသော သူ၏ ခန္ဓာကိုယ်ကို တောက်ပကြယ် ကုမ္ပဏီ၏ ကျောက်စိမ်းလုပ်ကွက်ထဲတွင် သူ၏ သူငယ်ချင်းများက တွေ့ရှိခဲ့သည်။ ကုမ္ပဏီ ယာဉ်မောင်းတစ်ဦးက သူ့ကို သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။[၃၇၆] သူ့တွင် အသက် ၂၂ နှစ်အရွယ် ကိုယ်ဝန်ဆောင် ဇနီးသည်နှင့် အသက်တစ်နှစ်အရွယ် သမီးတစ်ယောက် ကျန်ရှိခဲ့သည်။[၃၇၇]

*"ကျွန်တော်တို့ ဘဝအတွက် ဒီနေရာမှာ ဘာလုံခြုံမှုမှ မရှိဘူးလို့ ခံစားရပါတယ်။ မကြာသေးမီကပဲ ကုမ္ပဏီတွေဒီကို ပြန်ရောက်လာကြပါတယ်။ လူတစ်ယောက်လည်း မြေကော်စက်ကြောင့် သေဆုံးခဲ့ရပါတယ်။ ကျောက်စိမ်းတူးဖို့ ဒီလောက်ကြီးတဲ့စက်တွေကိုသာ သုံးနေမယ်ဆိုရင် ဖားကန့်ဟာ ဒေသခံတွေအတွက် ဘာအကျိုးစီးပွားမှ မဖြစ်ထွန်းစေပဲ ပျောက်ကွယ်တော့ပါမယ်။ သူတို့ဟာ ဒေသအတွက် အသုံးမဝင်ပါဘူး။ ကုမ္ပဏီတိုင်းက စစ်တပ်ဗိုလ်ချုပ်တစ်ဦးဦးနဲ့ ချိတ်ဆက်ထားပါတယ်။ တရုတ်တွေလည်း သူတို့နောက်ကွယ်မှာ ရှိနေပါတယ်။ အင်ဒိုနီးရှားဆိုရင် အာချေးမှာရှိတဲ့ သဘာဝရင်းမြစ်တွေကို ထုတ်ယူသုံးစွဲပြီးရင် အမြတ်ရဲ့ ၇၀ % ကို အဲ့ဒီဒေသအတွက် ပြန်ပြီးအသုံးပြုပါတယ်။ ကချင်ပြည်နယ်အတွက်ရော ဒီလိုအရင်းအမြစ်တွေထုတ်ယူပြီး အကျိုးအမြတ်တွေက ဘယ်မှာလဲ။ ဒါကြောင့် ကျွန်တော်တို့ ဆန္ဒပြကြတာပါ။"*

ဒေသခံ ဘုန်းတော်ကြီး၊ ဖားကန့်[၃၇၈]



ကျောက်စိမ်းအလုပ်သမားဟောင်းတစ်ဦးကလည်း "ရင်းနှီးမြှုပ်နှံဖို့ အရင်းအနှီးရှိရင်တော့ ပျော်စရာပေါ့။ ဒါပေမယ့် သာမန်ကျောက်တူးသမားတွေကတော့ စွန့်ပစ်အမှိုက်သရိုက်လိုပဲ - သူတို့မှာ မြေကြီးပဲ ရတယ်" ဟု ရှင်းပြသည်။ ကျောက်စိမ်းတွင်းများသို့ သွားရောက်ကြသူအများစုသည် "ကုမ္ပဏီကြီးများမှ ချန်ထားခဲ့သော အပျက်အစီးများထဲမှ ကျောက်များကို ရှာဖွေရသော" 'ရေမဆေး' ကျောက်သမားများဖြစ်လာကြသည်။[၃၇၉] ဓါတ်ပုံ- မင်းဇေယျာ



ဖားကန့်တွင် သူဌေးဖြစ်ရန် မြန်မာနိုင်ငံရှိ အခြားဒေသများမှ ရွှေ့ပြောင်းလာကြသော ကျောက်တူးသမားတစ်စုသည် ၎င်းတို့တစ်နေ့တာအတွင်း ရှာတွေ့ခဲ့သော ကျောက်ကို စစ်ဆေးနေစဉ်။ ဓါတ်ပုံ - မင်းဇေယျာ



ညဘက်တွင် ရေမဆေးကျောက်သမားများက ခါတ်မီးများဖြင့် ဖားကန့်ဒေသ မော်ဆီဇာရှိ လိုင်စင်ရယူထားသော ကုမ္ပဏီများမှ စုပုံထားသည့် အညစ်အကြေးပုံများထဲမှ ကျောက်စိမ်းအရိုင်းတုံးများကို ရှာဖွေကြသည်။ ဓါတ်ပုံ - မင်းဇေယျာ



ရေမဆေးကျောက်သမားများသည် ဖားကန့်၏ တောင်ဘက်၊ ဂွီခါးဒေသတွင် လိုင်စင်ရ ကုမ္ပဏီ၏ ကုန်တင်ကားများ စုပုံထားသည့် စွန့်ပစ်မြေများထဲတွင် ကျောက်ရှာကြသည်။ ဓါတ်ပုံ - မင်းဇေယျာ



ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားသည့်ကာလဖြစ်သော ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ဖားကန့်ရှိ ကျောက်စိမ်းလုပ်ကွက်များတွင် ကျောက်ရှာရန် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သော ကျောက်တူးသမားအဖွဲ့များက လက်သုံးမြေတူးစက်ငယ်များကို အသုံးပြုကြသည်။ ဆိုင်းငံ့တားမြစ်ထားမှုကို ပြန်လည်ရုပ်သိမ်းလိုက်သည့်အတွက် ဖားကန့်သို့ လိုင်စင်ရယူထားသော ကုမ္ပဏီများ ပြန်လည်ရောက်ရှိလာချိန်မှစ၍ ဤ 'တရားမဝင်' တစ်နိုင်တစ်ပိုင် ကျောက်တူးသမားများကို ပင်မကျောက်စိမ်းလုပ်ကွက်များမှ ပထုတ်ခံလိုက်ရသည်။ ဓါတ်ပုံ - မင်းဇေယျာ





အစိုးရလိုင်စင်ရယူထားသော ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားသည့် ကာလအတွင်း ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် လုံးခင်းဒေသ၊ ဖားကန့်မြို့နယ်အနီးရှိ ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ၏ လုပ်ကွက်တွင် တူးဖော်တွေ့ရှိသည့် ကျောက်စိမ်းကို အလွတ်တန်းကျောက်တူးသမားအုပ်စုက ကိုင်ဆောင်ထားပုံ ဖြစ်ပါသည်။
ဓါတ်ပုံ - မင်းဇေယျာ




တစ်နိုင်တစ်ပိုင် လုပ်ကိုင်သည့် ကျောက်တူးသမားများသည် အစိုးရ လိုင်စင်မရှိဘဲ လုပ်ကိုင်ကြခြင်းဖြစ်သည်။ ဤပုံတွင် ကျောက်တူးသမားအုပ်စုကို ရဲက စစ်ဆေးနေပါသည်။ စက်များကို သိမ်းယူသွားပြီး ၎င်းတို့၏ လောပန်း (သူဌေး) ကိုလည်း နောက်တစ်ရက်တွင် ရဲစခန်းသို့ လာရန် ဆင့်ခေါ်ခဲ့သည်။ ၎င်းတို့နှင့် ကပ်လျက်တွင် ရှိသော ကျောက်တူးသမားများသည် ရဲများထံ လာဘ်ထိုးထားသဖြင့် မည်သည့်အနှောင့်အယှက်မှမရှိဘဲ ကျောက်တူးနိုင်သော်လည်း ဤကျောက်တူးသမားများကမူ ရဲများကို လာဘ်ထိုးထားခြင်းမရှိသဖြင့် ၎င်းတို့အား ပစ်မှတ်ထား၍ ဖမ်းဆီးခြင်းဖြစ်ကြောင်း ကျောက်တူးသမားများက ပြောပြသည်။ ဓါတ်ပုံ - မင်းဇေယျာ




တောက်ပကြယ် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ၏ လုပ်ကွက်ထဲတွင် တွေ့ရှိရသော အပိုင်းပိုင်းပြတ်နေသည့် ရေမဆေးကျောက်သမားတစ်ယောက် သေဆုံးရမှုအတွက် ဒေသခံများက ဆန္ဒပြခဲ့ကြသည်။ ကုမ္ပဏီ၏ ယာဉ်မောင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဓါတ်ပုံ - KDNG



ဘိန်းဖြူရောင်းချသူသည် ၂၀၀၀ ကျပ်ဖြင့် ရောင်းမည့် မူးယစ်ဆေး တစ်ခါထိုးစာကို ပြင်ဆင်နေသည် - ထိုပမာဏသည် ကျောက်စိမ်းတုံးလေးတစ်တုံး၏ အနိမ့်ဆုံးဈေးနှင့် တန်ဖိုးတူညီသည်။ လက်လုပ်လက်စား ကျောက်တူးသမားများသည် တစ်နေ့လျှင် ငါးခါအထိ ထိုးလေ့ရှိသည်။ ဓါတ်ပုံ - မင်းဇေယျာ

# အခန်း ၄ - 'ကျောက်စိမ်းနှင့် လက်နက်ကိုင် ပဋိပက္ခ' -

*"ဘာကြောင့် ဒီတိုင်းရင်းသားအဖွဲ့တွေက အစိုးရကို ဆန့်ကျင်နေကြတာလဲ။ ဘာလို့လဲဆိုတော့ သူတို့တွေက မမျှတမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ လုပ်ပိုင်ခွင့်တွေနဲ့ပတ်သက်ပြီး မကျေနပ်လို့ ဖြစ်ပါတယ်။ ဒါတွေ သူတို့ကို ပေးရပါမယ်။ အဲ့လို လုပ်ဖို့ဆိုရင်လည်း အာဏာအပြင် ချမ်းသာကြွယ်ဝမှုကို ခွဲဝေဖို့လည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်"*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တာဝန်ရှိသော သမ္မတရုံးဝန်ကြီး ဦးအောင်မင်း[၃၈၀]

၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲထားပြီးနောက် ၂၀၁၁ ခုနှစ် ဇွန်လတွင် ပြန်လည်တောက်လောင်ခဲ့သည့် ကချင်ပြည်နယ်ရှိ စစ်မီးကြောင့် လူ ထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ဒေသခံပေါင်း ၁၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။[၃၈၁] နှစ်ဖက်စလုံးက အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ကြသည်ဟု စွပ်စွဲခံရသည်။ ကချင် လွတ်လပ်ရေးတပ်မတော် / ကချင်လွတ်လပ်ရေး အဖွဲ့ (KIA/KIO) သည် ကလေးငယ်များကို ခေါ်ယူခြင်းနှင့် မြေမြှုပ်မိုင်းများ အသုံးပြုသည်ဟု စွပ်စွဲခံရသည်။[၃၈၂] တပ်မတော်ကမူ တရားလက်လွတ် သတ်ဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မအလုပ်စေခိုင်းခြင်း တို့အပါအဝင် ပြဿနာပေါင်းများစွာအတွက် စွပ်စွဲခံရသည်။[၃၈၃] အချို့သော ဝေဖန်သုံးသပ်သူများက တပ်မတော်သည် ကချင်ပြည်နယ်ရှိ အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် တမင်ရည်ရွယ်၍ ပစ်မှတ်ထားကြောင်း မှတ်ချက်ပြုကြသည်။[၃၈၄] ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်၍ သုတေသနပြုလုပ်ကြရာတွင် Global Witness က တပ်မတော်သည် ၂၀၁၅ ခုနှစ်အစောပိုင်း၊ ဖားကန့်မြောက်ဘက်၊ အောင်ဘာလေ တိုက်ပွဲတွင် အရပ်သားများကို လူသားဒိုင်းများအဖြစ် အသုံးပြုကြောင်း ပြောကြမှုများကို ကြားသိရသည်။[၃၈၅]

## ကျောက်စိမ်းနဲ့ ဘာလုပ်ရမှာလဲ။

*"လက်ရှိမှာတော့ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ကို နေပြည်တော်အစိုးရနဲ့ ကုမ္ပဏီတွေက စီမံတဲ့ အထက်ကနေ အောက်ကိုသွားတဲ့ လုပ်ငန်းစဉ်ပဲ။ ပြည်နယ်အစိုးရတွေနဲ့ ဒေသခံပြည်သူတွေကတော့ ဒီလုပ်ငန်းစဉ်မှာ ပါဝင်ဖို့ ဘာအခွင့်အရေးမှ မရကြဘူး။ သူတို့လုပ်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်ဆိုတာ ဒေသခံပြည်သူတွေအတွက် အကျိုးအမြတ်ဖြစ်စေမဲ့အစား အန္တရာယ်ပဲ ဖြစ်စေတယ်၊ ပဋိပက္ခတွေကို ဖန်တီးပေးတယ်။"*

KDNG / ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒအကြောင်း ဆွေးနွေးချက် စာတမ်း

ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများတွင် အကြောင်းရင်းများစွာ ရှိသည်။ အများစုသည် မြန်မာနိုင်ငံရှိ ဖိနှိပ်သောအစိုးရ၏ ဗဟိုချုပ်ကိုင်မှု မူဝါဒများနှင့် ကချင်အမျိုးသားရေးစိတ်ဓာတ်များ ကြီးထွားလာမှုကြောင့်ဖြစ်သည်။[၃၈၆] သို့သော်လည်း ကျောက်စိမ်းသည် ထင်ရှားသည့် အကြောင်းရင်းတစ်ချက် ဖြစ်နေသည်။ ယခင်ကဏ္ဍတွင် ဖော်ပြထားသည့်အတိုင်း ကချင်လူမျိုးများက ၎င်းတို့၏ ကျောက်စိမ်းကို စစ်တပ်မိသားစုများ၊ ကုမ္ပဏီများနှင့် ခရိုနီကုမ္ပဏီများက ခိုးယူနေသည်ဟု ယူဆထားသည့်အတွက် ထိုသို့ အမျိုးသားရေးစိတ်ဓာတ်များ အားကောင်းလာခြင်း ဖြစ်သည်။ ကျောက်စိမ်းကဏ္ဍနှင့် ပဋိပက္ခဖြစ်မှုတို့အကြား ဆက်နွယ်နေသည့် အခြားအကြောင်းရင်းသုံးခုမှာ -

- ကျောက်စိမ်းတွင်းများစွာကို ထိန်းချုပ်သော စစ်တပ်မိသားစုများနှင့် ကုမ္ပဏီများသည် သာတူညီမျှငြိမ်းချမ်းရေး သဘောတူစာချုပ်တစ်ခု ချုပ်ဆိုနိုင်သည့်အခါ ဆုံးရှုံးမှုများ ဖြစ်လာနိုင်ပါသည်။ ဖားကန့်နယ်မြေကို ဗဟိုအစိုးရက ထိန်းချုပ်ထားနိုင်သည့် အချိန်အတွင်း ပဋိပက္ခကို ဆက်လက်ဆွဲဆန့်ထားရန်မှာ ၎င်းတို့တွင် ငွေကြေးဆိုင်ရာ မက်လုံးများ ရှိသကဲ့သို့ နိုင်ငံရေး အကြံအစည်များလည်း ရှိနေနိုင်သည်။
- ကချင်ပြည်နယ်ရှိ တပ်မတော်အရာရှိများသည် ကျောက်စိမ်းလုပ်ငန်းမှ ခြိမ်းခြောက် ငွေညှစ်ခြင်းဖြင့် ကိုယ်ကျိုး စီးပွားရှာနေနိုင်ရန်အတွက် ၎င်းတို့၏တပ်အား နယ်မြေတွင်း တာဝန်ချထားစေရန် အကြောင်းရင်းလည်း ရှိနေကြသည်။ ထို့နောက် ငွေကြေးကိုလည်း ၎င်းတို့ထံ ဆက်လက်စီးဆင်းစေသည်။
- ကျောက်စိမ်းသည် KIA/KIO အတွက် ဝင်ငွေအဓိက ရရှိရာ အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းမှဝင်ငွေများကို ထိန်းချုပ်နိုင်ရန် တိုက်ပွဲဆင်နွှဲခြင်းသည် နှစ်ဖက်စလုံးအတွက် မဟာဗျူဟာကျသည့်ဦးစားပေးမှု ဖြစ်လာစေသည်။

ကချင်ပြည်နယ်၏ ကျောက်စိမ်းထွက်ရှိမှုများကို မည်သူတို့က စီမံအုပ်ချုပ်နေပြီး မည်သူတို့ အကျိုးအမြတ်များ ရရှိနေကြသည်ဆိုသည့် မေးခွန်းကို အဓိပ္ပာယ်ရှိရှိ ဖြေရှင်းချက် ထုတ်နိုင်ခြင်း မရှိသည့် ငြိမ်းချမ်းရေး သဘောတူညီချက်သည် အလွန်တရာမှ ကြာရှည်ခံနိုင်ဖွယ် မရှိပါ။

# နောက်ကြောင်းရာဇဝင်

KIA/KIO သည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဖားကန့်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အနှစ်နှစ်ဆယ်ကျော်ကြာအောင် ကျောက်စိမ်းသည် ထိုအဖွဲ့အတွက် ရံပုံငွေထောက်ပံ့ရာ အဓိကရင်းမြစ်တစ်ခု ဖြစ်လာခဲ့သည်။[၁၈၇] ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းကာလတွင် အခြားလက်နက်ကိုင်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပြုလုပ်ပြီးနောက် တပ်မတော်သည် KIA/KIO တို့အပေါ် ပို၍ အာရုံစိုက်တိုက်ခိုက်နိုင်ခဲ့ကာ တဆင့်ထက်တဆင့် ကျောက်စိမ်းတွင်းများကို အပြည့်အဝ ထိန်းချုပ်ခဲ့သည်။[၁၈၈] ထိုအချက်သည် ၁၉၉၄ ခုနှစ်တွင် KIA/KIO တို့ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ချက်၏ အဓိကကျသော အချက်တစ်ခု ဖြစ်နိုင်ပါသည်။[၁၈၉]

မြန်မာအစိုးရသည် တပ်မတော်မိသားစုများ၊ မိန်ဆွေများနှင့် စီးပွားရေးလုပ်ငန်းစုများအပြင် ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် / ဝပြည်သွေးစည်းညီညွတ်ရေးပါတီ ကဲ့သို့ အပတ်အခတ်ရပ်စဲထားသည့် အဖွဲ့များကို ကျောက်စိမ်းတူးဖော်ရေး လုပ်ပိုင်ခွင့်များ ချထားပေးခဲ့သည်။[၁၉၀]

အပစ်အခတ်ရပ်စဲထားသည့် ၁၉၉၄ မှ ၂၀၁၁ ထိ ကာလများသည် KIA/KIO ခေါင်းဆောင်များနှင့် တပ်မတော်အရာများအား ပို၍ ချမ်းသာကြွယ်ဝလာစေသော ကာလဖြစ်ပြီး ကျောက်စိမ်းနှင့် ကျွန်းသစ်ကဲ့သို့ ကချင်ပြည်နယ်၏ သဘာဝအရင်းအမြစ်များကို လက်ဝါးကြီးအုပ်ရန် အလုအယက်ကြိုးပမ်းသည့်အချိန်ဖြစ်သည်။[၁၉၁] သို့သော် ကချင်လူမျိုးအများစုအတွက်မူ အပစ်အခတ်ရပ်စဲရေးကြောင့် သစ်တောများပြုန်းတီးခြင်း၊ လယ်မြေများ အသိမ်းခံရခြင်း၊ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများ ရွှေ့ပြောင်း ရောက်ရှိလာခြင်းနှင့် အထူးသဖြင့် တပ်မတော်က နေရာအနှံ့ ပိုမိုရောက်ရှိလာခြင်းပင်ဖြစ်သည်။[၁၉၂]

၂၀၀၉ ခုနှစ်မှ စတင်ကာ အစိုးရက KIA/KIO နှင့် အခြားအပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များကို မြန်မာစစ်တပ်အောက်တွင် 'နယ်ခြားစောင့်တပ်' များ အဖြစ် တာဝန်ထမ်းဆောင်ရန် အတင်းအကျပ်တောင်းဆိုခဲ့သည်။[၁၉၃] ယင်းမှာ KIA/KIO တို့အနေဖြင့် နောက်အစိုးရသစ် တက်လာသည်အထိ လက်နက်ချရေးမချရေးကိစ္စ ဆွေးနွေးချက်ကို ဆိုင်းငံ့ထားရန် ကတိကို ချိုးဖောက်ရာရောက်ပြီး ၂၀၁၁ ခုနှစ် ဇွန်လတွင် ပဋိပက္ခကို အထွတ်အထိပ်သို့ ရောက်ရှိစေသည့် အဖြစ်အပျက်များ ဆက်တိုက် ဖြစ်ပွားခဲ့ရသည်။[၁၉၄]



KIA အား ဖားကန့်မှ ဖယ်ထုတ်လိုက်ပြီးနောက် ယခင်က ၎င်းတို့ အသုံးပြုခဲ့သော အဆောက်အဦးများကိုလည်း စွန့်လွှတ်ခဲ့ရသည်။ ဤပုံသည် KIA အရာရှိများ ယခင်က အသုံးပြုခဲ့သော ဆန်ခါဒေသအနီးရှိ ဂေါက်ကွင်းတစ်ခုဖြစ်သည်။ ဓါတ်ပုံ - မင်းဇေယျာ

## ဖားကန့်ပတ်ဝန်းကျင်တွင် တပ်မတော်နှင့် KIA တို့ စခန်းချထားမှု ၂၀၁၂-၂၀၁၅

ဖားကန့်ရှိ ကျောက်စိမ်းတွင်းများကို အစိုးရမှ အပြည့်အဝထိန်းချုပ်ထားနိုင်ခြင်း မဟုတ်ဟူသော ယူဆချက်များ ပျံ့နှံ့နေပြီး ထိုအချက်ကြောင့်လည်း လုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းနှင့် ထိုသို့လုပ်ဆောင်ရာ၌ ပွင့်လင်းမြင်သာမှု ရှိအောင်လုပ်ဆောင်ရန်အတွက် စောင့်ဆိုင်းရဦးမည်။ သို့သော် ဤမြေပုံတွင် ညွှန်ပြထားသည့်အတိုင်းဆိုလျှင် အစိုးရသည် အဓိကကျောက်စိမ်းထွက်ရှိရာ ဒေသများကို အပြည့်အဝ ထိန်းချုပ်ထားသည်။ KIA/KIO တို့သည် ထိုဒေသများတွင် အတော်အတန် ဆက်လက်လွှမ်းမိုးနေပြီး ကုမ္ပဏီများအပေါ် အခွန်ကောက်ခံရာတွင် အောင်မြင်မှု ရှိခဲ့သော်လည်း ဤအချက်က အစိုးရအနေဖြင့် လိုင်စင်များ ခွဲဝေချထားပေးမှု၊ လုပ်ကွက်များအပေါ် အခွန်ကောက်ခံမှု သို့မဟုတ် ပြည်သူများထံ သက်ဆိုင်ရာအချက်အလက်များနှင့် အခြားအကြောင်းအရာများကို ပြည်သူလူထုထံ ထုတ်ပြန်ရန် ၎င်း၏ စွမ်းဆောင်ရည်ကို ဟန့်တားနိုင်ခြင်းမရှိပေ။



## အားလုံး ဆုံးရှုံးရတော့မည့် လိုင်စင်ရ ကျောက်စိမ်းတူး ဖော်ရေးကုမ္ပဏီများ

*"အပစ်အခတ်ရပ်စဲထားတာပဲဖြစ်ဖြစ် မရပ်ထားတာပဲဖြစ်ဖြစ် သူတို့က ကျောက်စိမ်းကို တတ်နိုင်သလောက် အများဆုံး ရချင်တယ်။ အဲ့ဒါ သူတို့ အစီအစဉ်ပဲ။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၃၉၅]

ဤအစီရင်ခံစာ အစောပိုင်းတွင် အကျဉ်းချုပ်ရေးသားထားခဲ့သော ကျောက်စိမ်းတူးဖော်ရေး အဓိကလုပ်ကိုင်သော ကုမ္ပဏီကြီးများသည် ဖားကန့်ဒေသအပေါ် အစိုးရအနေဖြင့် ထိန်းချုပ်နိုင်ခြင်းမရှိတော့သည့်အခါ သို့မဟုတ် ကချင်ပြည်နယ်၏ တိုင်းရင်းသားများအတွက် အကျိုးအမြတ်များ ပိုမိုပေးကမ်းရမည့် စနစ်တစ်ခုကို စတင်မိတ်ဆက်သည့်အခါ အကြီးမားဆုံး ဆုံးရှုံးမည့်သူများ ဖြစ်လာကြလိမ့်မည်။ ကျောက်စိမ်းကုမ္ပဏီကြီးများ၏ နောက်ကွယ်တွင် ရပ်တည်နေကြသော အချို့သော မိသားစုများသည် အာဏာအလွန်ရှိပြီး အထူးထင်ရှားသည်မှာ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ၊ ဝန်ကြီးဦးအုန်းမြင့်၊ နှင့် USDP ၏ အထွေထွေအတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်းတို့၏ မိသားစုဝင်များ ဖြစ်သည်။[၃၉၆] ထို့အပြင် စစ်တပ်ကုမ္ပဏီဖြစ်သော MEHL သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စစ်အာဏာရှင်အဖွဲ့နှင့် ဆက်စပ်နေသော အငြိမ်းစားစစ်တပ်အရာရှိများအတွက် ရင်းနှီးမြှုပ်နှံမှုပြုရာ နေရာတစ်ခုလည်းဖြစ်သည်။[၃၉၇] အခြားသော ကုမ္ပဏီများသည်လည်း အင်အားကြီးမားသော စစ်တပ်ခေါင်းဆောင်များနှင့် ချိတ်ဆက်မှုရှိကြောင်း ယုံကြည်ရသည်။[၃၉၈]

၂၀၁၁ ခုနှစ် သို့မဟုတ် ၂၀၁၂ ခုနှစ်အစောပိုင်းတွင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီကြီးများသည် အစိုးရထံ ချဉ်းကပ်ခဲ့ပြီး ကျောက်စိမ်းတူးဖော်ရေး ဒေသတဝိုက်တွင် KIA တို့ ရှိနေသည်ကို ဖယ်ထုတ်ရန် ထိုးစစ်ဆင်ရန် တောင်းဆိုခဲ့သည်ဟု သတင်းရင်းမြစ်ပေါင်းများစွာအရ သိရသည်။[၃၉၉] ၂၀၁၂ ခုနှစ် နှစ်ဝက်ပိုင်းတွင် တပ်မတော်သည် ဖားကန့်ရှိ KIA တို့ကို အထူးစစ်ဆင်ရေး ဆင်နွှဲပြီး တိုက်ခိုက်ခဲ့သည်။ ဤအခန်းတွင် ပါရှိသော မြေပုံတွင် ပြသထားသည့်အတိုင်း ထိန်းချုပ်နိုင်ခဲ့သော နေရာများသည် ကုမ္ပဏီများ မျက်စိကျနေသော နေရာများ ဖြစ်သည်။

## ကျောက်စိမ်းတွင်းတွေထဲက မာဖီးယား - တပ်မတော်နှင့် ကျောက်စိမ်း

*"ဒီနေရာမှာ ဘာစည်းမျဉ်းမှ မရှိဘူး၊ တပ်ရင်းမှူး၊ အရာရှိငယ်တွေနဲ့ အခြားသူတွေက ဒီကျောက်စိမ်းတွေကနေ အကျိုးအမြတ်ပဲ လိုချင်တာ။ ကျွန်တော်တို့က လုံလုံလောက်လောက်မပေးဘူးဆိုရင် သူတို့ရဲ့ ကြားခံအဖွဲ့တွေ ရောက်လာပြီး ပိုက်ဆံ ပိုတောင်းကြတယ်။"*

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး[၄၀၀]

ဖားကန့်ဒေသတွင် တပ်မတော်၏ အဓိက ဦးစားပေးအချက်မှာ ကျောက်စိမ်းလုပ်ငန်းမှ ရနိုင်သလောက် ပိုက်ဆံညှစ်ထုတ်ရန်ဖြစ်ပြီး ဤအရေးကြီးသည့်အချက်ကြောင့် KIA ကို တိုက်ခိုက်ရန် လုပ်ဆောင်ချက်ကို အလေးထားလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီကြီးများအနေဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးနှင့် ကျောက်စိမ်းများ တရားမဝင်ရောင်းချနိုင်ရေးအတွက် စစ်တပ်အား လာဘ်ထိုးရသော်လည်း တစ်နိုင်တစ်ပိုင်တူးဖော်သူများနှင့် ရောင်းဝယ်သူများ ပေးကမ်းရခြင်းမှာမူ မတန်တဆ ဖြစ်နေပါသည်။

စစ်တပ်အရာရှိများသည် တစ်နိုင်တစ်ပိုင် ကျောက်တူးသမားများ တွေ့ရှိသည့် ကျောက်စိမ်းတန်ဖိုး၏ ၂၀% နှုန်းကို ခြိမ်းခြောက်တောင်းဆိုရန် ပွဲစားများ၊ သတင်းပေးများနှင့် အရပ်ဝတ်ရဲများနှင့်အတူ အလုပ်လုပ်သည်။[၄၀၁] တပ်မတော်သည် ကုမ္ပဏီများအတွက် လုံခြုံရေးယူပေးပြီး ငွေကြေးများ ရယူနေသည်။[၄၀၂] ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီတစ်ခုမှ ပြောပြချက်အရ လိုင်စင်ကုမ္ပဏီများသည် ဗျူဟာမှူး - ဖားကန့်ရှိ စစ်တပ်ခေါင်းဆောင် - ထံ တစ်ကြိမ်လျှင် သိန်း ၅၀ မှ ၁၀၀ အထိ (အမေရိကန်ဒေါ်လာ ၅,၀၀၀ မှ ၁၀,၀၀၀) ပေးရပြီး ၎င်းတို့၏ မော်တွင် စတည်းချသော စစ်သားများ သို့မဟုတ် ရဲများအတွက် ထောက်ပံ့ကြေးများလည်းပေးဆောင်ကြောင်း သိရသည်။[၄၀၃]



လုံးခင်းဒေသ ကျောက်စိမ်းတူးဖော်ရာနေရာမှဖြတ်၍ တပ်တော် စစ်သားတစ်ယောက် လမ်းလျှောက်လာနေပုံဖြစ်သည်။ တရားမဝင် ကျောက်တူးသမားများကို ဖမ်းစီးရန် ရဲနှင့် စစ်တပ်အဖွဲ့များ ရောက်လာစဉ် ကျောက်တူးသမား၏ မိသားစုများက နောက်ဖက်တွင် ရပ်၍ အော်နေကြသည်။ တပ်မတော်သည် တရားမဝင်ကျောက်တူးသမားများထံမှ စနစ်တကျဖြင့် ငွေညှစ်ပြီး တွေ့သမျှ ကျောက်စိမ်းတန်ဖိုး၏ ၂၀% ပေးချေရန် တောင်းဆိုထားသည်၊ ထို့ကြောင့် အပိုဝင်ငွေများ စဉ်ဆက်မပြတ် ရရှိနေကြသည်။
ဓါတ်ပုံ - မင်းဇေယျာ

တပ်မတော်အတွက် အခြား အဓိက ဝင်ငွေရလမ်းတစ်ခုမှာ တရုတ်သို့ ကျောက်စိမ်းများ ခိုးထုတ်သော ကုမ္ပဏီများနှင့် ကယ်ရီသမားများထံမှ ရရှိသော လာဘ်ထိုးငွေများဖြစ်သည်။ ကုမ္ပဏီကြီးများနှင့် လုပ်ငန်းအထာကျနေပြီဖြစ်သော ကယ်ရီသမားများသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး - ကချင်ပြည်နယ်ရှိ အဆင့်အမြင့်ဆုံး အရာရှိ - နှင့် အခြား စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများ၊ ရဲအရာရှိများနှင့် အခြားအေဂျင်စီများနှင့် ဆက်ဆံရေးကောင်းမွန်စေရန်

ချဉ်းကပ်ထားရပြီး ၎င်းတို့ထံ စနစ်တစ်ကျ လာဘ်ထိုးရသည်။[၄၀၄] ၂၀၁၄ နှင့် ၂၀၁၅ အတွင်း ဖားကန့် အပြင်ဘက် လမ်းများပေါ်ရှိ အဓိက စစ်ဆေးရေးဂိတ်များကို နောက်စာမျက်နှာ၏ မြေပုံတွင် ပြသထားသည်။[၄၀၅] Global Witness က ထိုစစ်ဆေးရေးဂိတ်များ မည်သို့အလုပ်လုပ်သည်ကို ပြောပြသည့် အထူး ကယ်ရီသမားများအား တွေ့ဆုံ မေးမြန်းခဲ့သည်-

- ပါဝါအကြီးဆုံးနှင့် ချိတ်ဆက်မှုအကောင်းဆုံး ကုမ္ပဏီကြီးများ၏ ကုန်တင်ကားများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ လက်ထောက်အရာရှိကြီးကဲ့သို့ အရာရှိ သို့မဟုတ် စစ်သားများ စောင့်ရှောက်ပေးသောကြောင့် စစ်ဆေးရေးဂိတ်များကို အဟန့်အတားမရှိ ဖြတ်ကျော်နိုင်သည်။[၄၀၆]
- အလယ်အလတ်တန်းစား ကယ်ရီသမားများကမူ စစ်ဆေးရေးဂိတ်များတွင် လာဘ်ထိုးရန် ကားတစ်စီးကို ကြိုလွှတ်ထားရသည်။[၄၀၇] စစ်ဆေးရေးဂိတ်ရှိ အရာရှိများထံ လာဘ်ထိုးသည့် ကိုယ်စားလှယ်များက ကျောက်စိမ်းသယ်လာသော ကားကို မှားယွင်းပြီး ရပ်ခိုင်း စစ်ဆေးခြင်းမပြုစေရန် ထိုကား၏ နံပါတ် ပေးထားရသည်။[၄၀၈]
- ချိတ်ဆက်မှုမရှိသော၊ ပိုက်ဆံမရှိသော ကယ်ရီသမားများကမူ ကျောက်စိမ်းကို ဝှက်၍ သယ်ယူရသည်။ ဖမ်းမိပါက ၎င်းတို့ သယ်ယူသည့်ကျောက်စိမ်းတန်ဖိုးထက် မြင့်မားသည့် နှုန်းတစ်ခုကို လာဘ်ထိုးရသည်။[၄၀] ဇမပေးပါက တရားစွဲခံရပြီး နှစ်ပေါင်းများစွာတိုင် ထောင်ကျခံရနိုင်သည်။[၄၁၀]

ဖားကန့်ရှိ အခြေအနေများကို အနီးကပ်လေ့လာသုံးသပ်သူတစ်ဦးက တပ်မတော်နှင့် KIA/KIO တို့သည် ကျောက်စိမ်းအရောင်း အဝယ်ပြုလုပ်ရာတွင် နှစ်ဦးနှစ်ဖက် ရေရှည် အကျိုးအမြတ်ရရှိစေရန် ပူးပေါင်းကြံစည်ကြသည်ဟု ဆိုသည်။ တပ်မတော်သည် KIA/KIO ၏ ကျောက်စိမ်းသယ်ယူသည့် လမ်းကြောင်းများကို မသိချင်ယောင်ဆောင်ထားပေးသည်ဟု အခြားလေ့လာသုံးသပ်သူတစ်ဦးကလည်း "ဘာတွေလည်းဆိုတာ သူတို့ သိတယ်၊ ဒါပေမယ့် ဘာမှ မပြောဘူး" ဟု ပြောသည်။[၄၁၁] အခြားတစ်ဦးကလည်း တပ်မတော်နှင့် KIA တို့သည် ဖားကန့်တွင် ထူးခြားသည့်ကျောက်စိမ်းတွေ့ရှိမှုများအတွက် အသီးသီးက အခွန် မည်မျှကောက်ခံမည်ကို သဘောတူညီချက် ပြုလုပ်ထားပုံကို ပြောပြသည်။[၄၁၂]

> *"တိုက်တာက တိုက်တာပဲ၊ ဒါပေမယ့် စီးပွားရေးက စီးပွားရေးပဲ။ တစ်ခါတလေကျတော့ ဆက်ဆံရေးက အရမ်းကောင်းပါတယ်။"*[၄၁၃]
>
> KIA/KIO ထောက်လှမ်းရေးအရာရှိ

တပ်မတော်ဗျူဟာမှူးနှင့် KIA တပ်ရင်း ၆ တို့သည် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသည့် ကျောက်တူးသမားများထံမှ ငွေကြေးကောက်ခံရန်နှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားရန် တူညီသည့်ကျောက်စိမ်းပွဲစားများကို အသုံးပြုသည်၊ သို့မှသာ လက်နက်ကိုင်ပြီး ထိပ်တိုက်တွေ့ကြမည့် နားလည်မှု လွဲမှားမည့်အခြေအနေများကို လျှော့ချနိုင်မည်ဖြစ်သည်။[၄၁၄] ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် တပ်မတော်နှင့် KIA တို့အကြား လိပ်ခဲတည်းလည်းဖြစ်နေချိန်အတွင်း ဖားကန့်ရှိ ဗျူဟာမှူးက ကျောက်စိမ်းပွဲစားမှတဆင့် အဆင့်တူ KIA အရာရှိထံ စာတိုတစ်စောင်ပေးပို့ခဲ့ပြီး ၎င်းသည် တိုက်ခိုက်လိုခြင်းမရှိကြောင်း၊ သို့သော် နေပြည်တော်မှ ညွှန်ကြားချက်ကို လိုက်နာရန် တွန်းအားပေးခံရကြောင်း ရေးသားခဲ့သည်။[၄၁၅]

ကမ္ဘာပေါ်ရှိ အခြား စစ်ပွဲစီးပွားရေးကိစ္စရပ်များကဲ့သို့ပင် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် အလုံးစုံ စစ်ပွဲများသည် ကချင်ပြည်နယ်ရှိ စစ်ဘက်ဆိုင်ရာ စွမ်းဆောင်ရှင်များ၏ အဓိကရန်သူများပင် ဖြစ်သည်။ ၎င်းတို့ ဖြစ်စေချင်သည့်ပုံစံမှာ အညိုရောင်နယ်မြေ ပုံစံမျိုး ဖြစ်နေသည်။ ဆိုလိုသည်မှာ ငြိမ်းခြောက် ငွေညှစ်နိုင်ရန်သာ လိုအပ်သည့် တပ်များကို ချထားချင်ပြီး အမှန်တကယ် စစ်ဖြစ်မည်ကိုလည်း မလိုလားကြပေ။ အစိုးရနှင့် ပြင်ပအဖွဲ့များအတွင်းရှိ ငြိမ်းချမ်းရေးဆွေးနွေးနေသူများ အနေဖြင့် ခိုင်မာသည့် ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရေးအတွက် တပ်မတော်ကို ဆွဲဆောင်စည်းရုံးမည်ဆိုလျှင် ဤကဲ့သို့သော မက်လုံးများနှင့် အပြုအမူပုံစံများရှိနေသည်ကို အသိအမှတ်ပြုပြီး ဆန့်ကျင်ကန့်ကွက်ရမည် ဖြစ်သည်။

## KIA/KIO ၏ အဓိက သွေးကြော

> *"မြန်မာစစ်အစိုးရ ပြောတာက KIA/KIO ရဲ့ အဓိက သွေးကြောက ဖားကန့်ဖြစ်တယ်။ ဒါကြောင့် ဒီအသက်သွေးကြောကို ဖျက်ဆီးရမယ်လို့ ပြောပါတယ်။ သူတို့က ကျွန်တော်တို့နဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး မတိုက်ပါဘူး၊ ဒါပေမယ့် နောက်ကွယ်ကနေ လုပ်နေတာပါ"*
>
> KIA/KIO အရာရှိ၊ ၂၀၀၂[၄၁၆]

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ပဋိပက္ခများပြန်လည်ဖြစ်ပွားသည့်အခါ KIA/KIO တို့အတွက် ဖားကန့်ကို အဓိက ဗျူဟာမြောက် ပစ်မှတ်ဖြစ်လာသည်။ အဖွဲ့၏ ကိုယ်စားလှယ်က Global Witness ထံ စာရေးသား ပေးပို့ရာ၌ ၎င်းတို့၏ ရည်ရွယ်ချက်မှာ "ထိုဒေသကို ပြန်လည်ထိန်းချုပ်ရန်နှင့် ကျောက်စိမ်းလုပ်ငန်းကို စီမံအုပ်ချုပ်နိုင်ရန်" ဖြစ်ကြောင်း ရေးသားခဲ့သည်။[၄၁၇] လက်တွေ့တွင်မူ KIA တပ်များကို ဖားကန့်နှင့် ပတ်ဝန်းကျင်ဒေသများတွင် တပ်ဖြန့်ထားပြီး ကျောက်စိမ်းတွင်း လုပ်ကွက်များအပေါ် အခွန်ကောက်ခံခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသည့် ကျောက်တူးသမားများနှင့် ကျောက်စိမ်းအရောင်းအဝယ်ပြုလုပ်သူများအား အခွန်ကောက်ခံခြင်းတို့မှာ အခြေခံလုပ်ဆောင်မှုတစ်ခု ဖြစ်သည်။[၄၁၈]


ကျောက်စိမ်းသယ်ယူသည့်
လမ်းကြောင်းများ - ကချင်ပြည်နယ်
အဓိက ကျောက်စိမ်းတွင်းများ
ဖားကန့်မြို့
ကာမိုင်းမြို့
မိုးကောင်းမြို့
ဟိုပင်မြို့
အင်းတော်ကြီး
ကန်
မြစ်ကြီးနားမြို့
ဆဒုံးမြို့
ဗန်းမော်မြို့
မိုးမောက်မြို့
NDA-K / နယ်ခြား
စောင့်တပ်
ပန်ဝါ
မြန်မာအစိုးရ
ကန်ပိုက်တီ
KIA/KIO
ဆုဒုန်
KIA/KIO
ခါရန်း
KIA/KIO
လိုင်ဇာ
ထိန်ချုံး
ယင်ကျန်း
KIA/KIO
MAI JA YANG
မြန်မာအစိုးရ
လွယ်ဂျယ်
ရွှေလီ
မြန်မာအစိုးရ
မူဆယ်
ဧရာဝတီ
ချင်းတွင်း
မလိခ
မေခ
ရွှေလီ
ဥရု
၅၀ ကီလိုမီတာ
အညွှန်း
ဖားကန့် ကျောက်စိမ်းတွင်းများ
လမ်းများမှ ကျောက်စိမ်းသယ်သည့် လမ်းကြောင်း
မြစ်များမှ ကျောက်စိမ်းသယ်သည့် လမ်းကြောင်း
လူသွားလမ်းမှ ကျောက်စိမ်းသယ်သည့် လမ်းကြောင်း
ရထားဖြင့် ကျောက်စိမ်းသယ်သည့် လမ်းကြောင်း
အစိုးရဌာနများ စုပေါင်း စစ်ဆေးရေးဂိတ်
တပ်မတော် စစ်ဆေးရေးဂိတ်
တပ်မတော် နှင့် ရဲ စစ်ဆေးရေးဂိတ်
ရဲ စစ်ဆေးရေးဂိတ်
KIA စစ်ဆေးရေးဂိတ်
မြစ်များ
ပြည်နယ်နှင့် တိုင်း နယ်စပ်မျဉ်း



KIA ရှေ့တန်းတပ်များနှင့် ပင်မ အခြေစိုက်စခန်းတို့အကြား အစားအစာသယ်ယူပို့ဆောင်ပေးသည့် ဆင်များသည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပင်မ ကျောက်စိမ်းတွင်းများ၏ မြောက်ဘက် KIA စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်နေစဉ်။ ၂၀၁၁ ခုနှစ်အတွင်း အစိုးရနှင့် KIA/KIO တို့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြယ်သွားသည့်အခါ KIA/KIO က ဖားကန့်ကို အဓိက ဗျူဟာကျသည့်နေရာအဖြစ် သတ်မှတ်လိုက်ပြီး ကျောက်စိမ်းကုမ္ပဏီများနှင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သည့် ကျောက်တူးသမားများထံမှ အခွန်ကောက်ခံရန်နှင့် ကျောက်စိမ်းရောင်းဝယ်ရေးတွင် ၎င်းကိုယ်တိုင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် ဖားကန့်ဒေသတွင်းနှင့် ဒေသတိုက်တွင် တပ်များ ဖြန့်ထားခဲ့သည်။ ၂၀၁၃ ခုနှစ်အစပိုင်းတွင် ကျောက်စိမ်းတွင်းကြီးများရှိသည့် ဒေသတွင် စခန်းချထားသော KIA ၏ တပ်များအား တပ်မတော်မှ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည်။ ဓါတ်ပုံ - မင်းဇေယျာ

KIA/KIO တို့၏ ရှုထောင့်မှကြည့်လျှင် အစိုးရသည် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့သည်။ ထို့ကြောင့် ကျောက်စိမ်းတူးဖော်သည့်နေရာများသို့ မဝင်ရောက်ရန်နှင့် ကုမ္ပဏီများအပေါ် အခွန် မကောက်ခံရန်ဟူသော သဘောတူညီချက်သည်လည်း တရားမဝင်တော့ဘဲ ပျက်ပြယ်သွားသည့် အဓိပ္ပာယ် ဖြစ်သည်။ KIA/KIO ၏လိုင်ဇာ ရုံးချုပ်ရှိ အရာရှိများက အခွန်တောင်းခံသော စာကို ပင်မ လိုင်စင်ရယူထားသူများထံ ပေးပို့ခဲ့သည်၊ KIA/KIO နှင့် နီးစပ်သော ရင်းမြစ်တစ်ခုထံမှ ပြောပြချက်အရ လုပ်ပိုင်ခွင့် ရယူထားသည့် ကုမ္ပဏီကြီးများသည် အမေရိကန် ဒေါ်လာ ၁၀၀,၀၀၀ နှင့် ဒေါ်လာ ၅၀၀,၀၀၀ ကြားပေးရကြောင်း သိရသည်။[၄၁၉] ၂၀၁၂ ခုနှစ် ဇန်နဝါရီလတစ်လတည်းတွင်ပင် KIA/KIO သည် ကုမ္ပဏီများထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ကောက်ခံခဲ့သည်။[၄၂၀] အကြီးတန်းဝန်ကြီးများသည် ဒေါသထွက်ကြပြီး KIA/KIO ကိုယ်တိုင်လည်း ထိုသို့အောင်မြင်စွာ ကောက်ခံနိုင်မှုအတွက် အံ့အားသင့်ခဲ့ရသည်။[၄၂၁] ထို့နောက် နေပြည်တော်အစိုးရက KIA/KIO တို့ ကျောက်စိမ်းလုပ်ငန်းမှ ဝင်ငွေရရှိနေသည်ကို ရပ်တန့်ရန် ထင်ရှားသည့် ကြိုးစားမှုတစ်ခုအဖြစ် ၂၀၁၂ ခုနှစ်၊ မေလမှစတင်ကာ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့သည်။

*"နိုင်ငံရေး ပြဿနာတွေကို မဖြေရှင်းရသေးခင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးတွေကို စတင်မယ်ဆိုရင် အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အုပ်စုတွေအကြားမှာ ပဋိပက္ခတွေ ပိုပြီး ကြီးထွားလာပါမယ်၊ အစိုးရနဲ့ ဒေသခံအဖွဲ့အစည်းတွေကြားမှာလည်း ပဋိပက္ခတွေ ပိုပြီး တိုးပွားလာပါမယ်။ ဒါကြောင့် စီမံကိန်းအသစ်အားလုံးကို ရပ်ထားရပါမယ်။"*

KDNG / ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒအကြောင်း ဆွေးနွေးချက် စာတမ်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ဆိုင်းငံ့ထားသည်များကို ရုပ်သိမ်းပြီးနောက်KIA/KIO တို့သည်

နောက်တစ်ကြိမ်ထပ်၍ ကုမ္ပဏီများအပေါ် အခွန်စကောက်ခဲ့သည်။[၄၂၂] ၎င်း၏ အခွန်ကောက်ခံရေးစနစ်သည်သတ္တုတွင်း ဝန်ကြီးဌာန အရာရှိထံမှ လျှို့ဝှက်ရယူထားသော အစိုးရ၏ ကိုယ်ပိုင်မှတ်တမ်းများအပေါ် အခြေခံထားခြင်းဖြစ်သည်။[၄၂၃] အစိုးရ၏ အချက်အလက်ပေါင်းများစွာ ပါဝင်သော ယူအက်စ်ဘီ ဖလက်ရှ်ဒရိုက် တစ်ခုကို အမေရိကန်ဒေါ်လာ ၅၀၀ ပေးပြီး ဝယ်ယူလိုက်ပြီး ယင်းတွင်ပါဝင်သော အချက်အလက်များကြောင့် KIA/KIO တို့သည် ကျောက်စိမ်း လုပ်ပိုင်ခွင့်ရသူများထံမှ ဒေါ်လာသန်းပေါင်းများစွာ အခွန်ကောက်ခံနိုင်ခဲ့သည်။[၄၂၄]

Global Witness ထံ တုန့်ပြန်ဖြေဆိုသော KIA/KIO ၏ စာထဲတွင် ၎င်း၏ ကူးသန်းရောင်းဝယ်ရေး ဌာနသည် "*ကျောက်စိမ်းလုပ်ကွက်များအပေါ် အခွန်ကောက်ခံမှုနှင့် ကျောက်စိမ်းတန်ဖိုးအပေါ် မူတည်၍ တန်ဖိုး၏ ၁၀-၂၀% နှင့် ရရှိသည့် အကျိုးအမြတ်၏ သုံးပုံတစ်ပုံအထိ အခွန်ကောက်ခံခြင်းအတွက် တာဝန်ရှိကြောင်း*" ရေးသားခဲ့သည်။ *အလုပ်လုပ်နေသည့် ကျောက်တူးသမားအရေအတွက်၊ အသုံးပြုသည့် စက်ယန္တရားအမျိုးအစားနှင့် ထိုစက်များကို မောင်းနှင်ရန်အသုံးပြုသည့် စက်သုံးဆီတို့အပေါ် အခြေခံ၍ ကုမ္ပဏီများထံမှ အခွန်ကောက်ခံခြင်းဖြစ်သည်။ ကျောက်စိမ်းတူးဖော်နေသည့် နေရာသို့ ဝင်ရောက်သူတိုင်းသည် ဝင်ကြေးပေးရသည်။*"[၄၂၅]

ကုမ္ပဏီများအပေါ် KIA/KIO တို့ အခွန်ကောက်ခံမှုသည် စာရွက်ပေါ်တွင် စနစ်တကျရှိသော်လည်း လက်တွေ့တွင်မူ ကုမ္ပဏီများမှ ပေးရသော ပမာဏကို ညှိနှိုင်း၍ရကြောင်း ၎င်း၏ ကိုယ်စားလှယ်များက Global Witness ထံ ပြောပြခဲ့သည်။[၄၂၆] ထို့အပြင် KIA/KIO တို့ ဝင်ငွေရရှိရေး ဆောင်ရွက်ချက်များနှင့် အကျွမ်းတဝင်ရှိသူများက အခွန်များကို ပွဲစားမှတဆင့် ကုမ္ပဏီများထံမှ ကောက်ခံခြင်းဖြစ်ကြောင်း ပြောပြသည်။ ထိုပွဲစားသည် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် / ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ ခေါင်းဆောင် ပေါက်ယူချန်း၏ သားမက်ဖြစ်သူ ဦးအိုက်ဟော်ဖြစ်ပြီး မူးယစ်ရာဇာ ဝေရှောက်ခန်နှင့် ဆက်နွယ်နေသော လုပ်ငန်းတစ်ခုဖြစ်သည်ဟု သိရသည်။[၄၂၇] KIA/KIO က ၎င်းသည် ဦးအိုက်ဟော် သို့မဟုတ် အခြားကြားခံအဖွဲ့များနှင့်အတူ လက်တွဲလုပ်ကိုင်သည် ဆိုသည်ကို ငြင်းဆိုထားသည်။[၄၂၈] သို့သော် KIA/KIO ၏ ကျောက်စိမ်းအပေါ် အခွန်ကောက်ခံရရှိမှုသည် အကျင့်ပျက်ခြစားမှုများကြောင့် ဆုံးရှုံးသွားရသည်ဟူသော ယူဆချက်သည် ကချင်ပြည်နယ်အတွင်း ပျံ့နှံ့နေသည်။[၄၂၉]

တပ်မတော်ကဲ့သို့ပင် KIA/KIO တို့သည် တစ်နိုင်တစ်ပိုင် ကျောက်စိမ်းတူးဖော်သူများ ရှာဖွေတွေ့ရှိသည့် ကျောက်စိမ်းတန်ဖိုး၏ ၁၀% ကို အခွန်အဖြစ် ကောက်ခံသည်။[၄၃၀] တပ်မတော်မှ ပိုမိုကောက်ခံသော ၂၀% သည် အကျင့်ပျက်ခြစားမှုတစ်ခုဖြစ်ပြီး တရားမဝင်ဖြစ်ကြောင်း အသိအမှတ်ပြုထားကြသော်လည်း KIA/KIO မှ ကောက်ခံမှုကိုမူ ကချင်လူမျိုးများက တရားဝင်သော အခွန်ကောက်ခံမှုစနစ်တစ်ခုအဖြစ် မှတ်ယူကြသည်။ အခွန်ထမ်းဆောင်သူများသည်လည်း ငွေရပြေစာကို လက်ခံ ရရှိသည်။[၄၃၁] ထိုလက်ခံပြေစာသည် အခြား မည်သည့် အဖိုးအခများထပ်ပေးရန်မလိုဘဲ တရုတ်နိုင်ငံသို့ ကျောက်စိမ်းကို နယ်စပ်ဖြတ်ကျော်လျက် ပေးပို့ရန် ခွင့်ပြုချက်လည်းဖြစ်သည်။[၄၃၂]


WUNPAWNG MUNGDAN SHANGLAWT ASUYA
HPAKA N GINWANG.
MAGUP SUM HPA LAKMAT.
03542.
NINGHTOI;- 21 / 10 / 2013
PA N0.
1. MYING;- [redacted] HKRING DAT [redacted]
2. GINLAM;- [redacted] A MATU GUMHPRAW LAP;- 500,000 /-
( [redacted] ) TUP HKAP LU LA SAI
3. TARA SHANG LADAW KAWN DU HKRA TARA SHANG RA NA.-
[redacted] [redacted]
NINGBAW HTAI WA.
VOUCHER KOMITI

ကျောက်စိမ်းအတွက် ပေးချေခဲ့သော အခွန်အတွက် KIA/KIO ထံမှ ငွေရပြေစာ။ နှစ်ဖက်စလုံးမှ တပ်များသည် တစ်နိုင်တစ်ပိုင် ကျောက်တူးသမားများထံမှ အခွန်ကောက်ခံနေသည်။ သို့သော် တပ်မတော်မှ တောင်းဆိုမှုများသည် အကျင့်ပျက်ခြစားမှုများဖြစ်သည်ဟု မှတ်ယူထားကြပြီး KIA/KIO မှ တောင်းခံမှုများကိုမူ ကချင်အများစုက တရားဝင်အခွန်ကောက်ခံခြင်းအဖြစ် ယူဆထားသည်။
ဓါတ်ပုံ - မင်းဇေယျာ




KIA ဗိုလ်ချုပ်ဂွမ်မော်သည် ပို၍ ငယ်ရွယ်ပြီး KIA/KIO ခေါင်းဆောင်မျိုးဆက်အနက် ပြုပြင်ပြောင်းလဲလိုစိတ်ရှိသူတစ်ဦးအဖြစ် ယူဆခံထားရသည်။ သို့သော KIA/KIO မှုလလက်ဟောင်းကြီးများအနေဖြင့် ၎င်းတို့၏ ကျောက်စိမ်းလုပ်ငန်းအပေါ် အခွန်ကောက်ခံသည့်စနစ်နှင့် ရရှိသည့်ငွေဖြင့် မည်သည့်အရာများ လုပ်ဆောင်နေသည်ဆိုသည်ကို ဖွင့်ချပြီး ပြုပြင်ပြောင်းလဲလိုစိတ် ရှိမရှိကမူ မေးခွန်းအဖြစ် ရှိနေဆဲပင်။ ဓါတ်ပုံ - David Mathieson

KIA/KIO ကိုယ်တိုင်သည်လည်း ဖားကန့်မှ မြောက်ဘက်သို့ သွယ်တန်းနေသော လမ်းကြောင်းများကို အသုံးပြုလျက် ကျောက်စိမ်းများကို အမြောက်အမြား ရောင်းဝယ်ကာ ပြည်ပသို့ တင်ပို့သည်။[၄၃၃] အချို့သောကိစ္စရပ်များတွင် ကျောက်စိမ်းအတွက် အခွန်ကောက်ခံသည့်အဖွဲ့များက တန်ဖိုးအပေါ် အခွန်ပေးဆောင်ကာ ကျောက်စိမ်းကို မိမိတို့ကိုယ်တိုင် တင်ပို့မည်လား သို့မဟုတ် KIA/KIO နှင့်အတူ သဘောတူညီချက်တစ်ခု ယူကာ လုပ်ဆောင်မည်လား ဆိုသည်ကို ရွေးချယ်နိုင်းသည်။ ထိုသို့သော အပေးအယူပြုလုပ်မှုများတွင် ကျောက်စိမ်းကို KIA/KIO ထံ တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် ကျောက်စိမ်း သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းတွင် ပူးပေါင်းဆောင်ရွက်ပြီး နောက်ဆုံးရောင်းချရသည့် နှုန်းထားအပေါ် ဝေစုခွဲပေးခြင်းတို့ ပါဝင်သည်။[၄၃၄] KIA/KIO လိုင်ဇာရုံးချုပ်မှတဆင့် တရုတ်နိုင်ငံသို့ ကျောက်စိမ်းများ သယ်ယူခြင်းနှင့် ၎င်းကို ပြန်လည်ရောင်းချခြင်းသည် တစ်နှစ်အထိ ကြာနိုင်ပါသည်။[၄၃၅]

ပဋိပက္ခမဖြစ်မီတွင် KIA/KIO တွင် ကျောက်စိမ်းရောင်းဝယ်ခြင်းအတွက် အထူးဖွဲ့စည်းထားသော Yingchin ဟုခေါ်သည့် ယူနန်ပြည်နယ်တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခု ရှိခဲ့သည်။[၄၃၆] ပဋိပက္ခပြန်လည်ဖြစ်ပွားခဲ့သည် ၂၀၁၂ ခုနှစ်တွင် ကုမ္ပဏီလုပ်ငန်း ရပ်သွားခဲ့သည်၊ ထိုကုမ္ပဏီအစား KIA/KIO မှ အခြားကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ခြင်းရှိမရှိမှာမူ သေသေချာချာ မသိရပါ။[၄၃၇]



ဖားကန့်ကျောက်စိမ်းတွင်းများ၏ မြောက်ဘက် KIA စစ်ဆေးရေးဂိတ်၊ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အနီးဆုံး တပ်မတော် တပ်စွဲထားသည့်နေရာမှ မီတာ ၁၀၀၀ ခန့် အကွာတွင်ရှိသည်။ အစိုးရက လိုင်စင်ရကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများထံမှ အခွန်ကောက်ခံသည့် KIA/KIO ၏ လုပ်ဆောင်နိုင်စွမ်းကို အားနည်းစေရန် လအနည်းငယ်အကြာမှာပင် ဤစစ်ဆေးရေးဂိတ်ကို တပ်မတော် စစ်ဆင်ရေးဖြင့် စီးနင်းခဲ့သည်။ ဓါတ်ပုံ - မင်းဇေယျာ

# နိဂုံး

မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းသည် ခေတ်သစ်သမိုင်းတွင် အကြီးမားဆုံး သဘာဝရင်းမြစ်များ လုယူမှုတစ်ခုဖြစ်နိုင်ပါသည်။ ပါဝင်ပတ်သက်နေသည့် စုစုပေါင်းငွေကြေးပမာဏသည် နားမလည်နိုင်လောက်အောင် မြင့်မားပြီး တာဝန်ခံမှု အဆင့်မှာမူ အောက်ဆုံးအဆင့်တွင်သာရှိသည်။ စစ်အာဏာရှင် ခေါင်းဆောင်များ၏ အရိပ်မဲကြီးများအား နိုင်ငံ၏ စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး GDP တစ်ဝက်နီးပါးခန့်ရှိသည့် လုပ်ငန်းအပေါ် လွှမ်းမိုးခွင့်ပြုနေသ၍ ကချင်ပြည်နယ်ရှိ ပဋိပက္ခ အဆုံးသတ်မည့်အချိန်ကို ခန့်မှန်းရန် ခက်ခဲပေမည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအပြင် သယံဇာတကျိန်စာမိခဲ့ကြသည့် အခြားနိုင်ငံများထံမှ သင်ယူရရှိသော သင်ခန်းစာများအရ နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှုတို့အပေါ် ခြိမ်းခြောက်မှုများ အမှန်တကယ် ရှိနေသည်ကို ပြသနေသည်။



ဖားကန့် "ရတနာမြေ" ၏ မြင်ကွင်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းဖြင့် ဒေသခံပြည်သူများအကျိုးစီးပွားဖြစ်ထွန်းစေရေး ဆောင်ရွက်မည်ဆိုလျှင် ထဲထဲဝင်ဝင်ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန် လိုအပ်သည်။ ဓါတ်ပုံ - မင်းဇေယျာ

ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့သော ပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ထိုက်တန်မှုအနည်းဆုံးပုဂ္ဂိုလ်များ ဖြစ်ရုံသာမက ဖားကန့်ရှိ ကျောက်စိမ်းများကြောင့် ချမ်းသာလာခဲ့သူများအကြား အွန္တရာယ်အကြီးမားဆုံး ပုဂ္ဂိုလ်များလည်းဖြစ်သည်။ ပို၍ စိုးရိမ်ဖွယ်ကောင်းနေသည်မှာ ကျွန်ုပ်တို့သည် အပေါ်ယံကိုသာ ဖော်ထုတ်နိုင်သေးခြင်းဖြစ်သည်။ အများမှ ယူဆထားသလို အဓိက ကျောက်စိမ်းကုမ္ပဏီများအားလုံးကို စစ်တပ်မိသားစုများမှ ထိန်းချုပ်နေလျှင် မည်သို့ ဖြစ်ပွားမည်နည်း။ တရုတ်နိုင်ငံရှိ မည်သူက အကျိုးအမြတ်ခံစားနေသနည်း၊ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံတွင် ကန့်လန့်ကာနောက်ကွယ်၌ မည်သို့သော လွှမ်းမိုးမှုများကို ၎င်းတို့ အသုံးပြုနေကြသနည်းဟူသည့် ပြဿနာလည်း ရှိနေသေးသည်။ ဤမေးခွန်းသည် ကျွန်ုပ်တို့ မဖြေနိုင်သေးသည့် မေးခွန်းဖြစ်သော်လည်း ကျောက်စိမ်းမှ ရရှိသော ငွေအမြောက်အမြားသည် မြန်မာနိုင်ငံအပြင် တရုတ်နိုင်ငံဘက်ခြမ်း နယ်စပ်တွင် စုပုံနေသည်မှာ သိသာထင်ရှားပေသည်။

စိန်ခေါ်မှုမှာ အလွန်ကြီးမားပါသည်။ နေပြည်တော်ရှိ ပြုပြင်ပြောင်းလဲရေးသမားများအနေဖြင့်လည်း လက်ရှိ ဖြစ်ပွားနေသည်များကို ရင်ဆိုင်ရန် အဘယ်ကြောင့် ဝန်လေးနေသည်ကို အလွယ်တကူပင် မြင်တွေ့နိုင်ပါသည်။ ပဋိပက္ခဖြစ်မှု သို့မဟုတ် ဖိနှိပ်မှုတို့မှ ထွက်ပေါ်လာသော နိုင်ငံများရှိ အစိုးရအများစုသည် သဘာဝအရင်းအမြစ်များထံမှ

မည်သူတို့ အကျိုးအမြတ်ခံစားနေသနည်းဟူသော မေးခွန်းကို ရှောင်ရန် ကြိုးစားနေကြသည်။ ဤတွက်ချက်မှုသည် ရှုပ်လည်းရှုပ်ထွေးလှသော များလည်းစွဲသော (grand bargain)ဟူသော မရေးရာသည့် အယူအဆကို တစ်ခါတစ်ရံ ကျောထောက်နောက်ခံပြုထားသည်။ grand bargain ဆိုသည်မှာ အာဏာရှင်များ၊ သူပုန်များနှင့် တပ်မှူးများအတွက် နိုင်ငံ၏ အရင်းအမြစ်များထဲမှ ပမာဏကြီးကြီးမားမား ခွဲတမ်းချပေးလိုက်ပြီး ၎င်းတို့မှလည်း လိုက်လံနောက်ယှက် ဖျက်စီးမှုမပြုရန် သဘောတူစေခြင်း ဖြစ်သည်။

ထိုနည်းလမ်းသည် သိပ် အလုပ်မဖြစ်ပေ။ များပြားလှသော အရင်းအမြစ်များကို လုယူလိုက်ခြင်းသည် ဒေသခံများ ရသင့်ရထိုက် ခံစားသင့်ခံစားထိုက်သော ပိုမိုကောင်းမွန်သည့် ဘဝတည်ဆောက်နိုင်ရန် အခွင့်အရေးကောင်းများကို ဓါးပြတိုက် လုယူလိုက်ခြင်းပင်ဖြစ်သည်။ ယင်းသည် လူထောက်ခံမှုမရှိသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေး ဆန့်ကျင်သူများကို အားကောင်းစေသကဲ့သို့ ၎င်းတို့အား အရေးပေါ်သုံးရန်ထားသည့် ပစ္စည်းဘဏ္ဍာတိုက်သော့ကို ပေးအပ်လိုက်ပါက တစ်ကျော့ပြန် ခေါင်းထောင်လာနိုင်ပါသည်။

ဤသို့သော ကြမ္မာဆိုးကို ရှောင်ကြဉ်ရန် မြန်မာနိုင်ငံတွင် အခွင့်အရေးကောင်းတစ်ခု ရှိခဲ့သည်။ အကန့်အသတ်များရှိနေသော်လည်း ဦးသိန်းစိန်အစိုးရသည် သဘာဝအရင်းအမြစ်များအပေါ် စီမံအုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်လျှင် အလွန်အရေးပါသည့် စံသတ်မှတ်ချက်အဆင့်အချို့ကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် နောက်ဆက်ခံသည့် အစိုးရအတွက် လက်ရှိအခြေအနေမှ နောက်ပြန်ဆုတ်ရန် မဖြစ်နိုင်ဟု မဆိုနိုင်သော်လည်း နောက်ကြောင်းပြန်ရန် ခက်ခဲပါမည်။ ယခုအချိန်တွင် မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးက အာရုံစိုက်နေကြသည်။

မြန်မာနိုင်ငံ၏ နောက်လာမည့်အစိုးရကို မည်သူပင် ဦးဆောင်သည်ဖြစ်စေ ၎င်းတွင် လက်ရှိ ကြုံတွေ့နေရသော ကျိန်စာကို ကချင်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများအတွက် ကောင်းချီးမင်္ဂလာတစ်ပါးအဖြစ် ပြောင်းလဲမည်ဆိုလျှင် ကျောက်စိမ်းလောကကို ပြုပြင်ပြောင်းလဲရန်မှာ အခွင့်အရေးများ ရှိနေပေသည်။ အမှန်ဆိုရလျှင် မြန်မာနိုင်ငံကို ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ချမ်းသာကြွယ်ဝသော နိုင်ငံတော်ဖြစ်အောင် တည်ဆောက်မည်ဆိုလျှင် ဤသို့ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရန်လိုသည်။ ထို့အပြင် အဓမ္မလုယူနေမှုများသည် အရှိန်မြှင့်တင်လာသည့်အတွက် အစိုးရသည် လျှင်မြန်စွာ လုပ်ဆောင်ရန် လိုအပ်လိမ့်မည်။

တက်လာမည့် အစိုးရသစ်အနေဖြင့် ဦးစားပေးလုပ်ဆောင်ရမည့်အရာများကို အရေးတကြီးလုပ်ဆောင်သင့်ပြီး ကျောက်စိမ်းလုပ်ငန်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံလုပ်ဆောင်ရန်အပြင် အရင်းအမြစ်များ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်နေသော ပြဿနာများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားရန် ပူးပေါင်းဆောင်ရွက်သင့်သည်။ အောင်မြင်မှုရစေရန် နိုင်ငံတကာရှိ လုပ်ငန်းဖက်များထံမှ ထောက်ပံ့မှုများလည်း လိုအပ်လိမ့်မည်။ ထို့ကြောင့် ဤအစီရင်ခံစာရှေ့ပိုင်းတွင် ပြည်ပမှ အစိုးရနှင့် နိုင်ငံတကာမှ အဖွဲ့အစည်းများအပြင် သမိုင်းတွင်မည့် နိုင်ဝင်ဘာလရွေးကောက်ပွဲတွင် အနိုင်ရရှိမည့်သူများအတွက် အကြံပြုချက်များ ပေးထားခြင်းဖြစ်သည်။

# ဝေါဟာရနှင့် အတိုကောက်များ

| | |
|---|---|
| အကျိုးတူ | နိုင်ငံပိုင်လုပ်ငန်းဖြစ်သော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နှင့် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတို့အကြား ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်ပြီး နိုင်ငံပိုင်လုပ်ငန်းက အခွန်ထမ်းဆောင်ပြီး ရောင်းချရငွေ၏ ၄၀% ကိုယူကာ၊ ကုမ္ပဏီက ၆၀% ယူခြင်းဖြစ်သည်။ |
| အကျိုးအမြတ်ခံစားသူပိုင်ရှင် (သို့မဟုတ် 'နောက်ဆုံး-အကျိုးအမြတ်ခံစား-သူပိုင်ရှင်') | ကုမ္ပဏီ၏ နောက်ဆုံးအကျိုးအမြတ်ခံစားသူပိုင်ရှင်ဆိုသည်မှာ ကုမ္ပဏီကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နောက်ဆုံးပိုင်ဆိုင်သူများ (သို့မဟုတ် ပိုင်ဆိုင်သူတစ်ဦး) ကို ဆိုလိုသည်။ ကုမ္ပဏီ၏လုပ်ကိုင်မှုမှန်သမျှကို ထိန်းချုပ်သူ နှင့်/သို့မဟုတ် အကျိုးအမြတ်ကို နောက်ဆုံးလက်ခံရရှိသူကို ဆိုလိုခြင်းဖြစ်သည်။ အရေးကြီးသည့် အချက် အနေဖြင့်ဆိုလျှင် အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်သည် အစစ်အမှန်ဖြစ်ရမည်၊ အသက်ရှင်နေသူဖြစ်ရမည်၊ အခြားကုမ္ပဏီ တစ်ခု သို့မဟုတ် ထိန်းသိမ်းပေးသည့် ထရပ်စ်အဖွဲ့တစ်ခု မဖြစ်စေရ။ မတူကွဲပြားသည့် ကုမ္ပဏီအမျိုးအစားများပါဝင်သည့်အပြင် အချို့ကိစ္စရပ်များတွင် ပိုင်ဆိုင်မှုအတွက် နှင့်/သို့မဟုတ် ထိန်းချုပ်မှုအတွက် ပိုင်ဆိုင်မှု သီးသန့် သဘောတူညီချက်များ ပါဝင်သော ရှုပ်ထွေးလှသည့် ပိုင်ဆိုင်မှု ဖွဲ့စည်းတည်ဆောက်ပုံများရှိသော ကုမ္ပဏီများတွင် အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များမှာ အုပ်ချုပ်မှုပိုင်းကွင်းဆက်၏ ထိပ်ဆုံးရှိ ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။ |
| DICA | မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန DICA သည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ၏ ကုမ္ပဏီများ မှတ်ပုံတင်ရေးကို စီမံဆောင်ရွက်ရသည့် ဌာနဖြစ်သည်။ |
| EITI | သယံဇာတ အရင်းအမြစ်များ ထုတ်ယူမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် EITI သည် လက်ရှိ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် တစ်ကမ္ဘာလုံးမှ သတ်မှတ်ထားသော အခြေခံစံနှုန်းတစ်ခုဖြစ်သည်။ |
| ဖားကန့် | ကမ္ဘာပေါ်တွင် အဖိုးအတန်ဆုံး တန်ဖိုးမြင့် ဂျေဒိုက် ကျောက်စိမ်း (jadeite) များထွက်ရှိရာ မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်း ကချင်ပြည်နယ်တွင် ရှိသော ဒေသတစ်ခုဖြစ်သည်။ |
| ဂျိတ်အက် ဥပဒေ | တွမ် လန်းတော့စ်၏ ၂၀၀၈ ခုနှစ် မြန်မာ့ကျောက်မျက်များ အမေရိကန်သို့ တင်သွင်းမှု ပိတ်ပင်သည့် ဥပဒေ (စစ်အစိုးရ၏ ဒီမိုကရေစီ ဆန့်ကျင်ရေး လုပ်ရပ်များ အပေါ် အရေးယူသည့် ဥပဒေ) ယင်းသည် မြန်မာနိုင်ငံမှ ကျောက်စိမ်းနှင့် ပတ္တမြားများ တင်သွင်းခြင်းကို တားမြစ်ထားသည့် အမေရိကန်ဥပဒေဖြစ်သည်။ |
| KIA | ကချင်လွတ်လပ်ရေးတပ်မတော်။ ကချင်တိုင်းရင်းသားအဖွဲ့ကို ကိုယ်စားပြုသော အစိုးရအဖွဲ့မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့ |
| KIO | ကချင်လွတ်လပ်ရေးအဖွဲ့။ ကချင်လွတ်လပ်ရေးတပ်မတော်၏ နိုင်ငံရေးပိုင်းဆိုင်ရာအဖွဲ့ဖြစ်သည်။ |
| ကျပ် | မြန်မာနိုင်ငံ၏ ငွေကြေး |
| လောပန်း | ကျောက်စိမ်းတွင်းသူဌေးကို ရည်ညွှန်းသော ဖားကန့်တွင်အသုံးပြုသည့် တရုတ်စကားလုံး ဤဝေါဟာရသည် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သည့် (အများအားဖြင့် တရားမဝင်ပါ) ကျောက်တူးသမားများအပေါ် စီမံအုပ်ချုပ်သူကို ရည်ညွှန်းပါသည်။ |
| MEC | မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း။ မြန်မာစစ်တပ်ကုမ္ပဏီဖြစ်သည်။ |
| MEHL | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်။ မြန်မာစစ်တပ်ကုမ္ပဏီဖြစ်သည်။ MEC နှင့် မတူသည်မှာ MEHL တွင် မြန်မာ့ (Myanma) ဟူသော စာလုံးကို 'r' မထည့်ဘဲ အင်္ဂလိပ်လို ပေါင်းထားခြင်းဖြစ်သည်။ |
| MGE | မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။ ကျောက်စိမ်းနှင့် အခြားကျောက်မျက်ရတနာများ တူးဖော်ရေးနှင့် စျေးကွက်ရှာဖွေရေးတို့ကို စီမံဆောင်ရွက်ရန် တာဝန်ယူသော သတ္တုတွင်းဝန်ကြီးဌာန၏ ဌာနခွဲအဖြစ် ဆောင်ရွက်သည့် နိုင်ငံပိုင် လုပ်ငန်းတစ်ခုဖြစ်သည်။ |
| MGJEA | မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း။ မြန်မာနိုင်ငံရှိ ကျောက်စိမ်းလုပ်ငန်းများကို ကိုယ်စားပြုသော အဓိကအသင်းအဖွဲ့တစ်ခုဖြစ်သည်။ |
| နေပြည်တော် (အင်္ဂလိပ်လို Nay Pyi Taw သို့မဟုတ် Naypyidaw) | မြန်မာနိုင်ငံ၏ မြို့တော် |
| NRC (သို့မဟုတ် CSC) နံပါတ် | အမျိုးသားမှတ်ပုံတင်နံပါတ် (သို့မဟုတ် နိုင်ငံသားစိစစ်ရေးနံပါတ်) ၎င်းသည် နိုင်ငံသားစိစစ်ရေးနံပါတ်ဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်းအတွက် ထုတ်ပေးသည်။ |
| OFAC | နိုင်ငံခြား ပိုင်ဆိုင်မှုများ ထိန်းချုပ်သည့်ရုံး အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို စီမံသော၊ အရေးယူကိုင်တွယ်သော အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာန၏ ရုံး။ |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပအိုဝ်း တိုင်းရင်းသားအဖွဲ့ကို ကိုယ်စားပြုပြီး အစိုးရလက်နက်ကိုင်အဖွဲ့မဟုတ်သော လက်နက်ကိုင်အဖွဲ့၏ နိုင်ငံရေးပိုင်းဆိုင်ရာ အဖွဲ့။ |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၁၉၉၇ နှင့် ၂၀၁၁ ခုနှစ်အကြား အုပ်ချုပ်သည့် မြန်မာစစ်အစိုးရမှ အသုံးပြုသောအမည်။ |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ ၁၉၈၈ နှင့် ၁၉၉၇ ခုနှစ်အကြား အုပ်ချုပ်သည့် မြန်မာစစ်အစိုးရမှ အသုံးပြုသောအမည်။ |
| တပ်မတော် | ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံအုပ်ချုပ်သော မြန်မာနိုင်ငံစစ်တပ် |
| ရေမဆေး- ကျောက်သမား | ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ ရှာမတွေ့ခဲ့သော ကျောက်စိမ်းတုံးလေးများကို စွန့်ပစ်မြေစာပုံတွင် ရှာဖွေသည့် 'ကျောက်စိမ်းရှာသူ' ဖြစ်သည်။ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ။ မြန်မာနိုင်ငံ၏ အာဏာရပါတီဖြစ်ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA) ၏ အရိုက်အရာကို ဆက်ခံပြီး မြန်မာစစ်အစိုးရ၏ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ယခု မရှိတော့) မှ ပုဂ္ဂိုလ်များဖြင့် တည်ဆောက်ထားသော အဖွဲ့အစည်းကြီးတစ်ခု။ |
| UWSA | ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်။ ဝ တိုင်းရင်းသားအဖွဲ့ကို ကိုယ်စားပြုသော အစိုးရအဖွဲ့မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့ |
| UWSP | ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ။ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၏ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်း |

# နောက်ဆက်တွဲ ၁- မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းက အမှန်တကယ် ဘယ်လောက်တန်ဖိုးရှိသလဲ။

ဤခန့်မှန်းချက်များအားလုံးသည် - ခန့်မှန်းတွက်ချက်မှုများသာ ဖြစ်သည်။ တိကျသော အချို့အချက်အလက်များကို ထုတ်ပြန်ရာ၌ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ပြီးပြည့်စုံမှုမရှိသည့် အချက်အလက်များကို အခြေခံပြီး ရယူထားရသောကြောင့် မြန်မာနိုင်ငံ ကျောက်စိမ်း လုပ်ငန်း၏ တန်ဖိုးကို အလုံးစုံသတ်မှတ်ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ လက်ရှိ ဖြစ်ပွားနေသည်များကို ပြည်သူလူထုအနေဖြင့် ပို၍ တိတိကျကျ သိရှိရန် လိုအပ်သဖြင့် ထိုအချက်အလက်များကို ဖော်ထုတ်လာစေရန် ကျွန်ုပ်တို့က အားပေးတိုက်တွန်းခြင်းသာ ဖြစ်ပါသည်။

အစီရင်ခံစာ၏ စာကိုယ်တွင် ဖော်ပြထားသော ကျောက်စိမ်း- ထွက်ရှိမှုတန်ဖိုးကို ခန့်မှန်းထားသည့် အခြေခံကိန်းဂဏန်းများကို ဤစာတမ်းက ဖော်ပြထားပြီး အောက်ပါတို့ ပါဝင်ပါသည်-

- အဓိက ထည့်သွင်းစဉ်းစားသည့်အချက်များ
- အချက်အလက်ရရှိရာ ရင်းမြစ်များ
- ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များကို အခြေခံသော မြန်မာနိုင်ငံ၏ ကျောက်စိမ်းထွက်ရှိမှုတန်ဖိုးများကို ခန့်မှန်းချက်
- အခြားနည်းဖြင့် ခန့်မှန်းတွက်ချက်မှုအဖြစ် အသုံးပြုရန် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဒေတာများကို အသုံးပြုခြင်း
- ပြည်တွင်းကျောက်မျက်ပြပွဲများမှတဆင့် ကျောက်စိမ်းရောင်းချမှုကို တွက်ချက်ရန် ကျောက်မျက်ပြပွဲရှိ အချက်အလက်များကို အခြေခံပြီး ၂၀၁၄ ခုနှစ် ကျောက်စိမ်းထွက်ရှိမှု ခန့်မှန်းတန်ဖိုးကို ညှိယူထားခြင်း
- စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ခန့်မှန်းခြင်း၊ တရားဝင် မှတ်တမ်းတင်ထားခြင်းမရှိဘဲ တူးဖော်ရရှိသော ကျောက်စိမ်းအပါအဝင်
- မြန်မာနိုင်ငံ၏ အဖိုးအတန်ဖိုး သဘာဝရင်းမြစ်များထဲမှ မြန်မာအစိုးရ ရယူထားသည်များကို ခန့်မှန်းထားမှု

## (က) အဓိကထည့်သွင်းစဉ်းစားသည့်အချက်များ

မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းကို ချင့်တွက်အကဲဖြတ်ရာတွင် ထုတ်လုပ်မှုနှင့် ရောင်းချမှု ဆိုင်ရာ အချက်အလက်များကို အသေးစိတ် ဖော်ပြထားခြင်း၊ စုစည်းဖော်ပြထားခြင်းမရှိသဖြင့် အလုံးစုံ အကဲဖြတ်နိုင်ခြင်းမရှိပါ။ တွက်ချက်မှုများသည် အောက်ပါတို့အပါအဝင် အချက်အလက်ပေါင်းများစွာကြောင့် အနည်းငယ် ရှုပ်ထွေးမှု ရှိပါသည်-

- အခန်း ၁ တွင်ဖော်ပြထားသည့်အတိုင်း အဖိုးအတန်ဆုံး ကျောက်စိမ်းများနှင့် ပတ်သက်လျှင် တရားမဝင် ရောင်းဝယ်ခြင်းများ ရှိပါသည်။ ထို့ကြောင့် နိုင်ငံတကာ စျေးကွက်သို့ ရောင်းချသော ကျောက်စိမ်းအရောင်းအဝယ်သမားများအတွက် တရားဝင် အဓိက လမ်းကြောင်းတစ်ခုဖြစ်သော မြန်မာ့ကျောက်မျက်ပြပွဲတွင် ရောင်းချမှုသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းအရောင်းအဝယ်ပြုလုပ်မှု၏ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပါသည်။
- ကျောက်စိမ်းကို တရားမဝင်ရောင်းဝယ်ခြင်းသည် မြန်မာနိုင်ငံတွင် အခွန်ရှောင်လိုသည်သာမက ကျောက်မျက်များ အဓိက ရောင်းချရာ စျေးကွက်ဖြစ်သော တရုတ်နိုင်ငံတွင်လည်း အခွန်ရှောင်လို၍ ဖြစ်သည်။ အကျိုးဆက်အဖြစ် တရုတ်နိုင်ငံ၏ တင်သွင်းမှု မှတ်တမ်းများကို မြန်မာနိုင်ငံမှ ကျောက်စိမ်းတင်သွင်းမှုများနှင့် ပတ်သက်သော ပြည့်စုံသည့် မှတ်တမ်းများအဖြစ် အမှီပြုနိုင်လိမ့်မည်မဟုတ်ပါ။
- နှစ်စဉ်ကျင်းပသော ကျောက်မျက်ပြပွဲမှ ရရှိသော ရောင်းချမှုဒေတာများသည် စျေးနှုန်းများကို ကြီးကိုင်ခြယ်လှယ်မှုကြောင့် မှန်ကန်ခြင်းမရှိသည့်အပြင် အရည်အသွေးမြင့် ကျောက်စိမ်းများကို စနစ်တကျ တရားမဝင်အရောင်းအဝယ်ပြုလုပ်သည့် ကျောက်စိမ်းများသည် ကျောက်မျက်ပြပွဲ ရောင်းချမှုစာရင်းတွင် ပါဝင်ခြင်းမရှိပေ။
- ရောင်းချမှုဆိုင်ရာ အချက်အလက်များ ပြီးပြည့်စုံခြင်းမရှိသည့် အခြားတစ်ချက်မှာ မြန်မာ့ကျောက်မျက်ပြပွဲများတွင် ကျောက်စိမ်းဝယ်ယူရန် လေလံအောင်သူများသည် မကြာခဏဆိုသလိုပင် ကျောက်စိမ်းကို ငွေအကြေပေးသွင်းပြီး ဝယ်ယူမှု မရှိခြင်းဖြစ်သည်။ နိုင်ငံပိုင် လုပ်ငန်းနှင့် စည်းမျဉ်းများပြဋ္ဌာန်းသတ်မှတ်ရာ အဖွဲ့အစည်းဖြစ်သော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) မှ ရရှိသောအချက်အလက်များအရ၊ ၂၀၁၃ ခုနှစ် ကျောက်မျက်ပြပွဲတွင် ရောင်းချရမှု၏ ၅၄.၈၄% ကိုသာ ငွေအကြေပေးသွင်းကြောင်းနှင့် လုပ်ငန်းရင်းမြစ်များက ခန့်မှန်းသည်မှာ ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ငွေအကြေပေးသွင်းဝယ်ယူမှုသည် ၃၀.၃၈% သို့ ကျဆင်းသွားကြောင်း သိရသည်။ ကျောက်မျက်ပြပွဲများတွင် ရောင်းချရမှု မှတ်တမ်းများသည် စုစုပေါင်း ရောင်းချရမှု ပမာဏနှင့် တန်ဖိုးများ မဟုတ်သေးကြောင်း ပြသနေသည်။
- ၂၀၁၄ ခုနှစ်သည် ထူးခြားသည့်နှစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာစျေးကွက်ထံ ရောင်းချရန် ကျင်းပသော တရားဝင်ကျောက်စိမ်းရောင်းချပွဲ (၅၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ပြပွဲ) အပြင် တရားဝင် ကျောက်မျက်ပြပွဲနှစ်ခု (သို့မဟုတ် ဒေသခံများအတွက် ကျောက်မျက်ပြပွဲ) ကိုလည်း ထပ်မံ ကျင်းပြပေးခဲ့သည်။ ထိုပြပွဲများတွင် အရည်အသွေးနိမ့် ကျောက်စိမ်းများကိုသာ ပြသပြီး ဝယ်ယူသူများသည်လည်း နိုင်ငံတကာမှ ဝယ်ယူသူများမဟုတ်ဘဲ ပြည်တွင်း ဝယ်ယူသူများဖြစ်သည်။
- အရည်အသွေးပေါ်မူတည်၍ ကျောက်စိမ်းတန်ဖိုးသည် အလွန်အမင်းကွာဟမှုရှိသည့်အပြင် စျေးနှုန်းသည် အရောင်၊ အရည်လဲ့မှု၊ ချောမွတ်မှုနှင့် သုံးစွဲသူတို့ကြား ရေပမ်းစားမှုဟူသော အချက်များအပါအဝင် အချက်ပေါင်းများစွာပေါ် မူတည်ပါသည်။ အခန်း ၁ တွင် ရှင်းပြထားသည့်အတိုင်း ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ၁ ကီလိုဂရမ်လျှင် ရောင်းချခဲ့သော စျေးနှုန်းသည် အမေရိကန် ၂ ဒေါ်လာအောက်မှစ၍ ဒေါ်လာ ၂.၈၉ သန်းကျော်အထိ ရှိသည်။ ထို့ကြောင့် တန်ဖိုးသတ်မှတ်မှုများသည် ထွက်ရှိသည့်ပမာဏအပေါ် အခြေခံရုံနှင့်မလုံလောက်ဘဲ ကျောက်စိမ်း၏ အရည်အသွေးအဆင့်နှင့်ပတ်သက်သော ဒေတာများကိုလည်း ရရှိရန် လိုအပ်သည်။

## (ခ) အချက်အလက်ဒေတာရရှိရာ ရင်းမြစ်များ

Global Witness သည် မြန်မာနိုင်ငံ ကျောက်စိမ်းလုပ်ငန်း၏ တန်ဖိုးကို ယခင်ကထက်ပို၍ ယုံကြည်စိတ်ချစွာ ခန့်မှန်းနိုင်မည့် အခြေခံအချက်အလက်များအဖြစ် ပြင်ပသို့ထုတ်ပြန်ထားခြင်း မရှိသေးသော အချက်အလက်ပေါင်းများစွာကို ရရှိထားသည်။

ဤအချက်များတွင်-

- ၂၀၁၄ ခုနှစ်တွင် ကျင်းပသည့် နိုင်ငံတကာစျေးကွက်အတွက် တရားဝင် ကျောက်စိမ်းရောင်းချသည့်ပွဲတော်ဖြစ်သော ၅၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ပြပွဲ ('၂၀၁၄ ကျောက်မျက်ပြပွဲ') တွင် ရောင်းချရမှု အသေးစိတ်အချက်အလက် ပါဝင်သည်။ ယင်းတို့တွင် ကျောက်စိမ်းတွဲပေါင်း ၆၀၀၀ ကျော်၏ အလေးချိန်၊ ရောင်းချမှု၊ စျေးနှုန်း၊ ပိုင်ရှင်နှင့် ဝယ်သူတို့၏ အချက်အလက်များ ပါဝင်သည်။ ကျောက်စိမ်းကို ရောင်းချရာတွင် အမျိုးအစားနှစ်ခု ခွဲထားပါသည်-
  - တင်ဒါဖြင့် ရောင်းချသော ကျောက်စိမ်းတွဲများ။ ဤလုပ်ငန်းစဉ်သည် တန်ဖိုးနိမ့်ကျောက်စိမ်းတွဲများ ကို ကျောက်မျက်ပြပွဲတွင် ရောင်းချရန် အသုံးပြုသည့် နည်းလမ်းဖြစ်သည်။ တင်ဒါခေါ်ယူသည့် အချက်အလက်များတွင် ကျောက်စိမ်း၏ အရည်အသွေး အဆင့်နှင့်ပတ်သက်သော အချက်အလက်များ ပါဝင်သည်၊ ကျောက်စိမ်းတွဲအများစုကို အများအားဖြင့် အမျိုးအစား သုံးမျိုးခွဲထားသည် - အရည်ကျောက် (အရည်အသွေးမြင့်)၊ အသားကျောက် (အလယ်အလတ်-အဆင့်)၊ အထည်ကျောက် (အရည်အသွေးနိမ့်) တို့ဖြစ်သည်။
  - လေလံတင်၍ ရောင်းချသော ကျောက်စိမ်းတွဲများ။ ကျွန်ုပ်တို့တွင် ရရှိထားသော အချက်အလက်များထဲတွင် ကျောက်စိမ်း၏အရည်အသွေးအဆင့်ကို သတ်မှတ်ထား-ခြင်းမရှိသော်လည်း အရည်အသွေးမြင့်ကျောက်များ ရောင်းချရန် အသုံးပြုသည့် လုပ်ငန်းစဉ်သည် လေလံတင်ခြင်း ဖြစ်သည်။
- ကျောက်စိမ်းတွဲများကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြချက် - နှင့် အရည်အသွေးအဆင့်အလိုက် အမျိုးအစားခွဲထုတ်မှုများ - ၂၀၁၅ ခုနှစ် ၅၂ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ပြပွဲတွင် ရောင်းချရန်အတွက် တင်ထားသည့် ကျောက်စိမ်းတွဲများကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာချက်။
- အများဆုံး ရောင်းချနိုင်သည့် ကုမ္ပဏီများ၏ အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြချက်နှင့် ၂၀၁၃ ခုနှစ်၅၀ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ပြပွဲတွင် ၎င်းတို့၏ ရောင်းချရမှုများ။
- ၂၀၀၅ နှင့် ၂၀၁၄ ကြားတွင် ကျင်းပခဲ့သော ကျောက်မျက်ပြပွဲတစ်ခုချင်းစီတွင် ရောင်းချခဲ့သည့် ကျောက်စိမ်းနှင့် ပတ်သက်သော အချက်အလက်၊ စုစုပေါင်းဝင်ငွေရရှိမှုနှင့် အလေးချိန်တို့ကို အသေးစိတ် ဖော်ပြထားသည်။[၄၃၈]
- ၂၀၁၄ ခုနှစ်တွင် ပြည်တွင်းစျေးကွက်ကိုသာ ရည်ရွယ်ကျင်းပသည့် ကျောက်စိမ်း 'ပြပွဲများ' ရှိ စုစုပေါင်း ရောင်းချမှုပမာဏနှင့် ပတ်သက်သော အချက်အလက်။
- ၂၀၁၃ ခုနှစ် ကျောက်စိမ်းတွင်းများ အခွန်ပေးဆောင်မှုမှ ရရှိသော တရားဝင် ရရှိငွေများနှင့်ပတ်သက်သော အချက်အလက်။

ဤအချက်အလက်များသည် ပြီးပြည့်စုံခြင်းမရှိသည့်အပြင် ဘက်လိုက်နေသည်များလည်း ရှိသော်လည်း ၎င်းသည် ကျောက်စိမ်းလုပ်ငန်းအပေါ် ယခင်က အကဲဖြတ်ချင့်တွက်ရာတွင် အသုံးပြုခဲ့သော အချက်အလက်များထက် ပို၍ ပြီးပြည့်စုံမှု ရှိသည်။ အများပြည်သူသို့ ထုတ်ပြန်ထားသောဒေတာများနှင့် ပေါင်းစပ်လိုက်ပါက ၎င်းသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းအပေါ် တန်ဖိုးဖြတ် ခန့်မှန်းချက်အသစ်များ ပြုလုပ်နိုင်စေခဲ့ပါသည်။

## (ဂ) ကိန်းရှင်များ

မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းတစ်ခုလုံးအပေါ် ကျွန်ုပ်တို့ တွက်ချက်မှုသည် ကိန်းရှင်သုံးခုပေါ်တွင် အခြေခံထားပါသည်-

*(၁) စုစုပေါင်း ထွက်ရှိသော ကျောက်စိမ်းပမာဏ* - ဤပမာဏတွင် တရားဝင် မှတ်တမ်းတင်ထားသော ကျောက်စိမ်းထွက်ရှိမှုပမာဏ ပါဝင်ပြီး ကျောက်စိမ်းကဏ္ဍ၏ တန်ဖိုးကို ကျွန်ုပ်တို့ တွက်ချက်မှု၏ အခြေခံအဖြစ် အစိုးရမှထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြုထားပါသည်။ သို့သော် တရားဝင် ထိန်းချုပ်မှုများကို စနစ်တကျရှောင်လွှဲနေမှုများကို ကျောက်စိမ်းလုပ်ငန်း၏ ရင်းမြစ်ပေါင်းများစွာက အထောက်အထားများဖြင့် ဖော်ပြထားပြီး ဖြစ်သဖြင့် လက်တွေ့တွင် တရားဝင် ထုတ်လုပ်မှုနှင့် ပတ်သက်သော အချက်အလက်သည် ပမာဏအတော်များများ လျှော့တွက်ထားမှုသာဖြစ်သည်။ စုစုပေါင်းထုတ်လုပ်မှု (မှတ်တမ်းဝင်နှင့် မှတ်တမ်းမဝင်) သည် မည်မျှရှိမည်နည်းဟူသော မေးခွန်းကို အောက်ပါ အပိုင်း (ဆ) တွင် လေ့လာစစ်ဆေးထားပါသည်။

*(၂) ကျောက်စိမ်း အရည်အသွေးအဆင့် တစ်ခုချင်းစီအတွက် (အရည်ကျောက်၊ အသားကျောက် နှင့် အထည်ကျောက်) ထွက်ရှိမှု အမျိုးအစား*- အဆင့်အလိုက် ကျောက်စိမ်းထွက်ရှိမှု ပမာဏနှင့်ပတ်သက်ပြီး အချက်အလက်ရရှိမှု အနည်းဆုံးဖြစ်ကာ မြန်မာနိုင်ငံတွင် နှစ်စဉ်ထုတ်ယူနေသည့် ကျောက်စိမ်းအရည်အသွေး အဆင့်တစ်ခုချင်းစီ၏ ပမာဏကို မည်သူမှ မသိရှိကြပေ။ သို့သော် စျေးနှုန်းသည် အလွန်အမင်းကွာဟသည့်အတွက် အဆင့်အားလုံးအတွက် အကြမ်းဖျင်း ရာခိုင်နှုန်းကို မဖြစ်မနေ သိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ်၊ မြန်မာ့ကျောက်မျက်ပြပွဲမှ ရရှိသော အချက်များကို အခြေခံပြီး ထွက်ရှိသည့် ကျောက်စိမ်းအရည်အသွေးအဆင့် အမျိုးအစားများကို တွက်ချက်ထားပါသည်။ သို့သော် ပို၍ တန်ဖိုးမြင့်မားသော ကျောက်စိမ်းများကို တရားမဝင် စနစ်တကျ ရောင်းဝယ်နေသည့်အတွက် ကျောက်မျက်ပြပွဲမှ ရရှိသောဒေတာသည် အမှန်တကယ်ထွက်ရှိသည့် အဖိုးတန်ကျောက်စိမ်းအမျိုးအစားကို လျှော့ပြနေသည်မှာ သေချာပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် Harvard University and Proximity Designs မှ စုစည်းရယူထားပြီး ၂၀၁၃ ခုနှစ် ကျောက်စိမ်းလုပ်ငန်းအပေါ် လေ့လာထားချက်တွင် အသုံးပြုထားသော ခန့်မှန်းပမာဏအပေါ် အခြေခံပြီး ထုတ်လုပ်မှုတွင် ပါဝင်မှုအမျိုးအစားများအဖြစ် ကျောက်စိမ်းအဆင့်သုံးဆင့်လုံး၏ သက်ဆိုင်ရာ ခန့်မှန်းအမျိုးအစားကိုလည်း အသုံးပြုထားပါသည်။[၄၃၉]

*(၃) ကျောက်စိမ်း အရည်အသွေးအဆင့်သုံးဆင့်၏ တန်ဖိုးများ (အရည်ကျောက်၊ အသားကျောက်* နှင့် အထည်ကျောက်)- ကျောက်စိမ်းအမျိုးအစား သုံးမျိုးအတွက် စျေးနှုန်းကို တွက်ချက်ရာတွင် ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ရောင်းချခဲ့သော အရည်ကျောက်၊ အသားကျောက် နှင့် အထည်ကျောက် ကျောက်စိမ်းများ၏ တစ် ကီလိုဂရမ်စျေးနှုန်းကို ပျမ်းမျှ ရယူထားပါသည်။ အောက်တွင် ဖော်ပြထားသည့်အတိုင်း (စ)အောက်တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော ပြည်တွင်းကျောက်မျက်ပြပွဲများမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် ဤပျမ်းမျှပမာဏကို ညှိယူထားပြီးဖြစ်ပါသည်။ သို့သော် ထိုသို့သော ပြည်တွင်းကျောက်မျက်ပြပွဲများကို ပုံမှန်ကျင်းပလေ့မရှိခြင်း၊ ပြည်တွင်းစျေးကွက်ကိုသာ အဓိကထားခြင်းနှင့် အရည်အသွေးအနိမ့်ဆုံးကျောက်စိမ်းကိုသာ အထူးအလေးထား ရောင်းချခြင်းတို့ကြောင့် ဤအချက်အလက်များသည် လုပ်ငန်းတစ်ခုလုံးကို ကိုယ်စားပြုခြင်း မရှိကြောင်း ကျွန်ုပ်တို့က အသိအမှတ်ပြုထားပါသည်။ ပြည်တွင်းကျောက်မျက်ပြပွဲမှ ရရှိသော ဒေတာများကို အခြေခံပြီး ကောက်ချက်ချခြင်းသည် ကျွန်ုပ်တို့၏ ပျမ်းမျှခန့်မှန်းစျေးနှုန်းကို အမှန်တကယ် ရှိရမည့် ပမာဏအောက်သို့ ဆွဲချသလို ဖြစ်နိုင်ပါသည်။

## (ဃ) ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များကို အခြေခံသော မြန်မာနိုင်ငံ၏ ကျောက်စိမ်းထွက်ရှိမှုတန်ဖိုးများကို ခန့်မှန်းချက်များ

ဇယား ၁ တွင် ကျောက်စိမ်း အဆင့်အမျိုးမျိုးကို ဖော်ပြထားပြီး ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲ ဒေတာများကို အခြေခံပြီး တွက်ချက်ထားသော အရည်အသွေးအဆင့်တစ်ဆင့်စီအတွက် ပျမ်းမျှစျေးနှုန်းကို ဖော်ပြထားပေးပါသည်။

ဇယား ၁- ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲ ကျောက်စိမ်းများကို အရည်အသွေးအလိုက် ခွဲခြားထားမှုများနှင့် စျေးနှုန်းများ[၄၄၀]

| ကျောက်စိမ်း အရည်အသွေး အဆင့် | စုစုပေါင်း အလေးချိန် (ကီလိုဂရမ်ဖြင့်) | စုစုပေါင်း ပမာဏ၏ ရာခိုင်နှုန်း | ရောင်းချရသော ကျောက်စိမ်း စုစုပေါင်း တန်ဖိုး (အမေရိကန် ဒေါ်လာ သန်း) | ပျမ်းမျှစျေး နှုန်း (တစ်ကီလို ဂရမ်လျှင်) | ကျောက်မျက်ပြပွဲ စုစုပေါင်းဝင်ငွေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အရည်ကျောက် | ၅၃,၅၃၇ | ၁.၄၉% | ဒေါ်လာ ၁,၀၄၄ | ဒေါ်လာ ၁၉,၄၉၀.၉၇ | ၂၉.၅၈% |
| အသားကျောက် | ၄၀၇,၁၃၇ | ၁၁.၃၃% | ဒေါ်လာ ၉၀၁ | ဒေါ်လာ ၂,၂၁၃.၈၉ | ၂၂.၅၅% |
| အထည်ကျောက် | ၃,၁၃၁,၈၇၀ | ၈၇.၁၈% | ဒေါ်လာ ၁,၅၈၃ | ဒေါ်လာ ၅၀၅.၅၂ | ၄၄.၈၇% |

မှတ်သားဖွယ်သည့် အချက်တစ်ချက်မှာ အရည်ကျောက်အဆင့်ရှိ ကျောက်စိမ်းအချိုးအစားသည် အလွန် နည်းနေခြင်းပင်ဖြစ်သည် - ၁.၅% အောက်သာ ရှိသည်။ သို့သော် အထက်တွင် ရှင်းပြထားသည့်အတိုင်း လုပ်ငန်းရှင်းမြစ်ပေါင်းများစွာက အရည်အသွေးမြင့် ကျောက်စိမ်း (အထူးသဖြင့် အဆင့်အမြင့်ဆုံး အရည်ကျောက်) ကို တရားမဝင် ရောင်းဝယ်နေကြောင်း၊ ကျောက်မျက်ပြပွဲသို့ ပို့သည့် ကျောက်စိမ်းများသည် အရည်အသွေးနိမ့်ပြီး အလေးချိန်ပိုများသည့် ကျောက်စိမ်းတုံးများသာ ဖြစ်ကြောင်း ပြောပြသည်။ ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းအရည်အသွေးအဆင့်များ အား အချိုးအစားခွဲခြားခြင်းသည် အမှန်တကယ် တူးဖော်ရရှိသည့် ကျောက်စိမ်းကို ကိုယ်စားပြုခြင်းမရှိဘဲ အရည်အသွေးအဆင့်ပိုမြင့်သည့် ကျောက်စိမ်းများကို ဖုံးကွယ်ထားခြင်း ရှိသည်ဟု ဆိုလိုနေသည်။ အရည်အသွေးပိုမြင့်သည့် ကျောက်စိမ်းများကို နေရာအနှံ့ တရားမဝင် ရောင်းဝယ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကျောက်မျက်ပြပွဲ ဒေတာများ မမှန်ကန်ရခြင်းအပေါ် အစားထိုးရန် ကျွန်ုပ်တို့သည် Harvard University/Proximity Designs မှ စုစည်းရယူထားပြီး ၂၀၁၃ ခုနှစ် ကျောက်စိမ်းလေ့လာမှုတွင် အသုံးပြုခဲ့သော အဆင့်သုံးဆင့်ထဲသို့ ကျောက်စိမ်းများကို ခန့်မှန်းခွဲခြမ်းစိတ်ဖြာ သည့်နည်းလမ်းကိုသာ အသုံးပြုထားပါသည်။ ၎င်းတို့၏ လေ့လာမှုအရ ညွှန်ပြထားသော ခွဲဝေမှုကို ဇယား ၂ တွင် ဖော်ပြထားပြီး အမြင့်နှင့် အလယ်အလတ်တန်းစား အဆင့်ရှိ ကျောက်စိမ်းအချိုး ပိုမြင့်မားကြောင်း ညွှန်ပြနေပါသည်။

ဇယား ၂- Harvard/ Proximity မှ အင်တာဗျူးထားသော လုပ်ငန်းရှင်းမြစ်များထံမှ ရရှိသည့်အချက်အပေါ် အခြေခံ၍ ကျောက်စိမ်းအရည်အသွေး အဆင့်ခွဲခြားသတ်မှတ်ချက်များ

| | စုစုပေါင်းကျောက်စိမ်းထုတ်လုပ်မှုတွင် ပါဝင်သည့် ခန့်မှန်းပမာဏ |
|---|---|
| အရည်အသွေးမြင့် ကျောက်စိမ်း (အရည်ကျောက်) | ၅% |
| အလယ်အလတ်တန်းစား ကျောက်စိမ်း (အသားကျောက်) | ၃၅% |
| အရည်အသွေးနိမ့် ကျောက်စိမ်း (အထည်ကျောက်) | ၆၀% |

ဇယား ၃ တွင် လွန်ခဲ့သော ၁၀ နှစ်အတွင်း နှစ်စဉ် တရားဝင်မှတ်တမ်းတင်ခဲ့သော တန်ဖိုးများနှင့် တူးဖော်ထားသည့် ကျောက်စိမ်းများ၏ ပျမ်းမျှတန်ဖိုးကို ခန့်မှန်းရန် မြန်မာနိုင်ငံ၏ တရားဝင်ထုတ်ပြန်ထားသော နှစ်စဉ် ကျောက်စိမ်းထုတ်လုပ်မှု ကိန်းဂဏန်းအချက်အလက်များအရ အရည်အသွေးအဆင့် တစ်ဆင့်စီအတွက် တွက်ချက်ထားသော ပျမ်းမျှစျေးနှုန်းနှင့်အတူ အဆင့်သုံးဆင့်အတွင်း ခွဲခြားထားသည့် ဤရာခိုင်နှုန်းကို ကျွန်ုပ်တို့ အသုံးပြုထားပါသည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ကျောက်မျက်ပြပွဲအားလုံးအတွက် ရောင်းချမှု တစ်ခုချင်းစီနှင့်ပတ်သက်သည့် ဒေတာကို မရရှိနိုင်သဖြင့် ယခင်နှစ်များက ကျောက်စိမ်းထွက်ရှိမှု တန်ဖိုးကို ခန့်မှန်းရန် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး ခန့်မှန်းတွက်ချက်ထားပါသည်။ ကျောက်စိမ်းအဆင့်တစ်ဆင့်ချင်းစီ၏ အချိုးအစား ပါဝင်မှုသည် ပြောင်းလဲမှု မရှိဟု မှတ်ယူထားပါသည်။ ကျောက်စိမ်း အဆင့်တစ်ဆင့်တိုင်းအတွက် ကျောက်စိမ်းစျေးနှုန်းသည်လည်း အချိန်ကြာလာသည်နှင့်အမျှ အလားတူရာခိုင်နှုန်းအတိုင်း ပြောင်းလဲသွားသည်ဟု မှတ်ယူထားပါသည်။ ထို့ကြောင့် ဥပမာ အဆင့်သုံးဆင့်လုံးကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ၊ ၄ ဒေါ်လာနှင့် ၁၀ ဒေါ်လာအဖြစ် စျေးသတ်မှတ်ခဲ့လျှင် နောက်တစ်နှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာ၊ ၈ ဒေါ်လာနှင့် ၂၀ ဒေါ်လာ ဖြစ်နိုင်ပါသည်။ ဤနည်းလမ်းသည် ပြီးပြည့်စုံမှု မရှိသော်လည်း အချက်အလက်များ မရှိသည့်အတွက် ခန့်မှန်းချေကို ပိုမိုတိတိကျကျ တွက်ချက်ရန် မဖြစ်နိုင်ပေ။

ဤခန့်မှန်းစျေးနှုန်းများကို တရားဝင် ထုတ်လုပ်မှု ကိန်းဂဏန်းများနှင့် ပေါင်းစပ်လိုက်ပြီး အရည်ကျောက်၊ အသားကျောက် နှင့် အထည်ကျောက် ကျောက်စိမ်းတို့အကြား ခန့်မှန်း ခွဲထုတ်လိုက်သည့်အတွက် ကျွန်ုပ်တို့သည် ကော်လံ (င) နှင့် (စ) တွင် ဖော်ပြထားသည့် လွန်ခဲ့သော ၁၀ နှစ်အတွင်း တစ်နှစ်ချင်းစီအတွက် ကျောက်စိမ်းထုတ်လုပ်မှု စုစုပေါင်းတန်ဖိုးကို တွက်ချက်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ကျောက်မျက်ပြပွဲမှ ညွှန်ပြထားသည့် ကျောက်စိမ်းအဆင့်များအတိုင်း ခွဲထုတ်ပြီး ကော်လံ (င) တွင် ပြသထားသည့် တွက်ချက်မှုများကို ကျွန်ုပ်တို့ ထည့်သွင်းစဉ် လုပ်ငန်းရှင်းမြစ်များထံမှ ထွက်ဆိုချက်များနှင့် တရုတ်နိုင်ငံ အကောက်ခွန် အချက်အလက် (နောက်လာမည့် အပိုင်းတွင် ပို၍ အသေးစိတ်ကျကျ လေ့လာဆန်းစစ်ထားပါသည်) များမှ အထောက်အထားများအရ ဤခန့်မှန်းချက်များသည်ပင် အမှန်တကယ် တန်ဖိုးထက် သိသိသာသာ နိမ့်နေနိုင်သေးသည်။ ကော်လံ (စ) တွင် ပို၍ ယုံကြည်စိတ်ချရသည်ဟု ကျွန်ုပ်တို့ ယူဆထားသော Harvard/Proximity မှ သတ်မှတ်ထားသည့် အဆင့်များအတိုင်း ခွဲထုတ်ပြီး ခန့်မှန်းချက်များကို တွက်ချက်ထားပါသည်။

ဇယား ၃- ၂၀၀၅ မှ ၂၀၁၄ အထိ တရားဝင်ကျောက်စိမ်းတွက်ရှိမှုအပေါ် ခန့်မှန်းတန်ဖိုးတွက်ချက်မှု

| က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|
| နှစ် | ကျောက်မျက်ပြပွဲတွင် ရောင်းချသည့် ကျောက်စိမ်းပမာဏ (တစ်ထောင်ကီလိုဂရမ်)[၄၄၁] | ကျောက်မျက်ပြပွဲတွင် ရောင်းချရမှု စုစုပေါင်း တန်ဖိုး (အမေရိကန်ဒေါ်လာသန်းဖြင့်)[၄၄၂] | နှစ်စဉ်ထုတ်လုပ်မှု စုစုပေါင်း (တစ်ထောင် ကီလိုဂရမ်)[၄၄၃] | စုစုပေါင်း ကျောက်စိမ်း ကဏ္ဍ၏အရွယ်အစား (၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းကို အဆင့်အလိုက် အမျိုးအစား ခွဲထုတ်မှု) (အမေရိကန် ဒေါ်လာသန်း) | စုစုပေါင်း ကျောက်စိမ်း ကဏ္ဍ၏အရွယ်အစား (Harvard/ Proximit က ကျောက်စိမ်းအရည်အသွေး အလိုက် အမျိုးအစား ခွဲထုတ်သည်) (အမေရိကန်ဒေါ်လာ သန်း) |
| ၂၀၀၅ | ၃,၃၇၇ | ဒေါ်လာ ၁၆၅ | ၂၀,၀၀၅ | ဒေါ်လာ ၉၇၄ | ဒေါ်လာ ၂,၀၃၉ |
| ၂၀၀၆ | ၁၁,၀၇၃ | ဒေါ်လာ ၃၆၆ | ၂၀,၄၅၈ | ဒေါ်လာ ၆၇၇ | ဒေါ်လာ ၁,၄၁၅ |
| ၂၀၀၇ | ၁၅,၀၄၃ | ဒေါ်လာ ၆၉၃ | ၂၀,၂၆၆ | ဒေါ်လာ ၉၃၃ | ဒေါ်လာ ၁,၉၅၁ |
| ၂၀၀၈ | ၁၂,၈၃၀ | ဒေါ်လာ ၇၉၄ | ၃၂,၉၂၄ | ဒေါ်လာ ၂,၀၃၉ | ဒေါ်လာ ၄,၂၆၂ |
| ၂၀၀၉ | ၁၂,၉၃၈ | ဒေါ်လာ ၉၂၆ | ၂၅,၇၉၅ | ဒေါ်လာ ၁,၈၄၇ | ဒေါ်လာ ၃,၈၆၀ |
| ၂၀၁၀ | ၁၆,၄၁၆ | ဒေါ်လာ ၂,၈၉၀ | ၄၆,၈၁၀ | ဒေါ်လာ ၈,၂၄၁ | ဒေါ်လာ ၁၇,၂၂၅ |
| ၂၀၁၁ | ၁၆,၃၁၃ | ဒေါ်လာ ၅,၂၇၇ | ၄၃,၁၈၅ | ဒေါ်လာ ၁၃,၉၆၉ | ဒေါ်လာ ၂၉,၁၉၉ |
| ၂၀၁၂ | ၄,၂၂၁ | ဒေါ်လာ ၆၇၇ | ၁၉,၀၈၀ | ဒေါ်လာ ၃,၀၆၀ | ဒေါ်လာ ၆,၃၉၆ |
| ၂၀၁၃ | ၃,၉၂၇ | ဒေါ်လာ ၃,၁၉၂ | ၁၅,၀၆၂ | ဒေါ်လာ ၁၂,၂၄၂ | ဒေါ်လာ ၂၅,၅၈၉ |
| ၂၀၁၄ | ၃,၈၆၅ | ဒေါ်လာ ၃,၅၈၀ | ၁၆,၆၈၄ | ဒေါ်လာ ၁၅,၄၅၃ | ဒေါ်လာ ၃၄,၂၄၈ |
| စုစုပေါင်း | | | | အမေရိကန်ဒေါ်လာ ၅၉,၄၃၅ | အမေရိကန်ဒေါ်လာ ၁၂၆,၁၈၄ |

## (င) အခြားနည်းဖြင့် ခန့်မှန်းတွက်ချက်မှုအဖြစ် အသုံးပြုရန် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဒေတာများကို အသုံးပြုခြင်း

အထက်ပါ ဇယား ၃ / ကော်လံ (စ) မှ ထုတ်လုပ်မှုတန်ဖိုး ခန့်မှန်းထားချက်များသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းကို အဓိကဝယ်ယူသည့် တရုတ်နိုင်ငံမှ ရရှိသည့် ကုန်သွယ်ရေး အချက်အလက်များထဲမှ ထုတ်နှုတ်ယူထားသော ဈေးနှုန်းခန့်မှန်းချက်များကို အခြေခံပြီး နောက်တစ်နည်းဖြင့် တန်ဖိုးတွက်ထားသည်များ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်အတွက် တရုတ်နိုင်ငံ အကောက်ခွန်ဒေတာများအရ မြန်မာနိုင်ငံမှ တင်သွင်းသည့် အဖိုးတန်ကျောက်များနှင့် အလယ်အလတ်တန်ဖိုးရှိ ကျောက်များသည် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံ တန်ဖိုးရှိသည်ဟု ညွှန်ပြနေသည်။ ဤတင်သွင်းမှုများကို အမျိုးအစားခွဲရန် အသုံးပြုသော ကုဒ်များအလိုက် ခွဲခြမ်းစိတ်ဖြာမှုအရ ဤအမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံသည် ကျောက်စိမ်းဝယ်ယူမှုအတွက် ပေးချေရသည့် ပမာဏဖြစ်ကြောင်း ပြသနေသည်။ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီယီယံတန်ဖိုးရှိ ကျောက်မျက်ရတနာများ တင်ပို့မှု ပမာဏသည် ၂၀၁၄ အတွက် မြန်မာနိုင်ငံ၏ တရားဝင် ကျောက်စိမ်းထွက်ရှိမှု အလေးချိန်၏ သုံးပုံတစ်ပုံထက်ပင် နည်းနေသည်၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းထုတ်လုပ်မှုတန်ဖိုးကို လျှော့တွက်ထားသည်မှာ ထင်ရှားနေပေသည်။ သို့သော် ဤ တင်သွင်းမှုဒေတာကို မြန်မာနိုင်ငံ၏ ကျောက်စိမ်းထွက်ရှိမှု ဒေတာနှင့် ပေါင်းစပ်ကြည့်လိုက်သောအခါ မြန်မာနိုင်ငံ၏ ကျောက်စိမ်းထွက်ရှိမှု တန်ဖိုးစုစုပေါင်းကို အခြားနည်းဖြင့် ခန့်မှန်းနိုင်စေခဲ့သည်။

ဆက်လက် မရှင်းပြမီ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံတန်သော တန်ဖိုးရှိ နှင့် အလယ်အလတ်တန်းစားတန်ဖိုးရှိ ကျောက်မျက်များသည် အများအားဖြင့် ကျောက်စိမ်းသာဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့ သိရှိပါသနည်း။

တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ တင်သွင်းသော ကျောက်မျက်များကို လိုက်ဖက်ညီစနစ် (HS) ဟုခေါ်သော အရောင်းအဝယ်ပြုလုပ်သည့် ကုန်စည်များကို မှတ်တမ်းတင်သည့် စနစ်အရ ကုဒ်များဖြင့် အမျိုးအစား ခွဲထားသည်။ ဤကုဒ်များသည် အများအားဖြင့် တိကျမှုရှိနိုင်သော်လည်း တစ်မျိုးထက်မကသော ကျောက်စိမ်းအမျိုးအစားကို ကုဒ်တစ်ခုထဲ ပေါင်းထည့်ခြင်းလည်း ဖြစ်နိုင်သည်။ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံတွင် အောက်ပါ HS ကုဒ်သုံးခု ပါဝင်သည်- HS710310 (မသွေးရသေးသော တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်များ)၊ HS710399 (သွေးထားပြီးသော တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်များ)၊ နှင့် HS711620 (တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်တုံးလေးများ)။ ဤ HS ကုဒ်များတွင် စိန်၊ သို့မဟုတ် ရွှေတို့ မပါဝင်သည့်အပြင် သွေးထားပြီးသော ပတ္တမြား၊ မြ သို့မဟုတ် နီလာတို့ မပါဝင်ဘဲ ၎င်းတို့သည် HS710391 (သွေးထားပြီးသော်လည်း တန်ဖိုးမသတ်မှတ်ရသေးသော ပတ္တမြား၊ မြနှင့် နီလာ) ကုဒ်အောက်တွင် ရှိသည်။ ဤကျောက်မျက်အားလုံးသည် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံတန်ဖိုးတွင် ပါဝင်နိုင်မည်မဟုတ်ပေ။

ဤ HS ကုဒ်သုံးခုဖြင့် အကျုံးဝင်သော ကျောက်များအနက် HS710399 ကုဒ်ဖြင့် တရုတ်နိုင်ငံထဲသို့ ဝင်ရောက်သော တင်သွင်းမှုများသည် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံအနက်မှ အမေရိကန်ဒေါ်လာ ၁၁.၁ ဘီလီယံတန်ဖိုးရှိသည်အထိ တန်ဖိုးအမြင့်ဆုံး ပစ္စည်းများဖြစ်သည်။ ဤသို့ အမေရိကန်ဒေါ်လာ ၁၁.၁ ဘီလီယံ ဖြစ်စေသော ကျောက်မျက်အမျိုးအစားခွဲများ၏ တန်ဖိုးကို ဖြန့်ထုတ်ပြရန် မဖြစ်နိုင်သော်လည်း အလေးချိန်နှင့် ပတ်သက်လျှင်မူ ၎င်းတို့နှင့် သက်ဆိုင်သည့် အသေးစိတ် အချက်အလက်များကို ရရှိနိုင်ပါသည်။ ထို့ကြောင့် အဖိုးအတန်ဆုံးနှင့် အလယ်အလတ်တန်းစား ကျောက်တုံးများ၏ ၉၉.၂% ခန့်သည် HS71039910 (jadeite အတွက်

ကုဒ်ခွဲ - အမြင့်ဆုံးတန်ဖိုးရှိ ကျောက်စိမ်း) သို့မဟုတ် HS71039940 (nephrite အတွက် ကုဒ်ခွဲ – အဆင့်ပိုနိမ့်သော ကျောက်စိမ်းအမျိုးအစား) ဖြစ်ကြောင်း ပြသနေသည်။ အခြား အမျိုးအစား သတ်မှတ်နိုင်ခြင်းမရှိသည့် အဖိုးတန်ကျောက်မျက်ရတနာများသည် အလေးချိန်အားဖြင့် ၀.၇% ရှိသည်။ ရှင်းပြခဲ့သည့်အတိုင်း ဤကျောက်များတွင် အခြား HS ကုဒ်အောက်ရှိ စိန် သို့မဟုတ် ပတ္တမြားတို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း သလင်းကျောက် ပါဝင်ကောင်း ပါဝင်နေနိုင်သည်။ HS710399 ကုဒ်တင်သွင်းမှုစုစုပေါင်းအနက် ၀.၁% သည် ဖရဲအူကျောက်နှင့် ခရစ္စတယ်ကျောက်တို့ ဖြစ်သော်လည်း ၃၇ ကီလိုဂရမ်သာ ရှိသည်။

HS710399 အောက်တွင် အကျုံးမဝင်သော အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံတန်ဖိုးရှိသော အခြား HS ကုဒ်နှစ်ခုသည် အဘယ်နည်း။ HS710310 (မသွေးရသေးသော တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်များ) တွင် ကျောက်စိမ်းမှတပါး မသွေးရသေးသော တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်မျက်ရတနာများ ပါဝင်နိုင်သည်။ သို့သော် ဤအမျိုးအစားတွင်ရှိသော ကျောက်မျက်ရတနာများအတွက် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၂၇.၆၉ ဟူသော ပျမ်းမျှစျေးနှုန်းသည် အရည်အသွေးအလွန်နိမ့်သော ကျောက်စိမ်းအတွက် ဖြစ်နိုင်ခြေရှိသော တန်ဖိုးဖြစ်သော်လည်း ၎င်းသည် ပတ္တမြားနှင့် နီလာကဲ့သို့ မြန်မာနိုင်ငံ၏ အခြားနာမည်ကြီး ကျောက်မျက်များ တင်ပို့ရောင်းချမှုမှ ရရှိငွေ လုံးဝ မဖြစ်နိုင်ပေ။

HS710399 (သွေးထားပြီးသော တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်များ) အားလုံးနီးပါးသည် ကျောက်စိမ်းဖြစ်နိုင်သော်လည်း HS711620 (တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်တုံးလေးများ) ကို သတ်မှတ်ရန် သို့မဟုတ် ဖယ်ထုတ်ရန် ခက်ခဲနေသည်။ (တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်တုံးလေးများ) တွင် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ထုတ်ကုန်ပစ္စည်းအားလုံးလည်း ပါဝင်နိုင်ပုံရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံအတွက် မှတ်ယူထားသော တန်ဖိုးရှိ သို့မဟုတ် အလယ်အလတ်တန်းစား ကျောက်များ အားလုံးသည် ကျောက်စိမ်းဖြစ်သည်ဟု ကျိုးကြောင်းသင့်လျော်စွာ မှတ်ယူထားလိုက်သည်။

ကျောက်စိမ်းတင်သွင်းမှု၏ ပျမ်းမျှစျေးနှုန်းကိုတွက်ရန် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံတန်ဖိုးရှိ ကျောက်မျက်ရတနာတင်သွင်းမှု ကိန်းဂဏန်းအချက်အလက်ကို ကျွန်ုပ်တို့ အသုံးပြုလျှင် ကျောက်စိမ်း တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၂၂၇၆.၉၃ တန်ဖိုးရှိစေသည်။ ကျောက်စိမ်းကဏ္ဍအပေါ် အခြားနည်းဖြင့် တန်ဖိုးတွက်ရန် ဤပျမ်းမျှစျေးနှုန်းကို ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ၏ တရားဝင်ကျောက်စိမ်းထုတ်လုပ်မှု ကီလိုဂရမ် ၁၆.၆၈၄ သန်း ရှိသော စုစုပေါင်း ပမာဏအတွက် အသုံးပြုနိုင်သည်။ ဤတွက်ချက်မှုက ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှု တန်ဖိုးကို အမေရိကန်ဒေါ်လာ ၃၇.၉၈၈ ဘီလီယံအထိဖြစ်စေသည်။

ဤပျမ်းမျှစျေးနှုန်းမှ ဆင်းသက်လာသော ခန့်မှန်းတန်ဖိုးသည် မြင့်လွန်းနေခြင်းမဖြစ်ဘဲ နိမ့်လွန်းနေခြင်းသာ ဖြစ်နေသည်ကိုလည်း မှတ်သားထားသင့်သည်။ ဖော်ပြထားပြီး ဖြစ်သည့်အတိုင်း ဦးစွာ ပို၍ အဖိုးတန်သောကျောက်စိမ်းများစွာကို တရားမဝင် အရောင်းအဝယ်ပြုလုပ်နေပြီး တရုတ်နိုင်ငံ၏ အကောက်ခွန်များကို ရှောင်လွှဲနေမှုများကြောင့် တရုတ်နိုင်ငံ၏ ဒေတာများမှ ညွှန်ပြထားသည့်အတိုင်း မြန်မာနိုင်ငံကျောက်စိမ်း၏ ပျမ်းမျှတန်ဖိုးကို ဆွဲချသကဲ့သို့ ဖြစ်နေသည်။ ဒုတိယအချက်အနေဖြင့် နယ်စပ်တွင် ကျောက်စိမ်း တရားဝင်တင်ပို့သည့် ကုန်သည်များကလည်း တန်ဖိုးကို ပိုပြရန် အကြောင်းမရှိပါ။ အကြောင်းမှာ တန်ဖိုး ပိုပြမိလျှင် အခွန်ပိုဆောင်ရမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အဖြစ် ထိုသို့ တန်ဖိုးလျှော့၍ ကြေညာရန် သူတို့အတွက် မက်လုံး ရှိနေသည်။

## ဤရလဒ်များသည် အမှန်တကယ်ပင် အံ့အားသင့်ဖွယ်ကောင်းလှသည်- ပုံစံနှစ်မျိုးစလုံးဖြင့် တွက်ချက်မှုများအရ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍမှ ရရှိငွေသည် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်ရှိကြောင်း ခန့်မှန်းဖော်ပြနေသည်။

နိဂုံးအနေဖြင့်ဆိုရသော် တရုတ်နိုင်ငံ၏ သွင်းကုန်အချက်အလက်များသည် မြန်မာအစိုးရ၏ ထုတ်လုပ်မှုအချက်အလက်များနှင့် မည်သို့ ဆက်နွယ်နေရသနည်းဟူသည်ကို မေးခွန်းထုတ်ရတော့မည်ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံတန်ဖိုးရှိ ကျောက်စိမ်းတင်သွင်းမှု၏ စုစုပေါင်း အလေးချိန်သည် ကီလိုဂရမ် ၅.၄၀၂ သန်းရှိပြီး ၎င်းသည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ တရားဝင် ကျောက်စိမ်းထုတ်လုပ်မှု၏ သုံးပုံတစ်ပုံအောက်သာ ရှိနေသည်။ ဤအချက်က ကျောက်စိမ်း၏ ၅၀-၈၀% ကို တရုတ်နိုင်ငံသို့ နယ်စပ်များမှတဆင့် တိုက်ရိုက် တရားမဝင်ရောင်းချသည်ဟု လုပ်ငန်းပိုင်းမှ အတွင်းလူများပြောကြားသည်ကို ပံ့ပိုးပေးနေသည့် အချက်ဖြစ်သည်။[၄၄၄]

## (စ) ပြည်တွင်းကျောက်မျက်ပြပွဲများ တွင် ရောင်းချသည့် ကျောက်စိမ်း အချက်အလက်များရရှိရန် ကျောက်မျက်ပြပွဲဒေတာများကို အခြေခံပြီး ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှု ခန့်မှန်းပမာဏကို ညှိယူကြည့်ခြင်း

ကျောက်စိမ်းစျေးနှုန်းနှင့် ပတ်သက်လျှင် ကျွန်ုပ်တို့၏ ခန့်မှန်းထားချက်များသည် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်ပြီး အခြားနှစ်များအတွက် ထုတ်လုပ်မှုပမာဏကို ခန့်မှန်းရန်လည်း ဤအချက်များကို အသုံးပြုထားပါသည်။ သို့သော် ယခင်က မှတ်သားထားသကဲ့သို့ပင် ၂၀၁၄ ခုနှစ်တွင် ပြည်ပစျေးကွက်အတွက်မဟုတ်ဘဲ ပြည်တွင်းစျေးကွက်အတွက် အရည်အသွေးနိမ့်ကျောက်စိမ်းများကို ရောင်းချသည့် ကျောက်မျက်ပြပွဲနှစ်ပွဲကို ကျင်းပထားသောကြောင့် ဤနှစ်သည် ထူးခြားသည့်နှစ်တစ်နှစ် ဖြစ်ပါသည်။ ၂၀၁၄ မတိုင်မီက ကိုးနှစ်အတွင်းတွင် ပြည်တွင်းစျေးကွက်အတွက် ကျောက်မျက်ပြပွဲကို တစ်ကြိမ်သာ ကျင်းပခဲ့သည်။

ရှင်းပြပြီးသမျှ ပြန်ကောက်ယူရလျှင် ဤပွဲများသည် အဓိကကျင်းပသော ကျောက်မျက်ပြပွဲကြီးများနှင့်မတူဘဲ ၎င်းသည် ပြည်တွင်းမှ ဝယ်ယူသူများအတွက် အရည်အသွေးနိမ့်ကျောက်စိမ်း (အမှန်ဆိုရလျှင် အနိမ့်တကာ့အနိမ့်ဆုံး) ကို ရောင်းချရန်အတွက် ပုံမှန်မဟုတ်ဘဲ ကျင်းပသောပွဲများဖြစ်သည်။ ထို့ကြောင့် စျေးနှုန်းများနှင့်ပတ်သက်၍ ထုတ်ဖော်ထားသောအချက်အလက်များသည် နိုင်ငံတကာ (တရုတ်) စျေးကွက်တွင် ရောင်းချရာ၌ အသုံးပြုသော စျေးနှုန်းမဟုတ်သည်မှာ သေချာပေသည်။

ဤသို့ ပြည်တွင်းကျောက်မျက်ပြပွဲမှ ရရှိသောအချက်အလက်များကို အသုံးပြုခြင်းသည် ကျောက်စိမ်းစျေးနှုန်းကို ခန့်မှန်းရာတွင် အလွန်လျှော့နည်းနိုင်မည့် ပြဿနာရှိသော်လည်း ၎င်းကို

ဖယ်ထုတ်ထားခြင်းထက် အခြားအချက်အလက်များနှင့်အတူ ပေါင်းစပ်၍ အသုံးပြုရန် ကျွန်ုပ်တို့က ဆုံးဖြတ်ခဲ့ပါသည်။ အလားတူပင် အောက်တိုဘာလတွင် ကျင်းပခဲ့သော ပြည်တွင်းကျောက်မျက်ပြပွဲနှင့် ပတ်သက်သော ရောင်းချမှုအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် ၂၀၁၄ ခုနှစ် အရည်အသွေးနိမ့် (အထည်ကျောက် အဆင့်) ကျောက်စိမ်းများအတွက် ပျမ်းမျှဈေးနှုန်းကို ပြန်လည်တွက်ချက်ခဲ့သည်။[၄၄၅] ၂၀၁၄ အထိ ဤသို့သော ပြပွဲမျိုးကို ကျင်းပဖူးခြင်းမရှိသဖြင့် ၂၀၀၅ မှ ၂၀၁၃ ခုနှစ်အတွက် အလားတူ ပြန်လည်တွက်ချက်ခြင်းမျိုး မပြုလုပ်ခဲ့ပါ။

ကျွန်ုပ်တို့တွင် ရရှိထားသော ပြည်တွင်းကျောက်မျက်ပြပွဲအချက်အလက်များကို ၂၀၁၄ ခုနှစ် ပြည်ပကျောက်မျက်ပြပွဲအချက်အလက်များနှင့်အတူ ပေါင်းစပ်လိုက်ပါက အထည်ကျောက် အဆင့်ရှိ ကျောက်စိမ်းအတွက် ပျမ်းမျှဈေးနှုန်းသည် တစ် ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၆၆.၉၅ အထိ လျော့ကျသွားစေခဲ့သည်။ ဇယား ၄ တွင် ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှုကို နည်းလမ်းနှစ်မျိုးသုံး၍ တန်ဖိုးဖြတ်ထားသည်ကို ပြန်လည်တွက်ချက်ရန် ဤပြင်ဆင်ထားသည့် ကိန်းဂဏန်းကို ကျွန်ုပ်တို့ အသုံးပြုထားပါသည်။

၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲ ရောင်းချမှု ကိန်းဂဏန်းအချက်အလက်များမှ ဆွဲယူထားသော အရည်ကျောက်၊ အသားကျောက် နှင့် အထည်ကျောက် ကျောက်စိမ်းအချိုးအစားကို အသုံးပြုသည့်အခါ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၆၃၄ ဘီလီယံသို့ ကျသွားခဲ့သည်။ သို့သော် ၎င်းပမာဏသည် ၂၀၁၄ ခုနှစ် တရုတ်နိုင်ငံ အကောက်ခွန်စာရင်းများအရ မြန်မာနိုင်ငံမှ တင်သွင်းသော ကျောက်စိမ်းပမာဏထက် နည်းနေသဖြင့် ဤခန့်မှန်းချက်သည် အားနည်းချက်ရှိနေမည်မှာ ထင်ရှားပေသည်။ အထက်ပါ အခန်း (ဃ) တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံမှ တင်သွင်းမှုအချက်အလက်များတွင် ကျောက်မျက်ရတနာအမျိုးအစားများအတွက် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံရှိကြောင်း မှတ်တမ်းတင်ထားသည်။ ထိုကျောက်မျက်များတွင် - အများအပြားပါဝင်သည်မှာ - ကျောက်စိမ်းပင် ဖြစ်သည်။ ဤပမာဏသည် ထိုနှစ်အတွက် မြန်မာနိုင်ငံကျောက်စိမ်းကဏ္ဍအတွက် အနည်းဆုံး ခန့်မှန်းချက် တစ်ခုအဖြစ်သာ ယူဆနိုင်သည်၊ အကြောင်းမှာ ထိုပမာဏတွင် နယ်စပ်မှတဆင့် အမြောက်အမြား တရားမဝင် ရောင်းဝယ်သော ပမာဏကို ထည့်သွင်းစဉ်းစားထားခြင်းမရှိသောကြောင့် ဖြစ်သည်။

Harvard/Proximity မှအသုံးပြုသော ကျောက်စိမ်းအမျိုးအစား အဆင့်သုံးဆင့်၏ **အချိုးအစားများကို အသုံးပြုလိုက်သည့်အခါ ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှု ခန့်မှန်းပမာဏသည် အမေရိကန်ဒေါ်လာ ၃၀,၈၅၉ ဘီလီယံ ဖြစ်လာသည်။** Harvard/Proximity **သည် ကျောက်စိမ်းများကို အရည်အသွေးအလိုက် ခွဲထုတ်ခြင်းဖြစ်ပြီး ထိုပမာဏသည် ခန့်မှန်း**ချက်သာ ဖြစ်သဖြင့် ၎င်းသည် ၂၀၁၄ ခုနှစ်အတွက် ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များထက် ပိုမို တိကျမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ အကြောင်းမှာ တန်ဖိုးပိုရှိသည့် ကျောက်စိမ်းများကို တရားမဝင် ရောင်းဝယ်နေမှုများကြောင့် ကျောက်မျက်ပြပွဲမှ အချက်အလက်များသည် လွဲမှားမှုများ ရှိနေမည် ဖြစ်သည်။

ကျွန်ုပ်တို့၏ သုံးသပ်ချက်အရ အထက်ပါ ဇယား ၃ (ကော်လံ (စ)) တွင် ဖော်ပြထားသော အမေရိကန်ဒေါ်လာ ၃၄,၂၄၈ ထက် ဒေါ်လာ ၃၀,၈၅၉ ကိုသာ ပြသရန် ရွေးချယ်ထားပါသည်။

**အမေရိကန်ဒေါ်လာ ၃၀,၈၅၉ သည် ၂၀၁၄ ခုနှစ် ကျောက်စိမ်းထွက်ရှိမှု ပမာဏကို ခန့်မှန်းရာတွင် ပို၍ စိတ်ချရမှုရှိသော ခန့်မှန်းချေအဖြစ် မှတ်ယူထားပါသည်၊ ၎င်းသည် ကျောက်စိမ်းအဆင့်များအကြား လက်တွေ့အကျဆုံး ခွဲထုတ်မှုနှင့် အနီးစပ်ဆုံး ဈေးနှုန်းအချက်အလက်များအပေါ် အခြေခံထားခြင်းကြောင့် ဖြစ်သည်။ သို့သော် ၎င်းသည် အထက်ပါ ကော်လံ (င) တွင် ဖော်ပြထားသော တရုတ်နိုင်ငံ သွင်းကုန်အချက်အလက်များအပေါ် အခြေခံထားသော အခြားနည်းလမ်းဖြင့် တွက်ချက်လိုက်သည့် ပမာဏထက် နည်းနေသဖြင့် စဉ်းစားစရာ ဖြစ်နေသည်။**

Harvard/Proximity မှ ကျောက်စိမ်း အဆင့်များခွဲထုတ်သည့်နည်း (ဇယား၃ ကော်လံ (စ) တွင်ဖော်ပြထားသည်) ကို အသုံးပြုပြီး ၂၀၀၅-၂၀၁၃ အတွင်း တရားဝင်ထုတ်လုပ်မှုတန်ဖိုးအပေါ် ခန့်မှန်းတန်ဖိုးဖြတ်ထားသည့် ပမာဏနှင့် ဤပမာဏကို ပေါင်းစပ်လိုက်လျှင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ကျောက်စိမ်းထုတ်လုပ်မှု ပမာဏအတွက် ပျမ်းမျှ ခန့်မှန်းချက်သည် အမေရိကန်ဒေါ်လာ ၁၂၂.၈ ဘီလီယံ ရှိသည်။

ဇယား ၄- ၂၀၁၄ အောက်တိုဘာလတွင် ကျင်းပသော ပြည်တွင်းကျောက်မျက်ပြပွဲမှ ရရှိသည့် ရောင်းချမှု အချက်အလက်များကို အသုံးပြုပြီး တရားဝင်ထုတ်လုပ်မှု တန်ဖိုးကို ပြန်လည်တွက်ချက်ခြင်း[၄၄၆]

| က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|
| နှစ် | ကျောက်မျက်ပြပွဲတွင် ရောင်းချသော ကျောက်စိမ်းပမာဏ (တစ်ထောင် ကီလိုဂရမ်ဖြင့်)[၄၄၇] | ကျောက်မျက် ပြပွဲတွင် ရောင်းချရမှု စုစုပေါင်းတန်ဖိုး (အမေရိကန်ဒေါ် လာသန်းဖြင့်)[၄၄] | နှစ်စဉ်ထုတ် လုပ်မှု စုစုပေါင်း (တစ်ထောင် ကီလိုဂရမ်ဖြင့်) | စုစုပေါင်း ကျောက်စိမ်း ကဏ္ဍ၏အရွယ်အစား (၂၀၁၄ ခုနှစ် ကျောက်မျက ပြပွဲတွင် ကျောက်စိမ်း ကိုအရည်အသွေးအလိုက် အမျိုးအစားခွဲထုတ်သည်) (အမေရိကန်ဒေါ်လာသန်းဖြင့်) | စုစုပေါင်း ကျောက်စိမ်း ကဏ္ဍ၏အ ရွယ်အစား (Harvard/ Proximit က ကျောက်စိမ်း အရည်အသွေး အလိုက် အမျိုးအစား ခွဲထုတ်သည်) (အမေရိကန်ဒေါ်လာ သန်းဖြင့်) |
| ၂၀၁၄ (ပြည်တွင်း ကျောက်မျက် ပြပွဲမှ အချက် အလက်များ မပါဝင်ပါ) | ၃,၈၆၅ | ဒေါ်လာ ၃,၅၈၀ | ၁၆,၆၈၄ | ဒေါ်လာ ၁၅,၄၅၃ | ဒေါ်လာ ၃၄,၂၄၈ |
| ၂၀၁၄ (ပြည်တွင်း ကျောက်မျက်ပြပွဲမှ အချက်အလက်များ အပါအဝင်) | ၁၀,၉၄၃ | ဒေါ်လာ ၃,၇၀၁ | ၁၆,၆၈၄ | ဒေါ်လာ ၅,၆၄၃ | ဒေါ်လာ ၃၀,၈၅၉ |

## (ဆ) တရားဝင် မှတ်တမ်းတင်ထားခြင်းမရှိသည့် ကျောက်စိမ်းများအပါအဝင် ကျောက်စိမ်း ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုးကို ခန့်မှန်းခြင်း

၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲဈေးနှုန်း အချက်အလက်များအပေါ် အခြေခံထားသည့် ထုတ်လုပ်မှုခန့်မှန်းပမာဏ နှင့် တရုတ်နိုင်ငံ သွင်းကုန်အချက်အလက်များအပေါ် အခြေခံထားသော အခြားနည်းဖြင့် တန်ဖိုးဖြတ်မှုတို့တွင် မည်သည့်အခါကမျှ တရားဝင် မှတ်တမ်းတင်ထားခြင်းမရှိသည့် ကျောက်စိမ်းပမာဏကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ လုပ်ငန်းရှင်းမြစ်များကို တွေ့ဆုံမေးမြန်းမှုအရ အချို့သော ကျောက်စိမ်းထုတ်လုပ်မှုများကို တရားမဝင် ရောင်းဝယ်ခြင်းမပြုမီ တရားဝင် မှတ်တမ်းတင်ထားကောင်း တင်ထားနိုင်ကြသော်လည်း သိသာထင်ရှားသည့် ပမာဏတစ်ခုကိုလည်း မြန်မာနိုင်ငံ၏ စာရင်းစာအုပ်များထဲမှ ဖယ်ထုတ်ထားသည့် ကိစ္စရပ်များ ရှိနေကြောင်း (ဥပမာ- ထုတ်လုပ်မှုပမာဏကို လျှော့၍ မှတ်တမ်းတင်ရန် အရာရှိများကို လာဘ်ထိုးခြင်း) ညွှန်ပြနေသည်။[၄၄၉] တစ်ချိန်တည်းတွင်ပင် လုပ်ငန်းရှင်းမြစ်များက ထိုသို့ တရားမဝင်ရောင်းဝယ်ခြင်းသည် မြန်မာနိုင်ငံတွင်သာမက တရုတ်နိုင်ငံတွင်ပါ အခွန်ရှောင်လို၍ ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ရောင်းဝယ်သူများသည် မြန်မာနယ်စပ်ကိုသာမက တရုတ်နယ်စပ်ရှိ ထိန်းချုပ်မှုများကိုပါ ရှောင်တိမ်းရန် ကြိုးစားနေကြခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး အချက်အလက်များသည်လည်း မြန်မာနိုင်ငံမှ တင်သွင်းသော ကျောက်စိမ်းပမာဏကို လျှော့ပြထားခြင်း ဖြစ်နိုင်သည်။

သို့သော် ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းရှင်းမြစ်များမှ ရရှိသော အချက်အလက်များနှင့် တရားဝင်အချက်အလက်များကို ပေါင်းစပ်လိုက်လျှင် ကျောက်စိမ်းတွင်းများတွင် မှတ်တမ်းတင်ထားခြင်းမရှိသော ကျောက်စိမ်းများ တရားမဝင် ခိုးထုတ်နေသည့်တန်ဖိုးကို ခန့်မှန်းနိုင်ပေသည်။ လုပ်ငန်းရှင်းမြစ်များ ပြောပြချက်အရ စုစုပေါင်း ကျောက်စိမ်းထုတ်လုပ်မှု၏ ၅၀-၈၀% ကို တရုတ်နိုင်ငံသို့ တရားမဝင်ရောင်းချကြောင်း သိရသည်။ ထို့ကြောင့် တရုတ်နိုင်ငံသို့ ရောက်ရှိမှုများထဲမှ ၂၀% ခန့်သည်သာ တရားဝင်ရောက်ရှိခြင်း ဖြစ်သည်။

တရားဝင် ကုန်သွယ်ရေးအချက်အလက်များအရ လွန်ခဲ့သော ၁၀ စုနှစ်များအတွင်း ကျောက်စိမ်းအလေးချိန် ကီလိုဂရမ်ပေါင်း ၇၂ သန်းကျော်ကိုသာ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း ဖော်ပြနေသည်။ တွက်ချက်ရန် အခြေခံအဖြစ် တရားမဝင်ရောင်းချသော ကျောက်စိမ်းသည် ၈၀% ရှိသည်ဟု ခန့်မှန်းထားလျှင် တရုတ်နိုင်ငံ သွင်းကုန်အချက်အလက်များထဲတွင် မှတ်တမ်းတင်ထားသော ကျောက်စိမ်းပမာဏသည် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရောက်ရှိသွားသော စုစုပေါင်းပမာဏ၏ ငါးပုံတစ်ပုံကိုသာ ကိုယ်စားပြုနေသည်။ ၂၀၀၅ နှင့် ၂၀၁၄ အကြား စုစုပေါင်းထုတ်လုပ်မှု ပမာဏသည် ကီလိုဂရမ် ၃၆၁ သန်းအထိ ဖြစ်နိုင်သည်။

တန်ဖိုးကိုတွက်ချက်ရန် ကျွန်ုပ်တို့သည် အရည်ကျောက်၊ အသားကျောက် နှင့် အထည်ကျောက် ကျောက်စိမ်းတို့ကို အမျိုးအစားအလိုက် ခွဲထုတ်ထားသည့် Harvard/Proximity ၏ ကိန်းဂဏန်းအချက်အလက်များနှင့် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များမှ ခန့်မှန်းတွက်ချက်ထားသည့် ပျမ်းမျှဈေးနှုန်းကို အသုံးပြုနိုင်ပါသည်။ ဇယား ၅ တွင် ပြထားသည့်အတိုင်း ဤအချက်များကို အခြေခံပြီး ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းထုတ်လုပ်မှု စုစုပေါင်းပမာဏသည် - ‘တရားမဝင်’ / မှတ်တမ်းမသွင်းထားသော **ကျောက်စိမ်းအပါအဝင် - အမေရိကန်ဒေါ်လာ ၁၇၀.၇၆၄ ဘီလီယံ အထိ ရှိနိုင်ကြောင်း ကျွန်ုပ်တို့က ခန့်မှန်းထားပါသည်။**

ဇယား ၅- ကျောက်စိမ်းကဏ္ဍ၏ အများဆုံးပမာဏ ဖြစ်နိုင်ခြေ ခန့်မှန်းမှု

| က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|
| နှစ် | တရားဝင် ကျောက်စိမ်း တရုတ်နိုင်ငံသို့ တင်ပို့မှု[၄၅၀] (ကီလိုဂရမ် သန်းဖြင့်) | ကျောက်စိမ်း ကဏ္ဍတစ်ခုလုံး၏ အရွယ်အစား အများဆုံး ဖြစ်နိုင်သည့် ခန့်မှန်းချက် (မှတ်တမ်းထဲ ထည့်ထားခြင်း မရှိသည့် ၈၀% အပေါ် အမြင့်ဆုံး ခန့်မှန်းမှုကို အသုံးပြုသည်) (ကီလိုဂရမ် သန်းဖြင့်) | ၂၀၀၅-၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် တရားဝင် ထုတ်လုပ်မှု (ကီလိုဂရမ် သန်းဖြင့်) | ၂၀၀၅-၂၀၁၄ အတွင်း တရားမဝင် ထုတ်လုပ်သော ကျောက်စိမ်းများ၏ ခန့်မှန်းအရွယ်အစား (ကီလိုဂရမ် သန်းဖြင့်) | ကျောက်စိမ်းကဏ္ဍ၏ အများဆုံးခန့်မှန်းတန်ဖိုး (ကော်လံ ဂ ရှိ ပမာဏနှင့် Harvard/Proximity ၏ ကျောက်စိမ်းအရည်အသွေးအဆင့်များကို ခွဲထုတ်မှုအပေါ် အခြေခံထားပါသည်) (အမေရိကန်ဒေါ်လာ ဘီလီယံ ဖြင့်) |
| ၂၀၀၅-၂၀၁၄ | ၇၂.၃၈၉ | ၃၆၁.၉၄၃ | ၂၆၀.၂၆၉ | ၁၀၁.၆၇၄ | ဒေါ်လာ ၁၇၀.၇၆၄ |

## တွက်ချက်မှုများနှင့်ပတ်သက်သော နောက်ထပ်မှတ်စုများ

- အရည်ကျောက် ကျောက်စိမ်းအတွက် ကျွန်ုပ်တို့ တွက်ချက်သော ဈေးနှုန်းသည် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် လေလံတင် ရောင်းချရမှု (တင်ဒါခေါ်ယူမှု မဟုတ်ပါ) ၏ ပျမ်းမျှဈေးနှုန်းအပေါ် အခြေခံထားပါသည်။ တန်ဖိုးမြင့်သည့် ကျောက်စိမ်းကို လေလံတင်ရောင်းချခြင်းဖြစ်သော်လည်း ကျွန်ုပ်တို့တွင် မည်သည့် ကျောက်စိမ်းတွဲများသည် အရည်ကျောက် အဆင့်ဖြစ်သည်ကို သတ်မှတ်ဖော်ပြသော အချက်အလက်များမရှိသောကြောင့် ဖြစ်သည်။ ၂၀၁၅ ကျောက်မျက်ပြပွဲအတွက် မည်သည့်ကျောက်မျက်များသည် မည်သည့်အဆင့်ရှိသည်ဟူသော အချက်အလက်အပြည့်အစုံသည် ကျွန်ုပ်တို့တွင် ရှိသည်။ ၂၀၁၅ ခုနှစ်တွင် လေလံတင်ရောင်းချသော ကျောက်စိမ်းတွဲ ၃၃၄ တွဲအနက် နှစ်တွဲသည် အရည်ကျောက် အဆင့်ရှိ ကျောက်စိမ်းဖြစ်ကြောင်း ပြသထားသည်။ အလားတူပင် ၂၀၁၄ ခုနှစ် ကျောက်စိမ်းလေလံတင်ရောင်းချမှုတွင် အနည်းငယ်သည်သာ အရည်ကျောက် အဆင့်ဖြစ်နိုင်ပြီး ၂၀၁၄ ကျောက်မျက်ပြပွဲအတွက်

ကျွန်ုပ်တို့ ခန့်မှန်းသော အရည်ကျောက် အဆင့်ကျောက်စိမ်း ဈေးနှုန်းသည် ထိုနှစ်တွင် လေလံတင်ရောင်းချခဲ့သော အဆင့်နိမ့်ကျောက်စိမ်းများကြောင့် ဈေးလျော့နည်းနေသည်ကို ပြသနေသည်။ ဤအချက်ကို ထူးအုပ်စုကုမ္ပဏီမှ ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ရောင်းချခဲ့သော အရည်ကျောက် အဆင့်ရှိ ကျောက်စိမ်းတုံး တစ်တုံးအတွက် ကျွန်ုပ်တို့ ရရှိထားသော အချက်အလက်က ပံ့ပိုးပေးထားသည်။ ဤကျောက်စိမ်းကို ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲမှ ရရှိသော အချက်အလက်များအပေါ် အခြေခံသော အရည်ကျောက် အဆင့်ရှိကျောက်စိမ်းအတွက် ကျွန်ုပ်တို့ ခန့်မှန်းထားသော ဈေးနှုန်းထက် အဆ ၄၀ ကျော်မြင့်သော နှုန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အရည်ကျောက် အဆင့်ကျောက်စိမ်း၏ ပျမ်းမျှဈေးနှုန်းကို ကျွန်ုပ်တို့ တွက်ချက်ရာတွင် လျှော့တွက်ထားခြင်းဖြစ်ပြီး အကျိုးဆက်အဖြစ် ထုတ်လုပ်မှုအမှန်တကယ်တန်ဖိုးသည် ကျွန်ုပ်တို့၏ ကိန်းဂဏန်းအချက်အလက်များမှ ညွှန်ပြထားသည်ထက် ပိုမြင့်နေနိုင်သည်။

- အခန်း ၁ တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း အစိုးရကျောက်မျက်ပြပွဲများတွင် ဈေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်နေမှု အများအပြားရှိနေသည်။ ထိုသို့ ကြိုးကိုင်ခြယ်လှယ်မှုများသည် ပေးဆောင်ရမည့်အခွန်ကို လျှော့ချရန်အတွက် တမင်လုပ်ယူထားသော ဈေးနှုန်းနိမ့်နိမ့်ဖြင့် ကုမ္ပဏီများက မိမိထံ မိမိပြန်ရောင်းရန်အတွက် (ကြားခံအဖွဲ့များ သို့မဟုတ် အေဂျင်စီများမှတဆင့်) ပြုလုပ်ခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်းမြစ်များက ပြောပြသည်။ ငွေကြေး ခဝါချရေး သို့မဟုတ် သတ်မှတ်ထားသော ကျောက်စိမ်းအမျိုးအစားကို ဈေးကွက်ပြင်ပသို့ ရောက်ရှိရေးအတွက် ဈေးနှုန်းများ ချဲ့ကားထားမှုများလည်း ရှိပါသည်။ သို့သော် တွေ့ဆုံမေးမြန်းထားသူများက တမင်လျှော့ချထားသော ဈေးနှုန်းများသည် ပို၍ များပြားသည်ဟု ဆိုသည်။ ကျွန်ုပ်တို့၏ တွက်ချက်မှုများတွင် ဤပြဿနာရပ်များကို ထည့်သွင်းစဉ်းစားရန် လုံလောက်သောအချက်အလက်များ မရှိသဖြင့် ကျောက်စိမ်းဈေးနှုန်းအပေါ် ထိုသို့ကြိုးကိုင်ခြယ်လှယ်မှုများ၏ သက်ရောက်မှုအားလုံးကို ဆုံးဖြတ်နိုင်ခြင်းမရှိပေ။

- ၂၀၁၅ ခုနှစ် ဇူလိုင်လ မြန်မာ့ကျောက်မျက်ပြပွဲတွင် ရောင်းချရမှုသည် သိသိသာသာ ထိုးဆင်းသွားပြီး လေလံအောင်ရန် ကြိုးစားပြီးနောက် ငွေပေးချေရန် ပျက်ကွက်သည့် ဝယ်ယူသူများ မထွက်ပေါ်စေရေးအတွက် စရံငွေပေးသွင်းရသည့် စနစ်ကို ပြဌာန်းလိုက်ခြင်းကြောင့် ဖြစ်သည်ဟု ယူဆရသည်။ အသေးစိတ် ရောင်းချရမှုအချက်အလက်များ မရှိသဖြင့် ထိုသို့ ရောင်းအားကျဆင်းမှုအတွက် မည်သည့် ကျောက်စိမ်းအဆင့်များ ထိခိုက်ခံရကြောင်း သို့မဟုတ် မည်သို့သော ဂယက်ရိုက်မှုများရှိကြောင်းကို ကျွန်ုပ်တို့အနေဖြင့် လေ့လာဆန်းစစ်ရန် မဖြစ်နိုင်ပေ။ ဤသို့ တွက်ချက်ရန်အတွက် စရန်ငွေပေးသွင်းရသည့် စနစ်ကို မိတ်ဆက်လိုက်ခြင်းသည် ကျောက်စိမ်းအဆင့် အားလုံးအပေါ် တန်းတူသက်ရောက်မှုရှိကြောင်း ကျွန်ုပ်တို့ ယူဆထားပြီး ထိုအတွက်ကြောင့် ၎င်းသည် ဈေးနှုန်းတွက်ချက်မှုအပေါ် သက်ရောက်ခြင်းမရှိပေ။

## (၉) မြန်မာနိုင်ငံ၏ အဖိုးအတန်ဆုံးအရင်းအမြစ်ထံမှ မြန်မာအစိုးရ ရရှိမှုအပေါ် ခန့်မှန်းထားမှု

ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းများမှ အစိုးရ ရရှိမှုကို ခန့်မှန်းခြေ တွက်ချက်ခဲ့ပါသည်။ ကျွန်ုပ်တို့ တွက်ချက်ထားသည်ကို ဇယား ၅ တွင် ဖော်ပြထားပြီး ၎င်းတို့သည် အောက်ပါ အချက်အလက်များနှင့် ယူဆချက်များ / ခန့်မှန်းချက်များအပေါ် အခြေခံထားပါသည်-

- လိုင်စင်ကြေးနှင့် ပတ်သက်၍ ရရှိထားသော အချက်အလက်များကို ပြည့်စုံစွာ ရရှိထားခြင်းမရှိပါ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(MGE) ထံမှ အချက်အလက်များအရ ကုမ္ပဏီပေါင်း ၉၃၇ ခုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျောက်စိမ်းတူးဖော်ရန် လိုင်စင်များ ရရှိထားသည်။ လုပ်ငန်းတွင်းမှ ပုဂ္ဂိုလ်တစ်ဦး ခန့်မှန်းပြောပြချက်အရ ဤကုမ္ပဏီများထဲမှ ၃၀% တို့သည် ပုဂ္ဂလိကလုပ်ကိုင်နေပုံရပြီး (အကျိုးတူ မဟုတ်) ၎င်းတို့သည် လိုင်စင်ခများကို ပေးချေရန် တာဝန်ရှိသည်ဟု သိရသည်။ လိုင်စင်ရယူထားသူများသည် တစ်ဧကချင်းစီအတွက် ပါမစ် ၅၀ အထိ ကိုင်ဆောင်ခွင့်ရှိပြီး ကုမ္ပဏီပေါင်း ၉၃၇ ခုထဲမှ ၃၀% သည် ပျမ်းမျှ ၂၅ ဧကကို ရယူထားမည်ဆိုပါက သီးသန့်လိုင်စင်အဖြစ် ချထားပေးသော ဧကပေါင်း ၇၀၂၇.၅ ဧကရှိကြောင်း ကျွန်ုပ်တို့ ခန့်မှန်းပါသည်။ ဤပမာဏသည် လိုင်စင်ရကုမ္ပဏီများအတွက် လုပ်ပိုင်ခွင့်ချပေးထားသည့် ဧကပေါင်း ၁၂,၀၀၀ နှင့် ၃၅,၀၀၀ အကြားရှိသည်ဟု ခန့်မှန်းသည့် အခြားလုပ်ငန်းရင်းမြစ်များမှ ရရှိသော အချက်အလက်နှင့် ကိုက်ညီနေသည်၊ ထိုပမာဏ၏ ပျမ်းမျှသည် ၂၃,၅၀၀ ဧက ဖြစ်သည်။[၄၅၁] ဤသီးသန့် လိုင်စင်များအောက်တွင် ရယူထားသော ကျောက်စိမ်းတွင်း၏ ၃၀% ကို အလားတူ ခန့်မှန်းမည်ဆိုလျှင် ဧကပေါင်း ၇,၀၅၀ ရရှိသည်။

- လိုင်စင်များအတွက် ဖြစ်နိုင်ခြေရှိသော ဈေးနှုန်းများသည် အလွန်အမင်းကွာဟမှု ရှိသော်လည်း MGE မှ ပေးထားသည့် အမျိုးအမျိုးသော အချက်အလက်များ၏ ပျမ်းမျှပမာဏကို အခြေခံပြီး တွက်ချက်ရာတွင် သုံးနှစ်သက်တမ်းလိုင်စင်အတွက် ပျမ်းမျှကျပ် ၁၆.၅ သန်းရှိကြောင်း ခန့်မှန်းပါသည်။[၄၅၂] ဤကိန်းဂဏန်းများကို အသုံးပြုလျှက် လိုင်စင်ကုမ္ပဏီများထံမှ နှစ်စဉ်ရရှိငွေသည် အမေရိကန်ဒေါ်လာ ၅,၆၁၅.၃၄ ရှိကြောင်း အကြမ်းဖျင်း တွက်ချက်ခန့်မှန်းမိပါသည်။

- MGE က ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ကျောက်စိမ်းလုပ်ငန်းမှ အခွန်ရရှိငွေ အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးထားပြီး ထိုပမာဏသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်လည်း အလားတူဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆထားပါသည်။

ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော ခန့်မှန်းခြေ အခွန်ပေးချေမှုကို တွက်ချက်ရန် မြန်မာနိုင်ငံတွင် ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန် အများဆုံးပေးဆောင်နေပုံရသော၊ ထို့အပြင် ကျောက်စိမ်းလုပ်ငန်းကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြင့်ဖြစ်စေ လုပ်ကိုင်နေသော ကုမ္ပဏီများ၏ အချက်အလက်များကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်ပြီး ဖြစ်ပါသည်။ အခွန်ဆောင်မှု တစ်ခုချင်းစီအတွက် ပျမ်းမျှကိန်းကို အသုံးပြုလျှက် ၎င်းတို့ ဖော်ပြထားသော အခွန်ထမ်းဆောင်မှုပမာဏများကို အခြေခံပြီး ၎င်းတို့၏ ပေးသွင်းရငွေများကို တွက်ချက်ထားခြင်းဖြစ်ပါသည်။

အထက်ပါ တွက်ချက်မှုတွင် အံ့အားသင့်ဖွယ်ရာ အချက်တစ်ချက်မှာ ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် ရောင်းချရငွေအပေါ် အခွန်ထမ်းဆောင်ရသည့် ၁၀% ဖြင့် တွက်ချက်ထားသော ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်းသည် ကျောက်စိမ်းတွင်းများမှ အခွန်ရရှိငွေ ၂၀% ထက်များနေကြောင်း တွေ့ရသည်။

ဇယား ၆- ၂၀၁၄ ခုနှစ်အတွက် မြန်မာအစိုးရအတွက် ကျောက်စိမ်းမှဝင်ငွေ ခန့်မှန်း

| အမျိုးအမည် | ခန့်မှန်းတန်ဖိုး (အမေရိကန်ဒေါ်လာ သန်းဖြင့်) |
|---|---|
| ခန့်မှန်း လိုင်စင်ကြေး (တစ်နှစ်လျှင် ပျမ်းမျှလိုင်စင်ကြေး အမေရိကန်ဒေါ်လာ ၅,၆၁၅.၃၄ နှင့် ပုဂ္ဂလိကကျောက်စိမ်းလိုင်စင် ၇၀၂၇.၅ လိုင်စင်) | ဒေါ်လာ ၃၉.၄၆ |
| ကျောက်စိမ်းတွင်း အခွန်ဝင်ငွေ (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကိန်းဂဏန်းများအပေါ် အခြေခံထားသည်) | ဒေါ်လာ ၆.၁၂ |
| ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲမှ ရောင်းချခွန် ၁၀% မှ ဝင်ငွေ (ငွေအကြေပေးသွင်းနှုန်းကို ၃၀.၃၈% ဟု မှတ်ယူထားသည်) | ဒေါ်လာ ၁၀၈.၇၇ |
| MGE ၏ ငွေအကြေရရှိသည့် အကျိုးတူ ရောင်းချမှုမှ ၄၀% (ခန့်မှန်း) (ငွေအကြေပေးသွင်းနှုန်းကို ၃၀.၃၈% အဖြစ် မှတ်ယူထားသည်)[၅၃] | ဒေါ်လာ ၁၃၈.၉၃ |
| ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော MEHL နှင့် MEC ၏ဝင်ငွေများ (၄၀% ဝေစုယူသည်ဟု ကျွန်ုပ်တို့ မှတ်ယူထားသည့် ဖက်စပ်လုပ်ငန်းများအပါအဝင်) ငွေအကြေပေးသွင်းနှုန်းကို ၃၀.၃၈% အဖြစ် မှတ်ယူထားသည်) | ဒေါ်လာ ၃၈.၇၄ |
| ကျောက်စိမ်းလုပ်ငန်းများမှ ခန့်မှန်းကုန်သွယ်ခွန်ပေးချေမှု ခန့်မှန်း (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကိန်းဂဏန်းများအပေါ် အခြေခံထားသည်) | ဒေါ်လာ ၃၉.၈၆ |
| ကျောက်စိမ်းလုပ်ငန်းများမှ ဝင်ငွေခွန်ပေးသွင်းမှု ခန့်မှန်း (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကိန်းဂဏန်းများအပေါ် အခြေခံထားသည်) | ဒေါ်လာ ၂.၁၁ |
| **စုစုပေါင်း** | **ဒေါ်လာ ၃၇၃.၉၉** |

**မှတ်ချက်** - *ကျောက်မျက်ပြပွဲ ရောင်းချရမှုတိုင်းအတွက် မြန်မာကျောက်မျက်ပြပွဲ ဗဟိုကော်မတီထံ ပေးသွင်းရသော ထပ်ဆောင်း ၁% အခွန်ကောက်ခံမှု ရှိပါသည်။ ထိုပမာဏသည် မြန်မာအစိုးရက ရရှိသည့် ကျောက်စိမ်းမှ ဝင်ငွေဟု တိတိကျကျ ပြောနိုင်သည့်အပိုင်း မဟုတ်သဖြင့် ၎င်းကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ ပြောပြချက်အရ ဤသို့အခွန်စည်းကြပ်မှုမှတဆင့် ရရှိသော ရံပုံငွေကို ကျောက်မျက်ပြပွဲ စီစဉ်ခြင်း၊ အဆောက်အဦး စီမံခန့်ခွဲမှုနှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များ၊ "ကျောက်မျက်စျေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေမည့် လုပ်ငန်းများ" နှင့် "CSR" တို့အတွက် အသုံးပြုကြောင်း သိရသည်။*

ကျောက်စိမ်းတွင်းများမှ ထွက်ရှိမှုအတိုင်း အခွန်ပေးဆောင်ပါက ရရှိမည့် ခန့်မှန်းပမာဏကို ဇယား ၇ တွင် ခန့်မှန်းတွက်ချက်ထားပါသည်။ ဤသို့တွက်ချက်ရန်အတွက် ကျွန်ုပ်တို့သည် ကျောက်စိမ်းတွင်းမှ ထွက်ရှိသော ကျောက်စိမ်းနှင့် ကျောက်မျက်ပြပွဲတွင် ရောင်းချသော ကျောက်စိမ်းတို့အကြား ထူးခြားသည့်တန်ဖိုးအပြောင်းအလဲမရှိကြောင်း ကျွန်ုပ်တို့ မှတ်ယူထားပါသည်။ (ထို့ကြောင့် ဤတည်နေရာများအကြားတွင် ကျောက်စိမ်းတန်ဖိုးသည် အခြေခံအားဖြင့် မပြောင်းလဲသင့်ပေ။) စိတ်ချရသော ခန့်မှန်းခြေ ကိန်းဂဏန်းများ မရှိသဖြင့် ကျောက်စိမ်းတွင်းနှင့် ကျောက်မျက်ပြပွဲတို့အကြား သယ်ယူပို့ဆောင်ရေး နှုန်းထားများကိုလည်း ကျွန်ုပ်တို့ ညှိယူထားခြင်းမရှိပါ။ သို့သော် သယ်ယူခများသည် အမှန်တကယ် ကောက်ခံရရှိသော အခွန်နှင့် ကောက်ခံသင့်သည့် အခွန်တို့အကြား ကွာဟချက်ဖြစ်သော တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၃၈၉.၅၆ နီးပါး ဖြစ်နိုင်ချေမရှိပေ။

ဇယား ၇- ကျောက်စိမ်းတွင်းများမှ အမှန်တကယ်ရရှိမှုနှင့် ခန့်မှန်းထားသော အခွန်ဝင်ငွေတို့အကြား ကွာဟချက်

| | ထုတ်လုပ်မှု ဝေစု | ၂၀၁၄ ခုနှစ်၊ ကျောက်မျက်ပြပွဲ ရောင်းချမှု ပျမ်းမျှဈေးနှုန်း (တစ်ကီလိုဂရမ်နှုန်း) | ၂၀% 'ကျောက်စိမ်းတွင်း' အခွန် (တစ်ကီလိုဂရမ်နှုန်း) | ၂၀၁၄ ခုနှစ် တရားဝင်ထုတ်လုပ်မှုအပေါ် အခြေခံပြီး ၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကောက်ခံရရှိမည်ဟု ယူဆရသည့် အခွန် (အမေရိကန်ဒေါ်လာ သန်း) |
|---|---|---|---|---|
| အထည်ကျောက် | ၆၀% | ဒေါ်လာ ၁၆၆.၉၅ | ဒေါ်လာ ၃၃.၃၉ | ဒေါ်လာ ၃၃၄.၂၅ |
| အသားကျောက် | ၃၅% | ဒေါ်လာ ၂,၂၁၄ | ဒေါ်လာ ၄၄၂.၇၈ | ဒေါ်လာ ၂,၅၈၅.၅၆ |
| အရည်ကျောက် | ၅% | ဒေါ်လာ ၁၉,၄၉၂ | ဒေါ်လာ ၃,၈၉၈.၃၉ | ဒေါ်လာ ၃,၂၅၂.၀၄ |
| သေသေချာချာ ချင့်တွက်အကဲဖြတ်ထားသော ကျောက်စိမ်းတွင်းအပေါ် ၂၀% အခွန်ကောက်ခံမှု စုစုပေါင်းတန်ဖိုး (သယ်ယူစရိတ်အတွက် ညှိယူထားခြင်း သို့မဟုတ် ကျောက်စိမ်းတွင်းနှင့် ကျောက်မျက်ပြပွဲတို့အကြား ကျောက်စိမ်းတန်ဖိုးမြင့်တက်လာမှုအတွက် ညှိယူထားခြင်းတို့ မပါဝင်ပါ) | | | | ဒေါ်လာ ၆,၁၇၁.၈၅ |
| ကျောက်စိမ်းတွင်းတွင် အခွန် ထမ်းဆောင်မှု | | | | ဒေါ်လာ ၆.၁၂ |
| ၂၀၁၄ ခုနှစ်တွင် MGE အတွက် ကျောက်စိမ်းတွင်းအခွန်ဝင်ငွေ ဆုံးရှုံးမှု ခန့်မှန်းပမာဏ | | | | **ဒေါ်လာ ၆၁၆၅.၇၃** |

# နောက်ဆက်တွဲ ၂ - ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက် အဖွဲ့ - 'လက်ရှိ ပျက်စီးနေသော သဘာဝသယံဇာတအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ပဋိပက္ခများအတွက် ဖြေရှင်းနည်းများ'

*ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတများကို သာတူညီမျှနှင့် ရေရှည်အကျိုးခံစားနိုင်အောင် စီမံခန့်ခွဲနိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပြောင်းလဲရေးနှင့် ပတ်သက်သော 'ကချင်ပြည်နယ်၏ သဘာဝသယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဆွေးနွေးမှု စာတမ်း' ကချင်ပြည် ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ (KDNG)' ၏ အခန်း ၅ နှင့် ၆ ထဲမှ အောက်ပါတို့ကို ကောက်နှုတ်ထားခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ခဲ့သော စာတမ်းအပြည့်အစုံကို http://www.kdng.org/press-release/455-press-statement-of-kdng-kachin-state-natural-resources-development-policy-discussion-paper.html တွင် ရရှိနိုင်ပါသည်။*

## လက်ရှိ ပျက်စီးနေသော သဘာဝသယံဇာတ ရင်းမြစ်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ပဋိပက္ခများအတွက် ဖြေရှင်းနည်းများ'

**၁။ ချက်ချင်းပြုလုပ်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး**

သင့်လျော်သည့် သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝ ငြိမ်းချမ်းသာယာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ သဘာဝသယံဇာတများနှင့် ပတ်သက်လျှင် ရှင်းလင်းသော ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်များကို ချမှတ်ထားသင့်သည်။ သဘာဝသယံဇာတများနှင့် ပတ်သက်နေသော ပြဿနာများကို ရှာဖွေဖော်ထုတ်ရန်၊ အထူးသဖြင့် ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေကောက်ခံမှု ကိစ္စရပ်များတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲသင့်သည် သို့မဟုတ် အစားထိုးသင့်သည်။ တစ်ချိန်တည်းတွင်ပင် စစ်တပ်ကိုလည်း အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေစေပြီး ပြည်နယ်အစိုးရများကို လုံးဝ တိုက်ရိုက် ရွေးကောက် တင်မြှောက်ရမည်။ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်အာဏာများကို အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆွဲမှုများ တွင် ပေါင်းစပ်ထည့်သွင်းရန် တိတိကျကျ လုပ်ကိုင်ဆောင်ရွက်ရမည့်အရာ များထဲတွင် အောက်ပါတို့ ပါဝင်သင့်သည်-

**က) ကချင်ပြည်နယ်တွင် သဘာဝသယံဇာတအားလုံးကို ပြည်နယ်က အပြည့်အဝ ပိုင်ဆိုင်ခွင့်ရှိကြောင်း သေချာစေပြီး ထိုအချက်ကို ဖက်ဒရယ် နှင့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများထဲတွင် ပြဋ္ဌာန်းထားပေးပါ**

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝသယံဇာတများနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုများကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိလျှင် ဗဟို၊ ပြည်နယ် နှင့် ဒေသန္တရအစိုးရများ အကြား ပြဿနာများပေါက်ဖွားလာနိုင်ပြီး ၎င်းက ပဋိပက္ခများကို အသစ်ပြန်ဖြစ်စေမည်ဖြစ်သည်။ ရှင်းလင်းသည့် ပိုင်ဆိုင်ခွင့်များကို သတ်မှတ်ထားမှသာလျှင် နိုင်ငံရေးအခြေအနေကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုရန် ယုံကြည်မှု ရှိပြီး ဒေသခံများသည်လည်း ၎င်းတို့၏ လူနေမှုဘဝကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၊ ပုဒ်မ ၃၇ (က) တွင် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားချက်ကို ဖက်ဒရယ်အခြေခံဥပဒေထဲတွင် ပြောင်းလဲပစ်သင့်သည်။ ထိုပြဋ္ဌာန်းချက်မှာ- နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ ဤအချက်ကို ကချင်ပြည်နယ်ရှိ ပြည်သူလူထုသည် ပြည်နယ်အတွင်းရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟူ၍ ပြင်ဆင်သင့်သည်။

ထို့အပြင် ကချင်ပြည်နယ်အတွက် ပိုင်ဆိုင်မှုနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များတွင်လည်း အောက်ပါ စည်းကမ်းချက်များ ပါဝင်သင့်သည်။

(က) လူတစ်ဦးတစ်ယောက်တွင် ကိုယ်ပိုင် မြေနှင့် အိမ်ခြံအဆောက်အဦးပိုင်ဆိုင်ခွင့်ရှိသည် (နှင့်/သို့မဟုတ်) တိုင်းရင်းသားအဖွဲ့များသည် အတူတကွ ပိုင်ဆိုင်ခွင့်ရှိရမည်။
(ခ) ယင်းအိမ်ခြံမြေပစ္စည်းကို ဓလေ့ထုံးတမ်းနှင့်အညီ ပြည်သူတို့ ပိုင်ဆိုင်လျှင် ဒေသခံပြည်သူအားလုံးကို အသုံးပြုခွင့် ပေးရမည်။
(ဂ) ဒေသခံပြည်သူများအတွက်လည်း ၎င်းတို့ ပိုင်သည့် မြေပေါ်တွင် သဘာဝအရင်းအမြစ်များကို ထုတ်ယူရန် ခွင့်ပြုချက် ပေးရမည်။

**ခ) လိုင်စင်ချပေးခြင်းအပါအဝင် ကချင်ပြည်နယ်ကို သဘာဝသယံဇာတများအပေါ် စီမံခန့်ခွဲမှု၊ ဥပဒေပြုမှုနှင့် ဥပဒေစိုးမိုးမှု အာဏာအပြည့်အဝရှိအောင် လုပ်ဆောင်ပါ**

လက်ရှိတွင်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်သည် နေပြည်တော်အစိုးရနှင့်စီးပွားရေးကုမ္ပဏီများမှ ကြိုးကိုင်ခြယ်လှယ်နေသော ဗဟိုချုပ်ကိုင်မှု အသွင်တစ်ခုဖြစ်သည်။ ဒေသဆိုင်ရာပြည်နယ်အစိုးရနှင့်ဒေသခံပြည်သူတို့အနေဖြင့် ထိုလုပ်ငန်းစဉ်တွင်ပါဝင်ခွင့်မရှိပေ။ ထိုသို့သောဖွံ့ဖြိုးရေးအစီအစဉ်မျိုးကြောင့် ဒေသခံများအတွက်ကောင်းကျိုးထက်ဆိုးကျိုးပိုများစေကာ ပဋိပက္ခများဖန်တီးပေးသည်။ အောက်ခြေမှ အထက်သို့ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်သည့် လုပ်ငန်းစဉ်တွင် ဒေသခံများကိုဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်စေခြင်းသည် ဒေသခံပြည်သူများအတွက် အကျိုးအမြတ်များဖြစ်ထွန်းစေသည်။

ပြည်သူလူထုအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သော သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်တွင် ပါဝင်ခြင်း မရှိလျှင် နိုင်ငံရေးပြဿနာများ ပိုမိုပေါ်ပေါက်လာပြီး နိုင်ငံ၏ ငြိမ်းချမ်းရေးကိုလည်း ထိခိုက်စေမည်။ ထို့ကြောင့် ပြည်နယ်တွင်းရှိ သဘာဝရင်းမြစ်များကို စီမံဆောင်ရွက်ရန် ကချင်ပြည်နယ်အစိုးရတွင် လုပ်ပိုင်ခွင့် ရှိရမည်။ ထို့ပြင် ဒေသဆိုင်ရာအစိုးရနှင့် ဒေသခံပြည်သူများသည်လည်း စီမံခန့်ခွဲမှုတွင်ပါဝင်နိုင်ရမည်။ မြေယာနှင့်သဘာဝသယံဇာတများအပေါ် အခြေခံဥပဒေပြဋ္ဌာန်းပါ စီမံခန့်ခွဲမှု အာဏာများကို ဒေသဆိုင်ရာက ရရှိခြင်းသည် ထိခိုက်နစ်နာရသူများအား ဆုံးဖြတ်ခွင့်အာဏာ ရရှိစေခြင်းအားဖြင့် လူနည်းစုတိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်သည်။ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရ တို့ကြားတွင် သီးခြားစီမံခန့်ခွဲမှုကဏ္ဍများခွဲခြားသတ်မှတ်ထားနိုင်သည်။ ဥပမာ- သဘာဝပတ်ဝန်းကျင် သို့မဟုတ် ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်သော အခြေခံစံနှုန်းများကို နိုင်ငံတော်အဆင့်တွင် တိတိကျကျ သတ်မှတ် ထားရှိနိုင်သည်။ စီမံခန့်ခွဲမှုအာဏာကို ပေးလိုက်ခြင်းသည် သဘာဝသယံဇာတများနှင့်ပတ်သက်သော ဥပဒေပြုခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အာဏာများကို ပေးအပ်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့က သဘာဝသယံဇာတများ ဖွံ့ဖြိုးမှုနှင့် အကျိုးအမြတ်ရယူမှုတို့နှင့် ပတ်သက်သော ဥပဒေများချမှတ်ပြဋ္ဌာန်းနိုင်စွမ်းရှိမည့်သူကို ဆုံးဖြတ်ပေးသည်။ ဤနည်းအားဖြင့် သဘာဝသယံဇာတများ ဖွံ့ဖြိုးမှုအပေါ် ဥပဒေပြုရန် နှင့် စည်းမျဉ်းကြပ်မတ်ရန်အာဏာသည် ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်အတိုင်းအတာကို ဆုံးဖြတ်ပေးသောကြောင့်စီမံခန့်ခွဲမှုပိုင်းနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များ ရရှိခြင်းသည် ပိုင်ဆိုင်ခွင့် ရရှိခြင်းထက် ပိုအရေးကြီးပါသည်။

ထို့ကြောင့် လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း၁၊ အပိုဒ်ခွဲ ၃၇ (ခ) ကို- "နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေကို ပြဋ္ဌာန်းရမည်" ဟူသော ရေးသားချက်အစား "နိုင်ငံပိုင်သယံဇာတ ပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေကို ပြည်နယ်က ပြဋ္ဌာန်းပေးရမည်" ဟူ၍ပြောင်းလဲပေးရမည်။

ကချင်ပြည်နယ်အတွက် သဘာဝသယံဇာတအရေး စီမံခန့်ခွဲပိုင်ခွင့်သည် အောက်ပါအချက်များကိုအခြေခံထားသင့်သည်-

(က) ပြည့်ဝသည့် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသော ကချင်ပြည်နယ်အစိုးရသည် ပြည်နယ်တွင်းရှိသဘာဝသယံဇာတများကိုစီမံခန့်ခွဲနိုင်မည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာကိုယ်ပိုင်အာဏာရှိရမည့်အပြင် အစိုးရ၏ ဒေသန္တရအုပ်ချုပ်မှုအဆင့်ဆင့်ထံ စီမံအုပ်ချုပ်မှုအာဏာများအား ကိုယ်စား လွှဲပြောင်းနိုင်ခွင့် ရှိရမည်။
(ခ) ပြည့်ဝသည့် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသော ကချင်ပြည်နယ်အစိုးရသည် ၎င်း၏သဘာဝသယံဇာတများအပေါ် အခြေခံသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံပိုင်ခွင့်၊ အုပ်ချုပ်ကွပ်ကဲပိုင်ခွင့်ရှိရမည်။
(ဂ) ဗဟိုအစိုးရနှင့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အရင်းအမြစ်ထုတ်ယူသုံးစွဲခြင်းနှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးစီမံကိန်းများကို တိုက်ရိုက်စီမံပိုင်ခွင့် သို့မဟုတ် လုပ်ငန်းစဉ်ကိုထိန်းချုပ်ပိုင်ခွင့်မရှိရပါ။ ကချင်ပြည်နယ်အစိုးရအနေဖြင့် ဤကိစ္စတွင် ဗဟိုအစိုးရအပေါ် မှီခိုမနေသင့်ဘဲ သဘောတူညီချက်အတိုင်း ရပ်တည်ရမည်။
(ဃ) ပြည့်ဝသည့် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသော ကချင်ပြည်နယ်အစိုးရသည် ဒေသခံပြည်သူများ၏လိုအပ်ချက်များကို အကောင်းဆုံးဖြေရှင်းပေးရန် မြို့နယ် သို့မဟုတ် အခြားဒေသန္တရအစိုးရအဖွဲ့အစည်းများထံ စီမံအုပ်ချုပ်ခွင့် အာဏာ ထပ်ဆင့်လွှဲပြောင်းချထား ပေးနိုင်သည်။
(င) အဆင့်ဆင့်သောအစိုးရအားလုံးသည် အခြေအနေအရလိုအပ်လာသည့်အတိုင်း လုပ်ထုံးလုပ်နည်းဥပဒေအရ ဒေသခံလူထုက ပြုလုပ်လိုက်သည့် သယံဇာတစီမံခန့်ခွဲမှုကို အသိအမှတ်ပြုရမည်။
(စ) သဘာဝသယံဇာတစီမံခန့်ခွဲမှုအာဏာနှင့် ပတ်သက်သော အသေးစိတ်အချက်များကို ဖက်ဒရယ် နှင့်ကချင်ပြည်နယ်အခြေခံဥပဒေနစ်ရပ်စလုံးတွင် ထည့်သွင်း ရေးသားထားရမည်။

**ဂ) ကချင်ပြည်နယ်၏ သဘာဝသယံဇာတများထံမှ ရရှိသည့်အခွန်များကို ကချင်ပြည်နယ်က ကောက်ယူစုစည်းနိုင်ခွင့်ရရှိစေရန် လုပ်ဆောင်ပါ**

သဘာဝသယံဇာတများကိုအသုံးပြုခြင်းမှ ရရှိလာသောအခွန်များကို ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခံထားရသော ကချင်ပြည်နယ်အစိုးရက ကောက်ယူစုစည်းရမည့်အပြင် ထိုလုပ်ငန်းစဉ်ကို ပြည်နယ်တွင်းနေထိုင်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောပြရမည်။ ဒေသန္တရနှင့်ပြည်နယ်အစိုးရတို့က အခွန်ငွေများကိုဒေသခံလူထု၏ သဘောဆန္ဒနှင့်အညီအသုံးမပြုခဲ့လျှင် အာဏာပိုင်များကို ထုတ်ပယ်ပစ်နိုင်သည်။ ဤနည်းအားဖြင့် အစိုးရက ပို၍ပွင့်လင်းမြင်သာမှုရှိပြီး ဒေသခံလူထု၏လိုအပ်ချက်များကို တာဝန်ယူ ဖြေရှင်းပေးနိုင်မည်ဖြစ်ပါ။

ကချင်ပြည်နယ်အတွက် သဘာဝသယံဇာတအရေး စီမံခန့်ခွဲပိုင်ခွင့်သည် အောက်ပါအချက်များကိုအခြေခံထားသင့်သည်-

(က) ကချင်ပြည်နယ်အစိုးရသည် သဘာဝသယံဇာတများထုတ်ယူခြင်း၊ အသုံးပြုခြင်းနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေး စီမံကိန်းများထံမှရရှိသော အခွန်ငွေများကို ကောက်ယူရမည်။ အခွန်ငွေအများစုကို ကချင်ပြည်နယ်အတွင်းမှာပင် ထားရှိပြီး အသုံးပြုသင့်သည်။ နိုင်ငံ့တဝန်းလုံးအရေး အသုံးပြုရန်အတွက် တစ်စိတ်တစ်ပိုင်းကို ဗဟို(ပြည်ထောင်စု)အစိုးရထံ မျှဝေပေးနိုင်သည်။
(ခ) ကချင်ပြည်နယ်အတွက် ကောက်ယူထားသည့်အခွန်ငွေများကို ဒေသန္တရအစိုးရအဖွဲ့အစည်းများအကြား ထပ်၍ ခွဲဝေပေးသင့်သည်။ ဒေသန္တရ၊ ပြည်နယ်နှင့် ပြည်ထောင်စုအတွက် အစိုးရပိုင်းအဆင့်ဆင့်ကို ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်ရမည်။

(ဂ) ကချင်ပြည်နယ်အစိုးရသည် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် အခြေအခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲရန်၊ အကောင်အထည်ဖော်ရန် နှင့် စီမံခန့်ခွဲရန် ကောက်ယူထားသည့် သယံဇာတဆိုင်ရာအခွန်များကို အသုံးပြုရမည်။ ဒေသန္တရအစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ထိုသို့သော အစီအစဉ်များကိုဆုံးဖြတ်ရာတွင် ပါဝင်သင့်သည်။

(ဃ) ဗဟို (ပြည်ထောင်စု) အစိုးရထံပေးအပ်သည့်အခွန်ငွေသည် မြန်မာပြည်၏ ဆင်းရဲနွမ်းပါးသည့်ပြည်နယ်များထံ ၎င်းတို့၏ကျန်းမာရေး၊ ပညာရေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် "သာတူညီမျှ ခွဲထားပေးသော ရန်ပုံငွေ" ဖြစ်သင့်သည်။

သယံဇာတများမှ အခွန်ငွေကောက်ယူခြင်း၊ အသုံးပြုခြင်းတို့တွင် အောက်ပါလမ်းညွှန်ချက်များကိုလိုက်နာသင့်သည်-

(က) သယံဇာတထုတ်ယူခြင်း သို့မဟုတ် သက်ဆိုင်သောဖွံ့ဖြိုးရေးစီမံကိန်း ဧရိယာအတွင်း နေထိုင်သူများသည် ရရှိလာသောအကျိုးအမြတ်၏ ခွဲတမ်းတစ်ခုရရှိသင့်သည်။

(ခ) အခွန်ကောက်ယူမှုသည် ပြည်သူလူထု၏စီးပွားရေးကိုအထောက်အပံ့ပေးပြီး ၎င်းတို့၏ဆင်းရဲနွမ်းပါးမှုကိုလျှော့ချပေးနိုင်ရမည်။

(ဂ) အကျိုးအမြတ်၏အကြီးဆုံးရာခိုင်နှုန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံ မရောက်ရှိစေသင့်ပါ။

(ဃ) ဒေသခံလူထုကို အလုပ်အကိုင်ပေးထားရမည်။ ၎င်းတို့အတွက် အလုပ်ခွင်သင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ လမ်းဖွင့်ပေးသင့်သည်။

(င) အလုပ်လုပ်နေသူများကို အသက်ရှင်သန်နိုင်ရေးအတွက် လုံလောက်သောဝင်ငွေရရှိစေရန် ကချင်ပြည်နယ်အတွင်း ဒီမိုကရေစီအရ သတ်မှတ်ထားရမည့် အနည်းဆုံးလုပ်ခလစာ ပေးထားရမည်။

## ၂။ ကြားဖြတ် လုပ်ဆောင်မှုခြေလှမ်းများ

### က) ပဋိပက္ခနည်းပါးစေရန် ငြိမ်းချမ်းရေးကာလအတွင်း သယံဇာတပမာဏအများအပြားထုတ်ယူခြင်းနှင့် သက်ဆိုင်သောဖွံ့ဖြိုးရေးစီမံကိန်းများကို ရပ်နားထားပါ

ကချင်ပြည်နယ်အတွင်း နိုင်ငံရေးနှင့် ပတ်သက်သော ဖြေရှင်းချက်၊ အထူးသဖြင့် သယံဇာတအရေးစီမံခန့်ခွဲပိုင်ခွင့်များသည် စစ်ပွဲအဆုံးသတ်ရေးအတွက် မရှိမဖြစ်အရေးပါသည်။ အကယ်၍ နိုင်ငံရေးဖြေရှင်းချက်ထွက်မလာသေးမီ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ စတင်လိုက်မည်ဆိုလျှင် အစိုးရနှင့်လက်နက်ကိုင်တိုင်းရင်းသားတပ်ဖွဲ့များကြား စစ်ပွဲပိုဖြစ်လာမည်ဖြစ်သလို အစိုးရနှင့်ဒေသခံပြည်သူများအကြား ပဋိပက္ခပိုများလာပါလိမ့်မည်။ ထိုသို့ဖြစ်လျှင် ဒေသခံအသိုင်းအဝိုင်းအပေါ် လူမှုရေးအရ နောက်ဆက်တွဲ သက်ရောက်မှုများရှိလာစေနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဟက်တာ ၅၀ ထက်ကြီးမားသည့်ဧရိယာပါဝင်သော စီမံကိန်းအသစ်အားလုံးအတွက် ယာယီဆိုင်းငံ့ချက်တစ်ခု ထားရှိရမည်။

ပမာဏများပြားသော သီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုများနှင့် စက်ရုံများကို ဟူးကောင်းကျားထိန်းသိမ်းရေး (Hugawng Tiger Reserve) ၏နယ်နိမိတ်အတွင်း တည်ဆောက် ထားပါသည်။ ထို့ကြောင့် သတ်မှတ်ထားသော ထိန်းသိမ်းရမည့်ဧရိယာတစ်ခုအတွင်း သယံဇာတများကို နောက်ထပ် ထုတ်ယူအသုံးချခြင်းမပြုနိုင်ရန် အခြေခံဥပဒေပြုပြင်ရေးကို အတည်မပြုမီ နှင့် ဒေသန္တရအစိုးရများက စောင့်ရှောက်ရမည့်ဧရိယာများကို စနစ်တကျ စီမံအုပ်ချုပ်မှု မလုပ်နိုင်မီ အချိန်တွင် မည်သည့် ထိန်းသိမ်းရေး နေရာများ နှင့် ဥယျာဉ်များကိုမဆို တည်ဆောက်မှု ယာယီဆိုင်းငံ့ထားရမည်။

ရှိနှင့်ပြီးသားစီမံကိန်းများကို အခြေခံဥပဒေသစ်အရပြန်လည်ညှိနှိုင်းရမည်။

### ခ) ကန့်သတ်ထိန်းချုပ်ထားခြင်းမရှိသော အရပ်ဖက်ပါဝင်မှုကို ခွင့်ပြုပေးပါ၊ ကာကွယ်ပေးပါ

အရပ်သားလူ့အဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ဥပဒေများအကောင်အထည်ဖော်ခြင်း နှင့်သဘာဝသယံဇာတများအသုံးပြုခြင်းတို့ကိုစောင့်ကြည့်ခြင်းအားဖြင့် ကိုယ့်ကျရာနေရာမှ ပါဝင်လုပ်ဆောင်နိုင်ရန်အဓိကအရေးကြီးပါသည်။

1. ရပ်ရွာအခြေပြုအဖွဲ့များအနေဖြင့် ဒေသခံလူထု၏ လုပ်ပိုင်ခွင့်များကို ဒေသခံများအကြား ပိုမိုသိရှိလာရန် လုပ်ဆောင်ရမည်။
2. မီဒီယာနှင့်အခြားစောင့်ကြည့်အဖွဲ့များသည် သတင်းအချက်အလက်များပေးရန် လွတ်လပ်စွာလှုပ်ရှား လုပ်ဆောင်နိုင်ရမည်။
3. ဒေသခံလူထုသည် ၎င်းတို့၏သဘောတူခွင့်ပြုချက်အတွက် ဆုံးဖြတ်နိုင်ရန် သယံဇာတဖွံ့ဖြိုးရေးအကြီးစားစီမံကိန်းများအတွက် လူထုဆန္ဒခံယူပွဲများ စီစဉ်ကျင်းပနိုင်ခွင့်ရှိရမည်။

ကုမ္ပဏီနှင့်အစိုးရက မြေကိုသိမ်း၊ ရပ်ရွာကိုအမြတ်ထုတ်ပြီး ကိုယ့်အကျိုးစီးပွားကိုသာကြည့်မည်ဆိုလျှင် လူထုအနေဖြင့်လွတ်လပ်စွာသဘောထား ထုတ်ဖော်ခွင့်နှင့် ကန့်ကွက်ဆန္ဒပြခွင့်ရှိရမည်။

# နိဂုံး မှတ်ချက်

၁. အရာရှိဟောင်းတစ်ဦးနှင့် Global Witness တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ (Global Witness တွေ့ဆုံမေးမြန်းမှု 256-B)

၂. Global Witness နှင့် ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး တွေ့ဆုံမေးမြန်းမှု- ၂၀၁၄ (Global Witness တွေ့ဆုံမေးမြန်းမှု 240-D)

၃. CTI (တရုတ်နိုင်ငံ ကုန်သွယ်ရေး အဖွဲ့) နှင့် UN Comtrade Database တို့ထံမှ ရယူထားသော တရုတ်နိုင်ငံ ကုန်သွယ်မှုအချက်အလက် အသုံးပြုထားသည့် အချက်အလက်များနှင့် လုပ်ဆောင်ခဲ့သော အကဲဖြတ်ဆန်းစစ်ချက်တို့နှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။

၄. တွက်ချက်မှု အသေးစိတ်အတွက် နောက်ဆက်တွဲ ၁ ကိုကြည့်ပါ။

၅. World Bank ၏ 'မြန်မာနိုင်ငံအကြောင်း အကျဉ်းချုပ်'၊ ရက်စွဲမပါ၊ http://data.worldbank.org/country/myanmar ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် နောက်ဆုံးဝင်ကြည့်ထားသည်။

၆. တွက်ချက်မှုများကို အောက်ပါတို့အပေါ် အခြေခံထားပါသည် - (၁) ကချင်ပြည်နယ် လူဦးရေ ခန့်မှန်းခြေ ၁,၄၄၂,၂၃၅ ဦး UNICEF ၏ 'ကချင်ပြည်နယ်'၊ ရက်စွဲမပါ၊ http://www.unicef.org/myanmar/Kachin_State_Profile_Final(1).pdf ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် နောက်ဆုံးဝင်ကြည့်ထားသည်။ (၂) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် မြန်မာအစိုးရ ဘတ်ဂျက်ထဲမှ ရယူထားသောကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ။

၇. Roger Keverne (Ed.)၏ 'Jade', Anness Publishing; 1991၊ ၂၀၁၀ တွင် ပြင်ဆင်မွမ်းမံခဲ့သည်၊ စာမျက်နှာ ၂၆၈။

၈. ဒီမိုကရေစီကျကျ အုပ်ချုပ်ရေးနှင့် ဆန်းသစ်ပြောင်းလဲခြင်းအတွက် Ash Center, Harvard Kennedy School/Proximity Designs/Rajawali Foundation Institute for Asia, 'အနာဂတ်တစ်ခုကို ဖန်တီးခြင်း- ဖက်ဒရယ်ဝါဒနှင့် စည်းလုံးညီညွတ်ရေးအတွက် သဘာဝ သယံဇာတများကို အသုံးပြုခြင်း'၊ ဇူလိုင် ၂၀၁၃၊ http://ash.harvard.edu/links/creating-future-using-natural-resources-new-federalism-and-unity;၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ တွင် နောက်ဆုံးဝင်ကြည့်ထားသည်။

၉. Global Witness နှင့် ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး တွေ့ဆုံမေးမြန်းမှု- ၂၀၁၄ (Global Witness တွေ့ဆုံမေးမြန်းမှု 135-B)

၁၀. မြန်မာအစိုးရ၏ ၁၉၉၅ ခုနှစ် ကျောက်မျက်ဥပဒေ ပုဒ်မ ၃၁ အောက်တွင် ကျောက်မျက်ပြပွဲတွင် ရောင်းချရသည့်ပမာဏအတွက် ၁၀% အခွန်ပေးဆောင်သည့် လိုင်စင်ကိုင်ဆောင်ထားသူသည် အခြားအခွန်များကို ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်ဟု ပြဌာန်းထားသည်။ ဤသို့ ကင်းလွတ်ခွင့်များရှိသော်လည်း MGE နှင့် လက်ရှိလိုင်စင်ရယူထားသူတစ်ဦးမှ ပြောပြချက်အရ ၁၉၉၅ ခုနှစ် နိုင်ငံတော်အခွန်ဥပဒေအရ ၁၅% ကုန်သွယ်ခွန်ကိုလည်းပေးဆောင်ရသည်။ ထို့အပြင် ကျပ်ဖြင့် အသားတင်ရရှိငွေအပေါ်လည်း ကုမ္ပဏီများက ၂၅% အခွန်ပေးဆောင်ရသည်။

၁၁. လုပ်ငန်းပိုင်းမှ ခေါင်းဆောင်တစ်ဦး ခန့်မှန်းချက်အရ၊ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ ၇၀% ခန့်သည် နိုင်ငံတော်ပိုင်လုပ်ငန်းဖြစ်သော MGE နှင့် ၆၀%/၄၀% ဖြင့် ဖက်စပ်လုပ်ကိုင်ကြကြောင်းသိရသည်။ ထို့အပြင် အခန်း ၂ တွင်ဖော်ပြထားသည့်အတိုင်း စစ်တပ်ကုမ္ပဏီပေါင်းများစွာသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် ၆၀%/၄၀% ဖြင့် လုပ်ကွက်များ ရယူထားသည်။

၁၂. တွက်ချက်မှုများအတွက် နောက်ဆက်တွဲ ၁ ကိုကြည့်ပါ။

၁၃. ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်အတွက် မြန်မာအစိုးရ၏ ဘတ်ဂျက်။

၁၄. ကမ္ဘာ့ဘဏ် ၏ 'မြန်မာ- ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ပြီး အသွင်ကူးပြောင်းသည့် ကာလတွင် အဖိုးတန်ပစ္စည်းများကို မျှဝေသုံးစွဲခြင်းအား မြှင့်တင်ခြင်း။ စနစ်ကျသော နိုင်ငံပေါ်ထွက်လာရေး ပြဿနာများရှာဖွေဖြေရှင်းခြင်း'- ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ http://www.worldbank.org/content/dam/Worldbank/document/EAP/Myanmar/WBG_SCD_Full_Report_English.pdf ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် နောက်ဆုံးဝင်ကြည့်ထားသည်။

၁၅. အထက်ပါရည်ညွှန်းအတိုင်း

၁၆. လူ့အခွင့်အရေးများနှင့်ပတ်သက်၍ ဆရာဝန်တစ်ဦးပြောပြချက်အရ ငှားရမ်းခ၊ ဝန်ထမ်း (ဆေးဘက်ဆိုင်ရာ နှင့် စီမံအုပ်ချုပ်မှုပိုင်း အပါအဝင် ၁၀ ဦး)၊ ဆေးဝါးစရိတ်၊ ဆက်သွယ်ရေးစရိတ်တို့အပါအဝင် ကချင်ပြည်နယ်ရှိ ကျန်းမာရေးဆေးပေးခန်း ၃ ခုအတွက် လစဉ် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၄,၉၀၀ ရှိသည်ဟု သိရသည်။

၁၇. Global Witness နှင့် ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး တွေ့ဆုံမေးမြန်းမှု- ၂၀၁၅ (Global Witness တွေ့ဆုံမေးမြန်းမှု 135-H)

၁၈. EITI နှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက http://eiti.org တွင်ကြည့်ပါ။ စီမံကိန်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အစီအစဉ်ကို ကြည့်ရှုကွပ်ကဲနေသည့် EITI အပြည်ပြည်ဆိုင်ရာ ဘုတ်အဖွဲ့၏ အလှည့်ကျအဖွဲ့ဝင်တစ်ဦးအဖြစ် Global Witness တွင် ကိုယ်စားလှယ်တစ်ဦးရှိကြောင်းကို မှတ်သားထားစေလိုပါသည်။

၁၉. EITI အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၊ 'EITI စံနှုန်း'၊ EITI၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ https://eiti.org/files/English_EITI%20STANDARD_11July_0.pdf ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် နောက်ဆုံး ဝင်ကြည့်ထားသည်။

၂၀. EITI အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၊ 'အရပ်သား လူမှုအဖွဲ့အစည်း လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ်နှင့်လုပ်ထုံးလုပ်နည်း'၊ EITI - ၂၀၁၅ ဇန်နဝါရီလ ၁ ရက်၊ https://eiti.org/files/EITI_CivilSocietyProtocol_Jan2015.pdf ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ တွင် နောက်ဆုံး ဝင်ကြည့်ထားသည်။

၂၁. နိုင်ငံခြားရေးဝန်ကြီးဌာန၊ လိုက်ဘေးရီးယား ၏ 'An Act Establishing the Liberia Extractive Industries Transparency Initiative'; ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ http://www.leiti.org.lr/uploads/2/1/5/6/21569928/act.pdf ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ တွင် နောက်ဆုံး ဝင်ကြည့်ထားသည်။ Moore Stephens ရေးသားသည့် 'Liberia Extractive Industries Transparency Initiative (LEITI) Post Award Process Audit, Final Report'; မေလ ၂၀၁၃၊ http://www.leiti.org.lr/uploads/2/1/5/6/21569928/leiti_post_award_process_audit_final_report.pdf ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ တွင် နောက်ဆုံး ဝင်ကြည့်ထားသည်။

၂၂. Global Witness ရေးသားသည့် 'Azerbaijan Anonymous'၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ https://www.globalwitness.org/sites/default/files/library/azerbaijan_anonymous_lr.pdf ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ တွင် နောက်ဆုံး ဝင်ကြည့်ထားသည်။ Human Rights Watch ရေးသားသည့် 'Reporters' Guide: 2015 European Games in Baku, Azerbaijan'; ၂၀၁၅ http://www.hrw.org/sites/default/files/related_material/Azerbaijan_Reporter's_Guide.pdf, ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ တွင် နောက်ဆုံး ဝင်ကြည့်ထားသည်။

၂၃. ထူးအပြည်ပြည်ဆိုင်ရာစက်မှုလုပ်ငန်းစုကုမ္ပဏီနှင့် ထူးကျောက်မျက်ရတနာ ကုမ္ပဏီ၊ 'ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအကြောင်း တင်ပြချက်'၊ ၂၀၁၅ မတ်လ ၁၃။ ကျောက်စိမ်းနဂါး (ကျောက်မျက်)ကုမ္ပဏီလီမိတက်မှ Global Witness ထံပေးစာ၊ ၂၀၁၅

